၃၀၀၀

13/2/18

# ဓနု လူမျိုးတို့၏
# ဈောင်းခေတ်
# ဓနု မြို့ပြ သမိုင်း



ရှေးခေတ်ဖောင်းသာ မိုင်းစမ်း ဟော်နန်း

နေစိုးအောင် (တောင်ကြီး)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်








စာရေးသူ - **နေစိုးအောင် (တောင်ကြီး)**
၀၉ - ၄၂၈၃၂၈၁၀၂

# တို့တာဝန်ရေး (၃)ပါး

၁။ ပြည်ထောင်စု မပြိုကွဲရေး - တို့အရေး

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - တို့အရေး

၃။ အချုပ်ခြာအာဏာတည်တံ့ခိုင်မြဲရေး - တို့အရေး

# ပုံနှိပ်မှတ်တမ်း


ပထမအကြိမ်ပုံနှိပ်ခြင်း - ၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

အုပ်ရေ - ၁၀၀ အုပ်

တန်ဖိုး - ၃၀၀၀ ကျပ်

စာရိုက်ကူးနှင့်စာအုပ်ချုပ် - ရွှေခေါင်းလောင်း စာစီနှင့် မိတ္တူကူး

ဗိုလ်နိုင်းလုပ်ငန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဓနုလူမျိုးအစဘယ်ကလဲ | ၁ |
| ၂။ | ဓနုသမိုင်းမှုကွဲ | ၁၀ |
| ၃။ | ဓနုလူမျိုးပေါ်ပေါက်လာပုံသုံးသပ်ချက် | ၁၅ |
| ၄။ | ဓနုဘာသာစကား | ၂၁ |
| ၅။ | ရွာငံမြို့နယ် မြို့ပြအုပ်ချုပ်ရေး | ၄၄ |
| ၆။ | မြင်းကျဒိုးနယ်အုပ်ချုပ်ရေး | ၅၂ |
| ၇။ | ဘော် ၄၄ ရွာ | ၅၄ |
| ၈။ | ဘော် ၄၄ လက်ာ | ၅၈ |
| ၉။ | ဟဲဟိုးနယ်အုပ်ချုပ်ရေး | ၉၄ |
| ၁၀။ | ဘော်ဆိုင်းနယ် အုပ်ချုပ်ရေး | ၉၅ |
| ၁၁။ | သာမိုင်းခမ်းနယ်အုပ်ချုပ်ရေး | ၉၇ |
| ၁၂။ | အောင်ပန်းနယ် အုပ်ချုပ်ရေး | ၁၀၀ |
| ၁၃။ | ပင်မှီနယ်အုပ်ချုပ်ရေး | ၁၀၂ |
| ၁၄။ | လွယ်မောနယ်အုပ်ချုပ်ရေး | ၁၀၅ |
| ၁၅။ | ကျောက်ထပ်နယ်အုပ်ချုပ်ရေး | ၁၀၈ |
| ၁၆။ | ကျောက်ဂူနယ် အုပ်ချုပ်ရေး | ၁၁၂ |
| ၁၇။ | ဘော်နင်းနယ် အုပ်ချုပ်ရေး | ၁၁၉ |
| ၁၈။ | ဒဏ္ဍာရီဆန်သော ဓနုလူမျိုးတို့၏မြို့တော်ပင်းတယ | ၁၂၄ |
| ၁၉။ | ပင်းတယမြို့နယ် မြို့ပြအုပ်ချုပ်ရေး | ၁၃၀ |
| ၂၀။ | ကျုံးနယ်အုပ်ချုပ်ရေး | ၁၃၄ |
| ၂၁။ | ပွေးလှနယ်အုပ်ချုပ်ရေး | ၁၃၅ |
| ၂၂။ | ကလောမြို့နယ် မြို့ပြအုပ်ချုပ်ရေး | ၁၃၇ |
| ၂၀။ | ရပ်စောက်မြို့နယ် မြို့ပြအုပ်ချုပ်ရေး | ၁၄၀ |
| ၂၁။ | နောင်ချိုမြို့နယ် မြို့ပြအုပ်ချုပ်ရေး | ၁၆၇ |

နိဒါန်း

ခနုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ရာ၌ ရန်ကုန်တက္ကသိုလ် ဓနုကျောင်းသားများသည် ၁၉၇၀ ခုနှစ်တွင် ထုတ်ဝေသည့် တောင်ရိုး+ဓနု ကျေးလက်တေးသံများ စာအုပ်တစ်အုပ်သာရှိခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိပြီးနောက် တောင်ကြီးမြို့နယ်၊ ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ကိုယ်စားပြုပြီး နေစိုးအောင် (တောင်ကြီး)မှ ဓနုအမျိုးသားသမိုင်း (၁၈.၄.၂၀၁၁)/၄၀၀၁၅၁၀၂၁၂" အရ စာအုပ်ကို ထုတ်ဝေခြင်းသည် ဓနုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၏ ခေါ်ထုတ်ခြင်းသည် ဒုတိယခြေလှမ်းအဖြစ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရွှေသူဌေးကုန်းတွင် နေထိုင်လျက်ရှိသည့် နိုင်ငံကျော်စာရေးဆရာကြီး ဦးသိန်းသန်းထွန်း(သမိုင်းသုတေသီ)သည် အင်းလေးရိုးရာယဉ်ကျေးမှုကို သုတေသနပြုဖော်ထုတ်နေသည့်အပြင် ဓနုရိုးရာယဉ်ကျေးမှုများကိုလည်း သုတေသနပြု ဖော်ထုတ်လျက်ရှိသည်။ ပထမဆုံး "ဓနုကျေးလက်တေးကဗျာ ကျူးရင့်သံများဖြစ်သည့် ဓနုတေးကဗျာ "ကြီးချင်းမာယာ" နှင့် "ချိုးချင်းမာယာ"တို့ကို ဖော်ထုတ်ခဲ့သည်။ ယခုလည်း ရှေးခေတ်ဟောင်း ဓနုလူမျိုးတို့၏ ဘော်-၄၄ ရွာကို သုတေသနပြုလျက်ရှိသည်။ နှောင်းခေတ်ဓနုမြို့ပြသမိုင်းစာအုပ်နှင့်ပတ်သက်၍ ဆရာကြီးသည် အခါအားလျော်စွာ ကျွန်တော်အား မှတ်စုတိုများ မကြာခဏထုတ်ပေးလျက်ရှိသည်။ ထိုမှတ်စုတိုများကိုလည်း Book-Let ပြုလုပ်ထားရန် မှာကြားလေ့ရှိပါသည်။ ကျွန်တော်သည် ဆရာကြီးပေးသည့် ဓနုမှတ်စုများကို စုပေါင်း၍ မိမိရှာဖွေစုဆောင်းထားသည့် မှတ်စုနှင့်ပေါင်းစပ်ကာ "နှောင်းခေတ်ဓနု မြို့ပြသမိုင်း"စာအုပ်ကို ရေးသားလိုက်ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် "နှောင်းခေတ်ဓနုမြို့ပြသမိုင်း" စာအုပ်သည် သမိုင်းအထောက်အကူပြု စာအုပ်တစ်အုပ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်ပေသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီအားပေးအကြံဉာဏ်ပေးကြသည့် နိုင်ငံကျော်စာရေးဆရာကြီး ဦးသိန်းသန်းထွန်းနှင့် နှောင်းခေတ် မနုမြို့ပြုသမိုင်းဟု အမည်ပေးသည့်အပြင် နောက်ကျောဖုံးကဗျာ ကို ရေးစပ်ပေးသည့် စာရေးဆရာပုလဲဦးတင်ဝင်း ၊ ဘော် ၄၄ ရွာအတိုမှတ် ကဗျာလင်္ကာကို ဖော်ပြခွင့်ပြုသော ခင်(တောင်ကြီး)၊ နေသမိုင်း(မူကွဲ)ကို အသုံးပြုခွင့်ပြုသည့် ကိုထိုက်(ကျောက်မဲ)၊ မြန်မာစာပါမောက္ခ ဦးမြမောင် (ပင်းတယ)တို့အား အထူးကျေးဇူး ဥပါကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

၃၁.၈.၂၀၁၆

နေစိုးအောင် (တောင်ကြီး)
၀၉-၄၂၈၃၂၈၁၀၂

# ဓနုလူမျိုးတို့၏ နောင်းခေတ် ဓနုမြို့ပြသမိုင်း

## "ဓနုလူမျိုးပေါ်ပေါက်လာပုံ"

နေစိုးအောင် (တောင်ကြီး)

ဓနုလူမျိုးအစဘယ်ကလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားများ၏မူရင်းဒေသကား တရုတ်နိုင်ငံအနောက်ပိုင်း မွန်ဂိုကုန်းမြင့်ဒေသဖြစ်လေသည်။ မွန်ဂိုကုန်းမြင့်ဒေသတွင် အနေကြာလာသောအခါ လူဦးရေတဖြည်းဖြည်းတိုးလာပြီး ရေကြည်ရာမြက်နုရာဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရာ သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်း၊ ဗြဟ္မပုတ္တရ မြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

မြန်မာပြည်တွင်းသို့ အုပ်စုသုံးစုခွဲ၍ ဝင်ရောက်လာခဲ့ကြ၏။ ယင်းအုပ်စုသုံးစုမှာ–

၁။ မွန်ခမာအုပ်စု (အနောက်ဖက်ကြောင်း)

၂။ တိဗက်မြန်မာအုပ်စု (အလယ်ကြောင်း)

၃။ ထိုင်းတရုတ်အုပ်စု တို့ဖြစ်သည်။ (အရှေ့ဖက်ကြောင်း)

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် "မောင်းဂွတ်"လူမျိုးမှ ဆင်းသက်ပေါက်ဖွားသောလူများဖြစ်သည် ဟုလည်းတွေ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားများတွင် ဓနုလူမျိုးများလည်း အပါ အဝင်ဖြစ်ပါသည်။

ဓနုလူမျိုးဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ – စာရေးဆရာ "မောင်သော်"က ၁၉၇၂ ဧပြီလ (၁)ရက်နေ့ထုတ် ပြည်သူ့ကြယ် ဂျာနယ် စာမျက်နှာ–၂၆တွင် "မြန်မာနိုင်ငံမှ

တိုင်းရင်းသားများ" ဆောင်းပါးတွင် ဓနုလူမျိုးများ သည် တိဗက်မြန်မာအုပ်စု ဝင်ရောက်လာစဥ် ပါဝင်လာခဲ့သည်ဟု ဆိုထားသည်။

မနုဿဗေဒပညာရှင်များက ဓနုလူမျိုးမှာ တိဗက်မြန်မာအုပ်စုတွင် အကျုံးဝင်သည်ဟု ယူဆကြသည်။

မစ္စတာ"အက်ဖ်အိပ်ချ်ဂျိုင်း"ကမူ ဓနုတို့မှာ ဟံသာဝတီတောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာသူများဟု ယူဆသည်။

"ဆာဂျော့ဂျ်စကော့"ကမူ ဓနုအများဆုံးနေထိုင်ရာအရပ်မှာ ရှေးအခါက ရှမ်းနှင့်မြန်မာတို့ ကုန်ရောင်း ကုန်ဝယ်ပြုကြရာဒေသများဖြစ်သောကြောင့် ဓနုတို့သည် ရှမ်းနှင့်မြန်မာတို့မှနွယ်၍ ဆင်းသက်လာကြသူများဖြစ်သည်ဟု မှတ်ချက်ချထားသည်။


ဓနုလူမျိုးများကိုယ်တိုင်ကမူ မိမိတို့မှာ ရှေးဦးမြန်မာကြီးအနွယ်များသာဖြစ်သည်၊ ရှမ်းပြည်နယ်တွင် အနေ ကြာသောကြောင့် အချို့ကိစ္စများတွင် ရှမ်းဓလေ့များ ဝင်နေကြောင်း အပြောနှင့်သော်လည်းကောင်း၊ အပြုအမူ နှင့်သော်လည်းကောင်း ဖော်ပြကြသည်၊ အချို့ဓနုလူမျိုးများကလည်း မိမိတို့သည် မြန်မာဘုရင်၏ လေးသည်တော် အဆက်အနွယ်များဟုလည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည် နယ်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူးတို့နှင့်ရှမ်းအမျိုးသားတို့ သွေးစပ်ပြီ ဆင်းသက်လာသော အနွယ်များဟုလည်းကောင်း ပြောကြသည်။

ထို့ပြင် ဓနုတို့သည်"ပရက်"ဆိုသောအမျိုးအနွယ်မှဆင်းသက်လာပြီး မွန် တို့နှင့်နီးစပ်သည်ဟု ဓနုလူမျိုးများ က ပြောကြသည်။

တိဗက်တိုဘားမင်းအုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ အနောက် မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှလည်းကောင်း ဝင်ရောက်လာကြသည်၊ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အနောက်တိဗက် တိုဘားမင်းများဟု သတ်မှတ်နိုင်လေသည်။ အရှေ့တိဘက် တိုဘားမင်း လူမျိုးစုတွင် မြန်မာနှင့် အခြားအုပ်စုများရှိပြန်သည်။ ၄င်းတို့သည် "ဓနု"၊ တောင်ရိုး၊ အင်းသား၊ ရခိုင်၊ ထားဝယ်

ရဘိန်း၊ ယော–စသည့်လူမျိုး များဖြစ်ကြသည်။

ဓနုတို့ပါးစပ်ရာဇဝင်အရ ဓနုတို့သည်ရှမ်းပြည်သို့ မြေပြန့်မှတက်လာကြသည်။ ဘက်သာပုံမှာ သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် အလောင်းဘုရားသည် ယိုးဒယားသို့ သွားရောက် တိုက်ခိုက်ပြီး သူ၏တပ်တော်များနေပြည်တော်သို့အပြန် ယခုဓနုတို့ နေထိုင်ရာအရပ် တွင် ခရီးပန်းသဖြင့် တပ်စခန်းချနေထိုင်ခဲ့သည်။ တပ်တော်တွင် ဒူးလေးတပ်များပါလာခဲ့ရာ တပ်မတော်အပြန်တွင် ဒူးလေးတပ်ကိုလုံခြုံရေးအတွက် ထိုနေရာတွင်တပ်ချ နေထိုင်စေခဲ့သည်။ ထို ဒူးလေး၊လင်းလေးစွဲ ကိုင်သောလူမျိုးကို ပါဠိဘာသာဖြင့် "ဓနုဂ္ဂဟ"ဟုခေါ်သည်။ ယင်းမှ"ဓနု" လူမျိုးဖြစ်ပေါ်လာခဲ့သည်ဟုဆိုသည်။



မြန်မာနိုင်ငံတွင်းသို့ လူမျိုးများ ဆင်းသက်လာပုံ

ဓနုလူမျိုးတို့ဖြစ်ပေါ်ရာ မူလအစခန့်မှန်းကြရာ၌–ဇမ္ဗူဒီပဥဆောင်ကျမ်း စာ–

၇၁၊ ပုဒ်မ–၁၄၊ မိုင်းကွက် ၉၆၃–ခု ခေါင်းစဉ်အောက်တွင် –

"ရှမ်း၊ ယွန်း၊ ကွေး၊ တရုတ်၊ တရက်၊ ရခိုင်၊ ပလောင်ကြီး၊ ပလောင်ငယ် ချည်း၊ အင်ကျဉ်၊ "ဓနု"၊ လင်၊ ဒါးတောင်ကြီးလူမျိုး(၇၁)မျိုးအပါအဝင် လူတို့နေသည့် မြို့ပေါင်း(၅၇)ရွာ"ဟု ဖော်ပြထားရာ သက္ကရာဇ်၅၆၂–ခုနှစ်၊ အနော်ရထာမင် လက်ထက်ကင်းဦးကင်းလမ်း အစဉ်ထားသည့်အတိုင်း ထောင်၊ ရာ၊ ကျိုပ်စစ်သည် တို့ကိုပြုစုရာတွင် လူမျိုး ၇၁–မျိုးစလုံးပါဝင်၍ ယင်း ၇၁–မျိုးအနက် ဓနုလူတစ်မျို အပါအဝင်ဖြစ်ကြောင်း ဖော်ပြထား၏။

ပုဂံခေတ်ဘုရင်များသည် မြေပြန့် ကျောက်ဆည်၊ မြစ်သားမှတစ်ဆင့် ယခုရှမ်းမြေလတ်ပိုင်းအနောက်ဘက်တောင်တန်းလွင်ပြင်များဆီသို့ တောကစား ထွက်လေ့ရှိ၏။

ဘုရင်များထိုသို့ တောကစားထွက်သည့် အခါတိုင်း နောက်တော်ပါးမှ လေးမြားကိုင်စစ်သည်တော်များ လိုက်ပါလာကြ၏။ ဘုရင်တောကစားပြီး၍ နေပြည်တော် ပြန်သည့်အခါ စစ်သည်တော်တချို့သည် သားကောင် ပေါသော ဤတောင်တန် တစ်ခွင်လွင်ပြင်တွင် ဘုရင့်ထံခွင့်ပန်ပြီး ချန်ရစ်နေခဲ့ကြသည်။ ထိုစစ်သည်တော် ကိုင်ဆောင်သော "လေး"နှင့်ယင်းတို့ကျွမ်းကျင်သည့်"လေးအတတ်ပညာ"မှာ ပါဠိဘာသာအ "ဓနု"ဟုခေါ်ရာမှ ထိုလေးသည်တော်များက ဆင်းသက်ပေါက်ဖွားလာသူများကို "ဓနု"ဟုခေါ်ကြောင်း ပြောစမှတ်ရှိကြသည်။ အချို့ကမူ အလောင်းစည်သူမင်းကြီးတိုင်းခန် လှည့်လည် စဉ်အချိန်က ဘုရင့်အမှုတော်ထမ်းသည့် လေးသည်တော်များ ဤနယ်မြေ အတွင် ချန်ရစ်နေခဲ့ရာ ၎င်းတို့မှဆွယ်လာသူများကို"ဓနု"ဟုခေါ်ကြောင်း ပြောစမှတ်ပြုကြသည်။

ထို့ပြင် အင်္ဂလိပ်ကိုလိုနီခေတ် မိတ္ထီလာခရိုင်အရာရှိ "ဆာဂျွန်ဒီပီလ်" ဆိုသူ ဓနုတို့အကြောင်း ရေးသားထားပုံကို ပြန်လည်ဖော်ပြသော တောင်ရိုးဓနုကျောင်း ကျောင်းသား၏ "တောင်ရိုးဓနု ကျေးလက် တေးသံများ"စာအုပ်တွင် အနော်ရထာမင်းသည် လှိုင်းတက်မြို့ကိုတည်ပြီး ရှမ်းပြည်သို့တက်လာ၏။ ထိုသို့ တက်လာစဉ် လမ်းခရီး

တောတွင်းသားလူဆန်းတစ်ယောက် လေးမြားကိုင်ဆောင်လျက် တောလိုက်နေသည်ကို တွေ့ရ၏။ ရှမ်းနှင့်မြန်မာနယ်ခြားဒေသလည်းဖြစ်နေ၏။ အနော်ရထာမင်းက ထိုတောလိုက်မုဆိုးကို မေးမြန်း စုံစမ်းကြည့်သောအခါ တောတွင်းသားမုဆိုးက သူ့အတိုးအဘိုးအနွယ်သည် "လအယ်" လူမျိုးဖြစ်၍ သူ့အဘွားက "ဗမာ" အမျိုးသမီး ဖြစ်ကြောင်းလျှောက်တင်လေ၏။ ထို့ကြောင့် အနော်ရထာမင်းက သူ့(ထိုတောလိုက်မုဆိုး) ကို ဓနုဟုခေါ်ရန် အမိန့်ချပေးခဲ့၏ဟု ဖော်ပြထားး၏။

တစ်ဖန် ရှေးဦးမြန်မာတို့သည် ကချင်ပြည်နယ်အရှေ့ပိုင်းနှင့်ယူနန်နယ် အနောက်ပိုင်းမှတောင်ဘက် ရှမ်းပြည်မြောက်ပိုင်း၊ ယင်းမှတစ်ဆင့် ရှမ်းပြည်တောင်ပိုင်း မြေလတ်ဒေသသို့ တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြောင်းလာခဲ့ ကြောင်း ခန့်မှန်းနိုင်လေသည်။ ထိုမြေလတ်ဒေသမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ ရွှေ့ပြောင်း လာခဲ့ခြင်းဖြစ်သည်ဟုဆိုထား၏။ သို့ဖြစ်၍ မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ ရွှေ့ပြောင်းလာခဲ့စဉ်က လိုက်ပါ မလာဘဲ ချန်ရစ်နေခဲ့ကြသူများသည် ဓနုလူမျိုးများ ဖြစ်သည်ဟုဆိုထား၏။

ထို့ပြင် "ဓနု"ဟူသောဝေါဟာရနာမပညတ်သည် မြန်မာဘာသာ၊ မြန်မာ စကား မထွန်းကားမီ ပုဂံခေတ်သုံး ပါဠိဝေါဟာရပင်ဖြစ်၏။ ထိုဓနုဟူသောပါဠိ ဝေါဟာရ သည်"လေး"ဟုအဓိပ္ပါယ်ရသည်။ ဓနုလူမျိုးများသည် "လေး" စသော လက်နက်များကို ကိုင်ဆောင်ကြရမည်သာဖြစ်သည်။ လူတို့၏သဘာဝသည် ဒြပ် (ဝတ္ထု)ကို ကြည့်၍ နာမည်မှည့်ခေါ်ကြ သည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်သည်။"ဓနု"ဟူသောဝေါဟာရ နာမပညတ်သည်လည်း အကြောင်းမဲ့မှည့်ခေါ်ထားသော နာမ ပညတ်မဟုတ်တန်ရာ၊ ရုပ်ဒြပ်ကိုကြည့်၍မှည့်ခေါ်ထားသော နာမပညတ်သာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဓနုဟူသောဝေါဟာရနာမပညတ်ကို ကြည့်၍ လည်းကောင်း၊"ဓနုံ ဒဠှံ ဂဏှာတိတိ ဓနု"ဟူသော သနုတ္တကိုကြည့်၍ လည်းကောင်း၊ ပါဠိ (သက္ကတ)ဘာသာစကားထွန်းကားချိန် ပုဂံခေတ်ကတည်းက နေထိုင်နေပြီ ဖြစ်ကြောင်း သမိုင်းမတိုင်မီကာလကပင် ရှမ်းမြေလတ်

တောတွင်းသားလူဆန်းတစ်ယောက် လေးမြှားကိုင်ဆောင်လျက် တောလိုက်နေသည်ကို တွေ့ရ၏။ ရှမ်းနှင့်မြန်မာနယ်ခြားဒေသလည်းဖြစ်နေ၏။ အနော်ရထာမင်းက ထိုတောလိုက်မုဆိုးကို မေးမြန်း စုံစမ်းကြည့်သောအခါ တောတွင်းသားမုဆိုးက သူ့အဘိုးအဘီအနွယ်သည် "လအယ်" လူမျိုးဖြစ်၍ သူ့အဘွားက "ဗမာ" အမျိုးသမီး ဖြစ်ကြောင်းလျှောက်တင်လေ၏။ ထို့ကြောင့် အနော်ရထာမင်းက သူ့(ထိုတောလိုက်မုဆိုး) ကို ဓနုဟုခေါ်ရန် အမိန့်ချပေးခဲ့၏ဟု ဖော်ပြထား၏။

တစ်ဖန် ရှေးဦးမြန်မာတို့သည် ကချင်ပြည်နယ်အရှေ့ပိုင်းနှင့်ယူနန်နယ် အနောက်ပိုင်းမှတောင်ဘက် ရှမ်းပြည်မြောက်ပိုင်း၊ ယင်းမှတစ်ဆင့် ရှမ်းပြည်တောင်ပိုင်း မြေလတ်ဒေသသို့ တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြောင်းလာခဲ့ ကြောင်း ခန့်မှန်းနိုင်လေသည်။ ထိုမြေလတ်ဒေသမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ရွှေ့ပြောင်း လာခဲ့ခြင်းဖြစ်သည်ဟုဆိုထား၏။ သို့ဖြစ်၍ မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ ရွှေ့ပြောင်းလာခဲ့စဉ်က လိုက်ပါ မလာဘဲ ချန်ရစ်နေခဲ့ကြသူများသည် ဓနုလူမျိုးများ ဖြစ်သည်ဟုဆိုထား၏။

ထို့ပြင် "ဓနု"ဟူသောဝေါဟာရနာမပညတ်သည် မြန်မာဘာသာ၊ မြန်မာ စကား မထွန်းကားမီ ပုဂံခေတ်သုံး ပါဠိဝေါဟာရပင်ဖြစ်၏။ ထိုဓနုဟူသောပါဠိ ဝေါဟာရ သည်"လေး"ဟုအဓိပ္ပါယ်ရသည်။ ဓနုလူမျိုးများသည် "လေး" စသော လက်နက်များကို ကိုင်ဆောင်ကြရမည်သာဖြစ်သည်။ လူတို့၏သဘာဝသည် ဒြပ် (ဝတ္ထု)ကို ကြည့်၍ နာမည်မှည့်ခေါ်ကြ သည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်သည်။"ဓနု"ဟူသောဝေါဟာရ နာမပညတ်သည်လည်း အကြောင်းမဲ့မှည့်ခေါ်ထားသော နာမ ပညတ်မဟုတ်တန်ရာ၊ ဝတ်ဒြပ်ကိုကြည့်၍မှည့်ခေါ်ထားသော နာမပညတ်သာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဓနုဟူသောဝေါဟာရနာမပညတ်ကို ကြည့်၍ လည်းကောင်း၊"ဓနုံ ဒဠှ ဂဏှာတီတိ ဓနု"ဟူသော ဓနုတ္ထကိုကြည့်၍ လည်းကောင်း၊ ပါဠိ (သက္ကတ)ဘာသာစကားထွန်းကားချိန် ပုဂံခေတ်ကတည်းက နေထိုင်နေပြီ ဖြစ်ကြောင်း သမိုင်းမတိုင်မီကာလကပင် ရှမ်းမြေလတ်

ဒေသ၌ နေထိုင်ခဲ့ကြကြောင်း သိရှိရသည်။ ယနေ့တိုင်ခနု လူမျိုးစုအများဆုံးနေထိုင်ရာ ရှမ်းပြည်တောင်ပိုင်း၊ရှမ်းမြေလတ်ဒေသ၊ ရွာငံမြို့နယ် အနောက်ဘက် နယ်ယိမ်မဲပေါင်ဘန်းတစ်ကြော၊ ညောင်ကြွက်ကျေးရွာအရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာတွင် ကျောက်ခေတ်သမိုင်းဝင် "ပြဒါးလင်းဂူ"ရှိ၏။ ပြဒါးလင်းဂူအမှတ် ၁ တွင် ကျောက်ခေတ်ဆိုင်ရာ နံရံပန်းချီများရှိသည်ဟု ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သူ ဦးခင်မောင်ကျော်က တွေ့ရှိတင်ပြချက်များအရ မြန်မာနိုင်ငံရှေးဟောင်း သုတေသန ဌာန၊ သမိုင်းကော်မီရှင်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဘူမိဗေဒဌာန၊ မနုဿဗေဒဌာန၊ သတ္တဗေဒဌာန၊ လမ်းစဉ်ပါတီဌာနချုပ် အစရှိသည့် ဌာနအသီးသီးမှ ပုဂ္ဂိုလ်များသည် ၁၉၆၉–ခုနှစ်၊ ဇန်နဝါရီလ အတွင်းကအဆိုပါ ဂူစုများသို့ သွားရောက်ကွင်းဆက်တူးဖော် သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့သုတေသပြုချက်အရ တွေ့ရှိတူးဖော်မှုကို ပေါင်းရုံး၍ ကောက်ချက် ပြုရသည်မှာ ပြဒါးလင်း ယဉ်ကျေးမှုသည် မြန်မာ့ကျောက်ချောခေတ်အစောပိုင်းကာလ ဂူနေလူသားတို့၏ ယဉ်ကျေးမှုဖြစ်ဖွယ်ရှိကြောင်းကို ယေဘုယျအားဖြင့် မှတ်ယူနိုင်ပေသည်၊ ဤပြဒါးလင်းဂူရှိ လူ့အသုံးအဆောင်ဆေးရေးပန်းချီတို့ကို ရှုမြင်သုံးသပ်ခြင်း အားဖြင့် လူသားများသည် ရှေးနှစ်ပေါင်း (၁၃၄၀၀)ကပင် ရှိနှင့်ပြီးသောလူမျိုးများဖြစ်ကြောင် ကောက်ချက်ချနိုင် ပေသည်။

ထိုပြဒါးလင်းဂူအတွင်းရှိ လူတို့အသုံးအဆောင် ကျောက်ခေတ်လက်နက်များနှ ဂူနံရံရှိရှေးဟောင်း ပန်းချီလက်ရာများသည် ရှေးနှစ်ပေါင်း(၁၃၄၀၀) တစ်သောင် သုံးထောင့်လေးရာကျော်ခန့်က အသုံးအဆောင် နှင့်လက်ရာများဖြစ်သည်ဟု "ရှေးဟောင် သုတေသနအဖွဲ့"က မှတ်ချက်ချ ခန့်မှန်းကြလေသည်။ ဤအဆိုကို ထောက်ဆသေ ရှမ်းမြေလတ်ဒေသ၌ ရှေးနှစ်ပေါင်းတစ်သောင်းသုံးထောင်းလေးရာကျော်လောက်ကပင် လူမျ နေထိုင်နေကြပြီဖြစ်ကြောင်းသိရလေသည်။ အထက်ပါပြဒါးလင်းဂူ အထောက်အထားအ ခနုလူမျိုးဟု ခေါ်တွင်လာ မည့် လူသားတို့သည် ရှေးနှစ်ပေါင်း ၁၃၄၀၀ ကတည်းကပ

ရှိနှင့်ပြီးသည့် လူမျိုးများနှင့် ပေါင်းစပ်ပြီးနေထိုင်ခဲ့ကြသည်ဟု ကောက်ချက်ချနိုင်မည်လောဟု တွေးဆစရာပင်ဖြစ်ပေတော့သည်။

ဓနုလူမျိုးတို့သည် ရှမ်းပြည်နယ်နှင့်မြန်မာပြည်မကြီးအကြားဒေသများတွင် အများဆုံးနေထိုင်ကြသည်။ အထက်ပိုင်းတွင် မန္တလေးခရိုင်၊ ကျောက်နီတွင်းဒေသ၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ ရပ်စောက်၊ အနောက်ပိုင်း ရှမ်း မြေလတ်ဒေသတွင် ပင်းတယ၊ ပွေးလှ၊ ရေငန်(ရွာငံ)နှင့် ရှမ်းဒေသတို့တွင်အများအပြား နေထိုင်ကြသည်။ မြို့ကြီးများဖြစ်သော တောင်ကြီး၊အောင်ပန်း၊ကလောမြို့များတွင်လည်း တွင်ကျယ်စွာနေထိုင်သည်ဟု ဖော်ပြထား သည်ကိုတွေ့ရသည်။

ထို့ပြင် "ဓနုတောင်ရိုး"ခရီးသွားမှတ်တမ်းတွင် ဓနုတိုင်းရင်းသားများ သည် ရှမ်းမြေလတ်ပိုင်းတွင်သာမက မိုးကုတ်၊ မိုးမိတ်၊ မြောက်ပိုင်းရှမ်းပြည်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ပြင်ဦးလွင်(မေမြို့)အနီးတဝိုက်နှင့် တောင်ပိုင်းရှမ်းပြည်ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ အောင်ပန်း၊ ပင်မှီ၊ ဘော်နင်း၊ သာမိုင်းခမ်း၊ ကလော၊ တောင်ကြီး၊ ညောင်ရွှေ၊ ဟဲဟိုး၊ လုံးပိုး၊ တီကျစ်၊ ပင်လောင်းမှစ၍ ပျဉ်းမနားအရှေ့ဘက် ပေါင်းလောင်းမြစ်ရိုး တစ်လျှောက်အထိ ရှည်လျားလှသော ရှမ်းကုန်းပြင်မြင့်အနောက် ဘက်တောင်တန်း တောင်ကြားကွင်းပြင်များ၌ အနှံ့ အပြားနေထိုင် လော့ရှိကြသည်ဟု ဖော်ပြထားသည်။

ပအိုဝ်းရွာဝန်းကျင်ရှိ ဓနုရွာကို ပအိုဝ်းများက ဗမာရွာဟုခေါ်ဝေါ်ခြင်းရှိသည်ကို တွေ့ရကြောင်း ဦးသိန်းသန်းထွန်းကပြော၏။

လွန်ခဲ့သော နှစ်(၂၀)ကျော်ခန့်က ရွှေညောင်–ရပ်စောက်ကားလမ်းပေါ်ရှိ ပင်ဖြစ်ရွာမှ အရှေ့ဘက်တလွှားရှိရွာများသို့ လေ့လာရန်သွားသောအခါ လိုက်ပို့သောပအိုဝ်း မိတ်ဆွေက ပင်ဖြစ်အရှေ့ဘက်နာရီဝက်ခန့်သွားနေစဉ် "ရှေ့နားရောက်တော့ ဗမာရွာမှာ နားမယ်" အဲဒီရောက်မှနားပြီး ထမင်းစားမယ်ပြော၏။ ထိုရွာသို့ရောက်သောအခါ ညှိခံ ကျွေးမွေးသည့် အိမ်ရှင်ကိုမေးမြန်းသောအခါ ဗမာမဟုတ် ဓနုရွာဟုဆိုသည်ကို သိရ၏။ လေ့လာကြည့်သောအခါ ပတ်ဝန်းကျင်ရှိ ပအိုဝ်းများက ဓနုရွာကို ဗမာရွာဟုခေါ်လေ့ရှိ

ကြောင်း သိရ၏။

ညောင်ရမ်းခေတ်ရှင်ဘုရင်တို့ ကျင်းပသောပွဲလမ်းများတွင် မြန်မာအတီး၊ အက၊ မြန်မာကြီးအတီး၊ အက၊ မွန်တလိုင်းအတီးအက၊ ယိုးဒယားဇာတ်ကြီး၊ ယွန်းအတီးအက၊ ကြွံအတီးအက၊ ခနုအတီးအက၊ ကတ်အတီးအကဟူ၍ ရှိကြောင်းကို ထိုခေတ်မင်းများ ထုတ်သော အမိန့်တော်များတွင် တွေ့ရသည်။

မြန်မာကြီးဟူသောလူများကို ယခုအခါရခိုင်ပြည်နယ်နှင့် ဘင်္ဂလားနယ်တို့တွင် ရှိကြောင်းသိရသည်။

တချို့သော သုတေသီများက မြန်မာကြီးကို ခနုလူမျိုးဟူ၍ယူဆမှုရှိသည်။ ၎င်းတို့ ကိုယ်တိုင်က "မရမာကြီး"ဟူ၍ အသံထွက်သည်ဟု သိရသည်။

ဤသို့အားဖြင့် ခနုနှင့်ပတ်သက်၍ နီးစပ်ရာလူများတို့ကဗမာလူမျိုးဟုခေါ်ခြင်း ရှေးကမင်းအမိန့်တော်များတွင် တွေ့ရသော မြန်မာကြီးလူမျိုးများဟု ခနုလူမျိုးဟု ယူဆပုံကို မှတ်သားတဖွယ် တွေ့ရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ အနောက်ခြမ်းတောင်ပေါ်ဒေသ တ လုံးက ရှေးမြန်မာမင်းများနှင့် ဗြိတိသျှမင်းများလက်ထက်တွင် မြေလတ်ဒေသဟုခေါ် ထိုမြေလတ်ဒေသတွင် စော်ဘွားနယ်၊ မြို့စားနယ်၊ ငွေခွန်မှူးနယ်ဟူ၍ရှိကြသည်။

မြေလတ်ဒေသနယ်ဟုခေါ်ခြင်းကို တချို့ကရှမ်းမြေလတ်ဟုခေါ်သေးသည်၊ အဓိပ္ပာယ်မှာ ရှေးကပင်လျှင် ရှမ်းစော်ဘွားပိုင်နက်ဒေသနှင့် မြန်မာမြေပြန့်ဒေသအကြား သောဒေသကို မြေလတ်ဒေသဟုခေါ်ခြင်းဖြစ်သည်။ မြန်မာရှင်ဘုရင်များ လက်ထက် ညောင်ရမ်းခေတ်မှ ကုန်းဘောင်ခေတ်ကုန်သည်ထိ မြန်မာဘုရင်၏သြဇာလွှမ်းမိုးရာနယ် များဟု သိရသည်။ နေထိုင်သောလူမျိုးများမှာ ခနု၊ တောင်ရိုး၊ ထနော့၊ ဓရဲ(သရဲ) အင်းသား၊ ပလောင်၊ ပအိုဝ်း(တောင်သူ)၊ ဗမာစသည်တို့ဖြစ်ကြသည်။

ခနုလူမျိုးနှင့်ပတ်သက်၍ တွေးခေါ်သုံးဖြတ်စရာတစ်ခုရှိပါသည်။ ပျူလူမျိုးတို့နှ ပတ်သက်၍ သုတေသီကြီးများက ယူဆသတ်မှတ်ချက်တစ်ခုရှိပါသည်။ ရှေးအခါက ပျူတို့၏ နေပြည်တော်ဖြစ်သော သရေခေတ္တရာပျက်သောအခါ ပျူလူမျိုးတို့သည်

အထက်ပိုင်းသို့ ထွက်ပြေးရွှေ့ပြောင်းလာပြီး ပုဂံမြို့ကို တည်ထောင်သည်။ ထို့ကြောင့် ပုဂံ၏ရှေးအမည် သည် ပျူကာမဟုခေါ်သည်။ ထိုအခေါ်မှာ ပုကာမ=ပုကန်ဖြစ်လာသည်ဟု ယူဆကြသည်။ ပျူနှင့်ရောထွေးသွားသော ပုဂံဒေသသားတို့သည် မြန်မာဖြစ်လာသည်။ ယခုအခါ ပျူလူမျိုး များ ရှိကြောင်းကို မသိတော့ပါ။ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းက "ပျူတွေ ဘယ်ရောက်နေသလဲ" စာအုပ်တစ်အုပ်ပြုစုရေးသားပါသည်။ ပုသိမ်ခရိုင် ငါးသိန်းချောင်း မြို့သား ဗမာဖြစ်သည့် ဒေါက်တာသန်းထွန်းက သူ့စာအုပ်အမှာစာတွင် "ပျူတွေ ဘယ်ရောက်နေသလဲမေးရင် ကျွန်ုပ်ကိုကြည့်"ဟူ၍ ရေးသားထားပါသည်။ ဗမာဖြစ်သော ပါမောက္ခက ဗမာဆိုတာပျူလူမျိုးဟုပြောဆိုလိုက်ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်ဒေသတွင် ဓနု၊ တောင်ရိုး၊ အင်းသားတို့ နေထိုင်ကြသည်။ ပျူလူမျိုးများ၏အသုံးပြုရာ မြေအိုး၊ ဒင်္ဂါး၊ ဟင်္သာရုပ်အလေး၊ ပုတီးစေ့ စသည်တို့ကို အင်းလေးကန်ဒေသနှင့် တောင်ရိုး၊ ဓနု နေထိုင်ရာဌာသာတွေ့ရသည်။ အင်းသားဒေသတွင် အရှေ့ဖက်ကမ်း၊ အနောက်ဖက်ကမ်း၊ မြောက်ဘက်ကမ်းဖြစ်သော ညောင်ရွှေအရှေ့ဘက်တွင် ပျူဒင်္ဂါးများတွေ့ရသည်။ ဓနုနယ်ဖြစ်သော ရပ်စောက်မြို့နယ် မြောက်ဘက်၊ ကျေးရွာ(၂)ခုတွင် ပျူဒင်္ဂါးများတွေ့ရသည်။ တောင်ရိုး၊ ဓနု၊ အင်းသား (၃)မျိုးတို့နေထိုင်ရာတွင် ပျူပစ္စည်းများ တွေ့ရခြင်းဖြစ်သည်။

တောင်ရိုးလူမျိုးတို့က သူတို့သည်ပုဂံခေတ် အနော်ရထာ၊ အလောင်းစည်သူတို့၏ ခရီးစဉ်နောက်လိုက်လာရင်း တောင်ပေါ်မှာကျန်ခဲ့သူများဟူ၍ဆိုသည်။ ဓနုကလည်း ပုဂံမင်း အလောင်းစည်သူနှင့်ပါလာပြီ ကျန်ရစ်သူများဟု အဆိုအပြောရှိသည်။ အင်းသားလူမျိုးတို့၏ ဟဲယာမော်ကွန်းဟုခေါ်သော သူတို့လူမျိုးအစကို ဖော်ပြသော ပေစာတွင် အလောင်းစည်သူနှင့် ပါလာကျန်ရစ်သူများဟုဆိုသည်။ တောင်ရိုး၊ ဓနု၊ အင်းသားလူမျိုးတို့ပြောဆိုသော စကားနှင့် ဝေါဟာရများသည် ရှေးမြန်မာစကားများသာဖြစ်သဖြင့် ပုဂံကလာသော လူမျိုးများဟုယူဆလျှင် ဒေါက်တာသန်းထွန်းအယူအဆအရ ပုဂံဗမာဟာ ပျူလူမျိုးပဟု ယူဆစရာဖြစ်နေပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပျူလူမျိုးဆိုင်ရာ တူးဖော်တွေ့ရသော ပစ္စည်းများ သည် တောင်ရိုး၊ ဓနု၊ အင်းသားနယ်မြေ၌သာ တွေ့ရသောကြောင့် တောင်ရိုး၊ ဓနု၊ အင်းသားတို့သည် ပျူလူမျိုးတို့၏ အဆက်အနွယ်ဖြစ်ကြသည်ဟု ဆုံးဖြတ်လျှင် မှန်နိုင် ပေလိမ့်မည်။

ဓနုလူမျိုးသည် ပျူလူမျိုးအဆက်အနွယ်ဖြစ်သည်ဟု မှတ်သားလျှင် မမှားနိုင်ဟု ဆိုရပေမည်။

# ဓ နု သ မိုင်း (မူကွဲ)

**ဓနုဘိန္ဒကရာဇ်မင်းကြီး**

ဘီစီ ၄၅၀၀ တကောင်းပြည်ကြီးပျက်စီးသောအခါ ဘိန္ဒကမင်းကြီးသည် မိုလ်ခြေအလုံးအရင်းနှင့် မလည်ချောင်အရပ်သို့ဝင်၍နေသည်။ ဘိန္ဒကမင်းကြီး ကံကုန်သောအခါ မိုလ်ပါအလုံးအရင်းတို့ (၃)စုကွဲကြသည်။ တစ်စုက အရှေ့မျက်နှ (နောင်ရာဇဝင်များ ရှမ်းဟုအရေးမှား) ဓနု (၁၉)ခရိုင်တည်ထောင်ကြသည်။ လူတစ် တို့ကား ဧရာဝတီမြစ်ကို စုန်ခဲ့၍ (ပျူမြန်မာ၊ ကမ်းယံ၊ရခိုင်၊ သက်၊ ကတူး အရပ်၊ သုနာပရန္တတိုင်းသို့ ဝင်ကြ၏၊ တစ်စုတို့ကား မိဖုရားကြီးနာဂဆိန်နှ နေမြဲမလည်အရပ်၌ပင်နေခဲ့ကြသည့် အကြောင်း မြန်မာရာဇဝင်များတွ မှတ်တမ်းတင်ထားခဲ့ကြသည်။ မလည်ချောင်မှ ဧရာဝတီမြစ်ကို ဖြတ်ကူးကာ ရှမ်းရိုးမတောင်ခြေရင်းအတိုင်း တောင်ဘက်သို့ ဦးတည်လာခဲ့ရာ ရွှေစာရံဘုရာ အနီးတွင် မြစ်ငယ်မြစ်ကို ဖြတ်ကူးသည်။ တဖန်ကျောက်ဆည် နှင့် မြစ်သားကြားတွ ဇော်ဂျီမြစ်နှင့် ကူမဲအရှေ့တောင်ဘက်တွင် ပန်းလောင်မြစ်တို့ကို ဖြတ်ကူးသည် တဖန် ရှမ်းရိုးမတောင်ခြေရင်းအတိုင်း တောင်ဘက်အရပ်သို့ပျက်ခရွှေ့ တောင်အန် သို့ ရောက်ခဲ့ကြသည်။

## မနေမြို့ဟောင်းကြီးများ

ဘိန္နကရာဇ်မင်းကြီး၏ အနွယ်တော်များသည် ပျက်ခရွှေတောင် အနီးအရောက်(ပင်လယ်) မိုင်းမော မြို့ဟောင်းကြီးကို တည်ထောင်နေခဲ့ကြသည်။ ပင်လယ်မြို့ဟောင်းကြီးကို အနောက်ဘက်ပျူလူမျိုးတို့ လာတိုက်၍ ပျက်စီးသောအခါ အေဒီ(၆)ရာစုခန့်တွင် ရှမ်းကုန်းပြင်မြင့်အပေါ်သို့တက်၍ ရပ်စောက်မြို့ဟောင်း၊ ညောင်ရွှေအနီး ပောဓိသတ်မြို့ဟောင်း၊ ရမ္မာဝတီမြို့ဟောင်း၊ ဝေဠုဝတီမြို့ဟောင်း၊ နန့်ပန်မြို့ဟောင်းစသော ရှမ်း(မနေ ၁၉ ခရိုင်)မြို့များကို တည်ထောင်ကြသည်။ ကုန်သွယ်ရေးလမ်းမနှင့် ရေကိုမြတ်နိုးသော မနေတို့သည် အေဒီ(၇)ရာစု နှောင်းပိုင်းတွင် တောင်ပိုင်းပိုးလမ်းပွားများဖြစ်သော မိုင်းမော(ပင်လယ်)မှ နတ်ထိပ်တောင်ကြားအတိုင်း ပောဓိသတ် မြို့မှ ကျိုင်းတုံလမ်းတစ်လမ်း (ဂျပန်ပြေးလမ်းခေါ်) ပောဓိသတ်မြို့မှ ရွာင်နှောင်ချို–သီပေါလမ်းနေထိုင်ကြီးပွား ကြသည်။ (မှတ်ချက်) သီပေါတစ်ပိုက်မှ မနေမြို့ဟောင်း၊ တရုတ်အခေါ် (ရှီလိယီ)အား ရှာဖွေဆဲ။

## မနေမြို့မှ သံအဖွဲ့ခေါင်းဆောင်

အေဒီ (၈)ရာစုနှောင်းတွင် ရှမ်း(သို့) နန်းစောတို့၏ ရန်ကပျူနိုင်ငံအား ခြိမ်းခြောက်လာသည့်အတွက် အရေးကြီးလှသည့် သီပေါ(ရှီလိယီ)မြို့ကို ပျူအရှင်ရန်ကျားမင်း၏ သားတော် သုနန္ဒကိုဘုရင်ခံအဖြစ် ခန့်အပ် တာဝန်ပေး တော်သည်။ ယင်းကို ထောက်ရှုခြင်းအားဖြင့် ရှီယီလီမနေမြို့သည် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး နှင့် မဟာဗျူဟာအရ အချက်အချာကျသည့် အကြောင်း သိသာသည်။ အေဒီ (၇)ရာစုနန်းစောအပေါ် ထန်မင်းဆက် တရုတ်တို့၏ ဩဇာ ရှိသည့်အတွက် နန်းစောနှင့် ပျူတို့၏ ပဋိပက္ခကို အင်အားကြီးမားသော ထန်မင်းဆက် ကေရာဇ်ကြားဝင်ဖြန်ဖြေပေးစေလိုသည့် ဆန္ဒပျူတို့တွင် ရှိသည်။ ထို့ကြောင့် နယ်ခြားဒေသနှင့် နန်းစောတို့၏ အကြောင်း ကောင်းစွာနားလည်သည့် မနေမြို့မှ ဘုရင်ခံသားတော် သုနန္ဒကို သံအဖွဲ့ ခေါင်းဆောင်အဖြစ်စေ လွှတ်ခဲ့သည်။

မင်းသားနှင့်အတူ အမတ်ကြီးနာကျကဋ္ဌ၊ စစ်သူကြီးမဟာသေနတို့ လိုက်ပါသွားကာ (ပျူနိုင်ငံ အတွက်) အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအဖွဲ့ ခေါင်းဆောင်များအဖြစ် အေဒီ ၈၀၂ခုတွင် သွားရောက်ကြသည်။

**ဓနုမြို့များပျက်စီးချိန်**

ဓနုနှင့်ပျူများ မည့်မျှပင်အလျှော့ပေးနေစေကာမူ စစ်ဘီလူးနန်းစောများသည် အေဒီ ၈၃၂ ခုတွင် ဗန်းမော်–တကောင်း–ဟန်လင်း– ကူမဲစစ်ကြောင်းတစ်ကြောင်း ယုန်ချန်–ရွှေလီ–သီပေါ–နောင်ချို–ကူမဲမှ စစ်ကြောင်း တစ်ကြောင်း ဝင်လာကြပြီ ပျူနိုင်ငံတော်နှင့် ဓနုမြို့ပြများကို ဖျက်ဆီးကာ ပစ္စည်းများသယ်ဆောင်ရန် ပျူ-ဓနု သုံ့ပန်း (၃၀၀၀)ကျော် ခေါ်ဆောင်သွားခဲ့သည်။

**ပုဂံခေတ်နှောင်းဓနု**

ပျော်ဘွယ်မြို့နားရှိ ဘိန္နကမြို့ဟောင်းသည် ရှမ်းများမရောက်လာသ (ရှမ်းဟုနောင်မှတွင်)ရှမ်း (၁၉)ခရိုင် အပါအဝင်ဖြစ်၏။ ပုဂံခေတ်နှောင်းပိုင်း ဘိန္နမြို့ ဂ အစိုးရသောဓနုစော်ဘွားကြီးတွင် သားတော်နှစ်ပါးရှိ၏။ ဓနုစော်ဘွားကြီးမရှိလျှ သားတော်အကြီးဘိန္နကမြို့ကို မင်းပြုတော်မူလျှင် ညီတော်အငယ် သိခ်ဗိုလ်နှ မကြည်ရှိသဖြင့် ညီတော်သိခ်ဗိုလ်သည် အလုပ်အကျွေးစုံရာနှင့် ဘိန္နကမြို့ကထွက် အစဉ်အတိုင်းပြေးခဲ့လျှင် မြန်မာနိုင်ငံဖြစ်သော "မြော့"တို့နေရ မြင်းစိုင်းသို့ရောက်လာသည်။ မြင်းစိုင်းအရပ်တွင် အသည်သူကြွယ်သမီး နှ အိမ်ထောင်ပြုရာ အသခ်ရာ၊ ရာဇသင်္ကြန်၊ သီဟသူ ဟူသော သားသုံးယောက်နှ သမီးတစ်ယောက် မွေး၏။ နောင်ထိုသားသုံးယောက်များသည် ပုဂံမြို့တွင် အမတ်ကြ များဖြစ်လာသည်။ အဝမြို့ကို တည်သော သတိုးမင်းဖျားသည် ဓနုအနွယ်မျ ဖြစ်ကြောင်း ရာဇဝင်များကဆိုထားသည်။

## ရှမ်းများဝင်လာချိန်

အေဒီ (၁၃)ရာစုတွင် အာရှ-ဥရောပနိုင်ငံများစွာကို သိမ်းယူနိုင်သော မွန်ဂိုတို့က ရှမ်းတို့၏မြို့တော် တာလီကို သိမ်းပိုက်ခဲ့ကြသည်။ ထိုအခါနန်းစောမ တိုင်(ရှမ်း)လူမျိုးများသည် မြေဩဇာကောင်းမွန်သည့် မွန်တို့ ဒေသချောင်ဖရာ မြစ်ဝှမ်းနှင့် အာသံဒေသ၊ ၎င်းနောက် ဓနုတို့ဒေသများနှင့် ရွှေလီမြစ်ဝှမ်းများတွင် ရွှေ့ပြောင်းနေထိုင် ခဲ့သည်။ အေဒီ ၁၂၃၈ ခု မွန်ဂိုစစ်မြန်မာနိုင်ငံ ပုဂံရောက် လာသောအခါ ရှမ်းတို့အခွင့်ကောင်းယူ၍ အနောက်သို့ တိုးလာသည်။ ယိုးဒယား ဘက်(ထိုင်း)မှလည်း ရှမ်းများအလုံးအရင်းနှင့်ဝင်လာသည့်အတွက် ဓနုလူမျိုးတို့သည် မောဓိသတ်၊ နန့်ပန်မြို့များမှ ပင်းတယ၊ ရွာငံဘက်ဆုတ် လာရသည်။ နောင်သီပေါ (ရှိယိလီ)မြို့ပျက်နားမှ ဓနုလူမျိုးများသည်လည်း ရွှေလီ-မူဆယ်ဘက်မှ ရှမ်းများ အလုံးအရင်းနှင့်ဝင်လာသည့်အတွက် ပိုးလမ်းအတိုင်း ဆုတ်လာပြီး နောင်ချိုအရောက်တွင် ဂျပန်ပြေးလမ်းခေါ် ဓနုရှေးဟောင်းလမ်းအတိုင်း ဖြေးဖြေး ခြင်းဆုတ်လာခဲ့ သည့်အတွက် ယခုနောင်ချိုတပိုက်နှင့် တောင်ဘက်အတိုင်း ကံကြီး- တောင်ခမ်း-ကျောက်ဂူ-အင်တော- ရွာငံ- ပင်းတယ- နတ်ထိပ်တောင်ခြေအထိ ဓနုရွာတန်းရှည်ကြီး ကျန်ခဲ့ရခြင်းဖြစ်ပါသည်။

## ဓနုစကား

ဘုရင့်နောင် နောက်လိုက် လေးသည်တော်တွေ အခြေစိုက်နေထိုင်ရာမှ ဓနုလူမျိုး ဖြစ်ပေါ်လာသည်ဆိုလျှင် ဤမျှပျံ့နှံ့သော ဓနုလူမျိုးများ၊ လူနေမှု အခြေအနေ များဖြစ်ပေါ်လာနိုင်စရာအကြောင်း မရှိ၊ သီပေါ-ညောင်ရွှေ - ဘိန္နက- ခင်လယ်) မိုင်းမောတို့မှ ရှေးဟောင်းပျူပစ္စည်းများနှင့် ဓနုဆက်စပ်မှုကိုလည်း ထည့်တွက်ရမည်။ ရှမ်းပြည်နယ်ရှိ ဓနုဘာသာရွာအမည်များနှင့် ရှမ်းနာမည်ပြောင်းသွားသော ရွာမြို့မည်များလည်း ထည့်စဉ်းစားရမည်။ ဥပမာ ရှမ်းအမည်က သီပေါ၊ ရှမ်းမလာခင် အေဒီ (၈)ရာစုက (ရှိလိယိ/ရှိလီ)နောင် နောင်ချို မတွင်ခင်က အင်းစိမ်းစခန်း စသည်ဖြင့် ပျူခေတ်မှသည် ယနေ့ခေတ်အထိ ဓနုစကားနှင့် မြန်မာစကားဆက်သွယ် နေပုံမှာ စိတ်ဝင်စားစရာကောင်းသည်။

ယခုအနည်းငယ်ဖော်ပြပါမည်။ (က) ပျူခေတ်က (၁) ထမ်းဖီ၊ ယခု ဓနုကလည်း "ထမ်းဖီ"၊ ပျူက (၂) "ထမ"၊ ဓနုကလည်း "ထမ"၊ ပျူက (၃) "ဖဆိုး"၊ ဓနုကလည်း "ဖဆိုး"စသဖြင့် ပျူခေတ်စကားနှင့် နီးစပ်နေသည်။ (ခ) ပုဂံခေတ်က "ခ" (ထိ)၊ ဓနုကလည်း "ခ"(ထိ)၊ ပုဂံခေတ်က "တို့နောင်"၊ ယခုဓနုကလည်း "တို့နောင်"၊ (၃) ပုဂံခေတ်က "ဖကီး"၊ ယခုဓနုကလည်း "ဖကီး"၊ (ဂ) ယခုခေတ်မုံရွာက "ဒုတ်မီး"၊ ယခုဓနု ကလည်း "ဒုတ်မီး"၊ အခုမုံရွာက "လောပစ်လိုက်"၊ ယခုဓနုလည်း "လောပစ်လိုက်" စသည်ဖြင့် ဓနုလူမျိုးများနှင့် ဆက်သွယ်မှုရှိနေပါသည်။

ကိုထိုက် (ဓနုမြေ)ကျောက်မဲမြို့(၂၇.၄.၂၀၁၃)

## ဓနုသမိုင်းအတွက် ကျမ်းကိုးများ

နိုင်ဇော် – ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသာမများ (၂၀၁၁ ခုနှစ်)
– မှန်နန်းရာဇဝင်တော်ကြီး (၂၀၀၈) ခုနှစ်
ဘုန်းတင့်ကျော် – နှစ်ပေါင်းနှစ်ထောင်ကျော်ခဲ့ပြီဖြစ်သော မြန်မာ့သမိုင်း (၂၀၁၀ ခုနှစ်)ထုတ်၊ပျူစစ်လျှင် မြန်မာ
သန်းထွန်း – ခေတ်ဟောင်းမြန်မာရာဇဝင်း (၂၀၀၈ ခုနှစ်)
(ဒေါက်တာ) ပျူတွေဘယ်ပျောက်သွားသလဲ (၂၀၀၅ ခုနှစ်)
အသစ်မြင် မြန်မာ့သမိုင်း (၂၀၀၇ ခုနှစ်)
ကောသလ္လအရှင် – သမိုင်းကပြောသောဓနု၊ ဓနုကပြောသော သမိုင်း(၂၀၁၂ ခုနှစ်
နေစိုးအောင် – ဓနုစကားနှင့် ဓနုဝေါဟာရ (၂၀၁၂ ခုနှစ်)
(တောင်ကြီး) ဓနုအမျိုးသားသမိုင်း (၂၀၁၁ ခုနှစ်)
ပန်းတိုင်စာပေ – အလယ်တန်းအဆင့် လူမှုရေးဘာသာအတွဲ (၂) (၂၀၀၁ ခုနှစ်
ဘရှင်၊ ဗိုလ်မှူး – အနော်ရထာအရင်က မြန်မာနိုင်ငံ (၁၉၇၁ ခုနှစ်)
တင်နိုင်တိုး – ပုဂံမင်းဆက်ရာဇဝင်သစ် (၂၀၀၄ ခုနှစ်)
ဦးသာမြတ် – ပျူအက္ခရာသမိုင်း (၁၉၆၃ ခုနှစ်)
ဦးအောင်မြင့် – ကောင်းကင်ဓာတ်ပုံများမှမြန်မာ့ရှေးဟောင်းမြို့တော်များ–၁၉၉
ကိုလတ် (သီပေါ) – မိုင်းမောကေရီ

## ဓနုလူမျိုးပေါ်ပေါက်လာပုံနှင့် ပတ်သက်သည့် သုံးသပ်ချက်

အလောင်းစည်သူ မင်းကြီး (၁၁၁၃–၁၁၆၃)တိုင်းခန်းလှည့်လည်စဉ်အချိန်က ဘုရင့်အမှုတော်ထမ်းသည့် လေးသည်တော်များ ဓနုနယ်မြေအပွင်း၌ ချန်ရစ်ခဲ့ရာ ၎င်းတို့မှ ဆင်းသက်လာသူများကို "ဓနု"ဟုခေါ်ကြောင်း ပြောစမှတ်ပြုကြသည်။

မစ္စတာ"အက်ဖ်အိပ်ချ်ဂျိုင်း"ကမူ ဓနုတို့မှာ ဟံသာဝတီတောင်ဘက်မှ အလောင်းစည်သူမင်းကြီးလက်ထက်မှာ အငတ်ဘေး၊ စစ်ဘေးတို့နှင့် ကြုံကြိုက်၍ ထွက်ပြေးတိမ်းရှောင် လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာသူများဟု ယူဆသည်။

"ဆာဂျေဂျီစကော့"ကမူ ဓနုအများဆုံးနေထိုင်ရာအရပ်မှာ ရှေးအခါက ရှမ်းနှင့်မြန်မာတို့ ကုန်ရောင်းကုန်ဝယ်ပြုကြရာဒေသများဖြစ်သောကြောင့် ဓနုတို့သည် ရှမ်းနှင့်မြန်မာတို့မှနွယ်၍ ဆင်းသက်လာကြသူများဖြစ်သည်ဟု မှတ်ချက်ချထားသည်။

သက္ကရာဇ် ၁၁၂၂ အလောင်းဘုရားသည် ယိုးဒယားသို့သွားရောက် တိုက်ခိုက်ပြီး သူ၏တပ်တော်များ နေပြည်တော်သို့အပြန်မြေလတ်ဒေသတွင် ခရီးပန်းသဖြင့် တပ်စခန်းချနေထိုင်ခဲ့သည်။ တပ်တော်တွင်ဒူးလေးတပ်များပါလာခဲ့ရာ တပ်တော် အပြန်တွင် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင်တပ်ချ နေထိုင်စေခဲ့သည်။ ထိုဒူးလေး၊ လင်းလေးစွဲကိုင် သောလူမျိုးကို ပါဠိဘာသာဖြင့် "ဓနုဂ္ဂဟ"ဟုခေါ်သည်။ ယင်းမှ"ဓနု" လူမျိုးဖြစ် ပေါ်လာ ခဲ့သည်ဟုဆိုသည်။

အလောင်းစည်သူမင်းကြီးလက်ထက်မှာ ဓနုလူမျိုးတို့သည် ဟံသာဝတီ(ပဲခူး) တောင်ဘက် မြန်မာအုပ်စုမှ ဆင်းသက်ပေါက်ဖွားလာသူများ။ အလောင်းစည်သူမင်းကြီး၏ ဒူးလေး၊ လင်းလေးတပ်မှ ပေါက်ဖွားလာသူများ။ အလောင်းမင်းတရားကြီး၏ လေးသည် တော်တပ်မှ ပေါက်ဖွားလာသူများ ဖြစ်ကြသည်ဟု ပြောဆိုရေးသားကြသည်မှာ ဖြစ်နိုင်ချေ အလွန်နည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် အလောင်းစည်သူမင်းကြီးလက်ထက်ဟု ဆိုရာ၌ လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ ခန့်က ဓနုလူမျိုးပေါ်ပေါက်လာသည်ဟု ပြောဆိုခြင်း မှာ ဖြစ်နိုင်ချေမရှိပါ။ ဟံသာဝတီ(ပဲခူး)တောင်ဘက် မှ အိမ်ထောင်စု ၁၀၀ ကျော်သည် သာမိုင်းခန်းနယ်သို့ ရောက်ရှိလာပြီး ထွန်းရှိန့် အပေါင်းအပါတို့သည် သာမိုင်းခန်းနယ်ကို

တည်ထောင်သူများသာ ဖြစ်သည်။

ထို့ပြင် အင်္ဂလိပ်ကိုလိုနီခေတ် မိတ္ထီလာခရိုင်အရာရှိ "ဆာဂျွန်ဒီပီလ်" ဆိုသူ၏ ခနုကို့အကြောင်း ရေးသားထားပုံမှာ အနော်ရထာ မင်းသည် ကျိုင်းကက်မြို့ကိုကည့်ရှု ရှမ်းပြည်သို့တက်လာ၏။ ထိုသို့ တက်လာစဉ် လမ်းခရီး၌ တောတွင်းသား လူဆန် တစ်ယောက် လေးမြား ကိုင်ဆောင်လျက် တောလိုက် နေသည်ကိုတွေ့ရ၏။ ရှမ်းနှင့်မြန်မ နယ်ခြားဒေသ လည်းဖြစ်နေ၏။ အနော်ရထာမင်းက ထိုတောလိုက် မုဆိုး၏ မေးမြန်းစုံစမ်းကြည့် သောအခါ တောတွင်းသားမုဆိုးက သူ့အဘိုးအဘီအနွယ်သည် "လအယ်" လူမျိုးဖြစ်၍ သူ့အဘွား က"ဗမာ" အမျိုးသမီး ဖြစ်ကြောင်းလျှောက်တင်လေ၏ ထို့ကြောင့် အနော်ရထာမင်းက သူ့(ထိုတောလိုက် မုဆိုး)ကို ခနုဟုခေါ်ရန် အမိန့် ချပေးခဲ့၏ဟု ဖော်ပြထား၏။

အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၁၄–ခုတွင်ဖွားမြင်ပြီး အသက်(၃၀)အရွယ် (၁၀၄၄)တွင် ထီးနန်းအုပ်ချုပ်မင်းလုပ်လေသည်။ အသက် ၆၃–နှစ်အရွယ် ခရစ်နှစ် ၁၀၇ ခုနှစ်တွင် နတ်ရွာစံသည်ကို မြန်မာရာဇဝင်ကျမ်း၌ ပြဆိုထားပေသည်။ သို့ဖြစ်၍ ကော သက္ကရာဇ်နှင့် တွက်စစ်ကြည့်သော် အနော်ရထာမင်း၏ မွေးသက္ကရာဇ်သည် ကော သက္ကရာဇ် ၃၇၆–ခုနှစ်ဖြစ်၍ ကောဇာသက္ကရာဇ် ၄၃၉ ခုနှစ်တွင် နတ်ရွာစံသည်ကို တွေ့ရှိရသည်။ ထို့ကြောင့်အနော်ရထာမင်းလက်ထက် သက္ကရာဇ် ၅၆၂ ခုနှစ်ဟု ဖေ ပြထားခြင်းသည် မှားယွင်းနေသည်ဟု မယူဆနိုင်ပေ။ ဖော်ပြပါ သက္ကရာဇ်သည် အနေ ရထာမင်းလက်ထက်မှာ မဟုတ်ပေ။ နရပတိစည်သူမင်းလက်ထက်ဖြစ်သည်ကို ဆိုနို သည်။ သို့သော်"ဇမ္ဗူဒီပါဉဆောင်းကျမ်း"၌ ယင်းသို့ဆိုလိုသည်မဟုတ်ပေ။ ယင်းသက္ကရာ ၅၆၂–ခုနှစ်မှာ ပုပ္ပားစောရဟန်မင်း သက္ကရာဇ်ဖြိုသည့်နှစ်ကို ထည့်သွင်းထားခြင်းသ ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းအရာတို့သည် အစောဆုံး အနော်ရထာမ လက်ထက်မှ စတင်ရေတွက်လျှင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ ကျော်မှ ခနုလူမျိုးမျ


ပေါ်ပေါက်လာသည်ဟူသော အဆိုမှာဖြစ်နိုင်ချေ မရှိပါ။ အဘယ်ကြောင့်ဆိုသော် မွန်လူမျိုးများသည် ထိုထက်စောပြီး မြေလတ်ဒေသတွင် မွန်လူမျိုးဟု ခေါ်တွင်မည့် လူသားများသည့် ရှိနေပြီးဖြစ်သည်။ အချက်တစ်ချက်ကိုတော့လက်ခံနိုင်သည်မှာ သက္ကရာဇ် ၅၆၆ ခုတွင် အနော်ရထာမင်းသည် မြေလတ်ဒေသသို့ တောကစားထွက်ရာမှ တောတွင်းတနေရာ၌ လေးမြားကိုင်ဆောင်ထားသည့် တောတွင်းသား မုဆိုးကိုတွေ့ရာမှ မည်သည့်လူမျိုးဖြစ်သနည်းဟု မေးမြန်း၏။ တောတွင်းသားမုဆိုးက သူ၏ဘိုးဘွားများသည် "လအယ်" လူမျိုးများဖြစ်သည်ဟု ဖြေဆိုခဲ့၏။ ၎င်း၏ အဘွားမှာ ဗမာအမျိုးသမီးဖြစ်သည်ဟု လျှောက်တင်ခဲ့သည်။ အနော်ရထာမင်းက ထိုတောတွင်းသားမုဆိုးအား မောင်မင်းတို့လူမျိုးကို "မွန်လူမျိုး"ဟု ခေါ်ဆိုရန် အမိန့်ချမှတ်ခဲ့သည်။ အနော်ရထာမင်း၏ အမိန့်ဖြင့် မွန်လူမျိုးဖြစ်လာမည့် မြေလတ်ဒေသအတွင်းရှိ လူသားမျိုးနွယ်ကို အမည်ပေးကင်ပွန်းတပ်မိန့်ဆိုခဲ့ခြင်းကိုမူ လက်ခံနိုင်ပေသည်။

အမှန်မှာမွန်လူမျိုးများသည် မွန်ဂိုကုန်းပြင်မြင့်မှ ဆင်းသက်လာသည့် အရှေ့တိဘက်တိုဘားမင်းအုပ်စုတွင် ဗမာ၊ မွန်၊ တောင်ရိုး၊ အင်းသား၊ ရခိုင်၊ ထားဝယ်၊ ရဘိန်း၊ ယော စသည့်လူမျိုးစုများပါဝင်၏။ ထိုလူမျိုးစုထဲတွင် မွန် လူမျိုးများသည် အရှေ့တိဘက်တိုဘားမင်းမှ ဆင်းသက်လာသည့် အနွယ်များဖြစ်သည်။ မြန်မာနိုင်ငံတွင်းသို့ မွန်ဂိုကုန်းပြင်မြင့်မှ ဆင်းသက်လာသည့် အုပ်စု သုံးစုအနက် အရှေ့ တိဘက် တိုဘားမင်းအုပ်စုတွင် ပါဝင်သည့် မွန်လူမျိုးစတင် ပေါက် ဖွားရာ မြေလတ်ဒေသသို့ ရောက်ရှိလာပြီး အခြေချနေထိုင်ကြသူများ ဖြစ်သည်။ အရှေ့တိဘက် တိုဘားမင်းအုပ်စုသည် ရှာငံနယ်နတ်ထိပ်တောင်ကြားမှ တဆင့်ကျောက်ဆည်နယ် မြေပြန့်ဆီသို့ ဆင်းသွားကြသူများလည်းရှိပေသည်။ မြေလတ်ဒေသတွင် ကျန်ရစ် ခဲ့သည့် အရှေ့တိဘက်တိုဘားမင်းအနွယ်ကို မွန်လူမျိုးဟုခေါ်ပြီး နတ်ထိပ်တောင်ကြား မှ တဆင့် ကျောက်ဆည်မြေပြန့်ဒေသသို့ ဆင်းသက်သွားကြသည့် အရှေ့တိဘက် တိုဘားမင်းအနွယ်များကို ဗမာလူမျိုးများဟု ခေါ်ဆိုကြပါသည်။ မွန်လူမျိုးများသည် ရှမ်းမွန်လည်းမဟုတ်၊ မြန်မာမွန်လည်းမဟုတ် ရှမ်းနှင့်နီးစပ်လျှင် ရှမ်းမွန်လေ့၊ မြန်မာနှင့်နီးစပ်လျှင်


မြန်မာခလေ့တို့နှင့် ရောနှောသွားခြင်းသာဖြစ်သည်။ ရှမ်းနှင့်နီးစပ်လျှင် ရှမ်းဓနုကပြာ
မြန်မာနှင့် နီးစပ်သောဓနုများသည်မြန်မာဓနုကပြားများ ဖြစ်သွားသည်လည်းရှိ၏
ဓနုလူမျိုးစစ်စစ်သာနေထိုင်သော ဓနုကျေးရွာများလည်း ရှိပေသည်။ ဓနုလူမျိုးများသ
လွန်ခဲ့သည့်နှစ်ပေါင်း (၁၃၄၀၀) ကတည်းက ရှိနှင့်ပြီးသော လူသားများန
အရှေ့တိဘက်တိုဘားမင်း အုပ်စုမှ ဆင်းသက်လာပြီး ကျန်ခဲ့သည့် လူသားတို့ပေါင်းစပ်
အနော်ရထာမင်း အမည်မှည့်ခေါ်ပေးခဲ့သည့် ဓနုလူမျိုးစစ်စစ်များ ဖြစ်ပေါ်လာခြ
သာဖြစ်မည်။ အမှန်မှာ ဓနုလူမျိုးတို့သည် ရှေးမြန်မာ ကြီးများဖြစ်သည်
အဘယ်ကြောင့်ဆိုသော် ဓနုစကားသည် ရှေးမြန်မာကြီးစကားဖြစ်နေ သောကြောင့် ဖြစ်၏
မြန်မာတိုင်းရင်းသားများနှင့် လူမျိုးနွယ်တူ ဖြစ်ပေသည်။ပျူမျိုးနွယ်ဟု၍လည်း မှတ်
နိုင်သည်။

ဒေသခံသက်ကြီးရွယ်အိုများသည် ဓနုလူမျိုးများသည် ဗမာလည်းမဟုတ်၊ ရှမ်
လည်းမဟုတ်၊ "လအော့ လအယ်"လူမျိုးများဟု ပြောဆိုလေ့ရှိကြသည်။ ဓနုလူမျိ
များသည် "လအော့"လူမျိုးလည်းမဟုတ်ပါ။ "လအယ်"လူမျိုးများလည်းမဟုတ်
ဗမာလူမျိုးလည်း မဟုတ်၊ ရှမ်းလူမျိုးလည်းမဟုတ်ဘဲ ဒေသခံနေသက်ကြီး ရွယ်
ပြောဆိုသည့် ကြားထဲမှာရှိသည့် ဓနုလူမျိုးစစ်စစ်ပင်ဖြစ်သည်။

## ဓနုဒေသတွင် ကျောက်ခေတ်လူသားများ နေထိုင်သွားသော ပြဒါးလင်းဂူတွင် တွေ့ရှိချက်များ




**Location map of Padalin prehistoric cave**




**Over view of Padalin Cave**




**Section of Padalin Cave, No-1**




**Fish**




**A herd of deer**




**Setting sun**




Cow and calves




Pig




Scrapers



**Chopper , Unifacially Flake**



**Edge-ground tools and shouldered adze**



**Hammer-stones and pebbles**




**Chopping tools, bifacially flaked**




**Hand axes**



**Entrance view of Padalin Cave no-2**



**Notice Board in front of Cave no-1**



**View of protected area with stones in front of Cave no-1**



**View of fencing**

# ဓ နု ဘာ သာ စ ကား

ဓနုစိုးအောင်(တောင်ကြီး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားများ အားလုံးသည် မွန်ဂိုမျိုးနွယ် မှ ပေါက်ဖွား ဆင်းသက်လာကြသူများဖြစ်သည်ဟု မနုဿဗေဒပါရဂူကြီးများက မှတ်ချက်ချကြသည်။ ရှေးနှစ်ပေါင်း ပဝေသဏီက အောက်ပါ အုပ်စုကြီးသုံးစုခွဲကာ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်နေထိုင်ကြသည် ဟု ယူဆကြသည်။ ယင်းမှာ –

(၁)မွန်ခမာအုပ်စု၊ (၂)တိဗက်မြန်မာအုပ်စု၊ (၃)ထိုင်းတရုတ်အုပ်စု တို့ဖြစ်သည်။ ထိုတွင်ဓနုလူမျိုးများသည် တိဗက်မြန်မာအုပ်စုတွင် အကျုံးဝင်သည်ဟု ယူဆကြသည်။

ထိုတိဗက်မြန်မာအနွယ်သည် ပျူအစု၊ သက်အစု၊ နာဂအစု၊ ချင်းအစု၊ မြန်မာအစု၊ ကချင်အစု၊ လောလောအစု၊ တိဗက်အစုဟူ၍ ကွဲပြားပြန်သည်။ ထိုတွင် မြန်မာအစုသည် **ရှေးဦးမြန်မာစကားများအစု၊ မြန်မာစကားအစု**ဟူ၍ နှစ်မျိုးကွဲပြားလေသည်။ ယင်းနှစ်စုထဲမှ **ရှေးဦးမြန်မာစကားများအစု**သည် (မျိုးနွယ်စုသည်) မရူ၊ လရှီ၊ အဇီ၊ မိုင်သာ၊ ဖွန်၊ "ဓနု"၊ တောင်ရိုး၊ အင်းသား၊ ရဘိန်း၊ ယော၊ ချောင်းသား၊ ရခိုင်၊ ရမ်းဗြဲ၊ အနောက်သား၊ ထားဝယ်၊ မြိတ် တို့ဟူ၍ ကွဲပြားပြန်သည်။

"**မြန်မာစကားစုများ**"၊ "**ရှေးဦးမြန်မာစကားအများစု**" တို့သည် တိဗက်မြန်မာ အုပ်စုများ မွန်ဂိုးရီးယား ကုန်းမြေမြင့် မှ ဆင်းသက်လာကတည်းကပင် ပါလာသည့် စကားစုများဖြစ်သည်။ မြန်မာနိုင်ငံတွင်းရောက်မှသာ အုပ်စု(၂)စုကွဲသွားပြီး မြေပြန့်သို့ ဆင်းသက်သွားသည့် မြန်မာများက "**မြန်မာစကားအစု**"ကို ပြောဆိုသုံးနှုန်းပြီး ကျန်မျိုးနွယ်စု များက "**ရှေးဦးမြန်မာစကားအစုများ**"ကို ပြောဆိုသုံးနှုန်း ကြခြင်း ဖြစ်သည်။

ဓနုလူမျိုးတို့သည် **"ရှေးဦးမြန်မာစကား"**ပြောကြသည့် မျိုးနွယ်စုတွင် ပါဝင်သည်။ ဓနုမျိုးနွယ်စုသည်လည်း (၁)ရှမ်းဓနု၊ (၂)မြန်မာဓနုဟူ၍ နှစ်မျိုးရှိလေသည်။ နောင်မျိုး ဘင်ဝိုက်တွင် ရှမ်းစကားတတ်သည့် ဓနုကိုရှမ်းဓနုဟုခေါ် ပြီး ရှမ်းစကားမတတ်သည့် ဓနုကို မြန်မာဓနုဟုခေါ်လေ့သည်။ ရှမ်းမြေလတ်ဒေသတွင်ကား ရှမ်းသံပါပါပြောသော ဓနုကို ရှမ်းဓနုဟုခေါ်ပြီး မြန်မာ(ဗမာ)သံပါပါ ပြောသောဓနုကိုကား မြန်မာဓနုဟု ခေါ်ကြလေသည်။ အမှန်မှာ မြန်မာဓနုများမှာ **ရှေးဦးမြန်မာစကား (ပေါ်ရာထများ ပါသောရှေးမြန်မာစကားကို** ပြောဆိုကြသည်။ ဓနုများနှင့် အနေကြာလျှင် မြန်မာတို့သည် ဓနုစကားကိုနားလည်လာနိုင်သကဲ့သို့ မြန်မာများနှင့်အနေကြာလာသောအခါ ဓနုတို့လည် မြန်မာစကားကို နားလည်လာနိုင်ကြသည်။

**"မြန်မာမျိုးနွယ်စုစကားများ"**သည် ဒေသအလိုက် အသံထွက်ပုံကွဲပြားကြ ခြင်းနှ နီးနွယ်ရာဘာသာစကားများမှ ဝေါဟာရများပါဝင်နေသည်ကလွဲ၍ **အများသုံးမှ ရှေးခေတ်သုံး မြန်မာစကားပင်ဖြစ်သည်**ဟုဆိုခြင်းကြောင့် ဓနုလူမျိုးများသည မြန်မာမျိုးနွယ်စုဝင်များသာဖြစ်သည်။ စကားတူတိုင်းရင်းသားများသည် မျိုးနွယ်တူ ဒေသစကား ခွဲခြားသတ်မှတ်ပုံဇယားကို အောက်၌ဖော်ပြလိုက်ပါသည်။

ဒေသစကားခွဲခြားသတ်မှတ်ပုံဇယား

## တိဗက်တရုတ်အနွယ်ကြီး

- တိဗက်မြန်မာအနွယ်
  - ပျူအစု
  - သက်အစု
  - နာဂအစု
  - ချင်းအစု
  - ကရင်အစု
  - မြန်မာအစု →
    - ရှေးဦးမြန်မာစကားများ
      - မရု
      - လရှီ
      - အဇီး
      - မိုင်သာ
      - ဖွန်
    - အသံကွဲမြန်မာစကားများ
      - ဓနု၊ တောင်ရိုး၊ အင်းသား
      - ရဘိန်း၊ ယော
      - ချောင်းသား၊ ရခိုင်၊ ရမ်းဗြဲ
      - အနောက်သား
      - ထားဝယ်၊ မြိတ်
    - မြန်မာစကား
  - ကချင်အစု
  - လောလောအစု
  - တိဗက်အစု
- မွန်+ခမာအနွယ်
- ထိုင်းတရုတ်အနွယ်
  - ရှမ်းအစု
  - တရုတ်အစု

ဘာသာစကား

"လူ"ဟူသောသတ္တဝါသည် ဘာသာစကားနှင့်အတူ မွေးဖွားလာကြသူမျ ဖြစ်သည်။ ကမ္ဘာ့နေရာအနှံ့၊ တိုင်းပြည်အနှံ့၊ နိုင်ငံအနှံ့၊ ဒေသအနှံ့ရှိ လူမျိုး အသီးသ တို့၌လည်း ဘာသာစကားရှိမြဲဖြစ်သည်။

ဘာသာစကားသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ပြည်ထောင်န တစ်ပြည်ထောင်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ သိကျွမ်းခင်မင်ရေး၊ ချစ်ကြည်ရင်းနှီးရေးန ငြိမ်းချမ်းစွာအတူတကွ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ကြားခံပစ္စည် တစ်ခုဖြစ်သည်။

လူတို့သည် ဘာသာစကားတစ်ခုကို အသုံးပြု၍ နိုင်ငံတကာနှင့်ဖြစ်စေ၊ အချင်းချ ဖြစ်စေ ဆက်သွယ်ကြရ ပေသည်။ မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားပေါင်း ဘာသာပေါင်းစုံတို့တည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်လေသည်။ သို့ဖြစ် ဆက်ဆံရေးအနီးအဝေးပေါ်မူတည်၍ တစ်ဦး၏ဘာသာစကားကို တဦးက ယူငင်သုံး သည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ သို့ရာတွင် "တစ်ကျောင်း တစ်ဂါထာ၊ တစ် တစ်ပုဒ်ဆန်း"ဆိုသကဲ့သို့ အခြေခံတူသော်လည်း အနည်းငယ်ကွဲပြားတတ်ကြပေသည်

ဓနုလူမျိုးများပြောဆိုကြသည့်ဘာသာစကားများမှာ လေယူလေသိမ် ကွဲလွဲသည်မှတစ်ပါး **ရှေးခေတ်သုံး မြန်မာစကားများနှင့် ပေါရာဏစကားမျ** သာဖြစ်သဖြင့် အများအားဖြင့်တူညီကြသည်ကို တွေ့ရသည်။ မြန်မာများ ပြောသ မြန်မာစကားကို ဓနုများကလုံးစေ့ပတ်စေ့နားလည် ကြသော်လည်း ဓနုများပြောသ မြန်မာစကားများကိုကား မြန်မာများလုံးစေ့ပတ်စေ့ နားမလည်တတ်ကြပေ ယင်းသို့နားမလည်နိုင်ခြင်းမှာ အချို့ဝေါဟာရ အသုံးအနှုန်း များနှင့်အသံအနေအထ ကွာခြားနေမှုကြောင့်သာဖြစ်သည်။ ထို့ကြောင့် ဓနုလူမျိုးစုအများနေထိုင်ကြသေ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြေလတ်ပိုင်းဒေသ၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ ကလောမြို့နယ်နှင့် ရပ်စောက်မြို့နယ် များရှိဓနုလူမျိုးတို့၏ နေ့စဉ်သုံး ဝေါဟာရများ

လေ့လာရရှိသမျှ အကျဉ်းချုံး၍ ဖော်ပြလိုက်ရပါသည်။

မနုဘာသာစကားသည် ရှမ်း၊ပအိုဝ်းစသော ကိုယ်ပိုင်ဘာသာစကား မျိုးမဟုတ်ပဲ သံတူကြောင်းကွဲ **ရှေးခေတ်သုံးမြန်မာစကားများ ပေါ်ရာဆာစကားများသာဖြစ်သည်။** မနုဘာသာစကားသည် သိလျက်နားလည်ရ ခက်သော မြန်မာစကားတစ်မျိုး ဟုလည်း ဆိုနိုင် ပါသည်။ မနုဘာသာစကားကို စာတစ်အုပ်၊ ပေတစ်စောင်အားဖြင့် စုစည်း ရေးသားထားခြင်းမျိုးလည်း မတွေ့ရပါပေ။ ဤကဲ့သို့စုစည်းထားခြင်းဖြင့် မနုဘာသာစကား ကို လေ့လာသူများအတွက် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။ ထို့ပြင် မနုဘာသာစကားများတွင် ရှေးပေါ်ရာဆာ **"ရှေးဦးမြန်မာစကား"** များစွာပါဝင်နေခြင်းကြောင့် လူ့သမိုင်းကိုလေ့လာသူများအတွက်နှင့် **မြန်မာမျိုးနွယ်စုစကားများ**၏ စကားသံ ဖွဲ့စည်းပုံစနစ်ကို နှိုင်းယှဉ်လေ့လာသူများအတွက်ပါ တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုလိမ့်မည်ဟုလည်းယုံကြည်မိပါသည်။

**စကားအသုံးအနှုန်း**

မနုတို့နေ့စဉ်သုံးစာပေဝေါဟာရထဲမှ ထူးထူးခြားခြားဖြစ်နေသော "အပဲ့" "မွေးပဲ့"(အမေငယ်)၊ "ဖပဲ့" (အဖေငယ်) နှင့် "လူပဲ့သူငယ်" (လူငယ်) အသုံးအနှုန်း များဖြစ်သည်။

ပုဂံခေတ်ဂူပြောက်ကြီးဘုရား (ရာဇကုမာရ်)ကျောက်စာတွင် "ပါယ်မယာ"ဟူ၍ လည်းကောင်း၊ (၆၀၃)ခုနှစ်ထိုးပုဂံမြို့ မြောက်ဂူနီ (မိဖုရားစော)ကျောက်စာတွင် "ပါယ်မှာကြီ"ဟူ၍ လည်းကောင်း၊ ကျန်စစ်သားမင်း၏ မိဖုရားအမည် "အပါယ်ရတနာ"မှ နောက်ခေတ် အဘယ်မဒ္ဒီတို့သည် "အဘယ်အပါယ်"၏ ပုဒ်ရင်းများ ဖြစ်ကြသည်။

ယင်း "ပါယ်" "ဘယ်"ပုဒ်သည် ပါဠိဘာသာအားဖြင့် ချစ်ခင်မြတ်နိုးပိယာပုဒ်သက်ဟု ဦးဖိုးလတ်၏ "မြန်မာ စကားအဖွင့်ကျမ်း" (ဒုတိယတွဲ) စာ– ၅၁ တွင်တွေ့ရသည်။

ဦးဟုတ်စိန်၏ "အများသုံးအင်္ဂလိပ်– မြန်မာ အဘိဓာန်"စာ–၉၇၆ တွင် လည်း

"အဘယ်(အပါယ်) မြန်မာ– ပိယာ (ပြိယာ) ချစ်ခင်သူ ဟု အဓိပ္ပါယ်ဖွင့်ဆို ထားလေသည်၊ ပုဂံခေတ်သုံး "ပါယ်၊ ပယ်"ပုဒ်ကိုပင် အင်းဝခေတ်တွင် "မွဲ၊ဘယ်" အရေးအသာ မျိုးတွေ့ရသည်။ ရှမ်းမြေပြင်ပိုင်း ဓနုလူမျိုးများ သုံးနှုန်းပြောဆိုနေကြသော "ပွဲ" ဟူသော စကားသည် အင်းဝခေတ် "ဘွဲ၊ ဘယ်" ပုဒ်မှ ဆက်နွယ်လာလေသည်ဟု ယူဆရပါမည်၊ အဓိပ္ပါယ်အားဖြင့် ဓနုတို့သည် ချစ်စရာကလေးငယ်များကို "ပွဲ"(လူပွဲ)ဟု ခေါ်လေ့ရှိသည်၊ "နောက်ပစ်ယသတ်(ဲ၊ ယ်) သမာနတော" နောက်ပစ် ရေးစာလုံးနှင့် ယသတ်ရေ စာလုံးတို့သည် အနက်အားဖြင့် တူကြသည်။ "ပညာရှိတို့သည် စယ်တိသဒ္ဒသ–စပ် ဟူသော သဒ္ဒါ၏၊ ယခုအခါ၌ စဲတိ၊ စဲဟူ၍ ဘာသန္တိ– ဆိုကုန်၏။ ကသ္မာ- အဘယ်ကြောင့်နည်းဟူမူကား၊ နောက်ပစ်ယသတ်သမာနတော" နောက်ပစ်နှ ယသတ်တူလေသောကြောင့်တည်း" ဟူသော (၁၂၁၄)ပေါဋ္ဌိ၊၇၇xx ကို ထောက်လျှ ယနေ့ ဓနုလူမျိုးသုံးစွဲပြောဆိုနေသော "ပွဲ"ဟူသော စကားသည် ပုဂံခေတ်သုံး "ပါယ် ပယ်"နှင့် တူနေသည်ကို တွေ့ရသည်။

ထို့ပြင် ငယ်ရွယ်သူကို "လူပွဲ"(ပယ်)ဟုခေါ်သကဲ့သို့ အိုးငယ် ခွက်ငယ်မျ ကိုလည်း အိုးပွဲခွက်ပွဲဟု ပြောဆိုရေးသားကြသည်ကို လည်းကောင်း၊ ကျိန်ဆဲလှ ကျောက်စာများ၌တွေ့ရတတ်သကဲ့သို့ "ငရဲသစ်ငုတ် ဖြစ်ပါစေ" ဟုသုံးနှုန်း အချို့အရပ်ဒေသ၌ ကျိန်ဆဲလေ့ရှိကြသည်ကိုလည်းကောင်းတွေ့ရ၏။ ဤသည် ထောက်ဆ ၍ ဓနုလူမျိုးတို့၏စကားသည် **"ရှေးခေတ်ဦးမြန်မာစကား"** ဖြစ်ကြော မှတ်သားရမည်ဖြစ်ပေသည်။ ထို့ပြင် ပုဂံခေတ်စာပေအသုံးအနှုန်းများနှ တူသည့်စကားများကို ဓနုတို့ ယနေ့တိုင်သုံးစွဲလျက်ရှိသေးသည်။ ဥပမာအိမ်ကိုအ လှေကို လေ **ဟထိုးမပါဘဲ သုံးလျက်ရှိနေပေသေးသည်။**

## ဘာသာစကား

မနုလူမျိုးတို့၏ ဘာသာစကားသည် ရှေးခေတ်ဦး မြန်မာစကား
ဂါရကာ" ပါဝင်နေကြောင်း ရှေ့တွင်ဖော်ပြပြီးဖြစ်သည်။ မြန်မာ စကား
ထွက်ပုံနှင့် မတူဘဲ မနုဘာသာစကားတွင် ထူးခြားသော အသံထွက်ပုံများကို
ရသည်။ ဥပမာ မြန်မာစကားတွင် အောက်၊ အောင် သံတို့ကို မနုစကားတွင်
၊ အော၊ အောန် ဟုသရသံပေါ်လွင်စွာ ပြောဆိုကြသည်ကို တွေ့ရသည်။

ဘာသာစကားတစ်ခုကို လေ့လာရာတွင် စကားသံသည် အခြေခံအကျဆုံး
င့်ဖြစ်သည်။ စကားသံတွင် အဓိကကျသော အစိတ်အပိုင်း နှစ်ရပ်မှာ ဗျည်းသံနှင့်
ရသံတို့ ဖြစ်သည်။မနုစာပေကို ရေးသားထားသည်မှာ "အသံထွက်ရေးပုံစံနစ်"ကို
သုံးပြုထားပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်၌ အသုံးပြုထားသည့် "အသံထွက်
နစ်"ကို မှီးထားပါသည်။ မနုစာကို ရေးသားရာတွင် မြန်မာအက္ခရာဖြင့်မနုလူမျိုးတို့
ပြောသည့် အသံ ထွက် အတိုင်းရေးသားထားခြင်းဖြစ်သည်။ ဒေသိယအသံထွက် စံနစ်ကို
သုံးပြုထား ပါသည်။

မနုစာပေတွင်မူ ပုဂံခေတ် ဗျည်း၊ သရအပေါ်တွင် အခြေခံပြီးရေးသားနိုင်ပါသည်။
အဘယ်ကြောင့်ဆိုသော် မနုပြောသော ဘာသာစကား သည် "ရှေးခေတ်ဦး မြန်မာစကားစု
ပါရာဏစကားများ)"ဖြစ်သောကြောင့် မနုစာကိုလည်း ပုဂံခေတ်သုံးစာကဲ့သို့
သားနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

ဗျည်းနှင့် သရဆိုသည်မှာ စကားရှိစကားသံ ယူနစ်တို့ကို အမျိုးအစားခွဲ၍
မှတ်သညာပြုထားသည့် ပညာရပ် ဝေါဟာရတို့ဖြစ်သည်။ မနုစကားရှိ ဗျည်းသံ
ရေအတွက်သည် ယခုလက်ရှိမြန်မာဗျည်းသံထက် အရေအတွက် နည်းပါးကြောင်း
ရှိနိုင်သည်။ ထိုသို့ မျက်မှောက်ခေတ် မြန်မာဗျည်းများထက် အရေအတွက် နည်းပါး
းသည် ရှေးခေတ်ဟောင်း မြန်မာစကား၏ သဘောလက္ခဏာတစ်ရပ်ဖြစ်သည်။ ပုဂံ
တ် မြန်မာစာအရေးအသား စံနစ်အရ ပုဂံခေတ်က မြန်မာစကားသံစစ်စစ်ရှိ ဗျည်းသံကို

ကိုယ်စားပြုသည့် ဗျည်းသင်္ကေတ အရေးအက္ခရာ (၁၈)မျိုးရှိသည်။ ဓနုလူမျိုးတို့ ပြော
သည့် ဘာသာစကားတွင် ဗျည်းသံ (၁၇)သာ ရှိသည်။ ပုဂံခေတ်သုံး ဗျည်းသင်္ကေ
တွင် ပါသည့် "ရ" ဗျည်းသင်္ကေတသည် ဓနုဘာသာစကားတွင် မပါဝင်သည်ကလွဲ
ပုဂံခေတ်သုံး ဗျည်းသင်္ကေတနှင့် အတူတူပင် ဖြစ်ကြောင်း တွေ့ရပေသည်။ဗျည်းတွဲသံတွ
ယပင့်သံ (-ျ)၊ ဝဆွဲသံ (-ွ)ရှိသည်။ (ြသံ၊ -ှသံ မရှိပါ။)

မြန်မာစကား ပြောဆိုရာတွင် ပါဝင်သည့် သရသံ (၁၂)မျိုးရှိပါသည်။ ဓနုဘာသ
စကားပြောဆိုရာတွင် သရရိုးရိုး (၇)မျိုးရှိသည်။အီ၊ အေ၊ အယ်၊အာ၊ အော်၊ အို၊ 
ဖြစ်ကြသည်။ နှာသံပါသည့် သရ(၇)မျိုးရှိသည်။ အင်၊ အန်၊ အောန်၊ အွန်၊ အိ
အိုင်၊ အုန် တို့ဖြစ်ကြသည်။ အသံကို ရပ်အောင် အသက်အောင့်၍ ရွတ်ဆိုရသောရပ်
သရ(၈)မျိုးရှိသည်။ အစ်၊ အက်၊ အတ်၊ အော့-က်၊ အွတ်၊ အိတ်၊ အိုက်၊ အု
တို့ဖြစ်ကြသည်။

မျက်မှောက်ခေတ်သုံး မြန်မာဗျည်းများ

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

ပုဂံခေတ်သုံး ဗျည်းများ

| | | |
|---|---|---|
| က | ခ | င |
| စ | ဆ | ည |
| တ | ထ | န |
| ပ | ဖ | မ |
| ယ | ရ | လ |
| ဝ | သ | ဟ |

ဓနုလူမျိုးသုံး ဗျည်းများ

| | | |
|---|---|---|
| က | ခ | င |
| စ | ဆ | ည |
| တ | ထ | န |
| ပ | ဖ | မ |
| ယ | လ | ဝ |
| | သ | ဟ |

<u>မြန်မာသရများ</u>

အ၊ အာ၊ ကွ၊ ကျ၊ ဉ၊ ဦ

ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား

<u>ဓနုသရရိုးရိုး</u>

အီ၊ အေ၊ အယ်၊ အ

အော်၊ အို၊ အူ

**ဓနုဘာသာစကားဝေါဟာရများ**

ဓနုဘာသာစကားဝေါဟာရများအနက် မြန်မာစကားနှင့် ကွဲပြားသော ဝေါဟာရများတွင် အချို့သည် မြန်မာစကားအဓိပ္ပာယ် အသုံးအနှုန်းများနှင့် ဆက်စပ်၍ ယူနိုင်အောင် ကွဲပြားသည့် ဝေါဟာရများဖြစ်သည် အချို့မှာမူ အညွှန်းခံနှင့် လိုက်လျောညီထွေဖြစ်သည့် အဓိပ္ပါယ်ပေါ်မူတည်၍ ခေါ်ဝေါ်သုံးစွဲသော ထူးခြားသည့် ဝေါဟာရများဖြစ်နေသည်ကို တွေ့ရပေသည်။

| ဓနုဘာသာစကား | မြန်မာပြန် |
|---|---|
| ဥပမာ– ငုန်းတွင်း | ကုတ်တွင်း၊ ဇက်တွင်း |
| စိန်စာ | စာကလေး |
| နန်းအု | နို့၊ သားမြတ် |
| ကုတ်ကျစ်က | လောင်းကစား |
| ပျို | ရေစိုရွှဲနေသည် |

အချို့မြန်မာစကားနှင့် ကွဲပြားသည့်ဝေါဟာရများမှာမူ မြန်မာ စကားနှင့် အဓိပ္ပာယ်အားဖြင့် ဆက်စပ်သော်လည်း အသုံးအနှုန်းအားဖြင့် ကွဲပြားခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထိုဝေါဟာရများသည် ဓနုတို့ စိတ်ကူးစိတ်သန်းအရ အညွှန်းခံ နှင့် လိုက်လျောညီထွေဖြစ်မည့် အဓိပ္ပာယ်ပေါ်မူတည်၍ ခေါ်ဝေါ်သုံးစွဲသော ထူးခြားသည့် ဝေါဟာရများဖြစ်သည်ကို တွေ့ရသည်။ ထိုဝေါဟာရတို့သည် ဓနုဘာသာစကား၏ အရိုးခံ ပြည့်မှုကို ဖော်ညွှန်းနေသကဲ့သို့ ဓနုလူမျိုးတို့၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုကိုလည်း ဖော်ပြစေသည်။

| ဓနုဘာသာစကား | မြန်မာပြန် |
|---|---|
| ဥပမာ– ခေါင်းခင်သဲချေ | ကျပ်ခိုး |
| ချွေးခန် | ရှပ်အကျီ |
| စပ်သီး | ငရုတ်သီး |
| လူပုံစွဲ | ကိုယ်ဝန်ဆောင် |

ဓနုဘာသာစကားတွင် အသုံးပြုသည့် ဝေါဟာရများတွင် ရှေးခေတ်သုံး မြန်မာ
စကား ဝေါဟာရများကို တွေ့ရှိနိုင်ပေသည်။

| | ဓနုဘာသာစကား | မြန်မာပြန် |
|---|---|---|
| ဥပမာ | စောင်ယန်း | ခြံစည်းရိုး |
| | လက်ကတီး | ချိုင်းကြား |
| | မယ်နှာ | သံချွန် |
| | တုန်ပယ်ပြန် | ခေါက်တုန့်ခေါက်ပြန် |

## ဓ နု စာ ပေ

အထက်တွင် တင်ပြထားသည့် အထောက်အထားများအရ ဓနုဘာသာစကားကို ရှေးဦးမြန်မာပေါ်ရာထစကားစုများ ပါဝင်နေကြောင်း သိသာထင်ရှားပေသည်။ အနည်းအားဖြင့် ဖော်ပြရလျှင် ရှေးခေတ်ဟောင်း၊ ပုဂံခေတ်သုံး ဘာသာစကားများ ပါဝင်နေကြောင်း သိသာပေသည်။ ဓနုဘာသာစကားပေါ် အခြေခံပြီး ဓနုစကား အသံထွက်သည့်အတိုင်း ရေးသားနိုင်ပါသည်။ မြန်မာစကားတွင် "ရေးတော့ အမှန်၊ ဖတ်တော့ အသံ"ဟု ဆိုထားသည်။ ဓနုစာရေးသားရာတွင် "ရေးတော့ အသံ၊ ဖတ်တော့ အမှန်" ဟု ဆိုရာတွင် ဓနုစာရေးသားရာတွင် အသံထွက်သည့်အတိုင်း ရေးသားကြသည်ကို တွေ့ရပါသည်။

(၁) ဓနုစကား – ဟေသင်းဟာ ဘာစာယီးတုန်း။

မြန်မာပြန် – ထိုဟာသည် ဘာလဲ။

(၂) – ကျင်ကိုအိထားလို့ အိနေတယ်

– ဂျင်ကိုလှည့်ထားသဖြင့် လှည်နေသည်

(၃) – မန်းအိုး အော့အန်နေတယ်

– ထမင်းအိုးဆူနေသည်

၄။ – ဟေသင်းကို ဆီနဲ့အိုကျ်လိတ်

– ဒီဟာကို ဆီနှင့်ချက်လိုက်ပါ

၅။ – ဟေသင်းကို အပေါ်အပဲနဲ့ရောင်းချလိုက်

– ထိုဟာကို ဈေးပေါပေါနှင့် ရောင်းချလိုက်ပါ။

၆။ - ဟိုလူပွဲဟာ သစ်ပင်ပေါ်ပုတက်နေတယ်
- ထိုလူငယ်သည် သစ်ပင်ပေါ်တွယ်တတ်နေသည်

၇။ - ညမိပ်မနေယို့ ပိုးမယ်မုန်း (ပိုးယေမုန်း)ကိုတွေ့ရတယ်
- ညမှောင်နေလို့ ပိုးစုန်းကြူးကို တွေ့ရသည်

၈။ - မိနီဟာသစ်တာကို တာတာချင်းတောနေတယ်
- မိန်းမငယ်ဟာ သေတ္တာကို ခဏခဏပြောင်းထားနေတ

၉။ - ဟေအောင်နီဟာ ရမ်းဆအော့ထရီးပဲ
- ဒီလူငယ်ဟာ အလွန့် အလွန်အတာပဲ

၁၀။ - စောင်းယန်းယံနေရီးလား
- ခြံစည်းရိုး ကာနေတာလား

၁၁။ - ယခင်က ဆွေရမ်းဆကောင်းရီးပဲ
- ယခင်က ရွှေအလွန်ကောင်းတာပဲ

၁၂။ - ဟေမိနီ ဘာစာဖြစ်လို့တာတာချင်းငိုနေတာလဲ
- သည်မိန်းခလေးဘာအကြောင်းကြောင့် ခဏခဏငိုနေ
သလဲ

၁၃။ - တာတာချင်း ပျောကနေနဲ့
- ခဏခဏ ပြောမနေနဲ့

၁၄။ - ဟေလူပွဲဟာ ခေါ့နလို့လုံ
- သည်လူငယ် အသုံးမကျပါ

၁၅။ - ပော မိနီဟာကတော်ကယာချီးပဲ

- သည့်မိန်းကလေးသည် အလုပ်ကို ပေါ့ပေါ့ဆဆလုပ်သည်

၁၆။ - ပော့ လူပွဲဟာ ရမ်းဆဲကဲရီးပဲ

- သည့်လူငယ်အလုပ်ကို ကြိုးကြိုးစားစားလုပ်သည်

၁၇။ - သွားကျိမန့်

- သွားကြည့်လိုက်ပါ

၁၈။ - စားကျိမန့်

- စားကြည့်လိုက်ပါ

၁၉။ - မုန်းမွေးရီး

- မုန့်စရာကောင်းသည်

၂၀။ - လူပွဲတွေ တနောင်းထဲ

- ကလေးငယ်များ ဆူညံနေသည်

၂၁။ - မစနယ်ပုံ

- ဘယ်လိုတုံး

၂၂။ - ပောညဟာ ရမ်းဆမိုက်ရီးပဲ

- ဒီညသည် အလွန်မဲမှောင်နေတာပဲ

၂၃။ - ခုနေ့ငါယာတောတိုက်ယမှာရီးပဲ

- ဒီနေ့ငါ့တောင်ယာခင်းကို ရွှေ့ပြောင်းရမှာပဲ

၂၄။ – မန်းအိုးအော့အန်နေလို့ ကော့ကလန်နဲ့ မွှေပီး ပူကယ်နဲ့ ချလိုက်။

– ထမင်းအိုးဆူပွက်နေလို့ ယောင်းမနှင့် မွှေပြီးလက်နှိုးစုပ်နှင့် ချလိုက်ပါ။

၂၅။ – ငါ့ပစ္စည်းကို အချဲစဲပေးလိုက်ရတယ်

– ငါပစ္စည်းကို အလကား ပေးလိုက်ရသည်။

၂၆။ – ကနေ့ ဂျူးဖူးကို အပေါအပဲနဲ့ ရောင်းလိုက်ရတယ်။

– ဒီနေ့ ဂျူးဖူးကို ဈေးလျှော့ပီး ရောင်းလိုက်ရသည်။

၂၇။ – မိနီငယ်ကို မန်းအပေးနေယတယ်

– ကလေးငယ်ကို ထမင်းခွံ့ပေးနေရသည်

၂၈။ – ယာတောတိုက်ပြီး တဲအိမ်ဆောင်နေရတယ်

– ရွှေ့ပြောင်းတောင်ယာများလုပ်ပြီး တဲအိမ်ဆောက်နေရသည်။

၂၉။ – ပေအောင်နီငယ်ဟာ ဖေါ့တော့တော့ရီးပဲ

– ဒီလူငယ်ဟာ အူတူတူ အတတကြီးပဲ။

၃၀။ – ငါ့စပါးပင်တွေ ဖိုင်ကြီးတုန်းရှိသေးတယ်

– ငါ့စပါးပင်တွေ ဖုံးတုံးလုံးတုံး ရှိနေသေးတယ်။

၃၂။ - နင့်အောင်နိုင်ငံယ်ဟာ ငိုပြုံရီးပဲ

- နင့်ကလေးငယ်သည် ခဏခဏငိုနေတာဘဲ။

၃၃။ - ထနုလူမျိုးတွေဟာ ဖလစ်ဖုတ်ပီးအာလူးစိုက်ကြတယ်

- ဓနုလူမျိုးတို့သည် မြေကိုတွင်းငယ်မြေပုံလေးလုပ်ပြီး

လောင်စာထည့်၍ မီးဖုတ်ပြီး အားလူစိုက်ပျိုးကြသည်။

၃၂။ - အောင်ငဲနီတွေဟာ ရမ်းဆနောင်းနင်းခတ်နေကြတယ်

- ယောကျာ်းလူငယ်တို့သည် အလွန်ဆူညံနေကြသည်။

၃၃။ - ခုနေ့ စအူစအီ ဖြစ်နေတယ်

- ဒီနေ့ဟာ နေထိုင်မကောင်းဖြစ်နေတယ်။

၃၄။ - တို့ကွဲင်ဟာ ကတူးကတားကြီးပဲ

- ဒို့အကိုဟာ မိုက်ရူးရဲကြီးဘဲ။

၃၅။ - ဟေလူပဲ့ဟာ အားကြီးအိမ်ချေလည်ရီးပဲ

- ဒီလူငယ်ဟာ တစ်အိမ်တက်ဆင်း လျှောက်လည်နေတာဘဲ

၃၆။ - ဟေသင်းကို လောပစ်လိုက်ပါ

- ဒီဟာကို လွှင့်ပစ်လိုက်ပါ။

- နင့်သမီးတော်ဟာ လူပဲ့စွဲနေလား

- နင့်တူမဟာ ကိုယ်ဝန်ရှိနေသလား

- ငါ့စပါးပင်တွေ လယ်လုံးနေပီ

- ငါ့စပါးပင်တွေ အဖူးထွက်နေပြီ

၃၉။ - မယ်ကီးရေချောင် ယူလာလား

- အဒေါ်ကြီး ရေပုံးယူလာသလား။

၄၀။ - နင်က ငါ့ကို မှောက်နေမှာပဲ

- နင်က ငါ့ကို မျှော်နေမှာဘဲ။

၄၁။ - နင့်က ငါ့ကို မျက်စိဆာနေမာပဲ

- နင့်က ငါ့ကို တွေ့မြင်ချင်နေမှာဘဲ။

၄၁။ - တို့ဖကီးဟာ အိပ်ပျော်ယင် မွန်သံကျယ်တယ်။

- ဒို့ဦးကြီးသည် အိပ်ပျော်ရင် ဟောက်သံကျယ်သည်။

၄၂။ - တို့ဖကီးတော့ အိပ်နိုးပြေသွားတယ်

- ဒို့အဖိုးတော့ အိပ်ရေးဝသွားတယ်။

၄၃။ - တို့မွေးကီးဟာ မထိနိုးနား ပြောတတ်တယ်

- ဒို့မယ်ကြီးသည် နာသာခံခက်အောင် ပြောတတ်သည်

၄၄။ - ငါ့ကို ကျပတော့တိုင်း ပြောပါ။

- ငါ့ကို ပကတိအခြေအနေအတိုင်း ပြောပြပါ။

၄၅။ - ဘုရားသွားကျောင်းတက်ယင် အပေါ်စီး ဝတ်သွားကျတ

- ဘုရားသွားကျောင်းတက်လျှင် တိုက်ပုံအင်္ကျီဝတ်သွား

သည်။

၄၆။ - တို့ရွာမှာ သမိုင်းဆိုးရှိတယ်

- ဒို့ရွာမှာ နတ်စင်ရှိသည်။

၄၇။ - တောင်ကြီး တန်ဆောင်တိုင်ပွဲတော်မှာ မီးအိမ်ပြန်လွှတ်ကျတယ်

- တောင်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံလွှတ်ကြသည် ။

၄၈။ - တို့ဖပဲ့ဟာ မက်မန်းအု အားရီးကြိုက်တယ်

- ဒို့ဦးလေးသည် ကယဉ်ဥ(ပုရွက်ဆိတ်တစ်မျိုး)၏ ဥကို အလွန်ကြိုက်သည်။

၄၉။ - တို့ဖကီးဟာ မျက်ပေတုံးရီးပဲ

- ဒို့ဦးကြီးသည် မျက်မှေးကြီးဘဲ

၅၀။ - ထနုလူပဲ့တစု ရယ်အူပေါက်နေတယ်

- ဓနုလူငယ်တစ်စုသည် တရယ်တည်းရယ်နေကြသည်။

၅၁။ - ဆောင်းရာသီရောက်တိုင်းနာစေးဆောင်းမွေးဖြစ်လေ့ဆိ

- ဆောင်းရာသီရောက်တိုင်းအအေးမိနှာစေး ဖြစ်လေ့ရှိသည်။

၅၂။ - တို့ထနုရွာမှာ တလင်းသားရှိဖူး

- ဒို့ဓနုရွာမှာ လင်မရှိဘဲ မွေးသည့် မိန်းကလေးမရှိဘူး။

၅၃။ - တန်ဆောန်မုန်းလမှာ တန်းပလစ် ရမ်းဆပေါရီးပဲ

- တန်ဆောင်မုန်းလတွင် ပရစ်ကောင် အလွန်များသည်။

၅၄။ - ပိန်းအုပြုပ် စားမိလို့ ချိန်သွားတာပဲ

- ပိန်းဥပြုတ်စားမိလို့ လျှာရွ (ယား)သွားတာဘဲ။

၅၅။ – အောင်ငဲနီတွေဟာ မန်းကို ကျူးကျော်နေကျတယ်
– ကလေးတို့သည် ထမင်းကို တို့ကဏာန်း၊ ဆိတ်ဂဏာ
စားနေကြသည်။

၅၆။ – အခါးခြောက် တစော့လောက်ပေးပါအုံး
– လက်ဖက်ခြောက် လက်တစ်ခုပ်စာလောက် ပေးပါဦး။

၅၇။ – တို့ဖ လက်မှာ လက်အီးပေါက်နေတယ်
– ဒို့အဖေ၏ လက်မှာ ခူနာပေါက်နေတယ်။

၅၈။ – ဟေယာမြေဟာ ပေါ့က်လက်ခွာထားပီးပီပဲ
– ဒီယာမြေကို အကြွမ်းထယ်ထိုးထား ပြီးပြီဘဲ။

၅၉။ – အငေါက်မှာ ချိတ်လိုက်
– နံရံတွင် ရိုက်ထားသော သံမယ်နတ်တွင် ချိတ်ထားပါ

၆၀။ – လေရနေတယ်
– ဇိမ်နှင့် အနားယူနေသည်။

၆၂။ – ခြေထုတ်ပေးမ
– ခြေကိုစောင်နှင့် အုပ်ထွေးပေးပါ။

၆၃။ – တုန်းသွားပီလား
– အစီအစဉ်ပြီးဆုံးသွားပြီလား

၆၄။ – စားစေလိုက်
– ကျွေးလိုက်ပါ။ အစာခွံပေးလိုက်ပါ။

၆၅။ – ဝါရအောင်

– စကားပြောရအောင်။

၆၆။ – ယွန်းဆိုယိုက်

– ခြံစည်းရိုး၊ အဝင်အထွက် တံခါးကို ပိတ်လိုက်ပါ။

၆၇။ – တင်န်းတက်တယ်

– ခြံစိုက်ရန် အတန်းတစ်တန်းပြီးသွားသည်။

၆၈။ – ဖုံစွတ်ထည့်တယ်

– ဂွမ်းကပ်ခြုံထည်ကို အပေါ်ယံအလွှားစွပ်အုပ်သည်။

၆၉။ – နပ်နေမန့်

– ဇိမ်နှင့် အနားယူပါ။

၇၀။ – အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ခူး

– အိုးငယ်လေးနှင့် ချက်ပြီး ပန်းကန်ငယ်လေးနှင့် ခူး။

၇၁။ – ကလိုက်စေ

– မြန်မြန်လာ။

၇၂။ – ယော ဟဲ့

– အံ့ဩစရာတွေ့၍ မြည်တမ်းသည်။

၇၃။ – အာလူးအကျောမာအောင် ကျော်ပါ

– အာလူး အတုံးအမြှောင်းကို အပေါ်ယံမာတင်းနေအောင်

ကြော်ပါ။

၇၄။ – စားအေဖူး
– မစားတော့ပါ။

၇၅။ – ဗိုက်သိုးနေတယ်
– ဗိုက်စူနေသည်။

၇၆။ – လူပွဲရော မိနီပွဲပါအောင်းတမ်းကတယ်
– လူငယ်ရော၊ မိန်းကလေးပါ တူတူပုန်းတမ်း ကစားကြသည်။

၇၇။ – တောလိုက်တမ်းကတယ်
– တောကစားထွက်သည်။

၇၈။ – ဆေးဆီးတန်းကမယ်
– ထုတ်ဆီးထိုး ကစားမယ်။

၇၉။ – မိနီပွဲများ အိုးပိန်ကတယ်
– မိန်းကလေးငယ်များသည် ကစားစရာ အိုးသေးသေးဖြင့် ချက်ပြုတ်တမ်းကစားကြသည်။

၈၀။ – သူ့ တေးသံကျားရတာ ဆပျယ်လိတ်တာ
– သူ့ သီချင်းသံကြားရတာ စိတ်ပျက်စရာဘဲ။

၈၁။ – သူ လုပ်တာ အလွဲလွဲကျိုးပဲ
– သူ လုပ်ကိုင်တာ အမှားချည်းဘဲ။

၈၂။ – ကစတ်ကလတ် မလိတ်နဲ့
– မတော်တရော် မလုပ်နဲ့။

၈၃။ – ကတော်ကယာ ထားတော့ ပျက်ကုန်ပီ

- ပစ်စလက်ခတ်ထား၍ ပျက်စီးကုန်ပြီ။

၈၄။ - ဟော လူပွဲက ကချွန်းကလွန်းယီးပဲ
- အဲဒီလူငယ်က အချောသောကြီးဘဲ။

၈၅။ - အောင်နီဟာ မိနီကို ကွေ့ထားတယ်
- လူငယ်က မိန်းကလေးကို ပွေ့ဖက်ထားသည်။

၈၆။ - အလုပ်လုပ်တာ ခွယ်ဖို့ကောင်းတယ်
- အလုပ်လုပ်တာ အားကျဖို့ကောင်းသည်။

၈၇။ - လူပွဲချွဲချွဲ ပဲသွားတယ်
- လူငယ်တွေဘဲ သွားတယ်။

၈၈။ - လုပ်ခင်ဘူးပဲ
- လုပ်လို့ မမီလိုက်ဘူး။

၈၉။ - ချောင်းထဲကူလဲ၊ ချောင်းတထား၊ ယေမဲနစ်ဆေဆစ်ဆား
တထားလက်ကိန်၊ဆေးဖျူတိ၊ခိမ်အောင်မောင်ကဆောက်မယ်ပ

၉၀။ - တောင်ထယ်ကျေလဲ၊ ပဲပုတ်စင်နှင့်ဆားစင်နှင့်၊
မြောက်ထယ်ကျေလဲ၊ ပဲပုတ်စင်နှင့်ဆားစင်နှင့်၊
တောင်ကုန်းမျေနီ၊ စလူချီ၊ ညီအောင်မောင်ကပေါက်မယ်ပ

၉၁။ - ကနိမ်တထား၊ယေမဲဆား၊ တထားလိုင်ဖယ်၊ ဆောက်ခက်တယ်
မယ်တို့စကားတခွန်းကျား၊ စကားလိုင်လယ်၊ ပျောခက်တယ်

၉၂။ - စောင်ဖြူစောင်ကျား ခြုံလို့ထား၊ စောင်ပါးခဏချုံအုံးပ
အမေ့ယေးစား ပုတ်နှင့်မားလို့ နောက်မာထား၊ စကားခဏ
ပြောအူးပ။

၉၃။ - ဆူ့ဆမီးအပျိုဆက်၊ တအုံလုံးခလက်၊ ဆမီးအငယ်မို့စောင့်အုံး
ကွယ်။

၉၄။ – တခေါင်းခင်လုံး မိုးဆားလိုင်လို့ တိုင်ဆားဖုံး၊ တလုံးကျယ
မမျင်ယ၊ အမမျက်လုံး မျက်ရိပ်ဖုံး၊ ပြုံးကာရယ်ကာ မမြင်

၉၅။ – မောင်နှင့်မယ်တူ့ သစ်ဆာယူ ဆိုဝက်သား၊ ဆူများမသိစေနဲ့

၉၆။ – ကစော့ပင်ကုပ်၊ ပိုးယားထုပ်၊ မလုပ်လေနဲ့ ကျွေလိုက်မယ်
ဆူ့သမီးငုတ်တုပ်၊ အပြောပုပ်၊ မပြောလေနဲ့ ငိုလိမ့်မယ်။

၉၇။ – စလောက်ကန်၊ လယ်ယန်ထွင်လို့၊ မကုန်လေဆေး၊
မောင်လွမ်းရေး၊ မောင့်မျက်ရေတဖွေးဖွေး၊ မယ်တို့အိမ်တွ
လှေကားဆင်း၊ ရေဆင်းကွက်က၊ရေလောက်မက၊ စီးတဲ့
လဲမောင့်လွမ်းရေး၊ မောင့်မျက်ရေတဖွေးဖွေး။

၉၈။ – ကျွန်းသားခလောက်၊ ဝါးတုတ်ကောက်နှင့်ခေါက်ကျေမယ်
မယ်တို့အိမ်ရောက်၊ရေမုတ်ကောက်နှင့်၊
ရေဆောက်ကျေမယ်၊တွင်းမှာခပ်ညအိပ်ရေပဲလော၊
ကန်မှာခပ်ကန်စပ်ရေပဲလော။

၉၉။ – နားတောင်းနားတောင်း၊ မျှနားတော်း၊ ခုဆေးဝယ်မ၊
နောက်ဆေးမယ။

၁၀၀။ – ကျွဲမပိန်ဆိုးလယ်ယန်းထိုး၊ ထယ်ထူးကျိုးမယ်၊ ကွဲမငယ်
ကျူပ်တို့လူမျိုးလူယုတ်ဆိုး၊ ယုတ်ဆိုးကူမယ် ညီမငယ်။

## ဓနုလူမျိုးတို့ နေထိုင်ရာဒေသ

ဓနုလူမျိုးတို့နေထိုင်သည့် ရှမ်းမြေလတ်နယ်မှာ အရှေ့ဘက်ကုန်းမြင့်
အနောက်ဘက် မြေပြန့်–ပြည်မအကြားရှိ ဒေသဖြစ်သည်။ မြန်မာပြည်မနှင့် တောင်
တစ်သွယ်သာ ခြားသည်။ လက်ရှိစာရင်းအရ မြေလတ်နယ် (၁၆)နယ်ရှိသည်။


၁။ ရေဦးနယ်
၂။ ရွာငံနယ်
၃။ မြင်းကျဒိုးနယ်
၄။ နန်းခုံနယ်
၅။ ပင်းတယနယ်
၆။ ပွေးလှနယ်
၇။ ဘော်ဆိုင်းနယ်
၈။ ကျုံးနယ်
၉။ ကျောက်ထပ်နယ်
၁၀။ သာမိုင်းခမ်းနယ်
(ညောင်ရွှေ၊ ကလောအပါအဝင်)
၁၁။ ပင်မှီနယ်
၁၂။ ဘော်နင်းနယ်
(ဟဲဟိုးမြို့အပါအဝင်)
၁၃။ လွယ်အယ်နယ် (လုံးပိုးနယ်)
၁၄။ နောင်တရားနယ်
၁၅။ လွယ်လုံ (ပင်လောင်းနယ်)
၁၆။ လွယ်မောနယ်

ယခုအခါ ယင်းမြေလတ်နယ် (၁၆)နယ်ကို ရွာငံ၊ ရေဦး၊ မြင်းကျဒိုး၊ နန်းခုံနယ်တို့ ပူးပေါင်းဖွဲ့ထားသော ရွာငံမြို့နယ်(မြေလတ်အနောက်ပိုင်းဒေသ)၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ဘော်ဆိုင်းနယ်တို့ ပူးပေါင်းဖွဲ့ထားသော ကလောမြို့နယ်(မြေလတ်အရှေ့ပိုင်းဒေသ)၊ ပင်းတယ၊ ပွေးလှ၊ ကျုံးနယ်တို့ ပူးပေါင်းဖွဲ့ထားသော ပင်းတယမြို့နယ်ဒေသ၊ ရပ်စောက်မြို့နယ်ဒေသ၊ ပင်လောင်းမြို့နယ်ဒေသဟူ၍ မြို့နယ်ကြီးများ ခွဲခြားသတ်မှတ်ထားသည်။

**ရှေးခေတ်ဟောင်း ရွာငံ–မြို့ပြအုပ်ချုပ်ရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယခုခေတ် မြေလတ်နယ်ကို ရွာငံမြို့န နှင့် ပင်းတယမြို့နယ်တို့ ပူးပေါင်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု သတ်မှတ်သ

မြေလတ်ဒေသ မြောက်ပိုင်းရှိ နယ်တစ်နယ်ဖြစ်၏။ မြောက်လတ္တီကျု ၂၀ံ ဒီ ၅၅' မိနစ်နှင့် ၂၁ံ–၁၄' အကြား။ အရှေ့လောင်ဂျီကျု ၉၆ံ –၁၃' နှင့် ၉၆ံ – တွင်ရှိ၏။ ၄၀၀ စတုရန်းမိုင်ကျယ်၏။




ရွာငံနယ်အရှေ့ပိုင်းသည် ခြောက်သွေ့သော တောင်ကုန်းလှိုင်းတွေထနေသေ နေရာဖြစ်၏။ အနောက်ပိုင်းကား တောင်ထူထပ်လျက် ပန်းလောင်မြစ်နှင့် လက်တက်မ ကြောင့် ရေပေါ်များ၏။ နယ်အတွင်း၌ပေ ၅၀၀၀ ကျော်မြင့်သော တောင်များရှိသည်

၁၉၀၁ ခုနှစ် သန်းကောင်စာရင်းအရ လူဦးရေ ၉၉၅၈ နေထိုင်သည်။ ရွာပေ ၇၁ ရွာရှိသည်။ ဓနု ၇၀၀၀ ကျော်နေ၍ ပအိုဝ်း ၁၅၀၀ ရှိသည်။ ကျန်သောလူမျိုးများက တောင်ပေါ်နေ တခြားလူမျိုးများနှင့် ရှမ်းနှင့်ပလောင်တို့ဖြစ်ကြသည်။ ရွာငံမြို့ပေါ်တ လူဦးရေ ၁၁၅၈ ဦးနေထိုင်ကြသည်။

၁၉၀၄–၁၉၀၅ ဘဏ္ဍာရေးနှစ်တွင် အခွန်တော်ငွေ ၉၈၀၀ ကျပ်နှင့်ဗြိတိသျှအစို တို့ဆက်သွင်းငွေ ၅၀၀၀ ကျပ်ဖြစ်သည်။ **IGI/ PS/ Burman, page 376-3**

**ရွာ ငံ**

မြေလတ်ခရိုင်၏နယ်တစ်နယ်ဟု ခရစ်နှစ် ၁၈၉၇ ခုနှစ် ကိုလိုနီခေတ်ဦး သတ်မှတ်သည်။ ငွေခွန်မှူးအုပ်ချုပ်မှု နယ်ကျယ်စတုရန်းမိုင် ၇၀၀ ကျယ်သည်။

ရွာငံနယ်၏ အရှေ့ဘက်ပိုင်းတွင် ခြောက်သွေ့သည်။ တောင်ကုန်းမို့မို့မ

မြေ ပြေထနေသည်။ နယ်၏အနောက်ပိုင်းတွင် တောင်ထူသည်။ ရေပေါသည်။ လောင်မြစ် လက်တက်များကြောင့်ဖြစ်သည်။ ထိုအနောက်ပိုင်းဒေသသည် ဟီလွင်ပြင်ဒေသအထက် ရှိကုန်းမြင့်ဒေသဖြစ်သည်။ ပေ၅၀၀၀ ပျမ်းမျှရှိသော င်ထိပ်များရှိရာ တောင်ပေါ်ဒေသဖြစ်သည်။ ရှာငံနယ်ထဲတွင် ပန်းလောင်မြစ်သည် ရှတည်းသော သိသာထင်ရှားသော မြစ်ဖြစ်သည်။ အသင့်အတင့်ကျယ်ဝန်းသည်။ သန်သည်။ သစ်ဖေါင် ဝါးဖေါင်များ မြေပြန့်ဒေသသို့ မျှောချရုံမျှသာ အသုံးဝင်သည်။ သွားလေ့လာမပြုနိုင်ပေ။

မြစ်ကြောင်းတလျှောက်တွင် အရည်အသွေးအလွန်ကောင်းသော ကျွန်းသစ်တော ရှိသည်။ မြန်မာဘုရင်ခေတ်တွင် ဒါးဝုဒ်ကုမ္ပဏီ MESSRS DARWOOD and COMANY ဆင်ခံ၍ထုတ်လုပ်ခဲ့၏။

ပန်းလောင်မြစ် ဒေသသည် အလွန်ပူသည်။ ကုန်းပြင်မြင့်ဒေသထက် မိုးရေချိန် သည်။

၁၉၀၄–၁၉၀၅ ဘဏ္ဍာရေးနှစ်တွင် အခွန်တော်ငွေ ၉၈၀၀ကျပ်နှင့် ဗြိတိသျှအစိုးရ ဆက်သွင်းငွေသည် ၅၀၀၀ ကျပ်ဖြစ်သည်။ 1G1/PS/ Burmaar Page 376-377

၁၈၉၇ ခုနှစ် မှတ်သားချက်အရ၊ လူဦးရေ ၈၉၅၇ ဦးရှိ၏။

| | |
|---|---|
| ဝနှ | ၆၂၉၃ |
| ပအိုဝ်း | ၁၄၂၁ |
| ရှမ်း | ၅၆၁ |
| ပလောင် | ၃၇၀ |
| ဗမာ | ၂၇၄ |
| တောင်ရိုး | ၃၇ |
| ဟိန္ဒူကုလား | ၁ |
| | ၈၉၅၇ |

ရှာင်နယ်တွင် ရွာပေါင်း ၇၂ ရွာရှိသည်။ အိမ်ခြေ ၁၆၁၅ အိမ်ရှိရာ၊ အခွန်တော်

ဆောင်ရသော အိမ်ခြေ ၁၀၇၁ အိမ်ဖြစ်သည်။ အခွန်တော်ငွေ ၈၇၈၂ ကျပ် ၈

ရသည်။ ဗြိတိသျှအစိုးရသို့ ပေးဆက်ရသော ငွေ ၃၆၀၀ ကျပ်ဖြစ်သည်။

ရှာင်သမိုင်းသည် ပုဂံမင်းအလောင်းစည်သူ (ခရစ်နှစ် ၁၁၁၃-၁၁၆၃) စတင်မှတ်သားမှုရှိ၏။ အလောင်းစည်သူ ဖေါင်စကြာဖြင့်လာသည်။ ရှာင်မြို့တော် လာမည့် နေရာတွင် ရက်ပေါင်းများစွာ နားနေသည်။ ရပ်ငံ့၍နေသောကြောင့် ရပ်ငံ့မှ ရှာင် ဟု ခေါ်တွင်လာကြောင်း၊ အစဉ်အလာပြောဆိုမှုရှိသည်။ ရပ်ငံ့မှ ရေငံ။ ရေ ရှာင် ဖြစ်လာ သည်ဟုလည်း အဆိုရှိသည်။

အလောင်းစည်သူက ပင်းတယရွှေဥမင်ဂူ ကဲ့သို့သောဂူကြီးတစ်ခု ရှာင်သား အား တူးခိုင်းသည်။ ရှာင်သားများက တူးရန်ငြင်းဆန်ကြသည်။ ထို့ကြောင့်ရှာင်သ ဟူသမျှ မချမ်းသာ မကြွယ်ဝ ပါစေသတည်းဟု ကျိန်သည်ဆိုသည်။ နောင်အခါ အကော အခွန်တောင်းခံလျှင် ရှာင်သားများက ဤကျိန်ဆိုချက်ကို အားကိုးသမှုလက်ကိုင်ပြု ပြီး အခွန်မပေးဘဲနေကြဟုလည်းအဆိုရှိသည်။

ရှေးရှာင်နယ်သည် အဆူအပူအငြင်းအခုံအပွား အလွန်များသောနယ်ဟူ၍ ပြောစမှ ဖြစ်ခဲ့၏သည်။

မင်းတုန်းမင်းလက်ထက် ရှာင်ငွေခွန်မှူးသည် မောင်ထွန်းလင်းဖြစ်သည်။ ခရစ် ၁၈၆၀ တွင် သူကို ငွေခွန်မှူးရာထူးမှ ဖယ်ရှားလိုက်သည်။ မောင်ထွန်းလင်းသ နယ်သားများအား နှိပ်စက်ကလူပြုသူမှုများသူဖြစ်သည်။ နယ်သားတို့ ပုန်ကန်ကြသည် မြေလတ်ဒေသကို အုပ်ချုပ်သော မြေလတ်ဝန်က မောင်ထွန်းလင်းအား နယ်နှင်ဒဏ်ခတ် ပန်းမော်သို့ ပို့လိုက်သည်။ ၁၈၆၁ ခုနှစ်တွင် မောင်ညိုစိမ့်ကို ရှာင်ငွေခွန်မှူးခန့်ပြီးနော ၁၈၈၄ ခုနှစ်တွင် မြို့စားရာထူးသို့ တိုးမြှင့်ခန့်ထားသည်။ ၁၈၈၆ ခုနှစ်တွင် မောင်ညို အသတ်ခံရသည်။ သီပေါမင်းပါတော်မူပြီးနောက် ကာလဖြစ်၍ ဂျမ်းကုန်းမြင့်ဒေသ ရှာင်ငွေခွန်မှူး သို့မဟုတ် မြို့စားခန့်ပိုင်ခွင့်ရှိသော အထက်အရာရှိ မရှိချိန်လည်း နေသည်။ ကွယ်လွန်သူမြို့စား မောင်ညိုစိမ့်၏သား မောင်သူတော်ကလည်း ၁၀ နှစ် အရွယ်မျှသာရှိသေးသည်။ မောင်သူ တော်၏ မိထွေးဖြစ်သူ မိသိုင်းက ရှာင်နယ် ၁၀ ရက် အုပ်ချုပ်ဆဲဖြစ်သည်။ ထိုအချိန်တွင် ထမင်းပေါင်းရွာတိုက်သူကြီး ယင်းယို

ကက်ဖြစ်သူ ဘုရားတကာချစ်စု တို့က ရှာငံကို တိုက်ခိုက်တော့၏။ မိသိုင်းလည်း တယသို့ထွက်ပြေးရသည်။ **ချစ်စုနှင့်ယင်းယို** တို့သည် ရှာငံကို ၂၅ ရက် ပိုက်ထားကြသည်။

မောင်သူတော်၏ အစ်ကိုဝမ်းကွဲ **မောင်အုန်းပင်**က တိုက်ထုတ်၍ ချစ်စုတို့ က်ပြေး ကြရသည်။ ထိုအချိန်တွင် ရှမ်းတောင်တန်းဒေသသို့ ဗြိတိသျှတို့ က်လာပြီးဖြစ်၍ မောင်အုန်းပင်အား မောင်သူတော်အတွက် ရင်ခွင်ပိုက် ငွေခွန်မှူး ထားလေသည်။ သို့သော် ဗိုလ်လေန်းဆိုသူက တိုက်ထုတ်ပြန်သဖြင့် ရှောင်ရှားရပြန် ည်။ ဗိုလ်လေန်းနှင့်ပူးတွဲသူမှာ ဗိုလ်ကြားဟု ခေါ်သည်။ ရှမ်းပြည်နယ်အရေးပိုင် Hildebrand က၊ လေန်းနှင့်ကြား တို့ကို ဖမ်းဆီးပြီး၊ မောင်အုန်းပင် အား လည်ခန့်ထားသည်။ ဗိုလ်လေန်းလည်း ထွက်ပြေး လွတ်မြောက်သွားပြီး၊ သတ်ဒေသတစ်ကျောတွင် တစ်နှစ်ခန့် တိုက်ခိုက်လှုပ်ရှားနေပြန်သည်။ ၁၈၉၀ ခုနှစ်သို့ က်သောအခါ၊ ဗိုလ်ကြီး V.C. Tonnochy က ဗိုလ်လေန်းအား ဝိုင်းဖမ်းပြီး ပ်ပစ်လိုက်သည်။ ထိုအချိန်မှစ၍ ရှာငံနယ်ငြိမ်သက်သွားတော့သည်။

၁၈၉၇ ခုနှစ်တွင် ရှာငံမြို့၌ ၂၁၆အိမ်ရှိသည်။ လူဦးရေ ၈၆၃ ယောက်ရှိသည်အခွန် ကျပ်ဆောင်သည်။ရှာငံမြို့၏အနောက်ဘက်တွင် မြို့ရိုးဟောင်းကြီးရှိနေသည်။

၁၈၈၆ ခုနှစ် တွင်ဗြိတိသျှကို တော်လှန်သူမြင်စိုင်းမင်းသားသည် ရှာငံကို သိမ်း ထားသည်။ ရှာငံ၌ပင်ငှက်ဖျားဖြင့်ကွယ်လွန်သွားသည် ။

## ရှာငံမြို့နယ်နေ လူမျိုးစုများ

၂၀၀၃ ခုနှစ် ရှမ်းပြည်နယ်အရှေ့ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော
(တောင်ကြီး)က ပြုစုသော ဦးစီးမှတ်စုဆိုင်ရာ အချက်အလက်များ စာအုပ်တွင်

ရှာငံမြို့နယ်တွင် နေထိုင်ကြသော လူမျိုးစုများ

| | | |
|---|---|---|
| ၁။ | ကချင် | - ၁၂ |
| ၂။ | ကယား | - ၅ |
| ၃။ | ကရင် | - ၇၀ |
| ၄။ | ချင်း | - ၁၈ |
| ၅။ | တောင်ရိုး | - ၁၈၅ |
| ၆။ | ဓနု | - ၅၅၁၆၆ |
| ၇။ | ပလောင် | - ၁၀၉၁ |
| ၈။ | ပအိုဝ်း | - ၅၃၄၅ |
| ၉။ | ဗမာ | - ၂၈၈၅ |
| ၁၀။ | ရခိုင် | - ၄၆ |
| ၁၁။ | ရှမ်း | - ၄၄၂ |
| ၁၂။ | အင် | - ၈ |
| ၁၃။ | အင်းသား | - ၁၀၂ |
| ၁၄။ | ကျွန်တိုင်းရင်းသား | - ၅ |
| ၁၅။ | ကပြား/နိုင်ငံခြားသား | - ၉၈ |
| | စုစုပေါင်း | ၆၅၄၇၈ |

၂၀၀၃ ခုနှစ် ရှာငံ လူဦးရေ ၆၅၄၇၈ ယောက်ရှိသည်

ဓနု ၅၅၁၆၆ ဖြစ်၍ ၈၄.၂၅ ရာခိုင်နှုန်းရှိသည်။

ပအိုဝ်း ၅၃၄၅ ဖြစ်၍ ၈.၁၆ ရာခိုင်နှုန်းရှိသည်။

ဗမာ ၂၈၈၅ ဖြစ်၍ ၃.၄၉ ရာခိုင်နှုန်းရှိသည်။

ပလောင် ၁၀၉၁ ဖြစ်၍ ၁.၆၇ ရာခိုင်နှုန်းရှိသည်။

ရှာငံစစ်တမ်း၊ပုရပိုက်မူ

သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ သီတင်းကျွတ်လအတွင်း၊ ကျိုပန့်ပန်စုငွေခွန်တော် ရှာငံ (၄၄) ရွာ၊ ငွေခွန်တော်မှူး ငအောင် အစစ်ခံချက်။

ရှာငံ ၄၄ ရွာမှာ။ ၄၅၃ စာရင်းတော်ပါဝင် မှူးရိုးကြီး ရိုးအစီအစဉ်မှာ၊ ဘိုး ငဆွေဆက်။ ၎င်းနောက်အဆွေ ငကောံရ။ ၎င်းနောက် အဘေး ငသော်က။ ယ်မည်မှန်ပါသည်။ အစိုးရဘွဲ့ကြီး အမဉ်မှာ။ ကောင်းမဥ္ဆသူဆို သူမှူးကြီးပါသည်။ သားကောင်းမဉ်သူ မရှိနော် ။ ဘိုး လေမှုခိုင်မှူးကြီးပါသည်။ ၎င်း ဘိုးလေမှုခိုင် မရှိနော်။ ငအောင်မြတ်ထွန်း ၁နှေ့သား အသက် ၂၀ရွယ်သူ ဆက်ခံမှူးကြီးပါသည်။ ငအောင်မြတ်ထွန်းနော်။ သား ကျွန်တော် ငအော ဆက်ခံမှူးကြီးပါသည်။ အခွန်တော်မှာ တနှစ်လျှင် ၇၊ ၅၀ိ။ ဆက်သွင်းရပါသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်အပြီး (၈)နှစ်ခန့်အကြာ မြန်မာ သက္ကရာဇ်(၁၂၅၅)ခုနှစ်အတွင်း ထိုစဉ်ကရှာငံ၌ ရင်ခွင်ပိုက်ငွေခွန်မှူးအဖြစ် အုပ်ချုပ် နေသော ဦးအုန်းပင် ရေးသားတင်သွင်းသည့် အစီရင်ခံစာတမ်း ပုရပိုက်မူ နောက်တစ်ခုတွင် ဖွင့် အုပ်စိုးခဲ့သူများ အစဉ်အဆက်ကိုအောက်ပါအတိုင်း တွေ့ရလေသည်။

ရှာငံမြို့နယ် ကျေးရွာမှာ၊ သက္ကရာဇ် နှစ်ပေါင်း (၉၀၀) ကျော်ကစ၍။ မှုမောင်ဆွေဆက် ကြီးမှူးသည်ကကို။ ငွေခွန်မှူး မောင်ညြတိုင် ။ ဆယ်ဆက် မျိုး အစဉ်အတိုင်း မှူးကြီး၍။

၎င်းငွေခွန်မှူး မောင်ညြမရှိသည်နော်။ ညီမောင်ရ မှူးကြီး၍။ မရှိနော်။၎င်းသား ဆို မှူးကြီးအုပ်ထိန်းသည်အတွင်း။ ၉၆–ပါးသော ရောဂါကပ်ရောက်၍။ နယ်မြေမြို့ ကျေးရွာများကို။ မကြည့်မရှု နိုင်ရှိသည်နှင့် ၎င်းသား မောင်ထွန်းလင်းနှင့် တွဲဘက်မှူးကြီး အုပ်ထိန်း ကြပါသည်။၎င်း ငွေခွန်မှူး ၃ ဆက်တို့တွင်။ ငွေခွန်မှူး မောင်ထွန်းလင်း သည် ကျေးရွာများကို မကြည့် မရှုမတာရားမှု ပြုကျင့်များပြားသောကြောင့် ကြားသူကြီးတို့သဘော မညီမညွတ်ရှိကြ၍၊ အထက် ငွေခွန်မှူး ငဆွေးဖြူ မှူးမောင်ညိုစိမ့်နှင့်။ ညီနှိုင်းတိုင်ပင်သဘော ညီညွတ်သောကြောင့်။ မင်းတုံးမင်း လက်ထက်၁၂၂၅ ခုနှစ်တွင်။ ငွေခွန်မှူးရိုး မောင်ညိုစိမ့်နှင့် လွှတ်တော်သို့ ဆင်းသွားပြီးလျှင်၊ ထက်ရှိ ငွေခွန်မှူး မောင်ထွန်းလင်း၊ ငွေခွန်မှူးရိုး မောင်ညိုစိမ့်တို့ လွှတ်တော်တွင်

အရာမှ အရေးစကားပြောဆိုကြရာ၊ မောင်ထွန်းလင်း တရားမှု ထင်လင်းရှိသည့်အတွက်
ရှာကြော့သူကြီးတို့ သဘောမကြိုက်ညီအချက်နှင့်ငွေခွန်မှူး အရာက နှုတ်ပြီးလ
အမျိုးသားမြေးမှန်သည့်အတိုင်း မောင်ညိုစိမ့် ကို လွှတ်တော် စာချွန်ပေးအပ်
မှူးကြီးအုပ်ထိန်းစေသည့်အတွင်း။ ငွေခွန်မှူးဟောင်း မောင်ထွန်းလင်း ကို လွှတ်တော်မိန့်ချ
နှင့်။ညောင်ရွှေရပ်စော် နှစ်မြို့ဝန်က ဖမ်းဆည်း၍ လွှတ်တော်သို့ ပို့အပ်
၎င်းလွှတ်တော်အစိုးရတို့က မောင်ထွန်းလင်းကို အမိန့်တော်နှင့် အထက်ဗန်း
သစ်တောသို့ ပို့ထားပြီးနောက် အရာမရသေဆုံးပါကြောင်း။

ယင်း ၁၂၅၅ ခုနှစ်အတွင်း တင်သွင်းသည့် အစီရင်ခံစာတမ်း အဆိုအ
ရှာ၊ ငွေခွန်မှူး မောင်ညိုစိမ့်သည် သီပေါမင်းလက်ထက် ၁၂၄၄ ခုနှစ်တွ
မြို့စားရာထူးတိုးတက်ချီးမြှင့်ခံရသည်။

ထို့နောက် မြန်မာဘုရင်သီပေါမင်း အင်္ဂလိပ်လက်ဝယ်သို့ ပါတော်မူသွားသ
သက္ကရာဇ် ၁၂၄၇ ခုနှစ်အလွန် ၁၂၄၈ (ခရစ် ၁၈၈၅ –၁၈၈၆) အတွင်း နိုင်ငံမငြိမ်မသ
ဖြစ်နေစဉ်အချိန်ကာလ ရှာငံမြို့စား၊ မောင်ညိုစိမ့်က ဝင်းတော်မှူး မောင်ဘောင်း၊ မိုးနဲစစ်
ကြီး ဦးမင၊ ရပ်စော် မိုင်းပြည်း နှစ်မြို့ဝန် မောင်ရွှေစိန်တို့ကို ဖမ်းဆီးပြီးလ
အစိုးရထံသို့ပို့အပ်မည် ကြံစည်ပြုလုပ်သည်ကို ၎င်းတို့သိ၍ ဝင်းတော်မှူး ဦးဘော
(ဦးဖောင်း)၊မိုးနဲစစ်ကဲကြီး ဦးမင၊ ရပ်စောက်–မိုင်းပျဉ်း နှစ်မြို့ဝန် ဦးရွှေစိန်တို့သ
မြို့စားကြီးညိုစိမ့်အား လုပ်ကြံသတ်ဖြတ်လိုက်ကြသောကြောင့် ရှာငံနယ်
မြို့စားကြီးအစ်ကိုတော် သူ ဘုရားတကာ ဦးချစ်သူ၊ ထမင်းပေါင်း မြေတိုင်
မောင်ရင်အိုတို့ ညီအစ်ကိုနှစ်ဦးက ခေတ္တအုပ်ချုပ်ခဲ့ကြသည်။ ၎င်းနောက်လုပ်ကြံခံရ
မြို့စားကြီးသား မောင်အုန်းပင်နှင့် သားအရင်းဖြစ်သော မောင်သူတော်တို့
လွှဲအပ်လိုက်သည်။

ထို့နောက် နောင်တွင် ရွှေဓားဗိုလ် ဦးအုန်းပင်ဟုထင်ရှားခဲ့သည့် ဦးအုန်းပင်
ရှာငံနယ်ကို ရင်ခွင်ပိုက် ငွေခွန်မှူး အဖြစ် ၊ မောင်သူတော်က ရင်ခွင်နေငွေခွန်မှူးအဖြ
ညီအစ်ကိုနှစ်ဦး အုပ်ချုပ်ခဲ့ကြသည်။ ယင်းနောက် အင်္ဂလိပ်ခေတ် ခရစ် (၁၈၉၈)ခုနှစ်မှ
မောင်သူတော်က ငွေခွန်မှူးအဖြစ်အုပ်ချုပ်ခဲ့၍ မောင်သူတော်နောက်မှ ဦးစောလ
ဆိုသူဆက်ခံ အုပ်ချုပ်ခဲ့လေသည်။

ရှာင်နယ်ကို စော်ဘွားများ အာဏာစွန့်လွှတ်ခဲ့သည့် (၁၉၅၉) ခုနှစ်ကာလ အထိ ...ာက်ဆုံးအုပ်ချုပ်သွားသည့် ပုဂ္ဂိုလ်မှာ စော်ဘွား စဝ်ခွန်ရီ (ဦးစောလဖော်သား) ဖြစ်သည်ကို ...တွေ့ရသည်။

မြို့နယ်မှတ်တမ်းတစ်ခုတွင် ကုန်းဘောင်ခေတ် မြန်မာဘုရင်များလက်ထက် က ...င်သည် ရပ်စောက်စော်ဘွားကြီး၏ နယ်မြေဖြစ်ခဲ့ဖူးကြောင်း ဖော်ပြထားသည်။

စင်စစ် ရှာင်သည် ရှေးက မြေလတ်စီရင်စု မြေလတ်ဒေသတွင် ပါဝင်ခဲ့သော ...ယ်မြေတစ်ခုဖြစ်သည်။ မြေလတ် ဒေသဟုခေါ်သည့် ဓနု၊ တောင်ရိုး လူမျိုးအများစု ...နေထိုင်ကြသည့် ပင်းတယ၊ပွေးလှ၊ ကျိုး (ယခု ပင်းတယမြို့နယ်)၊ ရှာင်၊ ရေဦး၊ ...တော် (ယခု ရှာင်မြို့နယ်)၊ သာမိုင်းခမ်း၊ ပင်မို၊ ဟဲဟိုး၊ ဘော်ဆိုင်း (ယခုကလောမြို့နယ်) ...အတွင်းရှိ နယ်မြေများ ဖြစ်သည်။ ကုန်းဘောင်ခေတ်က မြေလတ်ဝန်တစ်ဦး ခန့်ထား၍ ...င်းနယ်မြေများကို စီရင်အုပ်ချုပ်စေခဲ့သည်ဟု တွေ့ဖူးသည်။

အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြေလတ်ဒေသ ...မြေလတ်စီရင်စုတွင် မြို့စားအုပ်ချုပ်ရသော နယ်တစ်နယ်၊ ငွေခွန်မှူးအုပ်ချုပ်သော ...ယ်များရှိသည်။ ယင်းအနက် မြို့စားအုပ်ချုပ်သောနယ် "ဘော်နင်း"ဖြစ်၍၊ ငွေခွန်မှူးများ ...ုပ်ချုပ်ရသော နယ်များမှာ ရှာင်အပါအဝင် ပင်းတယ၊ပွေးလှ၊ ပင်မိုစသည့် မြေလတ်(၁၆) ...ယ်ဖြစ်သည်။

အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်များ မှတ်တမ်းတွင် ထိုအချိန်က ...ှင်နယ်အကျယ်အဝန်းမှာ စတုရန်းမိုင် (၇၀၀) ခန့်ရှိ၍ မြောက်ဘက်တွင် ဘော် (၄၄)ရွာ၊ ...အရှေ့ဘက်တွင် ပင်းတယနှင့် ရပ်စောက်၊တောင်ဘက်တွင် ပင်းတယနှင့် ...ကျောက်ကူဆည်ဝန်း၊ အနောက်ဘက်တွင် မိတ္ထီလာနှင့် ကျောက်ဆည်ခရိုင် တို့ရှိကြောင်း ...၁၈၉၇) ခုနှစ် သန်ခေါင်စာရင်းအရ လူဦးရေ (၈၉၅၇) ဦးရှိကြောင်း ဖော်ပြထားလေသည်။

ရှေးခေတ်ဟောင်း မြင်းကျဒိုးနယ် အုပ်ချုပ်ရေး

မြင်းကျဒိုးနယ်မှာ မြန်မာဘုရင်များ လက်ထက်က ကျောက်ဂူလေးနယ်၊ နန်းခုံနယ်ဟူ၍ ခွဲခြားပြီး သူတစ်လူ ငါတစ်မင်း ဖြစ်ခဲ့သော နယ်မြေဖြစ်သည် (ကျောက်ဂူလေးနယ် ဆိုသည်မှာ ယခုလက်ရှိ ဆင်ခေါင်းတိုက်၊ အလယ်ချောင် တို ဘုရားကြီးကုန်းတိုက်နှင့် ရွှေလှတိုက်ပါဝင်လျက်ရှိကြသောနယ်မြေဖြစ်သည်။)

ထိုအချိန်က ကျောက်ဂူလေးနယ် ၊ မင်းကြာအိုဆိုသူအား ယခု မြေ ဝမ်းတွင်းမြို့နယ် ဿဲပေဘာအရှေ့ဘက်ရှိ ရိုးဆုံရွာသား မောင်သိန်း(ခွန်သိန်း) လုပ်ကြသတ်ဖြတ်ပြီးကျောက်ဂူလေးနယ်၊ နန်းခုံနယ်၊ မြင်းကျဒိုးနယ် သုံးနယ် ပူးပေါ မြင်းကျဒိုးနယ်ငွေခွန်မှူးအဖြစ် အုပ်ချုပ်ခဲ့ကြောင်း၊ ခွန်သိန်းဆိုသူမှာ ငွေခွန်မှူးမဖြစ်မီ မြင်းကျဒိုးနယ်အတွင်းသို့ ကူးသန်းရောင်းဝယ်အလုပ်ဖြင့် မကြာခဏ ဝင်ရော သွားလာနေရင်းက နန်းခုံမင်း၊ ကျောက်ဂူလေးမင်းနှင့် မြင်းကျဒိုးမင်း တို့က မန္တ ရွှေနန်းတော်သို့ အခွန်ဘဏ္ဍာတော်များ ဆက်သရန် ယုံကြည်စွာပါးခြင်းခံရခြင်း နန်းတွင်း ဝင်ထွက် သွားလာနိုင်သူတစ်ဦးဖြစ်ခဲ့ကြောင်း သက်ကြီးစကားတစ်ဆင့်ကြားသိခဲ့ရသည်

ထိုမြို့နယ်တွင် ထိုအချိန်က မြန်မာဘုရင်နှင့် ရှမ်းပြည်ညောင်ရွှေ၊ မိုး ရပ်စောက်စော်ဘွားကြီးတို့ ဆက်သွယ်ရေး အဖြစ် နတ်ထိပ်တောင် ခင်လ တောင်ကြားလမ်း၊ ရှောင်တပွေကင်းလမ်း၊ ရဲရမန်းမြို့ကြီး၊ ဒေါင်းမီးလမ်းများရှိခဲ့သ တောင်ပေါ်နှင့်မြေပြန့် ကူးသန်းရောင်းဝယ်မှု မပြတ်ဘဲ ဆက်သွယ်သွားလာ အမြဲရှိခဲ့သည်ဟုပြောကြသည်။

ထိုစဉ်အခါက သယ်ယူပို့ဆောင်ရေးအဖြစ် နွားဝန်တင်များနှင့် ဘီးပိတ်လှည်းများ အသုံးပြုကြောင်းသိခဲ့ရသည်။

အင်္ဂလိပ်လက်ထက် ရောက်သောအခါ မြင်းကျဒိုးနယ်သည် ပွေးလှမြို့ စစ်စုံမြအုပ်ချုပ်ရေးလက်အောက်သို့ ရောက်ရှိသွားသည်။ ပွေးလှနယ် နောက်ဆုံးအုပ်ချုပ်သွားသည့် စော်ဘွားစဝ်ထွန်းစိန်လက်ထက်အထိဖြစ်သည်။

(၁၉၆၂) ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ရှမ်းပြည်နယ် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ခရိုင်များ သတ်မှတ်သောအခါ ဘော်-ရေဦးနယ်မှ ကျေးရွာအ

(၁၁)ခု၊ ရှာငံမြို့နယ်မှ ကျေးရွာ အုပ်စု(၁၁)ခုနှင့် ပွေးလှနယ်မြေမှ မြင်းကျဒိုးနယ် ခုနစ်အုပ်စုပူးပေါင်း၍ မြို့နယ်အဖြစ်သတ်မှတ်ခဲ့သည်။


(၁၉၆၄)ခုနှစ်မှစ၍ ပင်းတယမြို့နယ်၏ မြို့နယ်ခွဲအဆင့်လက်ကောက်မြို့ဂိုဏ်း များ ထားရှိအုပ်ချုပ်ခဲ့သည်။ (၁၉၆၅)ခုနှစ်တွင် မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ ထားရှိကာ ပင်းတယမြို့နှင့် ရှာငံမြို့နယ်ကိုအဆင့်မြင့်ပြီး သီးခြားရုံးများဖွင့်လှစ်၍ မြို့နယ်ရုံးကိုလည်း ပင်းတယမြို့နှင့် ရှာငံမြို့တွင် ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရှာငံမြို့နယ်တစ်ခုလုံး၏ အုပ်ချုပ်ရေးပုံစံကား ရှာငံမြို့မရပ်ကွက် ထုံးရပ်ကွက်နှင့် ရှာငံ၊ရေဦး၊ မြင်းကျဒိုး ကျေးရွာအုပ်စု (၂၉)အုပ်စုဖွဲ့လျက် ရပ်ကွက် ကျေးရွာ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့အုပ်ချုပ်ရေး စနစ်သစ်ပင် ဖြစ်လေသည်။

# ဘော်နယ် (၄၄) ရွာ အုပ်ချုပ်ရေး

## အလောင်းစည်သူမင်းလက်ထက် ဘော်နယ် နယ်နိမိတ်

ဘော်နယ်သည်ရှမ်းပြည်နယ်တောင်ပိုင်း၊ မြေလတ်ဒေသ၏ မြောက်ဘက်
ဒေသနယ်ဖြစ်၏။ မြောက်လတ္တီကျူ ၂၁˚ဒီဂရီ ၁၁ မိနစ်နှင့် ၂၁˚–၄၃'အကြ
အရှေ့လောင်ဂျီကျူ ၉၆˚ – ၁၉' နှင့် ၉၆˚ ၅၀'အကြားတွင် တည်ရှိ၏ ။စတုရန်း
၅၅၀ ကျယ်၏။




### နယ်နိမိတ်

ဘော်နယ်သည် မြေလတ်ဒေသ၏ မြောက်ဘက်အကျဆုံး နယ်ဖြစ်သည
သဘာဝ အပိုင်းအခြားနှစ်မျိုးဖြင့် ပိုင်းပိုင်းခြားခြား တည်နေသည်။ ဇော်ဂျီမြစ်က
တလျှောက်သည် ဘော်နယ်၏ မြောက်လက် (မြောက်ပိုင်း)ဖြစ်သည်။ ဘော်နယ်
တောင်လက် (တောင်ပိုင်း)သည် မြေလတ်ဒေသ၏ ကုန်းပြင်မြင့်ဖြစ်သည်။ ဇော်ဂျီ
နှင့် ရှမ်းကုန်းပြင်မြင့်၏ အကြားရှိဒေသသည် တောင်ထူထပ်သည်။ ကျောက်သ
ကျောက်ထွက် ထူထပ်သည်။ ရေအနည်းငယ်သာရသည်။ စိုက်ပျိုးရန် သင့်လျော်သေ
မြေနည်းပါးသည်။ အရှေ့ဘက်ပိုင်း၊ အနောက်ဘက်ပိုင်း၊ မြောက်ဘက်ပိုင်းနယ်စပ် အ
များသည် တောင်ကျော သုံးကျော အဖြစ်ရပ်တည်လျက်ရှိသည်။ အနောက်ဘက်ခြမ်း
မြေပြန့်ဒေသကြီးဘက်သို့ နိမ့်ဆင်းသွားသည်။ ထိုအရပ်တွင် ပေ ၅၀၀၀မြင့်သေ
တောင်ထိပ်အနည်းငယ်ရှိသည်။ အထင်ရှားဆုံးမှာ ၅၃၇၆ ပေမြင့်သော ဓာတ်တော်
တောင်ထိပ်ရှိသည်။ ရေချမ်းပြင်ရွာအနီးရှိ ဂျူးတောင်ထိပ်သည် ၅၇၂၉ ပေမြင့်သည
မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့ကို ခွဲခြားထားသော တောင်မြင့်တန်းသည် ဘော်နယ်

မြောက်ဘက်ပိုင်းနယ်သတ်ဖြစ်သည်။ ထိုတောင်တန်းတွင် ပေ ၅၀၀၀ ခန့်မြင့်သော တောင်ထိပ်များပါဝင်ကြသည်။

အရှေ့ဘက်ပိုင်းရှိ တောင်တန်းတောင်ကျောသည် ရပ်စောက်နယ်နှင့် ဘော်နယ်တို့ကို စည်းခြားပေးလျက်ရှိသည်။ ထိုတောင်ကျောသည် ပင်းတယနှင့် ရွာငံနယ်များကြားတွင်ရှိသော မဲနယ်တောင်ကျောဖြစ်နေသည်။ ထိုတောင်ကျောတွင် ပေ ၆၀၀၀ ကျော်မြင့်သော တောင်ထိပ်များရှိကြသည်။ ဘော်နယ်အတွင်းရှိ မန်အုန်တိုက်နယ်အထက်နှင့် ရပ်စောက်နယ်တွင်းရှိ ရွှေဘမ်ကွဲရွာ၏ အနောက်စူးစူးတွင် ပေ ၆၇၆၁ ပေမြင့်သော တောင်ထိပ်ရှိသည်။ အရှေ့တောင်ကျောနှင့် အနောက်တောင်ကျောတို့၏အကြားတွင် ပေ ၅၆၀၄ ပေမြင့်သော ငွေတောင်ရှိသည်။ လီမွေတောင်ထိပ်သည် ၅၁၄၀ ပေမြင့်သည်။

**မြစ်ချောင်းများ**

သိသာထင်ရှားသောမြစ်မှာ ဇော်ဂျီမြစ်ဖြစ်သည်။ လှော်ခတ်သွားလာနိုင်မှုမရှိသောမြစ်ဖြစ်သည်။ ဇော်ဂျီ၏ လက်တက် တံတားနီချောင်း၊ တောင်ဘိုချောင်း၊ မုံလွဲချောင်းတို့သည် လှော်ခတ်သွားလာနိုင်သော ချောင်းများမဟုတ်ပေ။

**သတ္တုများ**

ငွေတောင်တွင် ဘော်နှင့်ခဲတွင်းများ ရှိကြသည်။ ရှေးနှစ်ပေါင်းများစွာက တူးဖော်မှုရှိခဲ့သော်လည်း အကျိုးဖြစ်ထွန်းမှု ရှိခဲ့ပုံမရပေ။

**သဘာဝထွက်ပစ္စည်းများ**

ဇော်ဂျီမြစ်တစ်လျှောက်နှင့် တံတားနီချောင်း တစ်လျှောက်တွင် ကျွန်း၊ မဲရုံး၊ စားပင်များရှိသည်။ ကျွန်းပင်မှလွဲ၍ အဖိုးတန်သစ်တောမဟုတ်ပေ။

**စေတီဘုရားများ**

ပုဂံအလောင်းစည်သူမင်း ဖောင်စကြာနှင့် ရောက်ခဲ့စဉ်က တည်ထားခဲ့သော စေတီနှစ်ဆူရှိသည်။ တစ်ဆူက ရွှေလှံတောင်ဘုရားဟုခေါ်သည်။ ကျောက်မြောင်းရွာအနီးက တောင်ထိပ်တွင်ရှိသည်။ မင်းကြီးက လှံတော်ထိုးစိုက်ရာနေရာတွင် တည်ဟုဆိုသည်။ နောက်တစ်ဆူ မြို့ဒီရွာအနောက်ဘက်တွင်ရှိသည်။ ဘုရားနီဟုခေါ်သည်။ အုတ်ခဲအနီရောင်ဖြစ်နေ၍ ခေါ်ခြင်းဖြစ်သည်။

တခြားစေတီများလည်းရှိသည်။ ၁၈၉၇ မှ ပြန်၍ရေတွက်လျှင် နှစ်ပေါင်း ၂
ကျော်က ဘုရားစေတီများဟုဆိုသည်။ (၂၀၁၃ ခုနှစ်ဖြင့်တွက်လျှင် နှစ်ပေါင်း ၃
နှစ်ကြာ စေတီဘုရားများဟု အဓိပ္ပာယ်ရသည်။)ရွှေဒေါင်း၏ ဥကိုတွေ့ရသောနေရာ
အစွဲပြု၍ ရွှေဒေါင်းဥ ဘုရားဟုဆိုသည်။ (ရွှေတောင်ဦး ဘုရားကိုလည်း တချို့ အခေါ်
တတ်ကြသည်။) ထိုစေတီသည် တလဗင်ရွာ (စွယ်တော်ပင်ရွာ)အနီး၌ရှိသည်။

ငွေတောင်ဘုရားသည် ရှေးကတူးခဲ့သော ဘော်တွင်းအနီး၌ရှိသည်
ကျောက်မြောင်း(ရေဦး)ရွာအနီးတွင် စေတီကြီးဘုရားရှိသည်။ ငါးဆူဘုရားသည် မြို့
တွင်ရှိသည်။ ရှေးကဇော်ဂျီမြစ်အတွင်း ငါးဖမ်းရင်း၊ဘုရားဆင်းတုတော် ငါးဆူ
ငါးဆူဘုရားဟုခေါ်ပြီး ကိုးကွယ်ထားခြင်းဖြစ်သည်။ ရွှေလုံထောင်နှင့် ဘုရားနီကလွှဲလ
ကျန်စေတီဘုရားများသည် မကြီးမားဘဲ ပိသုကာလက်ရာအဆင့်အတန်း မရှိပေ။

**စိုက်ပျိုးခြင်းနှင့် လုပ်ငန်းကိုင်ငန်း**

စပါးကို နယ်၏အရေးပါသော သီးနှံအဖြစ် စိုက်ပျိုးသည်။ တောင်ပေါ်တ
တောရှင်း၍ စိုက်သည်။ ဇော်ဂျီမြစ်နှင့် ချောင်းများမှ ရေသွယ်၍လည်း စိုက်ပျိုးကြသည်
ကွမ်းသီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုးကို ဇော်ဂျီမြစ်ဝှမ်း အရပ်တ
စိုက်ကြသည်။ ကုန်းအမြင့်ရှိရွာများတွင် သနပ်ဖက်စိုက်သည်။ ငါးရက်တစ်ဈေးမ
မြို့ကြီးနှင့် ကျောက်မြောင်း (ရေဦးဟုလည်းခေါ်)ရွာတို့တွင်ရှိသည်။ ဈေးအငယ်စ
လူမစည်ကားသောဈေးများဖြစ်ကြသည်။ ဘော်နယ်၏ ပြင်ပသို့ ပို့၍ရောင်းသေ
ကုန်များမှာ ပိုးထည်၊ ချည်ထည်များ၊ သံကိရိယာများ၊ ငါးပိ၊ ငါးဆားနယ်နှင့် ဆား
ဖြစ်ကြသည်။

**လူဦးရေနှင့် အခွန်တော်**

ဘော်နယ်တွင် ၁၈၉၇ခုနှစ်၌ လူဦးရေ ၆၆၀၉ ယောက်ရှိသည်။ ရွာပေါ
ခုနှစ်ဆယ်နှင့် အိမ်ခြေ ၁၄၂၁အိမ်ရှိသည်။ နေထိုင်သူများကို လူမျိုးအလိုက
ဤသို့တွေ့ရသည်။

| | | | | |
|---|---|---|---|---|
| ဓနု | - | ၅,၉၃ | နယ်လူထု၏ | ၈၀.၀၉ % |
| ဗမာ | - | ၄၆၂ | နယ်လူထု၏ | ၆.၉၉ % |
| ပအိုဝ်း(တောင်သူ) | - | ၃၄၅ | နယ်လူထု၏ | ၅.၂၂ % |
| ရှမ်း | - | ၃၀၅ | နယ်လူထု၏ | ၄.၆၂ % |
| ပလောင် | - | ၂၀၄ | နယ်လူထု၏ | ၃.၀၉ % |
| စုစုပေါင်း | - | ၆၆၀၉ | | |

ဘော်နယ်တွင် ကောက်ခံသော အခွန်တော်မှ ၁၀၆၂၅ ကျပ်ဖြစ်သည်။ ထိုပမာဏမှ ...ရင်မင်းမြတ်သို့ ဆက်သွင်းငွေမှာ ၅၀၀၀ ကျပ်ဖြစ်သည်။

## ဘော် ၄၄ ရွာ

ဘော် ၄၄ ရွာတွင် အထက်ဖော်ပြခဲ့သည့်အတိုင်း အောက်ပါတိုက်နယ်များ ...ဆောင်ရွာ)များ ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ဘော်နယ်၏ ဦးဆောင်ရွာ ...ိုက်နယ်) (ကျေးရွာအုပ်စု)မှာ မြို့ကြီးဖြစ်သော်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်း ...လိုနီခေတ်တွင် ဘော်နယ်၏ ဦးဆောင်ရွာ (တိုက်နယ်)မှာ ရေဦးဖြစ်သည်ကို တွေ့ရှိ ...ရသည်။ ရေဦးတိုက်နယ်ကိုပင် ဘော်နယ်ဟု ခေါ်ဆိုကြသည်။ ယခုအချိန်တွင် ရွာငံ ...နယ်တွင်းသို့ ပါဝင်သွားသည်ကို တွေ့ရသည်။ထိုနယ်ပယ်ကြီးတွင် ရွာပေါင်း ၄၄ ...ရှိသည်။ ၄၄ရွာကို အောက်ပါအတိုင်း တိုယ်နယ်ကျေးရွာအုပ်စု (၄)ခု ခွဲခြားထားသည်။

### ဘော် ၄၄ ရွာစာရင်း

၁။ ရေဦး - ၁၉ ရွာ

၂။ ကဇက် - ၅ ရွာ

၃။ ရှောင်ကဗွေ - ၁၄ ရွာ

၄။ မြို့ကြီး - ၆ ရွာ

## ဘော်(၄၄)ရွာ မှတ်သားဖွယ်ရာလင်္ကာ

- တ(ဒ)ရဲ နောင်ရဲ၊ တောင်ပို့ကွဲ၊ နမ့်ခဲ ဘော်စုံနေ။
အုတ်မ ငုံးသုံ၊ နယ်နမ့်ခုံ၊ အကြုံဝင်ခဲ့လေ။
- တောနွယ် တော်နွဲ့၊ ရွာကပဲ့၊ ဘန်နွဲ့အဆင်ပြေ။
ကဇက် မကွေ၊ ရှောင်ကဖွေ၊ မကွေကြောမှာ အမောဖြေ။
- ရဲရမန်းနဲ့ နမ့်တိန် (ဒိန်)ကွဲ၊ သာရဲ့ မြို့ကြီး မြေ။
ဒေါင်းမြီး ကင်းတက်(ဒက်)၊ ကျွန်းကြီး ဘက်၊ မပျက် လွယ်အံ့ပေ။
- တို့ သာမိုင်းခမ်း၊ တောင်လားစမ်း၊ အင်းဝန်းလှကာနေ။
မြောက်ကြက်တဲတွင်၊ ရေချမ်းဗျင်၊ တောတွင်မြူများထွေ။
- ဘော်နယ် ဘော်နင်း၊ ဘော်ဆိုင်း တွင်း၊ မပျင်း ပင်မှီမြေ။
- သိမ် တ(ဒ)လပင်၊ ကျောက်ဂူပြင်၊ မြင်လျှင်သာမောပေ။
- ကျောက်ထပ် ကျော်လျက်၊ ရေဦး ဘက်၊ စိတ်လက်အမောပြေ။
ယဗျင်ဆယ်ရွာ၊ လုံးပိုးပါ၊ ရောက်ရာ တန်ဆောင်းလေ။
- ရွာငယ်နမ့်ချင်း၊ ဘန့်လုံကွင်း၊ မြောင်တွင်း သီတောက်ပေ။
ထီးလှိုင်ဒေသ၊ ဘော်နယ်လှ၊ ရှေးကတို့ဌာနေ။

ခင်(တောင်ကြီး)

| | | | |
|---|---|---|---|
| ၁။ ရွေဦး(ကျောက်မြှောင်) | ၁၂။ ဒလပင် | ၂၃။ ယဗျင် | ၃၄။ တောင်ပို့ကွဲ |
| ၂။ ကဇက် | ၁၃။ သိမ်ကုန်း | ၂၄။ လွယ်အယ်(လုံးပိုး) | ၃၅။ တောင်လား |
| ၃။ ရှောင်ကတွေ့ | ၁၄။ ကျောက်ဂူပြင် | ၂၅။ ကပ့် | ၃၆။ တန်ဘောင်း |
| ၄။ မြို့ကြီး | ၁၅။ ပင်မို | ၂၆။ လွယ်အုံ့ | ၃၇။ အရဲ(ခရဲ၊ သူရဲ) |
| ၅။ ဒေါင်းမြီး | ၁၆။ ဘော်နယ် | ၂၇။ သာမိုင်းခမ်း | ၃၈။ နောင်ရဲ |
| ၆။ ကင်းအက် | ၁၇။ ဘော်ဆိုင်း | ၂၈။ မကွေ | ၃၉။ နမ့်ချင်း |
| ၇။ ကျွန်းကြီး | ၁၈။ ဘော်နင်း | ၂၉။ မကွေကြော | ၄၀။ ဘမ့်လုံ |
| ၈။ အုတ်မ | ၁၉။ ဘော်စုံ(ဆုံ) | ၃၀။ နမ့်ခုန် | ၄၁။ ဘမ့်နွဲ့ |
| ၉။ ဆယ်ရွာ | ၂၀။ ကျောက်ထပ်(အင်းနီ) | ၃၁။ တောနွဲ့ | ၄၂။ သီတောက် |
| ၁၀။ ရဲရမန်း | ၂၁။ နမ့်ခဲ | ၃၂။ မြောင်ကြွက်တဲ | ၄၃။ အင်းဝန်း |
| ၁၁။ ထီးလှိုင် | ၂၂။ ရေချမ်းဗျင် | ၃၃။ ငုံးဆုံ | ၄၄။ နမ့်ဒိန် |

ယခုရှာင်မြို့နယ်ရှိ မြို့ကြီးရွာသည် ရှေးက နယ်ရှင်နေထိုင်ရုံးစိုက်ရာ ရွာတော်ဖြစ်၏။ ကုန်းဘောင်ခေတ်တွင် ဘော် ၄၄ ရွာနယ် ဟုခေါ်၏။ ကိုလိုနီခေတ်တွင် ဘော်နယ်ဟုခေါ်၏။ လွတ်လပ်ပြီးခေတ်ရောက်သောအခါ၌လည်း ဘော်နယ်ဟုပင်ခေါ်သည်။

ရှေးက ရှာင်နယ်၊ ဘော်နယ်ဟု သီးသီးခြားခြားရှိ၏။ ယခုအခါ ဘော်နယ်သည် ရှာင်မြို့နယ်တွင်ပါဝင်သော အကျုံးဝင်နယ်မြေဖြစ်နေသည်။

ဘော်နယ်နှင့်ပတ်သက်၍ ပုဂံခေတ်အလောင်းစည်သူမင်း (ခရစ်နှစ် ၁၁၁၃–၁၁၆၃) လက်ထက်ဘော်နယ်အကြောင်းသည် ပင်းယခေတ် ငါးစီးရှင်ကျော်စွာ(၁၃၄၀–၁၃၄၄) လက်ထက်၊ အင်းဝခေတ် မိုးညှင်းမင်းတရား(၁၄၂၆–၁၄၃၉) လက်ထက်၊ ညောင်ရမ်းခေတ် ဟံသာဝတီပါမင်း(၁၇၃၃–၁၇၅၂) လက်ထက် သမိုင်းမှတ်တမ်းများရှိနေသည်။ ထိုမှတ်တမ်းသည် ဒေါက်တာသန်းထွန်း ပြုစုသော **The Royal Orders of Burma** Volume I, စာမျက်နှာ ၂၉၅–၂၉၈ တွင်ဖော်ပြထား၏။

**ဘော်နယ်သမိုင်း**


ဘော်နယ်သမိုင်းအထောက်အထားများသည် မြို့ကြီးကို မီးလောင်သ ဆုံးရှုံးသွားသည့်။ သမိုင်းကြောင်းကို အလွန်နည်းပါးစွာသိရသည်။

ပုဂံမင်းကြီး အလောင်းစည်သူမင်းနှင့် လိုက်ပါရောက်ရှိလာသူတစ်ဦးမှ သမိုင်းစ ဟုဆိုရမည်ဖြစ်သည်။ သူ့အမည်ကိုတော့ မသိရပေ။ ကိုးသိမ်ရှင်ဟု အခေါ်ထင်ရှားသ **သိမ်ကိုးသိမ်၏ ဒါယကာ**ဟု အဓိပ္ပာယ်ရသည်။ အလောင်းစည်သူမင်း ရှမ်းတောင်တ ဒေသခရီး၏ နောက်လိုက်နောက်ပါဟုဆိုသည်။ ကိုးသိမ်ရှင်သည် ဗဟုသုတလ ကောင်း၊ ဆောင်ရွက်မှုလည်း ကောင်းသူဖြစ်သည်။ ဤအကောင်းနှစ်မျိုးကြေ အလောင်းစည်သူမင်းက ချီးမြှောက်သည်။ ဆင်တစ်စီးပေးသည်။ မြို့ကြီးကို အုပ်ချုပ် ခန့်ထားသည်။ မြို့ကြီးသည် အလောင်းစည်သူမင်းတည်သောမြို့ဟု အဆိုရှိသည်

ကိုးသိမ်ရှင်အုပ်ချုပ်ပိုင်စားရသော နယ်မြေသည် ယခုရပ်စောက်နယ်အတွင် ရွှေအင်တောင်ဘုရားကို အရှေ့ပိုင်းထား၍ ယခုရွာငံနယ်တွင်းရှိ ရွှေပွင့်လင်းဘုရား တောင်ဘက်တွင် ထားသည်။ ယခုကျောက်ဆည်ခရိုင်အတွင်းရှိ ရွှေပွင့်လန်းဘုရား အနောက်ဘက်ထားပြီး မြစ်ငယ်မြစ်နှင့် သုံးဆယ်နယ်တို့သည် မြောက်ဘက်တ ရှိကြသည်။

ဘော်နယ်ရှိ ဘော်(ငွေတွင်း)မှ တူးယူရရှိသော ဘော်(ငွေ)မှ ဘုရင့်ငွေတိုက်ဆ သို့ တစ်နှစ်လျှင် ဘော်လေးပိဿာဆက်သွင်းရသည်။ ၁၈၈၇ ခုနှစ်တွင် ရှောင်ဂ တောင်ကျောကို ကျောက်ဆည်ခရိုင်သို့ သွတ်သွင်းလိုက်သဖြင့် အခွန်တော် ၅၀၀၀ ကျ ဖြစ်သွားသည်။

အလောင်းစည်သူမင်းစတင် တည်ထောင်ခဲ့သော ဘော် (၄၄)ရွာသည် ၁၈ ခုနှစ်တွင် ၁၄ ရွာရှိသော ရှောင်ကဗွေတောင်ကျောဒေသကို ကျောက်ဆည်ခရိုင် သွတ်သွင်းပေါင်းစပ်လိုက်သဖြင့် နောက်ပိုင်းကာလတွင် ဘော် ၄၄-၁၄= ရွာဖြစ်သွားတော့သည်။




**င်းယငါးစီးရှင်ကျော်စွာလက်ထက် ဘော်နယ်**

ပင်းယတစ်စီးရှင်၏သား ငါးစီးရှင်ကျော်စွာလက်ထက်တွင် ဤငွေခွန်တော် က်ကျေးရွာများ ပျက်စီး နေသဖြင့် ပြန်လည်ထူထောင်သည်။ အကြီးအမှူး ယ်ရသူကိုလည်း ကိုးသိန်းရှင်ဘွဲ့ကို ပင်ပေးသည်။ နယ်မြေကိုလည်း ကိုးသိန်းရှင်နယ်မြေ ဟုခေါ်တွင်စေသည်။ ကိုးသိန်းရှင်ဖြစ်သူကို ငွေခွန်မှူးခန့်သည်။ စဉ်ဘော်ငွေစင် ၄ ပိဿာဆက်ရန်မလိုဘဲ။ ၂၅၀ ကျပ်သားသာ ဆက်စေသည်။ ိုးသိန်းရှင်ဖြစ်သူအား ငါးစီးရှင်ကျော်စွာက ဆင်ငယ်တစ်စီးပေးသည်။ င်ငယ်ချည်ရာအရပ်တွင် နေမှားက ရွာတည်ထောင်နေထိုင်ကြသည်။ ဆင်ငယ်ချည်ရွာဟု ခေါ်တွင်သည်။ ကဇက် ၅ ရွာစားဖြစ်သူ ဆင်ငယ်ချည်ရွာသူကြီးသမီး ရှင်ဒွေးလှစံကို စီးရှင်က မိဖုရား မြှောက်သည်။ ဖခင်သူကြီးက ပြာသိုလတွင် သန့်စင်ပန်း ပ်သောအခါ သမီးမိဖုရားထံ ပို့ရသည်။ မိဖုရားက ငါးစီးရှင်ထံဆက်ရသည်။ ်နှစ်တစ်ကြိမ်သန့်စင်ပန်း ၅ ထမ်းပို့ရသည်၊ ပန်းဖွား ၅ ထမ်းဟုခေါ်သည်။

ပန်းဖွားတစ်ထမ်းလျှင် အစည်းရေ ၁၀၀ ပါသည်။ တစ်စည်းလျှင်ပန်း ၁၂ ါသည်။ ပန်းတစ်ထမ်းလျှင် သန့်စင်ပန်းခိုင်ပေါင်း ၁၂၀၀ ရှိသည်။ ပန်း ၅ ထမ်းဖြစ်သဖြင့် င်ပန်းခိုင် စုစုပေါင်း ၆၀၀၀ ပါဝင်ပေသည်။

ဘော်နယ်မှတစ်နှစ်လျှင် သန့်စင်ပန်းခိုင် ၆၀၀၀ ဆက်ရသည်ဆိုသည်။

သန့်စင်ပန်း ၅ ထမ်းကို သယ်ယူသွားသောအခါ ရှေ့နောက်အစောင့်အကြပ် သယ်သွားရသည်။ သယ်ယူသွားသောအခါ စောင့်ကြပ်ရသူအကြီးအကဲကို ပန်းခေါ် ဟုခေါ်သည်။ ပင်းယငါးစီးရှင်ဘုရင်က ပန်းခေါင်းတို့ကို ပုဆိုးအင်္ကျီ ပေးသည်။ ရိ ဆန် ဆား ငါးပိလည်းပေးသည်။ ပန်းပို့သူတို့ မပြန်မချင်း ပင်းယနေပြည်တော် ဈေးအကြီး၊ ဈေးအငယ်တို့၌ ဟင်းချက်စရာ အသားငါးတို့ကို အကောက်အစားအ ကောက်ယူချက်ပြုတ် စားသောက်ခွင့်ကိုလည်းပေးထားသည်။

## အင်းဝမင်းဆက်မိုးညှင်းမင်းတရားလက်ထက် ဘော်နယ်

မိုးညှင်းမင်းတရားလက်ထက် ဘော် ၄၄ ရွာ ပျက်ပြားသွားပြန်၏။ ငွေခွန်ေ သား ခနတို့၊ တခြားမြို့ရွာများသို့ရောက်နေကြသည်။ ဆင်ငယ်ချည်ရွာ မိဖုရား၏မြေးဖြစ်သူ ဒေဝနရာကို ငွေခွန်မှူးခန့်လျက်ပြန်လည်ခေါ်ယူ စုစည်းခိုင်းသည် ခေါ်ယူ၍ရသမျှ ခနများဖြင့် ရွာ ၅ ရွာတည်ထောင်သည်။ ငွေခွန်တော် တစ်နှစ်ဘော်ငွေ ၄ ပိဿာဆက်ရသည်။ ငွေခွန်တော်သားတို့ကို မင်းမှုမင်းခင်းဆိုင်ရာတ တာဝန်ထမ်းဆောင်မခိုင်းရပေ။ စစ်လက်နက်ကိုင် တာဝန်လည်းထမ်းဆောင်ရန်မလိုေ တခြားရပ်ရွာများကဲ့သို့ သားရေ၊ လဲ၊ ဝါ၊ အုံတုံ၊ ဥသျှစ်၊ မီးသွေး၊ မြေဖြူ၊ သ ပျဉ်၊ ကြိမ်၊ ရှော်၊ ပွဲလျက်၊ ကျောက်ထု၊ သစ်ငင်၊ သစ်ခေါင်းထုတ်၊ တင်းကုတ်ပြ ဝင်းပြင်၊ ခြံလုပ် ဟူသော ဆက်သွင်းခြင်း၊ လုပ်ကိုင်ခြင်းများကို၊ ငွေခွန်တော်သား ဆက်မလုပ်ရပေ။ လွတ်ငြိမ်း ခွင့်ပေးထားသည်။

## ညောင်ရမ်းခေတ် ခနေမင်းနှင့် တနင်္ဂနွေမင်းလက်ထက်ဘော်နယ်

ခနေမင်းလက်ထက်တွင် ကျော်ဝန်နေမျိုးစည်သူဖြစ်ပြီး ဘော် ၄၄ ရွာ ငွေခွန်မှူး ၆ ဦးဖြစ်သည်။ တနင်္ဂနွေမင်းလက်ထက် ကျော်ဝန်သုံးဆက်ဖြစ်သော၊ လက်ဝဲနန္ဒသူရိယ လက်အောက်တွင် ဘော် ၄၄ ရွာ ငွေခွန်မှူးမှာ ငတုတ်ကြီးဖြစ်သည်။ တနင်္ဂနွေမ လက်ထက်၌ ပင်၊ ကျော်ဝန် မင်းရဲရွှေတောင်လက်အောက်တွင် **ငွေခွန်မှူးအောင်ထွန်း** ကျော်ဝန် နန္ဒသူရိယ လက်အောက်တွင် **ငွေခွန်မှူး** ဖေယျာတို့ဖြစ်သည်။ ထိုလက်ထ

များတွင် ဘော်ငွေစင် ၁၅ ပိဿာ ဆက်ရပြီး၊ ကျီဝန် ၁၅၀ ကျပ်သား၊ ငွေခွန်မှူး ၁၅၀ ကျပ်သား၊ စာရေးဖြစ်သူ ၇၅ ကျပ်သား ခံစားကြရသည်။

မြန်မာမင်းများနှင့် ဓနုလူမျိုးများ

မြန်မာမင်းများနှင့် ဓနုလူမျိုးတို့သည် ပုဂံခေတ်အစောပိုင်းကပင် ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ ပထမစည်သူဟု ခေါ်သောအလောင်းစည်သူမင်းသည် အရှေ့ဖက်နိုင်ငံများမှ ပြန်လာပြီး ရှမ်းပြည်နယ်တွင်းသို့ ရောက်သို့အခါ ယခင်က ဘော်(ငွေ)တူးရန် တာဝန်ချထားသော ဓနုများ နေထိုင်သည့်မြေ၊ လုပ်ကိုင်သည့်မြေများ ပေးထားပါလျက် ပေးသောနယ်မြေတွင်မရှိဘဲ တခြားအရပ်သို့ အခြေအနေ အမျိုးမျိုးဖြင့် ပြောင်းရွှေ့နေထိုင်ခြင်းကို တွေ့ရလေသည်။ ထိုအခါ အလောင်းစည်သူမင်းက ဓနုလူမျိုးများကို နေရာထပ်မံပေးအပ်ပြီးလျှင် စုစုစည်းစည်း နေထိုင်မှုဖြစ်အောင် ရွာသူကြီး (၄၄)ဦး ခန့်၍ ဘော်(ငွေ)ရွာကို ထူထောင်ပေးခဲ့သည်။

ဓနုလူမျိုးများသည် ပုဂံခေတ်ဦးဖြစ်သော အလောင်းစည်သူထက် ရှေးကျသောမင်းများ လက်ထက်၌ပင် ဤမြေလတ်ဒေသ၌ နေထိုင်ကြသူဖြစ်ကြောင်း အဖြေရှာ၍ရနိုင် ပါသည်။ ပုဂံခေတ်လွန်မြောက်၍ ပင်းယခေတ်ရောက်သောအခါ၌လည်း အိမ်ရှင်ကျော်စွာ က ဓနုအကြီးအကဲခန့်၍ ဓနုလူမျိုးတို့နေထိုင်သော အရပ်ဒေသကို အုပ်ချုပ်ရေးတာဝန် ပေးထားခဲ့သည်။ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း ပြုစုသော မြန်မာမင်းအမိန့်တော် များ အတွဲ(၁) နှင့် (၂)တို့တွင် ညောင်ရမ်းခေတ်၊ ပင်းတလဲမင်း၊ မင်းရဲကျော်ထင်၊ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီပါမင်းတို့လက်ထက်၌လည်း မင်းပွဲစိုးပွဲမှအစ ဓနု လူမျိုးတို့ ပါဝင်ဆင်နွှဲသည်။

အထူးသဖြင့် ညောင်ရမ်းခေတ် ပင်းတလဲမင်းလက်ထက် နေပြည်တော် အင်းဝ၌ ကျင်းပသော မင်းပွဲစိုးပွဲ အခမ်းအနားကြီးများ၌ အခြားလူများနှင့်အတူ ဓနုလူမျိုး အတီးအကများလည်း ပါဝင်ခဲ့ကြောင်း သက်သေကောင်းရှိပါသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ယခုရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ အနောက်ခြမ်းရှိ နယ်ငယ်အသီးသီးတွင် မြန်မာမင်းနှင့် ဓနုလူမျိုးတို့သည် ဆက်ဆံရေးကောင်းမွန်ကြောင်းကို ပင်းတယရွှေဥမင်ဘုရား၊ ဖားကက်နယ်ရှိ ရွှေအင်တောင်၊ ရွှေပန်းခွက်စသော ဘုရားသမိုင်းများတွင် ရင်းနှီးကောင်းမွန်သော ဆက်ဆံရေးရှိကြောင်းကို အထောက်အထားများ တွေ့နိုင်ပါသည်။ အထူးသဖြင့်

ဘိုးတော်မင်းခေါ် ဗဒုံမင်းလက်ထက် ရွှေဂူဘုရား ၂၃၀ ဆူကို တည်သောအခါ ဓနုလူမျိုး နေထိုင်သော နယ်မြေများဖြစ်သည့် ဘော်ဆိုင်း၊ တမဲ၊ ရွာငံ၊ မြို့ကြီး၊ သာမိုင်း ပင်းတယ စသည့်မြို့တို့တွင် တည်ထားခဲ့လေသည်။

ယခုအခါတွေ့ရှိရသော ဗဒုံမင်း၏ ရွှေဂူဘုရားစေတီများသည် မြန်မာမင်း ဓနုလူမျိုးတို့ ကောင်းသော၊ မွန်သော၊ မြတ်သော ဆက်ဆံရေး၏ မှတ်တိုင်များ သတ်မှတ်သင့်ပေသည်။

မြန်မာမင်းနှင့် ဓနုလူမျိုးတို့ ဆက်ဆံရေးသည် ပုဂံခေတ်ဦးမှစ၍ ကုန်းဘောင် အထိ ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း မှတ်တမ်းပြုထားပါသည်။

**ဘော်နယ်– မြို့ကြီးတွင် ကုန်းဘောင်ခေတ်၊ဗဒုံမင်းသည်–ရွှေဂူဘုရားတည်ထား**

ဗဒုံမင်းခေါ် ဘိုးတော်မင်း(ခရစ်နှစ် ၁၇၈၂–၁၈၁၉) သည်၊ သက္ကရာဇ် ၁၁၄ ခရစ်နှစ် ၁၇၈၃ တွင်၊ တစ်နိုင်ငံလုံး၌ ရွှေဂူပုထိုးဘုရားပေါင်း ၂၃၀ ကို တစ်ရက်တ တစ်ချိန်တည်း တည်စေ၏။

ထိုသို့တည်ရာတွင် ရှမ်းပြည်နယ်၌ ရွှေဂူ ၃၄ ဆူတည်၏။ ရွာငံတွင် ရွှေဂူမတ သော်လည်း၊ **ဘော် ၄၄ ရွာနယ် ဟုခေါ်သော ဘော်နယ်တွင် တစ်ဆူတည်** ဘော်နယ် ကိုအစထား၍ ဗဒုံမင်းရွှေဂူဘုရားတည်သော ရှမ်းပြည်နယ် မြို့/ရွာများ ဤသို့တွေ့ရ၏။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဘော်နယ်(ဘော် ၄၄ ရွာ) | ၉။ ညောင်ရွှေ* | ၁၇။ မိုးမိတ် | ၂၅။ မိုင်းလုံ | ၃၃။ ဟဲလုံ | |
| ၂။ ကိုးကျော့ငွေခွန်ရွာ | ၁၀။ တဘက် | ၁၈။ မိုင်းကိုင် | ၂၆။ မိုင်းလျှဉ်း | | (ဟိုပုံးမြို့ |
| ၃။ ကျိုင်းခမ်း | ၁၁။ တောင်ပိုင် | ၁၉။ မိုင်းခုံ | ၂၇။ လဲချား | | တောင်ဘ |
| ၄။ ကျိုင်းချိုင် | ၁၂။ နောင်မွန် | ၂၀။ မိုင်းစိတ် | ၂၈။ သာပိုင်းခမ်း | ၃၄။ အင်း ၄ | |
| ၅။ ကျိုင်းတောင်း | ၁၃။ ပွေးလှတပဲဆယ်ရွာ | ၂၁။ မိုင်းတုံ | ၂၉။ သီကျစ် | | {ခရစ်နှစ် |
| ၆။ ကျိုင်းတုံ | ၁၄။ ဘန်းယဉ်ရွာ | ၂၂။ မိုင်းပန် | ၃၀။ သီပေါ | | ၁၈၈၀ မှ |
| ၇။ ကျိုင်းသေ | ၁၅။ မိုးနဲ | ၂၃။ မိုင်းပွန် | ၃၁။ သိန္နီ | | အင်းလေး |
| ၈။ စကား | ၁၆။ မိုးဗြဲ | ၂၄။ မိုင်းပျဉ်း | ၃၂။ သုံးဆယ် | | ခေါ်တွင် |

ညောင်ရွှေ* ၊ (ညောင်ရွှေရှိ ရွှေဂူကျောင်းကို ရွှေဂူဘုရားကိုအစွဲပြု၍ခေါ်၏။)

(ကုန်းဘောင်ဆက်ရာဇဝင်၊ ပထမတွဲ၊ စာမျက်နှာ ၅၅၆–၅၅၇)

ဘော်နယ်ကို အုပ်ချုပ်ခဲ့သူများစာရင်းကို ညှိသို့တွေ့ရ၏

| စဉ် | အမည် | ဆယ်းသမယော်ပိဿာ | မှတ်ချက် |
|---|---|---|---|
| ၁ | ကိုးသိမ်ရှင် | ၄ ပိဿာ | ဘော်ငွေရှာ ပထမငွေခွန်မှူး |
| ၂ | သုဒေဝ | ၂၈ပိဿာ/နောင်အခါ ၄ပိဿာ | ငွေခွန်မှူးမြေး |
| ၃ | မောင်ဥက္ကာ | ၄ | |
| ၄ | မောင်တုပ် | ၄ | |
| ၅ | မောင်ကျော် | ၄ | |
| ၆ | မောင်လှဘော် | ၄ | |
| ၇ | မောင်ချစ်နိုင် | ၄ | |
| ၈ | မောင်ကြောင်း | ၄ | |
| ၉ | မောင်အင်ဖြိုး | ၄ | |
| ၁၀ | မောင်ပွဲ | ၇ | |
| ၁၁ | မောင်သာစည် | ၈ | |
| ၁၂ | မောင်ဖြူ | ၁၀ | |
| ၁၃ | မောင်ပေါ်ထင် | ၁၅ | |
| ၁၄ | မောင်ချွန်း | ၁၂ | |
| ၁၅ | မောင်ဩ | ၁၂ | မောင်ချွန်း၏သား |
| ၁၆ | မောင်တော | ၆၃၀၀ ကျပ် | |
| ၁၇ | မောင်ညိုလှိုင် | ၅၆၀၀ ကျပ် | ၁၅၏သား/၁၈၈၇ ခုနှစ် ငွေခွန်မှူး |
| ၁၈ | စောခွန်နောင် | | မောင်ညိုလှိုင်၏မြေး |

စောခွန်နောင်သည် ငွေခွန်မှူးဦးညိုလှိုင်၏ မြေးဖြစ်သည်။ အဖိုးသေသောအခါ ခွန်မှူးအဖြစ် အစိုးရက သတ်မှတ်ထားသော်လည်း အရွယ်မရောက်သေးပေ။ ာင်းကြီးမြို့၊ အ.ထ.က (၂)ဖြစ်သော ရှမ်းစော်ဘွားသားမြေး ကျောင်းတွင် ၁၉၂၃ မှ ၃၅ အထိ ပညာသင်ယူနေဆဲဖြစ်သည်။ စောခွန်နောင်ကျောင်းနေစဉ် ငွေခွန်မှူး ှိသော်လည်း ဘော်နယ်ကို ဦးတိုးနိုင်က အုပ်ချုပ်ရေးမှူးအဖြစ် အုပ်ချုပ်ပေးရသည်။

၎င်းနောက် ဦးမြတ်အုပ်ချုပ်ပေးသည်။ နောက်တစ်ကြိမ် စောလှဘော်

အုပ်ချုပ်ပေးသည်။ စောခွန်နောင်သည် ၁၉၃၇ ခုနှစ်ရောက်မှ ငွေခွန်မှူးအဖြ
ကိုယ်တိုင်အုပ်ချုပ် ထမ်းဆောင်သည်။

## ဓနုအများဆုံးနေသောနယ်– နမ့်ခုန်နယ်

**Gazetteer of Upper Burma and the Shan States, GUBSS Part**

**Vol.III, page 606-607**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မြေလတ်ခရိုင်အတွင်းရှိ နယ်ငယ်ကလေး တစ်ခုဖြစ်၏။ ၃.၉၆ စတုရန်းမိုင်ကျယ်၏။ မြောက်ဘက်နှင့်အရှေ့ဘက်တွ ပွေးလှနယ်နှင့် စပ်နေ၏။ တောင်ဘက်တွင် မြင်းမူတိုက် နယ်ရှိ၏။ အနောက်ဘ တွင် လှိုင်းတက်နှင့်မိတ္ထီလာနယ်ရှိကြသည်။

နမ့်ခုန်နယ်သည် မြက်တောဖုံးသော တောင်လှိုင်းများထနေသေ နေရာဖြစ်၏။ နွေအခါအလွန်ရေရှား၏။ ပွေးလှနယ်အတွင်းရှိ သုံးမိုင်ဝေးသေ ရေပုပ်ရွာသို့ နွေအခါ ရေသွားသယ်ဆောင်ကြရသည်။

နယ်ဟုခေါ်သော်လည်း ရွာတစ်ရွာတည်းသာဖြစ်၏။ နမ့်ခုန်ရွာ တောင်ဘက်တစ်ပိုင်း၊ မြောက်ဘက် တစ်ပိုင်းဟု နှစ်ပိုင်းခွဲကာထားသည်။ ၁၈ ခုနှစ်တွင် အိမ် ၄၁ အိမ်၊ လူဦးရေ ၂၁၀ ရှိသည်။ ငွေခွန်မှူးက အခွန်တော် ၁၈၃ ကျပ် ထမ်းဆောင်ရသည်။ နယ်ကလေးကကျဉ်းပင် ကျဉ်းသော်လည် လူမျိုးလေးမျိုး နေထိုင်ကြသည်။

**နမ့်ခုန်နယ်ရှိ လူဦးရေ (ဓနုအများဆုံးနေထိုင်)**

| | | |
|---|---|---|
| ဓနု | ၁၂၄.......... | ၅၉.၁ % |
| တောင်ရိုး | ၆၁.......... | ၂၉.၁ % |
| ပအိုဝ်း | ၁၅.......... | ၇.၁ % |
| ဓရဲရှမ်း | ၁၀.......... | ၄.၈ % |
| | ၂၁၀ | |

နမ့်ခုန်နယ်၏ သမိုင်းဟူ၍ မတွေ့ရပေ။ ၁၈၈၇ ခုနှစ်တွင် ဗြိတိသျှတပ်များ နမ့်ခုန်ကိုသိမ်းပိုက်သောအခါ၊ ရပ်စောက်တပ်များက ဝိုင်းထားကြ၏။ သို့သော် သေနတ်တစ်ချက်နှစ်ချက် ပစ်ရုံနှင့်ထွက်ပြေးသွားကြသည်။ နမ့်ခုန်ငွေခွန်မှူး အစဉ်အဆက်ကို အနည်းငယ်သာ ဤသို့သိရပါသည်။

| စဉ် | အုပ်စိုးသူ | အခွန်တော်ဆောင် | ခုနှစ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မောင်ဆုတောင်း | ၂ဝိ | – | – |
| ၂ | မောင်စံ | ၉ဝိ | ၁၇၈၃ | ၁၏သား |
| ၃ | မောင်ရွှေတုတ် | ၉ဝိ | ငွေခွန်မှူးခန့် | ၂၏သား |
| ၄ | မောင်ထွန်း | ၉ဝိ | ငွေခွန်မှူးခန့် | ၃၏သား |
| ၅ | မောင်ပြန် | ၁၈ဝိ | ၁၈၅၇ | ၄၏သား |

ထိုတွင်ဓနုဦးရေမှာ ၁၂၄ ဦးရှိသဖြင့် ဓနု ၅၉.၁% (၆ဝ%) နေသည် နယ်ဟုခေါ်၍ ရနိုင်စရာရှိပါသည်။ ဗဒုံမင်းလက်ထက်၁၇၈၃ ခုနှစ်တွင် အုပ်ချုပ်သူ၏ ရာထူးကို ငွေခွန်မှူးဟုခေါ်လျက်ခန့်စေသည်။ မင်းတုန်းမင်းလက်ထက် ၁၈၅၇ အထိ ပထမအုပ်စိုးသူအနွယ်များကိုသာ သိရှိရသည်။ ဗဒုံမင်းလက်ထက်မှစ၍ မင်းတုန်း + သီပေါမင်းတို့ လက်ထက်ထိ နမ့်ခုန်နယ်အုပ်စိုးသူ များကို ခန့်ခြင်းဖြစ်ပါ၏။ ငွေခွန်မှူးများသည် ဓနုများဖြစ်သည်။

# ဓနု ချည်းနေသောရွာများ – 1897

| | | | |
|---|---|---|---|
| တလာပင်ရွာ | – ဘော်နယ် | – ၄၂ အိမ် | လူ ၂၆ |
| ထီးလှိုင်ရွာ | – ဘော်နယ်အနောက်ပိုင်း | – ၃၇ အိမ် | လူ ၂၈ |
| ကျောက်ဂူပြင် | – ဘော်နယ် | – ၆၄ အိမ် | လူ ၃၀ |
| ကျောက်ထပ် | – အရှေ့တောင် (တောင်/မြောက်)ရွာ | – ၃၆ အိမ် | လူ ၂၂ |
| ယဖျင် | – ဘော်နယ် | – ၄၅ အိမ် | လူ ၁၉ |
| ရေချမ်းဖျင် | – ဘော်နယ် | – ၅၁ အိမ် | လူ ၂၄ |

**(ကျောက်ထပ်) အင်းနီ** — II.I 264 / 1897 / ကျောက်ထပ်၏အရှေ့တော မြောက်ရွာ /တောင်ရွာ ဟုရှိသည့်/ဓနု/တော (၃၆ အိမ်/ လူ ၂၂၄) ရှိသည်။

**ကျောက်ဂူဖျင်** — II,I 499 (1897) ခုတွင် ဘော်နယ်တွင်/ ၆၄ အိမ်/ လူ ၃၀၂ ရှိပြီး /ဓနုချည်းဖြစ်သည

**ထီးလှိုင်** — II,I 237 (1897) ခုတွင် ဘော်နယ်အနောက်ပို တွင် (၃၇ အိမ် – လူ၂၈၈) အားလုံးနေ့လူမျိုးမ ဖြစ်သည်။ တောင်ယာစပါး/နာနတ်/ဟင်းသီး ဟင်းရွက် စိုက်ပျိုးသည်။

**ယဖျင်(P.363) 1897** — ဘော်နယ်တွင်/ လူ ၁၉၄/ အိမ် ၄၅ ရှိပြီး/ မြို့ကြီးရွာ၏ တောင်ဘက် ၄ မိုင်အကွာတွင် သည်/ ဓနုအများဆုံးနေ ထိုင်သည်။

**ရေချမ်းဖျင် (P.397) 1897** — ဘော်နယ်တွင်/ လူ ၂၄၈/ အိမ် ၅၁/ ပအိုဝ်း ၁၂၈/ ဓနု ၁၂၀ /ရှိသည်။

**တလာပင်ရွာ** — ဘော်နယ်တွင်/လူ–၂၆၆/အိမ် ၄၂/ဓနု အများ နေထိုင်သည်။

# ရှမ်း ပြည် မြေ လတ် ဒေ သ စစ် တမ်း များ
# ၁၁၄၅ / ၁၁၆၄ - ဘော် -၄၄- ရှာ စစ် တမ်း

ပုရပိုက်မူရင်းအထောက်အထားပါသတ်ပုံအတိုင်းဖော်ပြပါသည်။

## ၄၅ ခုနှစ်– လွယ်အယ်ရွာ
## သက္ကရာဇ် ၁၁၄၅ ခု နှောင်းတန်ခူးလဆန်း ၆ ရက်နေ့
## ( ၁၇၈၄ ခု မတ်လ(၂၆)ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက်၊ (ဘုရားကျွန်တော်)/ လုံတီးရွာနေ ...ငွေခွန်မှူးငမှိန် နံ့၃ အသက် ၃၆ သူကိုမေးသော်ထွက်ဆိုသည်။

လွယ်(အယ်ငွေခွန်တော်)/ဆက်လူတို့ကို။ ကျွန်တော်ဘေးစိုမှူးကြီး ...ကော်ခံသည်မရှိလျှင်။ ဘိုးငခွန် မှူးကြီး(ကော်ခံသည်)/မရှိလျှင်။ ငပေါ်ကြာ ...ကြီးကော်ခံသည်။ မရှိလျှင် သားကျွန်တော်မှူးကြီးကော်ခံသည်။ ငွေခွန်တော် ...ဆ်/ဘန်ဆက်သွင်းထမ်းရွက်ရိုးမှာ။ ဟံသာဝတီရော့မင်းဘိုးတော်။ ခမည်းတော် ...သာဝတီရော့ မင်းလွှတ်/ ငါးပတ်ရေ ငွေခွန်တော်ဆက်ရိုး။ ဘုရားခမည်းတော် ...လောင်းမင်းတရားကြီးလွှတ်တော်က ဘုရား (ရွှေ)/ လွှတ်တော်တိုင် ခရုမှေး ...ခွန်တော် ၅ဝိ ဆက်ရပါသည်။ ငွေခွန်တော် ဆက်သည့်ကာလ ငွေ ၁(ဝိလျှင် ...စား...)/ ၁ိ ရော့ လက်ဆောင်ဖျင် ၂ စင်း။ ရေးစား ၂ˆ လက်ဆောင်ဖျင် ၁ ...း၊ အတွင်းရွှေတိုက် ထိန်းစား ၂ˆ တံခါး(...မှူး ပေးရိုး)/ ငွေခွန်တော်ဆက် ...တို့မှာ စစ်လွှက်ကိုင်ခန့်ထားမြဲမရှိ။ ငွေခွန်တော်ကိုသာ ဆော်ဘန်ဆက်သွင်း ...မ်းရွက်ရပါ) / သည်။ ငမှိန် အစစ်ခံတင်ဆက်သည့်စာရင်း

## ၄၅- ခုနှစ် ပင်မှီရွာ

### သက္ကရာဇ် ၁၁၄၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။

### (၁၇၈၃ ခု နိုဝဘာလ ၂၈ ရက်)

ငွေခွန်ဝန် ဝန်စု။ နန်းရိုးငွေခွန်တော်ဆက်ပင်မှီ (ရွာသူကြီး ငခဲ) အသက် ၄၀ သူကို မေးသော် ဆိုသည်။ ငွေခွန်တော်ဆော်ဘန် ဆက် ထမ်းရှက်ရသည်မှာ ဟံသာယာဝတီရော်မင်း၊ ခမည်းတော်လွှက်၊ ဟံသာဝတီ မင်းလွှက်၊ ဘုရားခမည်းတော်အ (လောင်း) မင်း တရားလွှက် နောင် မင်းတရားလွှက်ကသည်။ ယခုတိုင် ကျွန်တော် ငွေခွန်တော်ကို ဆက်(သွ ထမ်းရှက်ရပါသည်။

## ၆၄- ခုနှစ်ပင်မှီရွာ

### သက္ကရာဇ် ၁၁၆၄ ခု၊ နံယုန်လပြည့်ကျော် ၄ ရက်နေ့။

### (၁၈၀၂ ခု မေလ ၁၉ ရက်)

ငွေခွန်ဝန် ဝန်စု။ နန်းရိုးငွေခွန်တော်ဆက် ပင်မှီရွာ/ သူကြီးငခဲသား မြေ အစစ်ခံချက်။ ။ ပင်မှီ ငွေခွန်အစုသားတို့ လက်မကွာထိမ်းသိမ်းလုပ် ထမ်းရှက်နေထိုင်သည့် နယ်မြေသည်။ အရှေ့ကို နန်တိန် ရေချောင်း ငုံသုံမြေနှင့်အစပ်၊ အရှေ့တောင်ကို နန်လိတ်ချောင်းထိ။ ညောင်ရွှေစီရ နန်လိပ်ရွာမြေနှင့် အစပ်၊ တောင်ကိုဘက်တူပိုင် (ကျော်) /ခါး။ နတ်သားရုပ်ကျော် ၃ ဆုံ ညောင်ရွှေမြေစပ်၊ အနောက်တောင် ကို ဈေးကုံးညောင်ပင်။ တော(င် လုံးနန်း)/မြေစပ်။ အနောက်ဥာဏ်ပင်စည်လမိုင်းရွာမြေစပ်၊ အနောက်မြောက အင်းဝန်ချောင်းဆုံ အဝန်ရွာမြေစပ်၊ မြောက်ကို နန့်တိမ်ရေချောင်းထိ၊ ငုံသုံရွ မြေနှင့်အစပ်၊ အရှေ့မြောက်ကို ကုလားရေ ချောင်းဆုံ ငုံသုံရွာမြေနှင့်/ အစ နယ်ဂရပ်အတွင်း၊ ကုန်လှရွာ၊ အင်းဝန်ရွာ၊ တန်တားဦးရွာ၊ ညောင်အုပ်ရွာ ကျော်တံခါးရွာရှိပါသည်။

## ၄၅-ခုနှစ် လွယ်အုံရွာ

သက္ကရာဇ် ၁၁၄(၅) ခု၊ နတ်တော်လဆန်း ၁၂ ရက်နေ့
(၁၇၀၃ ခု ဒီဇဘာ်လ ၅ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက် လွယ်အံ့ရွာ (ကြော)/ ငရွှေခိုင်နှ
ငှ အသက် ၇၈ နှစ်သူကို မေးတော်ဆိုသည်။ ။
ငွေခွန်တော်ဆက်သွင်းထမ်းရွက်ရိုးမှာ/ ဟံသာဝတီရော် မင်းဘိုးတော်လွှက်၊
ဟံသာဝတီရော် ခမည်းတော်လွှက်၊ ဟံသာဝတီရော်မင်း/ လွှက်။ ခမည်းတော်
ခလောင်းမင်းတရားလွှက်၊ နောင်တော်မင်းတရားလွှက်ကာသည်၊ ယခုတိုင်
ငွေခွန်(တော်)/ကိုဆက်သွင်းထမ်းရွက်ရပါသည်။

## ၆၄ ခု လွယ်အုံရွာစစ်တမ်း

သက္ကရာဇ် ၁၁၆၄ ခု ပဋ္ဌမဝါဆိုလွှန်း ၁၅ ရက်နေ့၊
(၁၈၀၂ ခု ဇွန် ၁၄ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက် လွယ်အံ့ရွာ (ကြော)/
...ကြီးငရွှေမင်း နံ ၄ အသက် ၂၁ နှစ် သူကို မေးသော်ထွက်ဆိုချက်။
ကျွန်တော်အုပ်ချုပ်ထိန်း(သိမ်း)/ ရသည့် နယ်မြေသည် အရှေ့ကိုလားသော်
...င်းရှုပင် သစ်စည်ထိ၊ တဘက်သာမိုင်းခန်းမြေနှင့်အစပ် အရှေ့တောင်ကိုလားသော်
...တွင်းထိ တဘက်သာမိုင်းခန်းမြေ။ မြင်းမထီး မြေနှစ်မြေနှင့် ကြောခိုင်း။
...တင်(အ)/လား ရေတကျူးတွင် ချောင်းထိ၊ တဘက်ငွေခွန်ဆက် မြင်းမထီး
...နှင့်အစပ်၊ အနော်တောင်ကိုအလား(ဆင်)၊ တောင်၊ တောင်ညိုကြီးထိတဘက်
...ရင်ငွေခွန်ဆက် ၉ ကြော့မြေနှင့်အစပ်၊ အနော်ကို အလားကျော် နှ(င့်)/
...သာထိတဘက် ငွေခွန်ဆက်၉ ကြော့မြေနှင့်အစပ်၊ အနော်မြော်ကို
...ကားကျားခြေကုန်ထိ၊ တဘက်..... မြေနှင့်ကြောခိုင်း၊ မြော်ကိုအလား
...နှင့်ချောင်းဦးရေဝင် ကော်ကော်စင်းစင်းတဘက် သရဲမြေနှင့်အစပ်။ အ (ရှေ့)
...ကို နတ်အင်းထိတဘက် သူရဲမြေသာမိုင်းခန်းမြေနှင့် အစပ်၊ နယ်ဂရပ်အတွင်း
...ကျောင်းဘုရား ဝတ်မြေမရှိပါ

## သာမိုင်းခမ်း ၄၅ ခုနှစ်

## သက္ကရာဇ် ၁၁၄၅ ခု။ နတ်တော်လဆန်း ၁၂ ရက်နေ့။

## ( ၁၇၈၃ ခု ဒီဇဘာ် ၆ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရှိုးငွေခွန်တော်ဆက်သာမိုင်းခန်း ငွေခွန်(မှူး)/ ထံ၌ နံ ၄ ဟူး အသက် ၅၀ သူကို မေးသော်ဆိုသည်။ ။

ကျွန်တော်စိုးကြီးသည် နယ်မြေကား အရှေ့(ကို)/ တောင်စည်တော ထိဘော်နင်းမြေနှင့်အစပ်၊ အရှေ့ တောင်ကို ငုပ်ချောင်းထိ။ အင်း ၄ ရွာ သ ထောင်ဘုရားဝတ်မြေနှင့်အစပ်၊ တောင်ကို ဘီလူးချောင်းထိ သီကျစ်မြေနှင့် အစ အနောက်တောင်/ကို ပေါင်းလောင်းချောင်းထိမျည်/ နားမြေနှင့် အစပ်၊ အနောက် ဆင်တောင်ထိ၊ တောင်ညိုမြေနှင့်၊ အစပ် အနောက်မြောက်ကို ကျော်ပန်းန ကျော်မြို့မြေနှင့်အစပ်၊ မြောက်ကို ပင်နင်ပင်ကျော်ပုံထိ။ ကပဲ့မြေနှင့်အစပ် အရှေ့မြောက်ကို ကုလားသေချောင်းထိ။ ကပဲ့မြေနှင့်အစပ်၊ သတ်ဆိုသည့် နယ်အတွ နှောင်တော်မင်းတရား/ နှောင်တော်ဆင်ဖြူရှင်ဘုရား။ ဘုရားရွှေလက်တော်တို ငွေခွန်တော် ၂၁၃၀ ဆက်သရှိပါသည်။ ကျွန်တော်မှူးစုံ/ သာမိုင်းခန်။ ငုံသုံ သရဲနှောင်ရဲ။ နန်မြင့်တောင်ပိုကွဲ။ နန်ချည် သီတော်ဘောင်ဆိုင်။ နန်တိမ်လက်မိုး မြင်မထိ၊ အင့်ဝန်၊ ဘန်လုံနန်ကျည်။ ထန်ပေါင်။ မြေင်ဘန်ခွဲ။ ကြက်တယ် တောင်လား မြင်းတိုက်ရွာ ပေါင်း ၁၀ ကို မှူးအုပ်၍/ ငွေခွန်တော်ကို ဆက်သွ ထမ်းရွက်ပါရသည်။

## သာမိုင်းခမ်း ၄၅ ခုနှစ်

## သက္ကရာဇ် ၁၁၄၅ ခု။ နတ်တော်လဆန်း ၁၂ ရက်နေ့။

## ( ၁၇၈၃ ခု ဒီဇဘာ် ၆ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက်သာမိုင်းခန်း ငွေခွန်(မှူး)/ ဖြ
နံ ၄ ဟူး အသက် ၅၀ သူကို မေးသော်ဆိုသည်။ ။

ကျွန်တော်စိုးကြီးသည် နယ်မြေကား အရှေ့(ကို)/ တောင်စည်တော
ထိဘော်နင်းမြေနှင့်အစပ်၊ အရှေ့ တောင်ကို ငုပ်ချောင်းထိ။ အင်း ၄ ရွာ သ
ထောင်ဘုရားဝတ်မြေနှင့်အစပ်၊ တောင်ကို ဘီလူးချောင်းထိ သီကျစ်မြေနှင့် အစ
အနောက်တောင်/ကို ပေါင်းလောင်းချောင်းထိမျည်/ နားမြေနှင့် အစပ်၊ အနော
ဆင်တောင်ထိ၊ တောင်ညိုမြေနှင့်၊ အစပ် အနောက်မြောက်ကို ကျော်ပန်းန
ကျော်မြို့မြေနှင့်အစပ်၊ မြောက်ကို ပင်နင်ပင်ကျော်ပုံထိ။ ကပဲ့မြေနှင့်အစပ်
အရှေ့မြောက်ကို ကုလားသေချောင်းထိ။ ကပဲ့မြေနှင့်အစပ်၊ သတ်ဆိုသည့် နယ်အတွ
နှောင်တော်မင်းတရား/ နှောင်တော်ဆင်ဖြူရှင်ဘုရား။ ဘုရားရွှေလက်တော်တို
ငွေခွန်တော် ၂၁၃၀ ဆက်သရှိပါသည်။ ကျွန်တော်မှူးစုံ/ သာမိုင်းခန်။ ငုံသုံ
သရဲနှောင်ရဲ။ နန်မြင့်တောင်ပိုကွဲ။ နန်ချည် သီတော်ဘောင်ဆိုင်။ နန်တိမ်လက်မိုင
မြင်မထိ၊ အင့်ဝန်၊ ဘန်လုံနန်ကျည်။ ထန်ပေါင်။ ငမြင်ဘန်နွဲ။ ကြက်တယ
တောင်လား မြင်းတိုက်ရွာ ပေါင်း ၁၀ ကို မှူးအုပ်၍/ ငွေခွန်တော်ကို ဆက်သွင
ထမ်းရွက်ပါရသည်။

## သာမိုင်းခမ်း ၆၄ ခု စစ်တမ်း
## သက္ကရာဇ် ၁၁၆၄ ခု။ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့။
## (၁၈၀၂ ခုဇူလိုင် ၁၀ရက်။)

ငွေခွန်ဝန် ဝန်စု နန်းရှိုးငွေခွန်တော်ဆက် သာမိုင်းခန်း ၂၁ ရွာ/ကြေးသူကြီး ...လှပုံ နံ ၄ အသက် ၄၅ သူကိုမေးသော်ထွက်ဆိုသည်။။ နယ်မြေသည် ...ရှေ့ကို တောင်/ စည်တောင်ထိ ဘော်နင်မြေနှင့် အစပ်၊ အရှေ့တောင်ကို ...ဟ်ချောင်းထိ ရွှေသန်တောင်ဘုရားဝတ်/ တော်မြေနှင့်အစပ်။ တောင်ကို ...လူးချောင်း ထိ သီကျစ်မြေနှင့်အစပ်။ အနောက်တောင်ကို ပေါင်လောင်းချောင်းထိ/ ...နားမြေနှင့်အစပ်။ အနောက်ကို ဆင်တောင်ထိ၊ တောင်ညိုမြေနှင့်အစပ်။ ...နောက်မြောက်ကို ကျောက်ပန်နုထိ ကျောက်မြို့/ / မြေနှင့်အစပ်။ (မြောက်ကို) ...နှင့်ပင်ကျောက်ပုံထိကပဲ့ မြေနှင့်အစပ်၊ အရှေ့မြောက်ကို ကလားသေချောင်းထိ။ ...ပဲ့မြေနှင့်(အစပ်)/ နယ်ဂရပ်အတွင်းမြေကို လက်ရှိစီရင်ထိမ်းသိမ်းလုပ်စားနေထိုင် ...မ်းရွက်ရပါသည်။ ကျွန်တော်မှူးအုပ်ရသော ကျေးရွာမှာ သာမိုင်းခန်း၊ ငုံသုံ၊ ...ရဲ၊ နောင်ရဲ၊ နန့်မျည်၊ တောင်ပိုကွဲ၊ နန်ချည်၊ သီကော်၊ ဘောင်ဆိုင်၊ နန့်တိမ်/ ...က်မိုင်၊ မြင်းမထိ။အင်းဝန်၊ ဘန်လုံ၊ နန်လည်၊ ကန်ပေါင်၊ ငမြင်၊ ဘန်ကွဲ၊ ...ည်တည်/ တောင်လား၊ မြင်းတိုက်၊ သဲငိန် ၂၁ ရွာခေါင်းကို မှူးအုပ်စီရင်၍ ...ခွန်တော်ကို ဆက်သွင်းထမ်းရွက်ပါရသည်။

## မကွေးကြော ၄၅ ခု စစ်တမ်း

### သက္ကရာဇ် ၁၁၄၅ ခု။ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့။

### (၁၇၈၃ ခု မေ ၂၆ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက်မကွေးရွာ/ ကြောငအောင်ပန်း ၂ အသက် ၃၃ သူကို မေးသော်ထွက်ဆိုသည်။ ရွှေခွန်တော်ဆော်ဘန်ဆက်သွ ထမ်းရွက်ရိုးမှာ။ ဟံသာဝတီရော် မင်းဘိုးတော်။ ခမည်းတော် ဟံသာဝတီ မင်းလွှက်၊ ဘုရားခမည်း/ တော် အလောင်းမင်းတရားကြီးဘုရားလွှက်။ ဘု ရွှေလွှက်တော်တိုင်။ ရွှေခွန်တော်ကို ဆော်ဘန်ဆက်သွင်းထမ်း/ရွက်ရပါသည်

## မကွေ ၆၄ ခု စစ်တမ်း

### သက္ကရာဇ် ၁၁၆၄ ခု။ ပဌမဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့။

### (၁၈၀၂ ခု ဇွန်လ ၂၈ ရက်)

မကွေကြော့သူကြီး ငထွေအောင်ချက်။ မကွေ/ နယ်မြေအရှေ့ကို လွယ် ဘုရားကုန်းထိ။ တဘက်လွယ်အံ့ ငွေခွန်မြေနှင့်အစပ်။ အရှေ့တောင်ကို အုပ်နဲ့ပင်ထိ၊ တဖက်သာမိုင်းခန်း စီရင်စု မြင်းမထိမြေနှင့် အစပ်၊ တောင်ကိုတေ ပွားတောင်ထိ/ တဘက်တောင်လားမြေနှင့် အစပ်။ အနောက်တောင်ကို ဆင်တောင်ထ တဘက်ကရင်တောင်ညို ၉ ကြော့/ မြေနှင့်အစပ်၊ အနောက်ကို မြစ်သာချောင်းထ တဘက်ကရင်တောင်ညို ၉ ကြော့မြေနှင့် အစပ်၊ အနောက်မြောက်ကို / ရေဖြူဆုံထိတဘက်ပေါစင်မြေနှင့်အစပ်။ မြောက်ကို ဘားလောင်တောင်ထ တဘက်ကျော်မြို့ပေါစင်မြေနှင့် / အစပ်။ အရှေ့မြောက်ကို အင်းကြီး၊ နတ်တံတား တောင်မကွေချောင်းဆုံ သပြေပင် ၃ ခွထိ တဘက်သရဲမြေနှင့်/ အစပ်။ နယ် ရပ်အတွင်း။ မြေကို လက်မကွာ။ ထိန်းသိမ်း၍ ရွှေခွန်တော်ကို ဆက်သွင် ထမ်းရွက်ပါရသည်။

ဘော်စုံ(ဆုံ) ရွာ ၄၅ ခု စစ်တမ်း
သက္ကရာဇ် ၁၁၄၅ ခု။ ပြာသိုလဆန်း ၄ ရက်နေ့။
(၁၇၈၃ ခု ဒီဇင်ဘာလ ၂၆ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက် ဘော်စုံရွာကြော ငငွေ)/ နံ ၄ အသက် ၃၄ နှစ် သူကို မေးသော်ထွက်ဆိုသည်။ ဘော်စုံရွာ ငွေခွန်တော် ဆက်သွင်းထမ်းရွက်/ ရိုးမှာ ဟံသာဝတီရော်မင်းဘိုးတော် ခမည်းတော် ဟံသာဝတီ ရော်မင်းလွှက်။ အလောင်းမင်းတရား// ကြီးလွှက်ဘုရား ရွှေလွှက်တော်တိုင် ခွန်တော် ဆော်ဘန်ဆက်သွင်းထမ်းရွက်ရပါသည်။

## ဘော်စုံ(ဆုံ) ဗိ၄ ခုနှစ် စစ်တမ်း

## သက္ကရာဇ် ၁၁၆၄ ခု။ ပဌမဝါဆိုလဆန်း ၅ ရက်နေ့။

## (၁၈၀၂ ခုနှစ်ဇူလိုင်လ ၄ ရက်)

ဘော်စုံကြောင်ပွေး၊ တောနွဲ့ကြောင်ဖိုးတို့ အစစ်ခံချက်/ ဘော်စုံတောနွဲ ငွေခွန်အစုသားတို့ နယ်မြေသည်။ အရှေ့ကို ကျော်ပုံတောင်ရိုး သရက်ခေါင်ပွားပုတ်/ လုတ်သန္တာတောင်တဘက် ညောင်ရွှေစီရင်စု စင်ချောင်မြေနှင့် အစပ်။ အရှေ့တောင်ကို ဥာဏ်/ ပင်စည်အုတ်မှင်တဘက် ညောင်ရွှေစီရင် ဟဲသင်မြေနှင့်အစပ်၊ တောင်ကို မြေချား သစ်စည်သီခေါင်မြေ/ နှင့်အစပ် အနောက်တောင်ကို မြေသုံးဆုံးမိုးကောင်တောင်တဘက် သီခေါင်။ ပွေးလှမြေနှင့် အစပ်၊ အနောက်ကို/ အုံတုံပင် သစ်စည်ကုန်းရိုးသပြေပင် ကျော်ချမ်းအင်းပဏ်လက် ထားသွေးဆူရစ် ညောင်ပင်။ ညောင်ပင်စည်/ တဘက်တမဲ ၁၀ ရွာ။ နန်ပလံမြေ ပင်ဇှာယမြေနှင့်အစပ်။ အနောက်မြောက်ကို ပုပ္ပါးရေတွင်းညောင်ပင်စု၊ ကျော်ချ ကျိုင်ဆန်ရေတွင်း ဝက်ခေါင်းတောင်။ ပင်တယမြေနှင့်အစပ်။ မြောက်ကိုနွင်တောင် နန်ပါကင်ရေထွက်/ ကျော်ပေါ ညောင်ကိုင်းရွာဟောင်း၊ ရော်စော်မြေနှင့်အစပ် အရှေ့မြောက်ကို တောင်ပေါင်ချောင်းဟူရဲသရက်ပင်/လှ။ အောင်ခဲကျော်ပုံတဘက် ညောင်ရွှေမြေနှင့်အစပ်။ နယ်ဂရုပ်အတွင်း ဘော်စုံတောနွဲ ငွေခွန်အစုသားတို့ လုပ်စားနေထိုင် ထိမ်းသိမ်းစီရင်ရသည်။ နယ်မြေဖြစ်ပါသည်။ ဘော် အဝင်စီရင်စုကျေးရွာပါ ၂ ရွာ ၁

## ကပ္ပဲ ၄၅ ခု စစ်တမ်း
## သက္ကရာဇ် ၁၁၄၅ ခု။ နတ်တော်လဆန်း ၉ ရက်နေ့။
## (၁၇၈၃ ခု ဒီဇင်ဘာ ၂ ရက်)

ငွေခွန်ဝန် ဝန်စု ကပ္ပဲရွာကြော့ ကျော နံ့ ၆ အသက် ၆ နှစ်/ သူကို မေးသော်ထွက်ဆိုသည်။ ။ ငွေခွန်တော်ကိုဆက်သွင်းထမ်းရွက်ရိုးမှာ ဟံသာဝတီရော်မင်း/ ခမည်းတော်လွှက် ဟံသာဝတီရော် မင်းလွှက် ဘုရားခမည်းတော် အလောင်းမင်းတရားလွှက်ကသည်/ ရွှေလွှက်တော်တိုင် ငွေခွန်တော်ကို ဆက်သွင်းထမ်းရွက် ရပါသည်။

# ကပ္ပဲရွာ ၆၄ ခုနှစ် စစ်တမ်း

## သက္ကရာဇ် ၁၁၆၄ ခု။ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့။

## (၁၈၀၂ ခု ဩဂုတ်လ ၁၉ ရက်)

ငွေခွန်ဝန် ဝန်စု နန်းရိုးငွေခွန်တော်ဆက်ကပ္ပဲရွာ/ကြေးသူကြီး ငအောင်
နံ ၁ အသက် ၃၁ သူကို မေးသော်ထွက်ဆိုသည်။

ကပ္ပဲရွာနယ်မြေသည်/ အရှေ့အလား ကုံရိုးတောင်တန်း။ရေဝေထင်းရှူးပင်ထိ
တဘက်ညောင်ရွှေမြို့နှင့် အစပ်။ အရှေ့/ တောင်ကိုလားသော် ကုလား သေချောင်
ယုံဖြူအင်းထိ၊ တဘက် ညောင်ရွှေမြေနှင့်အစပ်။ တောင်ကို/ အလား
အင်းယူပကြာနီကံ။ ကျော်ပုံကြီးထိ တဘက်သာမိုင်းခန်း။ အနောက်တောင်အလား
ဟိုမာမြေ..../ / နန့်ဟူရေလွှယ်မယ်နတ်အင်းထိ၊ တဘက်လွယ်အံ့ မြေနှင့်အစပ်
အနောက်ကိုအလား။ နွယ်ရှက်နေထွက် နေဝင်ကျော် ၂ ပေါ် ကျော်တွင်းထိ
တဘက်ပေါ်ခံကျော်မြို့ငွေခွန်မြေ နှင့်အစပ်။ အနောက်မြောက်ကိုလား/ သော်
သရဖ္ဖာနပင်မောင်နှမစေတီကုန်း၊ ငှက်ကြီးရှိုက်။ နွားမြီးချပ်ထိ။ တဘက်နန်
မြေနှင့်အပ်။ မြောက်/ကိုအလား ဥာဏ်သစ်စည်ပင်ထိ။ တဘက်မြင်းကွင်းမြေနှင့်အစပ်
အရှေ့မြောက် ကိုအလား။ ကျမ်းပို/ တောင်။ စကားပင်ရေပြက်ကြီးတောင်ထိ
တဘက်တမဲရွာ မြေနှင့်အစပ်။ နယ် ၄ ရပ် ဂရပ်အတွင်း/ ငွေခွန်တော်
ဆောင်ဘန်ဆက်သွင်းထမ်းရွက်ပါရသည်။

## နန့်ခုံ(နမ့်ခုံ) ၄၅ ခု စစ်တမ်း

### သက္ကရာဇ် ၁၁၄၅ ခု။ ပြာသိုလပြည့်ကျော် ၁၅ ရက်နေ့။

### (၁၇၈၄ ခု ဇန်နဝါရီလ ၂၁ ရက်)

ငွေခွန်ဝန် ဝန်စု၊ နန်ရိုးငွေခွန်တော် ဆက်/ နန့်ခုံကြော့ငစံ ၃၆ အသက်
၅၅ နှစ်သူကို မေးသော်ထွက် ဆိုသည်။ ။ ငွေခွန်တော်ကို ဆော်/ ဘန်ထမ်းရွက်ရိုးမှာ။
ဟံသာဝတီရော်မင်းဘိုးတော်။ ဟံသာဝတီရော် မင်းခမည်းတော်/ ဘုရားခမည်းတော်
အလောင်းမင်းတရား။ နောင်တော် ဆင်ဖြူရှင်ဘုရားလွှက်ကသည် ယခုတိုင်
ငွေခွန်/တော်ကို ဆက်သွင်းထမ်းရွက် ရပါသည်။

## နန့်ခုံ(နမ့်ခုံ) ရွာ ၆၄ ခု စစ်တမ်း

### သက္ကရာဇ် ၁၁၆၄ ခု။ ဝါခေါင်လဆန်း ၁၅ ရက်နေ့။

### (၁၈၀၂ ခု ဩဂုတ်လ ၁၃ ရက်)

နန်ရိုးငွေခွန်တော်ဆက် နန့်ခုံရွာကြော့သူကြီးငွေ/ တုတ် နံ ၅ အသက်
၂ သူကို မေးသော်ထွက် ဆိုသည်။ ။ ငွေခွန်တော်ဆက်လူတို့ လုပ်စား
ထိန်သိမ်း/ စီရင်စု နန့်ခုံရွာနယ်မြေစုဖြစ်သည်။ အရှေ့ကို လားသော်
ချနှောင်းပင်မြောင်းကျော့ရပ်ကျော့ ၃ လုံးထိ/ တဘက်တမဲ ၁၀ ရွာမြေနှင့်အစပ်။
အရှေ့တောင်ကို လားသော်ဆုံလည်စည်ကျပ်နယ်ပုံ ယုန်ဖြူကုန်သေချောင်း/
တဘက်နန့်သွန်မြေနှင့် အစပ်၊ တောင်ကိုလားသော် ဝက်ပုတ်ရေတောင်ပို့ ၃
လုံး။ နဂါးပွက်အင်း ယုယတောင်/ ချောင်းရိုးမှင်ထိတဘက် လွယ်အုံမြေနှင့်အစပ်။
အနောက်တောင်ကိုလားသော် သစွေသံလျှင်ပင် စခန်းကြီးထိ/ တဘက်လှိုင် တက်မြေ
နှင့်အစပ်။ အနောက်လားသော် ကျော့တင်ကျော့ရပ်တောင်ပန်တွင် ချောင်းထောင်ထိတ/
ဘက်လှိုင်းတက်မြေနှင့်အစပ်၊ အနောက်ကိုလားသော်။ ခုံတံခါးတောင် သူရဲလေးသိန်း
တော်ရေအိုတောင်တန်း/သည်ကြီးရေကျထိ။ တဘက်ကျော့ကူးလေးရွာ အဝင်
လှလုမြေနှင့်အစပ်။ မြော်ကိုလားသော် မြင်းကျချောင်းကော့/ ကော်စင်းစင်း
နိမ်းမရဲတောင်ထိ။ တဘက်ကျော့ကူ လေးရွာ မြင်းတွင်နယ်မြေနှင့်အစပ်။
အရှေ့မြော်ကိုလား/ သော်ဥုပ်တောင် ဉာဏ်သစ် စည်ပင်ကျော့ရပ်ထိ။ တဘက်
ချင်းတွင်း( မြေနှင့်) အစပ် နယ် ၄ ရပ် ဂရပ်သတ်ဆိုသည်//

## လွယ်အယ် ၄၅ ခု စစ်တမ်း

### သက္ကရာဇ် ၁၁၄၅ ခု။ နှောင်းတန်ခူလဆန်း ၁၀ ရက်နေ့။

### (၁၇၈၄ ခုမတ်လ ၃၀ ရက်)

ငွေခွန်ဝန် ဝန်စု၊ နန်ရိုးငွေခွန်တော်ဆက်။ ညောင်ရွှေမြို့ရွာ လုံပ/ရွာ ငွေခွန်မှူး ငမိုန် နံ ၃ အသက် ၃၆ နှစ် သူကိုမေးသော်ထွက်ဆိုသည်။ ။ လွယ်အယ်ငွေခွန်တော်ဆက်သွင်း/ ထမ်းရွက်ရိုးမှာ ဟံသာဝတီ ပါမင်းဘိုးတော် ခမည်းတော်ဟံသာဝတီရော်မင်းလွှက်။ အလောင်းမင်း/ တရားကြီးလွှက်ကသည် ဘုရားရှေ့လွှက်တော်တိုင်။ ငွေခွန်တော်ကိုဆက်သွင်းထမ်းရွက်ပါရသည်။

# ၁၁၄၅ ခုနှစ်၊ ဘော် ၄၄ ရွာ စစ်တမ်းများ

| နယ် | ရာထူး | နေရပ် | အမည် | အသက် | စစ်တမ်းကောက် နှစ်/ရက်စွဲ | အုပ်ချုပ် ရွာစု |
|---|---|---|---|---|---|---|
| …ွယ်အဲ | ငွေခွန်မှူး | လုံတီးရွာ | ငမှိန် | ၃၆ | နှောင်းရှူး+၆(၁၁၄၅) ၂၆.၃.၁၇၈၄ | |
| …င်မို | သူကြီး | ပင်မို | ငခဲ | ၄၀ | တော်+၅(၁၁၄၅) ၂၈.၁၁.၁၇၈၃ | |
| …င်မို | သူကြီး | ပင်မို | ငမြတ်စံ | | ယုန်-၄(၁၁၆၄) ၁၉.၅.၁၈၀၂ | ၆ ရွာ |
| …ွယ်အဲ | ကြေး | လွယ်အံ | ငရွှေခိုင် | ၇၈ | တော်+၁၂(၁၁၄၅) ၅.၁၂.၁၇၈၃ | |
| …ွယ်အဲ | ကြေးသူကြီး | လွယ်အံ | ငရွှေမင်း | ၂၀ | ပဆို+၁၅(၁၁၆၄) ၁၄.၆.၁၈၀၂ | - |
| …ာမိုင်းခမ်း | ငွေခွန်မှူး | သာမိုင်းခမ်း | ငဖြူ | ၅၀ | တော်+၁၂(၁၁၄၅) ၆.၁၂.၁၈၀၂ | ၁၀ ရွာ |
| …ာမိုင်းခမ်း | ကြေးသူကြီး | သာမိုင်းခမ်း | ငရွှေပုံ | ၄၅ | ဒုဆို+၁၁(၁၁၆၄) ၁၀.၇.၁၈၀၂ | ၂၀ ရွာ |
| …ကွေ | ကြေး | မကွေ | ငအောင် | ၃၃ | ၁၁၄၅ | |
| …ကွေ | ကြေးသူကြီး | မကွေ | ငထွေးအောင် | | ၁၁၆၄ | |
| …ာ်စုံ | ကြေး | ဘော်စုံ | ငရွှေ | ၃၄ | ၁၁၄၅ | |
| …ာ်စုံ | ကြေး | ဘော်စုံ | ငပွေး | | ၁၁၆၄ | ၂ ရွာ |
| …ာနွဲ့ | ကြေး | တောနွဲ့ | ငဖိုး | | | |
| …ပဲ့ | ကြေး | ကပဲ့ | ငကျား | ၆ | ၁၁၄၅ | |
| …ပဲ့ | ကြေးသူကြီး | ကပဲ့ | ငအောင်ပုံ | ၃၀ | ၁၁၆၄ | |
| …မ့်ခုံ | ကြေး | နမ့်ခုံ | ငစံ | ၄၅ | ၁၁၄၅ | |
| …မ့်ခုံ | ကြေးသူကြီး | နမ့်ခုံ | ငရွှေတုတ် | ၃၂ | ၁၁၆၄ | |
| …ယ်အယ် | ငွေခွန်မှူး | လုံပ | ငမှိန် | ၃၆ | ၁၁၄၅ | |

## ဘော် ၄၄ ရွာတွင် ခနုလူမျိုးများကို တခြားလူမျိုးများနှင့် အတူပူးတွဲနေထိုင်လျက်တွေ့ရသောနယ်များ


| စဉ် | နယ်အမည် | ခနုဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ကျောက်ဂူ ၄ ရွာ | ၂၂၁၄ | ၅၉.၆၄ |
| ၂ | နမ့်ခဲ | ၁၅ | ၀.၂၅ |
| ၃ | နမ့်ခုန် | ၁၂၄ | ၅၉.၀၅ |
| ၄ | ပင်မို | ၆၂၈ | ၂၀.၀၈ |
| ၅ | ဘော် | ၅၂၉၃ | ၈၀.၀၉ |
| ၆ | ဘော်ဆိုင်း | ၁၄၁၀ | ၄၁.၇၇ |
| ၇ | ဘော်နင်း | ၄၀၈ | ၁၂.၄၇ |
| ၈ | လွယ်အဲ | ၂၈၁ | ၅.၁၄ |
| ၉ | သာမိုင်းခမ်း | ၁၁၂၆ | ၉.၃၂ |

## ကျောက်ဂူ (၄) ရွာ

(ခနုအများဆုံးနယ်) ၁၈၉၇ ခုနှစ်တွင် ရွာ ၃၄ ၊ အိမ် ၆၁၂ ၊ လူ ၃၇၁၂

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၇၄၇ | ၂၀. ၁၂ |
| ၂ | ခနု | ၂၂၁၄ | ၅၉. ၆၄ |
| ၃ | ဓနု | ၇၈ | ၂. ၁ |
| ၄ | ပလောင် | ၂၅၅ | ၆. ၈၇ |
| ၅ | ပအိုဝ်း | ၃၅၇ | ၉. ၆၂ |
| ၆ | ဗမာ | ၃၁ | ၀. ၈၄ |
| ၇ | ရှမ်း | ၃၀ | ၀. ၈၁ |
|  | စုစုပေါင်း | ၃၇၁၂ |  |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၆.၀၆ ဖြစ်၍ (၆)ယောက်မက နေ၏။





<u>ထက်ရှမ်း /ပိုင်း ၂/ တွဲ ၁ / မျက် ၅၃</u>

## ကျောက်ထပ်နယ်

(ခနအများဆုံးနယ်) ၁၈၉၇ ခုနှစ်တွင် ရွာ ၂၈ ၊ အိမ် ၄၂၀ ၊ လူ ၃၇၁၂

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၆၇၁ | ၃၂. ၃၈ |
| ၂ | ခနူ | ၁၀၄၀ | ၅၀. ၁၉ |
| ၃ | ပအိုဝ်း | ၃၃၅ | ၁၆. ၁၇ |
| ၄ | ဗမာ | ၁၀ | ၀. ၄၈ |
| ၅ | ရှမ်း | ၁၅ | ၀. ၇၂ |
| | စုစုပေါင်း | ၂၀၇၁ | |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၄.၉၃ ဖြစ်၍ ၅ ယောက်နီးပါး နေ၏။





<u>ထက်ရှမ်း /ပိုင်း ၂/ တွဲ ၁ / မျက် ၅၂၇</u>

## နမ့်ခုံနယ်

(ဓနု အများဆုံးနယ်)၁၈၉၇ ခုနှစ်တွင် ရွာ ၂ ၊ အိမ်၄၁ ၊ လူ ၂၁၀

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၆၁ | ၂၉.၀၅ |
| ၂ | ဓနု | ၁၂၄ | ၅၉.၀၅ |
| ၃ | ဓရဲ | ၁၀ | ၄.၇၆ |
| ၄ | ပအိုဝ်း | ၁၅ | ၇.၁၄ |
| | စုစုပေါင်း | ၂၁၀ | |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၅.၁၂၁၉၅ ဖြစ်၍ ၅ ယောက်သာသာနေ၏





<u>ထက်ရှမ်း /ပိုင်း ၂/ တွဲ ၂ / မျက် ၆၀</u>

# ပင်မှီနယ်

(ပအိုဝ်း အများဆုံးနယ်) ၁၈၉၇ ခုနှစ်တွင် ရွာ ၃၄ ၊ အိမ် ၆၁၂ ၊ လူ ၃၀၂၇

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၂၈၁ | ၈. ၉၉ |
| ၂ | ဓနု | ၆၂၈ | ၂၀. ၀၈ |
| ၃ | ဓနော့ | ၁၃၆ | ၄. ၃၅ |
| ၄ | ပအိုဝ်း | ၁၇၂၇ | ၅၅. ၂၇ |
| ၅ | ဗမာ | ၆ | ၀. ၁၉ |
| ၆ | ရှမ်း | ၂၂၅ | ၇. ၂ |
| ၇ | အင်းသား | ၇၀ | ၂. ၂၄ |
| | စုစုပေါင်း | ၃၀၇၃ | |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၅.၁၀၉၄ ဖြစ်၍ ၅ ယောက်သာသာနေ၏





ထက်ရှမ်း /ပိုင်း ၂/ တွဲ ၂ / မျက် ၇၄၂

## ဘော်နယ် (ဘော် ၄၄ ရွာနယ်)

(ခနု အများဆုံးနယ်) ၁၉၉၇ ခုနှစ်တွင် ရွာ ၇၀ ၊ အိမ် ၁၄၂၁ ၊ လူ ၆၆

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ခနူ | ၅၂၉၃ | ၈၀. ၀၉ |
| ၃ | ပလောင် | ၂၀၄ | ၃. ၀၉ |
| ၄ | ပအိုဝ်း | ၃၄၅ | ၅. ၂၂ |
| ၅ | ဗမာ | ၄၆၂ | ၆. ၉၉ |
| ၆ | ရှမ်း | ၃၀၅ | ၄. ၆၂ |
| | စုစုပေါင်း | ၆၅၀၉ | |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၄.၆၅ ဖြစ်၍ ၅ ယောက်နီးပါးနေ၏။





ထက်ရှမ်း /ပိုင်း ၂/ တွဲ ၂ / မျက် ၂

## ဘော်ဆိုင်းနယ်


(ခနု အများဆုံးနယ်) ၁၈၉၇ ခုနှစ်တွင် ရွာ ၃၉ ၊ အိမ် ၆၉၈ ၊ လူ ၃၃၇၆

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၉၆၅ | ၂၈. ၅၈ |
| ၄ | ခနူ | ၁၄၁၀ | ၄၁. ၇၇ |
| ၅ | ပအိုဝ်း | ၉၈၅ | ၂၉. ၁၈ |
| ၆ | ဗမာ | ၆ | ၀. ၁၈ |
| ၇ | ရှမ်း | ၆ | ၀. ၁၈ |
| ၈ | တရုတ် | ၄ | ၀. ၁၂ |
| | စုစုပေါင်း | ၂၄၀၇ | |

တစ်အိမ်တွင် လူဦးရေ ပျှမ်းမျှ ၄.၈၃၆၆၇ဖြစ်၍ ၅ ယောက်နီးပါးနေ၏။




ထက်ရှမ်း /ဝိုင်း ၂/ တွဲ ၂ / မျက် ၂၃၉



ဓနုရိုးရာဓလေ့ သံပုတ်စင်

## ဘော်နင်းနယ်

(တောင်ရိုး အများဆုံးနယ်) ၁၈၉၇ ခုနှစ်တွင် ရွာ ၃၀၊ အိမ် ၇၉၇ ၊ လူ ၃၂၇၂

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၁၃၃၆ | ၄၀. ၈၃ |
| ၂ | ဓနု | ၄၀၈ | ၁၂. ၄၇ |
| ၃ | ဓနော | ၁၂၇ | ၃. ၈၈ |
| ၄ | ဓရဲ | ၂၀၂ | ၆. ၄၈ |
| ၅ | ပအိုဝ်း | ၆၂၀ | ၁၈. ၉၈ |
| ၆ | ဗမာ | ၁၂ | ၀. ၃၇ |
| ၇ | ရှမ်း | ၁၅၉ | ၄. ၈၆ |
| ၈ | အင်းသား | ၃၉၇ | ၁၂. ၁၃ |
| | စုစုပေါင်း | ၁၅၃၉ | |

တစ်အိမ်တွင် လူဦးရေ ပျမ်းမျှ ၄.၁၀၅ဖြစ်၍ ၄ယောက်ခန့်နေ၏။





ထက်ရှမ်း /ပိုင်း ၂/ တွဲ ၂ / မျက် ၂၃၆

# လွယ်အယ်နယ်

(ပအိုဝ်း အများဆုံးနယ်) ၁၈၉၃ ခုနှစ်ကွင်း ရွာ ၈၇၊ ကိုက်နယ် ၅ [illegible]


| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ကရင်ခေါင်းတို | ၁၇၂ | ၃. ၁၄ |
| ၂ | တောင်ရိုး | ၈၂၀ | ၁၄. ၉၉ |
| ၃ | ဓနု | ၂၈၁ | ၅. ၁၄ |
| ၄ | ဓနော့ | ၆ | ၀. ၁၁ |
| ၅ | ပအိုဝ်း | ၃၇၆၂ | ၆၈. ၇၆ |
| ၆ | ဗမာ | ၁၂၈ | ၂. ၃၄ |
| ၇ | ရှမ်း | ၂၅၃ | ၄. ၆၂ |
| ၈ | အင်းသား | ၄၉ | ၀. ၉ |
| | စုစုပေါင်း | ၅၄၇၁ | |



## သာမိုင်းခမ်းနယ်

(တောင်ရိုး အများဆုံးနေယ်) ၁၈၉၃ ခုနှစ်တွင် ရွာ ၂၀၃၊ အိမ် ၂၅၇၅ ၊ လူ ၁၂၀၈၁

| စဉ် | လူမျိုး | ဦးရေ | နယ်လူထု၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တောင်ရိုး | ၅၀၁၇ | ၄၁. ၅၃ |
| ၂ | ဓနု | ၁၁၂၆ | ၉. ၃၂ |
| ၃ | ဓနော | ၄၈၆ | ၄. ၀၂ |
| ၄ | ဓရဲ | ၅၃၄ | ၄. ၄၂ |
| ၅ | ပလောင် | ၁၀၄ | ၀. ၈၆ |
| ၆ | ပအိုဝ်း | ၄၄၈၃ | ၃၇. ၁၁ |
| ၇ | ဗမာ | ၆၂ | ၀. ၅၁ |
| ၈ | ရှမ်း | ၁၅၃ | ၁. ၂၇ |
| ၉ | အင်းသား | ၁၁၆ | ၈. ၉၆ |
| | စုစုပေါင်း | ၁၂၀၈၁ | |




ယက်ရှမ်း /ပိုင်း ၂/ တွဲ ၁ / မျက် ၁၆၉

# ဝနအများဆုံးနေထိုင်သော နယ်များ

၁။ကျောက်ဂူ ဘေးရွာနယ် ဝန ၂၂၁၄ ဖြစ်၍ နယ်လူထု၏ ၅၉.၆၄ ရာခိုင်နှုန်းရှိ၏။ ဒုတိယ အများဆုံး တောင်ရိုးမှာ ၂၀.၁၂ ရာခိုင်နှုန်း သာရှိ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၁ / မျက် ၅၃

၂။ ကျောက်ထပ်နယ် ဝန ၁၀၄၀ဖြစ်၍ နယ်လူထု၏ ၅၀.၁၉ ရာခိုင်နှုန်းရှိ၏။ ဒုတိယအများဆုံးတောင်ရိုးမှာ၃၂.၃၈ ရာခိုင်နှုန်း သာရှိ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၁ / မျက် ၅၂

၃။ နမ့်ခုံနယ် ဝန ၁၂၄၇ဖြစ်၍ နယ်လူထု၏ ၅၉.၀၅ ရာခိုင်နှုန်းရှိ၏။ ဒုတိယအများဆုံးရှမ်းမှာ ၂၉.၀၅ ရာခိုင်နှုန်း သာရှိ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၂ / မျက် ၆၀

၄။ ဘော်နယ် ဝန ၅၂၉၃ ဖြစ်၍ နယ်လူထု၏ ၈၀.၀၉ ရာခိုင်နှုန်းရှိ၏။ ဒုတိယအများဆုံးဗမာမှာ ၆.၉၉ ရာခိုင်နှုန်း သာရှိ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၁ / မျက် ၂၁

၅။ ဘော်ဆိုင်းနယ် ဝန ၁၄၁၀ ဖြစ်၍ နယ်လူထု၏ ၄၁.၇၇ ရာခိုင်နှုန်းရှိ၏။ ဒုတိယအများဆုံးပအိုဝ်းမှာ၂၉.၁၈ ရာခိုင်နှုန်း သာရှိ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၂ / မျက် ၂၃

## မနုလူမျိုးသာနေသော မနုရွာ (၄) ရွာ

တခြားလူမျိုးမရှိဘဲ၊ မနုလူမျိုးတစ်မျိုးတည်းသာနေသော ရွာများ ကိုတွေ့ရ၏။ နုရွာလေးရွာကို ဤသို့တွေ့ရ၏။

### ကျောက်ဂူပြင်ရွာ(ဘော်နယ်)

၁၈၉၇ ခုနှစ်တွင်၊ အိမ် ၆၄ ၊ လူ ၃၀၂ ၊ တစ်အိမ်လျှင် လူဦးရေ ၄.၇၁၈၇၅ ်၍ တစ်အိမ်တွင် (၅)ယောက်နီးပါးနေ၏

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၁ / မျက် ၄၉၉

### ထီးလှိုင်ရွာ (ဘော်နယ်)

၁၈၉၇ ခုနှစ်တွင်၊ အိမ် ၆၇ ၊ လူ ၂၈၈၊ တစ်အိမ်လျှင် လူဦးရေ ၇.၇၈၃၇၈၃၇ဖြစ်၍ စ်အိမ်တွင် (၈)ယောက်နီးပါးနေ၏

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၁ / မျက်၂၃၇

### ဒလပင်ရွာ (ဘော်နယ်)

၁၈၉၇ ခုနှစ်တွင်၊ အိမ် ၄၂ ၊ လူ ၂၆၆ ၊ တစ်အိမ်လျှင် လူဦးရေ ၅.၆၅၉၅၇၄၄ ်၍ တစ်အိမ်တွင် (၆)ယောက်နီးပါးနေ၏

### သိမ်ကုန်းရွာ (ဘော်နယ်)

၁၈၉၇ ခုနှစ်တွင်၊ အိမ် ၄၈ ၊ လူ ၂၉၁ ၊ တစ်အိမ်လျှင် လူဦးရေ ၆.၀၆၂၅ ်၍ တစ်အိမ်တွင် (၅)ယောက်သာသာနေ၏။

ထက်ရှမ်း / ပိုင်း ၂ / တွဲ ၃ / မျက် ၂၈၈

ဓနုလူမျိုးမိသားစု တစ်စုတွင် လူဦးရေမည်မျှရှိတတ်ကြောင်းမှာ

(၅)ယောက်နီးပါး (ကျောက်ဂူပြင်ရွာ)

(၆)ယောက်နီးပါး (ဒလပင်ရွာ)

(၆)ယောက်နီးပါး (သိမ်ကုန်းရွာ)

(၈)ယောက်နီးပါး (ထီးလှိုင်ရွာ) တို့ဖြင့် အကဲဖြတ်နိုင်၏။

ဤဓနုလူမျိုးတစ်မျိုးတည်းသာနေသော လေးရွာစလုံးသည် ရှေးက ဘော်ဂူ ရွာဟူ၍ အုပ်ချုပ်ရေးနယ်မြေ ခေါ်သော ဘော်နယ်အတွင်း၌တွေ့ရ၏။

ဘော်နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြေလတ်ဒေသ (ယခုတောင်ကြီး ခရိုင်အနောက်မြောက်ပိုင်း) တွင် ရှိ၏။

**ရှေးခေတ်ဟောင်း ဟဲဟိုး နယ်အုပ်ချုပ်ရေး**

ကလောမြို့နယ် အောင်ပန်းမြို့မှ အရှေ့ဘက်ပိုင်းသို့ ကား၊ ရထားဖြင့် ခရီးဆက်မည်ဆိုလျှင် ဟဲဟိုးချိုင့်ဝှမ်း လွင်ပြင်ထဲက ဟဲဟိုးမြို့ကို ရောက်နိုင်လေသည်။

ဟဲဟိုးအမည်အခေါ်အဝေါ်သည် ရှမ်းစကားဖြစ်သည်။ ရှေးအခါက ရှမ်းလူမျိုး နွားကုန်သည်များ စခန်းချရပ် နားခဲ့သည့်နေရာ (အရပ်)ကို ခေါ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြသည်။

ရှမ်းဘာသာ – ဟဲ ၊ မြန်မာ – စခန်း

ရှမ်းဘာသာ – ပိုး ၊ မြန်မာ – နွား

အဓိပ္ပါယ်မှာ ရှမ်းဘာသာ ရှမ်းစကားဖြင့် "ဟဲပိုး"သည် မြန်မာစကားဖြင့် "နွားစခန်း"ဟု ရလေသည်။ နောင်သော အခါမှ မူလရှမ်းစကား "ဟဲပိုး"မှ "ဟဲဟိုး"ဟု ခေါ်တွင်လာကြောင်း သိခဲ့ရသည်။

မြို့အမည်ကို အကြောင်းပြု တည်တန့်နေသလား မပြောတတ်ပေ။ ဤဟဲဟိုးမြို့ ဈေးနေ့ ဈေးရက်များတွင် လည်း ကျွဲ၊ နွားများကို စနေတိုင်ထား၍ ရောင်းဝယ်ကြသည်။

ဟဲဟိုးမြို့ကား အစိုးရ စိုက်ပျိုးကွင်း စိုက်ပျိုးခင်းများနှင့် လေကောင်း လေသန့်ရသည့် မြို့ငယ်လေး တစ်ခု ဖြစ်သည်။ ရန်ကုန်မှတောင်ကြီးသို့။ တောင်ကြီးမှ ကျိုင်းတုံ၊ တာချီလိတ်သို့။ တောင်ကြီးမှ မန္တလေးမြို့နှင့် လားရှိုးမြို့အထိ လေယာဉ်ဖြင့်

သွားလိုလျှင် ဤဟဲဟိုးမြို့မှာ လေယာဉ်ကွင်းရှိလေသည်။

## ရှေးခေတ်ဟောင်း ဘော်ဆိုင်းနယ်အုပ်ချုပ်ရေး

မြေလတ်ဒေသရှိ ဘော်ဆိုင်းနယ်သည် စတုရန်းမိုင် ၄၀ကျယ်၍ ငွေခွန်းမှူး အုပ်ချုပ်ရာမြေဖြစ်သည်။ မြောက် ဘက်တွင် ရပ်စောက်နယ်၊ အရှေ့ဘက်တွင် ညောင်ရွှေနယ်၊ တောင်ဘက်တွင် ပွေးလှနယ်၊ အနောက်တွင် ပင်းတယ နယ် ဆက်စပ်လျက်ရှိသည်။ နယ်တွင်း၌ ချောင်းမရှိပေ။ ၁၈၉၇ ခုနှစ်တွင် (၁)ဓနု ၁၄၁၀ (၂)တောင်ရိုး ၉၆၅ (၃)ပအိုဝ်း ၉၈၅ (၄) ရှမ်း ၆ (၅) မြန်မာ ၆ (၆) တရုတ် ၄ ။ ပေါင်း ၃၃၇၆ ဦး နေထိုင်သည်။ နယ်တွင်း၌ ၂၉ ရွာ၊ ၆၉၈ အိမ်သည် နှစ်စဉ် အခွန် ၂၄၉၈ ကျပ် ဆောင်ရသည်။

မိုးညှင်းမင်းတရားသည် ဘော်ဆိုနှင့် ကျောက်ထပ်ရွာမြေများ၌ ခဲကျောက် ပါကြောင်း ရွှေနားတော်ကြားလေသည်။ အေဒီ ၁၄၂၆ တွင် မိုးကောင်းဒေသသား မောင်မှူနွယ်၊ မောင်မှူသီးတို့ကို ကျွမ်းကျင်သူလုပ်သား ၄၀နှင့် စေလွှတ်သည်။ သားစုများလည်း ခေါ်လာသည်။ ထိုနေရာတွင် စတင်နေထိုင်ကြသည်။ မောင်မှူနွယ် ဘော်ဆုံ၌ နေထိုင်သည်။ မောင်မှူသီး ကျောက်ထပ်၌ နေထိုင်သည်။ မှူနွယ်သေသောအခါ များက အုန်းခိုင်ကို အုပ်ချုပ်ရန် ရွေးကြသည်။ ထို့နောက်မောင်ပွဲ အုပ်ချုပ်သည်။ ၁၈၄ ခုနှစ်တွင် မောင်ပွဲကို ငွေခွန်မှူးအဖြစ် စတင်ခန့်ထားသည်။ သူ့နောက် ငွေ ခွန်မှူးများမှာ ညီဖြစ်သူ မောင်ကျော်၊ မောင်ကျော်၏သား မောင်ဝိုင်း၊ မောင်းဝိုင်း၏ သားမောင်ညွှန့်။ မောင်ဝိုင်း၏ သားငယ် မောင်ကြာရွက်။ မောင်ကြာရွက်သည် ၁၈၇၈ နှစ်တွင် ငွေခွန်မှူးဖြစ်သည်။ နယ်ရှင်တို့သည် ၁၈၄၈အထိ နှစ်စဉ် ငွေတော် ၁၂ကျပ်ခွဲ ခွန်ဆောင်ရသည်။ ထိုမှစ၍ တနှစ် ၆၀ကျပ် ဆောင်ရသည်။ ၁၈၅၇ သို့ရောက်သော ခါ ငွေ ၅၀၀ကျပ် စတင်ဆောင်ရသည်။ ၁၈၈၅တွင် ၁၆၀၀ကျပ် ဆောင်ရလေသည်။ ထိုသို့ ဝင်ရောက်သော နှစ်တွင်ပင် နယ်တွင်းအိမ်ခြေအားလုံး မီးကြောင့်ပျက်စီးသည်။ က ငွေတွင်းမှ တစ်နေ့လျှင် ငွေကျပ် ၅၀၀ ဘိုး ခန့်ထွက်သည်ဆိုသည်။ ဗြိတိသျှတို့ ဆက်မြန်မာပြည်သို့ သိမ်းစတွင် ပို့ဆောင်ရောင်းချစရာအခြေအနေ ရပ်ဆိုင်းသောကြောင့် ထွက်မရှိ ဖြစ်နေသည်။

ကုန်းဘောင်ခေတ်တွင် ဓနုလေးသည်ကျော်များကို ဓနုနှင့် ရှမ်းဒေသတို့တွင် ချုပ်ရန် ခန့်ထားအုပ်ချုပ်စေသည်ကို လည်း တွေ့ရှိရပေသည်။

သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် ရာဇမဏိစူဠာဒါယကာ သာလွန်မင်းတရားကြီ လက်ထက် အစုအဝန်းကို စစ်သိမ်းတော် မူရာတွင် ညောင်စောက်သွေးသော ငှသားတို့ကို ပေးသည့်မြေကားကံကြီးရွာကိုလုပ်မြေနေမြေလျှင် ချထားတော် မူသည် ကံကြီးရွာ မြေကား အရှေ့ကိုလားသော်တောင်ညိုတန်း တဘက်ရှမ်းလေးရပ်မြေနှ အစပ်၊ တောင်ကိုလားသော် မြေပုတက်မြို့မြေနှင့်အစပ်၊ အနောက်ကိုလားသော ကုက္ကိုကုန်း တဘက်ပုတက်မြို့မြေနှင့်အစပ်၊ မြောက်ကိုလား သော် ချောင်းတဘက် မတ္တရာမြို့မိအိတ်စံတိုင်နက်မြေနှင့်အစပ် နယ်လေးရပ်သပ်၍ လုပ်မြေတကိုက်လျှင် ပယ်ကျ လူ ၃၀ ကျော်သားတို့ကို ပေးတော်မူသည်။ ဘုရား ၂ ချောင်း ၂ ကျော အိမ်အခွန်အတုတ်မရှိ ညောင်စောက်သား တို့ကိုလေးမှူး၊ ဓနုစန္ဒာကို ခန့်ထား အုပ်သိမ်းစီရင်သည်။

ကန်ကြီးရွာမြေကား အရှေ့ကိုလားသော် ခိုတောင်တဘက်တွင် ဆင်မြေနှင့်အစပ် တောင်အလားကား ကျောက်စရစ်ကန်တဘက်တွင် ဆင်မြေနှင့်အစပ်၊ အနောက် အလားကား ပုံမဲဇာပင်ကြီးတဘက်စုသားတို့ မြေနှင့်အစပ်၊ မြောက်ကိုလားသော် တောတ်တောတဘက်ကုံရွာ ငမွေတိုင်နယ်သင်စုမြေနှင့်အစပ်၊ နယ်လေးရပ်တွင် လုပ်မြေအ အခြောက်လယ်ပယ်၄၅ပယ် ၂ စိတ်ရှိပါသည်။ အရပ်ရပ် လေးသား တို့ကိုလည် ဝင်းမှူးတို့ကို ကွဲပြားစုအပ်တော်မူသည်။ အင်ထောင်သာလေးငါးစို့ လေ့မှူးဇွယ်ပယူတ နှင့် လူ ၅၀၀၀ တွင် လေးမှူး ဓနုစန္ဒနှင့် လူ ၅၀၀ မြို့ဟောင်လေးမှူး ငစံဝင်း နှင့်လူ ၁၀၀၊ အင်တိုင်လေးမှူး ငညွန့်နှင့်လူ ၈၀၀၊ ညောင်အုပ်လေးမှူး ငညွန့်နှင့်လူ ၁၀ သားတို့ကို ရှေ့ဝင်းမှူး ဇေယကာမဏိကျော်ထင်ကိုအပ်သည်။

ခဲတင်လေးမှူး အိန္ဒမနုနှင့်လူ ၁၅၀ သာဝတ္တိလေးမှူး ဓနုနှင့်လူ ၁၅၀ သာဝတ္တိလေးမှူး ဓနုသီဟနှင့်လူ ၃၀၀၊ မြေထဲလေးမှူး ငရာနှင့်လူ ၁၀၀၊ ကန်ကြီးလေးမှူ ရာဇဓနုနှင့်လူ ၁၀၀၊ ရန်ခွင်းလေးမှူး ဓနုသူရကျော်နှင့်လူ ၁၄၀သား တို့ကို လက်ျာဝင်းမှူ မဏိဇေယသကြွန်ကို အပ်တော်မူသည်။

ရဲခေါင်လေးမှူး ဓနုစက္ကနှင့် လူ ၂၀၀၊ ကာမလေးမှူး ငစံထင်နှင့် လူ ၁၀၀ ဘိုးခေါင်လေးမှူး မဏိဒေဝနှင့် လူ ၁၀၀၊ ပြည် ၄စု၅ခေါင်း၊ ရွှေထောင်ငထွန်းနှင့် လူ၅၀ ကန်စို့လေး ၅၀၊ နတ်စက်စို့လေး ၅၀၊ မြို့လေး ၁၀၀သား တို့ကို ဓနုကျော်စွာနှ နတ်တွင်ကျစု ငအိတ်နှင့် လူ၁၀၀၊ တောင်တိုက်လေးမှူး ငရွှေထွန်းနှင့် လူ၅၀ သာ တို့ကို လက်ဝဲဝင်းမှူး နေမျိုးကာမဏိကျော်ထင်ကို အပ်တော်မူသည်။[၁]

လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ကျော်က ဓနု၊ တောင်ရိုး၊ အင်းသား တို့နေထိုင်ကြသည့် ရှမ်းပြည်နယ်၏ နယ်ပေါင်း ၂၇ တွင် ဓနုလူမျိုးများကို ဟခြားလူမျိုးများနှင့် အဝတ္ထုပူးတွဲနေထိုင်လျက် တွေ့ရသော နယ်မြေများဖြစ်သည်။

**<u>ရှေးခေတ်ဟောင်း သာမိုင်းခမ်း မြို့ပြုအုပ်ချုပ်ရေး</u>**

ကျိုး၊ ပွေးလှ

ရမည်းသင်း၊ — **သာမိုင်းခမ်း** — ဘော်နင်း၊ ညောင်ရွှေ၊

ညောင်ရွှေ၊ လွယ်မော၊ လွယ်အဲ

**<u>ထက်ရှမ်း /ပိုင်း ၂/ တွဲ ၁ / မျက် ၁၆၉</u>**

**သာမိုင်းခမ်းနယ်အတွင်းရှိ တောင်ထိပ်များ**

| | | |
|---|---|---|
| လွယ်ရတောင်ထိပ် | (ဓရဲတိုက်နယ်) | - ၅၅၃၂ ပေ |
| မြင်ခတောင်ထိပ် | (လွယ်အန်တိုက်နယ်) | - ၅၃၂၃ ပေ |
| ရွှေမင်းပုန်းတောင်ထိပ် | (မကွေတိုက်နယ်) | - ၅၀၆၆ ပေ |
| ဆင်တောင်ထိပ် | (မြင်းတိုက်နယ်) | - ၆၀၂၂ ပေ |

သာမိုင်းခမ်း = သာ - ဆာ (သာယာ)။ မိုင်း - ပြည်(မြို့ရွာ၊ ခမ်း= ရွှေ ာယာရွှေပြည်မြို့ဟု ခေါ်ဆိုနိုင်သည်

ရှေးသာမိုင်းခမ်းနယ်ကြီး၏အကြောင်းက အစဉ်အလာအားဖြင့် ပုဂံခေတ် ာပါသည်။ ပုဂံမင်း အလောင်းစည်သူ (ခရစ်နှစ် ၁၁၁၃-၁၁၆၃)လက်ထက်မှာ န်မာနိုင်ငံအောက်ပိုင်းမှာ မနေချင်၍ အိမ်ထောင်စုတစ်ရာလောက်သည် ယခုသာမိုင်း ်းနယ်မြေသို့ ခရစ်နှစ် ၁၁၃၈ ခုနှစ်မှာ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ၎င်းတို့သည် ာဝတီ(ပဲခူး)တောင်ဘက်မှာ စစ်ဘေး၊ အငတ်ဘေးကြုံ၍ ပြေးလာတဲ့သူတွေ ်သည်။ ဦးစီးခေါင်းဆောင်လုပ်သူက ထွန်းရှိ ဟုခေါ်သည်။ သာမိုင်းခမ်းမြေကို ရောက်ပြီး ;)ထွန်းရှိ ကရွာ(၁၉)ရွာတည်ပါသည်။

အလောင်းစည်သူမင်းလက်ထက် ထွန်းရှိကတည်သော ရွာ ၁၉ ရွာ

| | |
|---|---|
| ၁။ မြောင်ကြက်တဲ | ၁၁။ နမ့်လိမ် |
| ၂။ ငုံးသို | ၁၂။ ပေါင်ဆိုင်း |
| ၃။ တောင်ပို့ကွဲ | ၁၃။ ဘမ့်နွဲ့ |
| ၄။ တောင်လား | ၁၄။ ဘမ့်လုံ |
| ၅။ တန်ဘောင်း | ၁၅။ မြင်းတိုက် |
| ၆။ ဒရဲ(သူရဲ) | ၁၆။ မြင်းမထိ |
| ၇။ နောင်ရဲ | ၁၇။ လမိုင်း |
| ၈။ နမ့်ချင်း | ၁၈။ သီတောက် |
| ၉။ နမ့်ဒိန် | ၁၉။ အင်းဝန်း |
| ၁၀။ နမ့်နိုင်း | |

ခရစ်နှစ် ၁၁၉၃ တွင် နရပတိစည်သူ(၁၁၆၈–၁၂၁၁)ရောက်ရှိလာပြ သာမိုင်းခမ်းဟု သမုတ်ခဲ့သည်။ ဘမ့်နွဲ့ရွာ(ဘမ့်ပွေး)မှ မိုင်ဝက်ကွာအင်းလယ်၌ စခန်းချ ရွှေပန်းတောင်ထိပ်မှာ ဘုရားတည်သည်။ **ထွန်းရှိ** က နယ်သား အိမ်ထောင်စုထံ တစ်မတ်စီရွေးကောက်ပြီး ဆက်သငွေ ၂၅ိ/ဆက် (အိမ် ၁၀၀) ရှိသည်။ မင်းကြီးက **ထွန်းရှိ**ကိုမိန့်သည်မှာ "သင်တို့နေရာအလွန်လှပသာယာသည်" ဟု မိန့်ပြီး သာမိုင်းခမ်းဟု အမည် ခေါ်တွင်စေသည်။ **ထွန်းရှိ**၏ အနွယ်သည် ညောင်ရမ်းခေတ်၊ တနင်္ဂနွေမင်း လက်ထက် **၁၇၂၄** သက္ကရာဇ် ၁၀၈၆ အထိ နယ်စားလုပ်သည့် လှဦးဆိုသူကို ဘာသွဲ့နဲ့ အမည်မတပ်ဘဲ အုပ်ချုပ်စေသည်။သာမိုင်းခမ်းနယ်ကို အုပ်ချုပ်ခဲ့သူများများ–

(၁) မောင်ဖြူ၊ ခရစ်နှစ် ၁၇၅၉၊ အလောင်းမင်းတရားလက်ထက်။

(၂) မောင်ရွှေပုံ (၁၈၀၇–၁၈၂၅) ပဒုံမင်းနှင့် ဘကြီးတော် မင်းလက်ထက်။

(၃) မောင်ရွှေအေး (၁၈၂၅–၁၈၃၄) ဘကြီးတော် မင်းလက်ထက်။

(၄) မောင်ရွှေမည်း (၁၈၃၄–၁၈၄၂) ဘကြီးတော်နှင့် သာယာဝတီမင်းလက်ထက်။

(၅) မောင်ရွှေအေး (၁၈၄၂–၁၈၄၇) သာယာဝတီမင်းနှင့် ပုဂံမင်းလက်ထက်တွင် တီကျစ်မြို့စား မောင်တိုက်က သာမိုင်းခမ်းပိုင်နက်ထဲမှ နမ့်တိမ်း၊ ဘမ့်လုံ၊ မြင်းမထိ၊

လမိုင်း၊ သီဇကာက်၊ အင်းဝန်း၊ အောင်ပန်း တိုက်နယ်ပေါင်း (၇)နယ်ကို တိုက်ယူလုယက်သွား၏။ အောင်ပန်းသည် ကုန်းဘောင်ခေတ် ၁၈၄၂ တွင် သမိုင်းမှတ်တမ်းတဲသို့ ထင်ထင်ရှားရှား စတင်ပေါ်လာ၏။ ၂၀၁၃ ခုနှစ်ကွင် ရေးနှစ်ပေါင်း ၁၇၁ နှစ်ကြာက မှတ်စရာအောင်ပန်း အကြောင်းဖြစ်ပြီး မှတ်တမ်းတွင် မတွေ့ရသေးသော်လည်း အောင်ပန်းသည် အလောင်း မင်းတရားလက်ကပင် ရွာသိမ်၊ ရွာငယ်မဟုတ်ဘဲ တိုက်နယ်ရွာကြီးဖြစ်နေပေပြီဟု ပြောနိုင်ပေ၏။ အလောင်းမင်းတရားလက်ထက်သည် ရေးနှစ်ပေါင်း ၂၁၆နှစ် အကြာက ဖြစ်၏။ အောင်ပန်းအကြောင်းကို သာမိုင်းခမ်း အကြီးအကဲများ လက်ထက်များမှ ရှာဖွေထုတ်ယူနေရပါ၏။

၆။ မောင်ရွှေမဲ (၁၈၄–၁၈၄၈) ပုဂံမင်းလက်ထက်ဖြစ်၏။ မောင်ရွှေမဲက သီကျစ်မြို့စား မောင်တိုက်လုယူသွားသော နယ်များကို ပုဂံမင်းထံ လျှောက်ထားသဖြင့် အောင်ပန်းအုပ်စုနယ်များကို သာမိုင်းခမ်းက ပြန်လည်ရရှိ၏။

(၇) မောင်ရွှေမင်း ( ၁၈၄၉–၁၈၆၇) ပုဂံမင်းနှင့် မင်းတုန်းမင်းလက်ထက်။ -

(၈) မောင်လင်း (၁၈၆၇)။

(၉) မောင်သာဦး။

(၁၀) မောင်ကြည် ။

(၁၁) မောင်ရွှေမင်း (၁၈၇၆–၁၈၈၆) မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက်လွန်စ၊ ၁၈၈၀ ခုနှစ်တွင် သီပေါမင်းက နမ့်တိမ်း၊ မြင်းမထိ၊ လမိုင်း၊ သီတောက်၊ ဘမ့်လုံ၊ အင်းဝန်း ၊ အောင်ပန်း နယ်တို့ကို သီကျစ်မြို့စား ခွန်ညာသို့ ပေးထားခဲ့ရာ မောင်ရွှေမင်းက ပြန်သိမ်း ပိုက်၏။

(၁၂) မောင်ဖိုး (၁၈၈၆) ဗြိတိသျှလက်ထက်၊ ဤသို့ သာမိုင်းခမ်းကို အုပ်ချုပ်သူများကို လေ့လာဆန်းစစ်ကြည့်လျှင် အောင်ပန်းနှင့်ဆိုင်သော ကုန်းဘောင်ခေတ်သမိုင်း အစအနတွေကို သိနိုင်၏။ သာမိုင်းခမ်းအကြီးအကဲ မောင်ရွှေမည်းက အောင်ပန်းအပါ အဝင် နယ် (၇)နယ်သည် ဗဒုံမင်းလက်ထက် ၁၇၈၃ ခု စစ်တမ်း၊ ၁၈၀၂ ခု စစ်တမ်းတွင် ပါဝင်ကြောင်းဖော်ပြပြီး သီကျစ်မြို့စား တိုက်ယူသွားသော နယ် (၇)နယ်ကို ပြန်တောင်း၍ ရခဲ့၏။ အောင်ပန်းသည် ၁၇၈၃ ခုနှစ် စစ်တမ်း၊ ၁၈၀၂ ခုနှစ်၊ စစ်တမ်းဝင်မြို့ရွာများ ဖြစ်နေကြောင်း သိရ၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၃၀အကြာက စစ်တမ်းဝင် မြို့ရွာဟု အခိုင်အမာ ပြောစရာရပါသည်။

နရပတိစည်သူ၏ မိဖုရားငယ် **မယ်ယ** သေသည်/ ရာကြည့်တောင်ကို အပိုင်ပေးသည်။ ရှင်မယ်ယ၏ ဝန်းကျင်ရွာများ၌ ရှင်မယ်ယ နတ်စင်တွေရှိသည်။ ပင်းဘယ/ ရှာငံ ရွာများလည်းကိုးကွယ်ကြသည်/နယ်ရှင်နတ်ဟု ယုံကြည် ကြသည်။ **ဓနုရွှေရစ်**ကို မင်းတုန်းလက်ထက်တွင် ရွာအုပ်ခန့်ထားသည်/

**၁၈၉၇ ခုနှစ်** ၊ မှတ်တမ်းအရ သာမိုင်းခမ်းနယ်တွင် လူဦးရေ ၁၂၀၈၁ ရှိ၍ လူမျိုးအလိုက်ဦးရေနှင့် တစ်မျိုးစီ၏ နယ်လူထုဦးရေ၏ ရာခိုင်နှုန်း ဖေါ်ပြမှတ်သားလျှက် ဤသို့တွေ့နိုင်၏။

**ရှေးခေတ်ဟောင်း အောင်ပန်း မြို့ပြအုပ်ချုပ်ရေး**

လွန်ခဲ့သော နှစ်ပေါင် ၂၄၀အကြာက အောင်ပန်းနှင့် ပတ်သက်သော မှတ်သားစရာလေးတစ်ခုဖြစ်၏။ အောင်ပန်းမှတ်တမ်းကို ၁၁၃၅ တော်သလင်းလပြည့်ကျော် (၄)ရက် စနေနေ့ (**4th sep 1773**) သက္ကရာဇ် ၁၁၃၅ ခု ၊ တော်သလင်းလပြည့်ကျော် (၄)ရက်၊ စနေနေ့၊ လွယ်မယ်(အောင်ပန်း) ကျေးရွာရေမြေ အတွင်း လုပ်ခင်း ဆောင်တာမှန်သမျှ အခွန်ဆက်သွင်း ခံယူသည့်စာရင်း၊ ဘုရား၊ လွယ်မယ်၊ အောင်ပန်း ကျေးရွာရေမြေဟူသည်မှာ လွယ်မယ်(အောင်ပန်း)က တာဝန်ယူ အမှုထမ်းရသော အကြီးအကဲတာဝန်ရှိသော နယ်မြေအရပ်ဖြစ်၏။ လွယ်မယ်ရွာသည် သာမိုင်းခမ်းရွာ၏ အနောက်မြောက်ယွန်းယွန်း၊ ကုန်းလွင်ရွာ၏ အနောက်စူးစူး၊ အောင်ပန်း၏ အရှေ့မြောက်ယွန်းယွန်းတွင်ရှိ၏။ ရပ်ရွာဒေသဆိုင်ရာ အခွန်တော်ကောက်ယူရသော တာဝန်ကို လွယ်မယ်(အောင်ပန်း)က ကြီးကဲဦးဆောင်၍ ကောက်ခြင်းဖြစ်၏။ နယ်အတွင်းရှိ တစ်ခြားသော တိုက်နယ်ရွာကြီးများ၊ သူကြီးပိုင်ရွာများထက် ကြီးသောတာဝန်ကို ထမ်းဆောင်နေရသော လွယ်မယ်(အောင်ပန်း)ဖြစ်၏။ အခွန်တော်အဖြစ် သူတို့ စီရင်ခွင့်ရှိသော နယ်မြေမှ ကောက်ယူရသော ပစ္စည်းများမှာ တောင်း၊ သင်ဖျာ၊ ချင်းစိမ်း၊ဆီ တို့ဖြစ်ကြ၏။ လွယ်မယ်(အောင်ပန်း)ကြီးကဲရသော နယ်မြေတွင် (၁) ကလောဦးလှ၊ (၂) ကုန်းလွင်သူကြီး (၃) ကျောက်တစ်လုံးသူကြီး၊ (၄) ငုံးသုံ့သူကြီး၊ (၅) နမ့်တိမ်းသူကြီး

(၆) ပန်လွန်သူကြီး (၇) မြင်းမထိသူကြီး၊ (၈) လမိုင်းသူကြီး (၉) လွယ်မောသူကြီး၊ (၁၀) သီတောက်သူကြီး၊ (၁၁) အင်းဝန်သူကြီး၊ (၁၂)အောင်ပန်းသူကြီး တို့ရှိကြသည်။ ထိုအောင်ပန်းဆိုင်ရာ ပုရပိုက်မှတ်တမ်းမှာ ၁၇၇၃ ခုနှစ်ကဖြစ်၍ ကုန်းဘောင်မင်းဖြစ်သော ကုန်းဘောင်ဆင်ဖြူရှင် မြေဒူးမင်း (၁၇၆၃–၁၇၇၆) လက်ထက်ကဖြစ်၏။ အောင်ပန်းနှစ် ၂၃၀ ကြာပြီဟု သမိုင်း အထောက်အထား လက်ကိုင်ဖြင့် ခိုင်ခိုင်မာမာပြော၍ဖြစ်ပါသည်။

အောင်ပန်းမြို့ကို (၁၉၀၀) ပြည့်နှစ်ခန့်တွင် လဲရိုး၊ ညောင်ပင်ထောင်၊ လက်မပင်၊ ပျဉ်သာ၊ အောင်ပန်းရွာတို့ကို စုပေါင်း၍ မြို့ကွက်ချလမ်းများ ဖောက်ကာ "အောင်ပန်း"ဟူသော အမည်ဖြင့် မြို့တည်ခဲ့ကြောင်းတွေ့ရသည်။

မှတ်တမ်းတစ်ခုတွင် အောင်ပန်းမြို့ကို သက္ကရာဇ် (၁၂၁၀)မှ(၁၂၆၀)နှစ် အထိ တောင်တိုမင်း မင်းဒိပ္ပဆိုသူအုပ်ချုပ် ခဲ့သည်။ အောင်ပန်းမြို့နေရာသည် ရှေးက ပျဉ်သာရွာခေါ်၍ လူနေအိမ်ခြေအနည်းငယ်နှင့်ချုံတောများ ပေါခဲ့သည့်နေရာ ဖြစ်သည်။

ယင်းအချိန်တွင် အောင်ပန်းနှင့်အလှမ်းမဝေးသော သာမိုင်းခမ်းစော်ဘွားကြီးနှင့် မင်းမောင်မတ်တို့သည် တောင်တိုမင်း အုပ်ချုပ်ရသော ပျဉ်သာရွာကို တိုက်ခိုက် သိမ်းပိုက်ပြီးနောက်(၁၂၆၃)တွင် သာမိုင်းခမ်းစော်ဘွား လက်အောက်သွင်း၍အုပ်ချုပ် ကြသည်။

မင်းမောင်မတ်သည် အောင်ပန်းမြို့၏ ရပ်ကွက်တစ်ခုဖြစ်သော မြို့ဟောင်း ရပ်ကွက်နှင့် လက်မပင်ရပ်ကွက်ကို အခြေစိုက်၍အုပ်ချုပ်ခဲ့သည်။ ၎င်းအုပ်ချုပ်သည်အထိ အောင်ပန်းဟု မခေါ်ဆိုသေး။ (၁၂၆၆) ခုနှစ်လောက်တွင်မှ အောင်ပန်းမြို့ အရှေ့ တောင်ဘက်၌ရှိသော အောင်ပန်းရွာနှင့် ဈေးကိုဖျက်၍ ယခုရှိနေသော ဈေးနေရာသို့ ပြောင်း၍ မင်းမောင်မတ်နှင့် လက်မပင်ရပ်ကွက်မှ ဆရာခေါင်တို့က တည်ပေး ကြခြင်းဖြစ်သည်။

အောင်ပန်းမြို့ဟူသောအမည်ကိုလည်း ထိုဈေးကိုအကြောင်းပြု၍ သက္ကရာဇ်(၁၂၇၇) လောက်တွင်မှ ခေါ်လာခဲ့ကြောင်း ဖော်ပြထားသည်။

ထိုအချိန်မှစ၍ အောင်ပန်းမြို့သည် သာမိုင်းခမ်းစော်ဘွား အဆက်ဆက်တို့ အုပ်ချုပ်ရာမြို့ဖြစ်လာပြီး (၁၉၅၉)ခုနှစ် စော်ဘွားတို့ အာဏာစွန့်လွှတ်ခဲ့သည့်အချိန်ထိ နောက်ဆုံးအုပ်ချုပ်သွားသူမှာ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေးဖြစ်သည်။

**ရွှေးခေတ်ဟောင်းပင်မှိုနယ် အုပ်ချုပ်ရေး**

ရှမ်းပြည်တောင်ပိုင်း မြေလတ်ဒေသရှိနယ်တစ်နယ်ဖြစ်သည်။ဧရိယာ (၂၉.၂၉)စတုရန်းမိုင် ကျယ်ဝန်းသည်။အမှန်တစ်ကယ်တွင် ပင်မှိုနယ်တွင် သာမိုင်းခမ်း ပတ်လာဥ်ဂိုင်းဂုံညားဒေသ်ပြည်း အရှေ့ပိုင်းတွင်ညောင်ရွှေနယ်၏ အင်းတိန်ကုန်း အပေါ်ဖက်ဒေသနှင့် အနည်းငယ်ထိစပ်နေသည်။

**သဘာဝအနေအထား**

မြေမျက်နှာပြင်အနေအထားမှာ အခြားမြေလတ်ဒေသများကဲ့သို့ လှိုင် ထသည်လွှာန်ကုန်းမြေများမတွေ့ရဘဲ သာမာန်တောင်ကုန်းထူထပ်သော မြေ ပြင်များသာတွေ့ရသည်။နယ်၏ပူပြင်းခြောက်သွေ့သော အရှေ့ပိုင်းမှလွဲ၍ကျန်အပိုင်း များတွင် ရေကောင်းစွာရရှိသည်။သို့သော် အေဒီ ၁၈၈၈ ခုတွင် တပ်စွဲထားသော ဗြိတိသျှစစ်တပ်များ အတွင်းအဆက်မပြတ် ရောဂါများဖြစ်ပွားလာသဖြင့် တပ်စွဲထားသောကုန်းနီ ဒေသကို စွန့်ခွာသွားကြသည်။

အေဒီ ၁၉၉၇ ခုတွင် နယ်အတွင်းရွာ ၃၄၊ အိမ်ခြေ-၆၁၂၊ စုစုပေါင်း လူဦးရေ ၃၁၂၇ ယောက်ရှိပြီး နေထိုင်သောလူမျိုးများ-

| | | | |
|---|---|---|---|
| တောင်သူ(ပအိုဝ့်) | – | ၁၇၂၇ | ယောက် |
| တောင်ရိုး | – | ၂၈၁ | ယောက် |
| ဓနု | – | ၆၈၂ | ယောက် |
| ရှမ်း | – | ၂၂၅ | ယောက် |
| ဓနော | – | ၁၃၀ | ယောက် |
| အင်းသား | – | ၇၀ | ယောက် |
| ဗမာ | – | ၆ | ယောက် |
| စုစုပေါင်း | – | ၃၁၂၇ | ယောက် |

တစ်အိမ်လျှင် ပျမ်းမျှလူဦးရေ ၅.၁၀၉၄ ဖြစ်၍ ၅ ယောက်သာနေထိုင် သည်။

ပင်မှီကျေးရွာမှာ နယ်အတွင်းအကြီးဆုံးကျေးရွာဖြစ်ပြီး ငွေခွန်မှူး၊ ပင်မှီကျေးရွာ၌မနေပဲ လယ်ချားကျေးရွာတွင် သွားရောက်နေထိုင်သည်။

အေဒီ ၁၈၉၇ ခုတွင် နယ်အပြင်း ကျေးရွာပေါင်း ၃၄ ရွာရှိပြီး အိမ် ခြေပေါင်း ၆၁၂ အိမ်ရှိသည်။ စုစုပေါင်းကောက်ခံရရှိသော အခွန်ငွေပေါင်း ၃၄၂၄ ရူပီ ဖြစ်ပြီး ၎င်းအနက် ရူပီ ၁၆၀၀ ကို အစိုးရကို အခွန်ပဏ္ဏာအဖြစ် ပေးဆက်ရသည်။

အခွန်ပဏ္ဏာဆက်သသောနယ်ရှင်များ၏ အမည်စာရင်းများတွင်မူ ခွန်ရွှေဒေါင်း၏အမည်များစွာ တွေ့ရသည်။ ခွန်ရွှေဒေါင်းမှာ မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက်တွင် ငွေခွန်မှူးမောင်ခဲဖြစ်ပြီး သူ့လက်ထက်တွင် အခွန်ပဏ္ဏာကို ငွေပန်းခိုင်ဖြင့်သာ ဆက်သခဲ့သည်။ ယင်းကဲ့သို့ဆက်သရန် လည်းယခင်ကတည်းက ဘုရင့်အာဏာနှင့် တောင်းဆိုထားခြင်းဖြစ်သည်။ ငွေပန်းခိုင်၏တန်ဖိုးမှာ ရူပီ ၁၇၀ သာဖြစ်သည်။

ငွေခွန်မှူး ခွန်ရွှေဒေါင်း၏ရာထူးကို သားဖြစ်သူ မောင်စံမြတ်က ဆက် ခံခဲ့သည်။ မောင်စံမြတ်၏ရာထူးကို သားမောင်ဦးက ဆက်ခံခဲ့သည်။ မောင်ဦး ၏ရာထူးကို သားဖြစ်သူခွန်ယိတ်က ဆက်ခံခဲ့သည်။

အေဒီ ၁၃၂၃ ခုတွင် ခွန်ယိတ်ကွယ်လွန်သွားသောအခါ ညီဖြစ်သူ ခွန်ရွှေဒေါင်းက ဆက်ခံခဲ့ပြီး လက်ရှိအချိန်အထိ ဆက်လက်အုပ်ချုပ်နေဆဲ ဖြစ်သည်။

## ရှေးခေတ်ဟောင်းပင်မှီနယ်

ဧရိယာ - ၃၀-စတုရန်းမိုင်

လူဦးရေ - ၃၀၀၁-ယောက်

အခွန်တော်ရငွေ - ၆၁၆၈/

ရှမ်းပြည်နယ်အစိုးရအားပေးဆောင်ရငွေ-၃၀%

**သမိုင်းအကျဉ်း။** ။ သမိုင်းအတိအကျမဖော်ပြနိုင်ပါ။ သို့သော်လည်း ယ်ကလေးသည် လက်ပေါင်းများစွာ ပြောင်းလဲ၍ အုပ်ချုပ် ခဲ့ရသည်ဟုသိရှိရသည်။ ရာဇ် (၁၇၈၁-၁၈၁၉)ခုနှစ် ဘိုးတော်ဘုရား လက်ထက်တွင် မောင်ခဲ(ခွန်ရွှေဒေါင်း) ၏ ငွေခွန်မှူးဖြစ်ကြောင်း ပြောကြ သည်။ ယခုရှိနေသော မျိုးဆက်...

မောင်ခဲမှတဆင့် ပေါက်ဖွားလာသော မျိုးဆက်များဖြစ်ဟန်တူသည်။ အင်္ဂလိပ်အစိုးရ များအုပ်ချုပ်စဉ်အခါက မောင်ခဲသည် သက္ကရာဇ်(၁၈၆၃–၁၉၀၁)ခုနှစ်များ၌ အကြီးအကဲဖြစ်ပြီး မြန်မာနိုင်ငံ ကော်မရှင်နာမင်းကြီး အသိအမှတ်ပြုခံရသည်ဟု သိရသည်။ သူ၏အရိုက် အရာကို သားဖြစ်သူ မောင်ညွှန့် ဆက်ခံသည်။ ငွေခွန်မှူး မောင်ညွှန့်သည် ၁၈၇၁ ခုနှစ်တွင်မွေးဖွားပြီး ဓနုလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ သူ၏မယားကြီးသည် သာမိုင်းခန်းမြို့စား၏သမီးဖြစ်ပြီး ၎င်း၏ သားကြီးဖြစ်သူ မောင်ဖိုးမင်းသည် သူ၏ အရိုက်အရာကိုဆက်ခံသည်။ ၎င်း၏ မိသားစုများသည် သာမိုင်းခန်း၊ လွိုင်မော၊ လွိုင်အံ ကျုံးကျောက်ဂူစသော နယ်များနှင့် မျိုးဆက်လျက်ရှိသည်။ ငွေခွန်မှူးမောင်ညွှန့်သည် စာရိတ္တကောင်း မွန်သူဖြစ်ပြီး သူ၏နယ်ကိုကောင်းစွာအုပ်ချုပ်နိုင်သည်။ သူ၏သားမောင်ဖိုးမင် သည်တောင်ကြီးရှမ်းစော်ဘွားကျောင်းတွင် ပညာသင်ကြားလျက်ရှိသည်။ မောင်ညွှန့်သည် သက္ကရာဇ် ၁၉၃၄–ခုနှစ်၌ ကွယ်လွန်သွားပြီး မောင်ဖိုးမင်း သည် ငွေခွန်မှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ သားမောင်ရန်ကုန်းက ရွာအုပ် အဖြစ်ဆောင်ရွက်သည်။ သက္ကရာဇ် ၁၈၈၆–ခုနှစ်တွင် ရွှေမောင်၏ဦးလေး တော်သူ မောင်ချစ်ဆန်သည် ငွေခွန်မှူးဖြစ်လာခဲ့သည်။ ၁၈၇၉–ခုနှစ်တွင် တာဝန်မကျေပြွန်ဟုဆိုကာ ရာထူးမှရွှေ့ရှားခံရသည်။ ၎င်းနောက်တွင် ရွာအုပ် လေးအထိ အုပ်ချုပ်ခဲ့သည်။ နောက်ဆုံးရွာအုပ်ဖြစ်သော ပြေန်သည် ငွေခွန်မှူး အဖြစ်မှ ဖယ်ရှားခြင်းခံရသည်။ မောင်ချစ်၏သားဖြစ်သူ မောင်သိုင်းသည် ငွေခွန်မှူးဖြစ်လာသည်။ နန်းခွန်သည် ကျောက်ဂူနှင့် ၁၉၀၀–ခုနှစ်တွင်ပေါင်း စည်းလိုက်သည်။ ကျောက်ဂူလေးရွာဆိုသောအမည်မှ ကျောက်ဂူအမည် ပြောင်းလိုက် သည်။ ငွေခွန်မှူးမောင်သိုင်းသည် ၁၈၄၈–ခုနှစ်တွင်မွေးဖွားပြီး ဓနုလူမျိုးဗုဒ္ဓဘာသာဝင် ဖြစ်သည်။ ၎င်း၏လက်ထက်တွင် ဘော်နှင်း၊ သာမိုင်းခမ်း၊ ပင်မှီအနွယ်များနှင့် ရွှေလမ်းငွေလမ်းဖောက် မျိုးဆက်ကြသည်။

**ရှေးခေတ်ဟောင်းလွယ်မောနယ်မြို့ပြအုပ်ချုပ်ရေး**

ရှမ်းပြည်တောင်ပိုင်း၏အနောက်ဖက်ရှိ မြေလတ်ခရိုင်တွင်ပါဝင်သော နယ်တစ်နယ်ဖြစ်သည်။ ဧရိယာ စတုရန်းမိုင် ၄၈ သာရှိသည်။

**နယ်နိမိတ်များ**

မြောက်ဖက်တွင် သာမိုင်းခမ်းနယ်နှင့် ညောင်ရွှေနယ်၊ အရှေ့ဖက်တွင် ညောင်ရွှေနယ်၊ တောင်ဖက်တွင် နမ့်ခဲနယ်၊ အနောက်ဖက်တွင် ညောင်ရွှေ လက်အောက်ခံ ကျစ်နယ်များနှင့် ထိစပ်နေသည်။

**သဘာဝမြေမျက်နှာပြင်**

အခြားမြေလတ်ဒေသများကဲ့သို့ပင် သစ်တောမထူထပ်ပဲ မြက်ခင်းများ သာရှိသော တောင်ကုန်းလေးများကို တွေ့ရသည်။ အရှေ့ပိုင်းဒေသသည် ခြောက်သွေ့ပြီး လွယ်မောရွာကြီးအနီးတွင် ရေသွင်းစိုက်ပျိုးသော မြေများစွာ တွေ့ရသည်။ လူးချောင်းသည် နယ်၏မြောက်ဖက်တွင် နယ်နိမိတ်အဖြစ် စီးဆင်းသွားသည်။ ရှားသော ချောင်းကြီးများမရှိချေ။ မိုးကောင်းဒေသ ဖြစ်သော်လည်း နယ်တွင်းတွင် ကုန်းမာရေးအတွက်သင့်လျော်သည်ကို တွေ့ရ သည်။

**လူဦးရေနှင့်လူမျိုးများ**

အေဒီ ၁၈၉၇ ခုနှစ်တွင် စုစုပေါင်းလူဦးရေ ၄၂၇၉ ယောက်ရှိပြီး အိမ်ခြေ ၆၇၁ အိမ်ရှိသည်။ နေထိုင်သောလူမျိုးများမှာ–

| | | ဦးရေ |
|---|---|---|
| တောင်သူ(ပအိုဝ့်) | – | ၃၃၃၆ |
| တောင်ရိုး | – | ၅၁၆ |
| ရှမ်း | – | ၁၉၂ |
| ထနော့ | – | ၁၁၇ |
| ဓနု | – | ၈၄ |
| အင်းသား | – | ၂၆ |
| ဗမာ | – | ၈ |
| ပေါင်း | – | ၄၂၇၉ |

နယ်ကို တိုက်နယ် ၄ ခုခွဲနိုင်သည်။ ၎င်းတို့မှာ ဦးတိုက်၊ ပေါကင်း၊ ဝါးတော
မိုးနဲ့တိုက်နယ်များ ဖြစ်သည်။ ကျေးရွာပေါင်း ၅၇ ရွာရှိပြီး ဒသဃ မေဓအခွန်ရူပီ ၃
ပေးဆောင်ရသည်။ လယ်ခွန်အနေနှင့် ၂၁၄ ရူပီပေး ဆောင်ခဲ့ရသည်။ အခွန်ပဏ္ဏာ
ရူပီ ၂၀၀၀ သတ်မှတ်ခဲ့သည်။

**နောက်ခံသမိုင်း**

လွယ်မောနယ်၏မှတ်တမ်းသမိုင်းများမှာ အခြားရှမ်းပြည်နယ်ရှိ နယ်
၏သမိုင်းများကဲ့သို့ မီးလောင်ပျက်စီးခဲ့သည်။ သမိုင်းအသေးစိတ်မှတ်တမ်းမှာလ
တစ်စစီကွဲပြားနေသည်။ ပထမဆုံးငွေခွန်မှူးမှာ **မောင်ကုတ်**ဖြစ်ပြီး သူ၏လက်ထက်
တီကျစ်နယ်ကို လွယ်မောနယ်ထဲတွင် ထည့်သွင်းထားခဲ့ သည်။ သူသည်နမ့်ခဲနယ်ကိုလ
တိုက်ခိုက်ခဲ့ရာ နမ့်ခဲနယ်ခေါင်းဆောင် **မောင်ဒွေး**၏ ပြန်လည်တိုက်ခိုက်ခံလိုက်
ဆုတ်ခွာခဲ့ရသည်။ ထိုအခါ အင်းလေးရွာ၏ ငွေခွန်မှူး **မောင်ရွှေနီ**ကို သူနှင့်အတူပေါင်း
စည်းရုံးပြီး မောင်ဒွေးကို ပြန်လည်တိုက်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် သူနှင့်ရွှေနီ
ဦးစလုံးကို မြန်မာဘုရင်ဝန်ကြီးက အင်းတိမ်ဒေသသို့ခေါ်ယူ ဖမ်းဆီးခဲ့သည်။ မောင်ကုတ်မှ
ထောင်ထဲတွင်ပင် ကွယ်လွန်ခဲ့သည်။ **မောင်ဖိုးတုတ်**မှာ အင်း တိမ်ဒေသ မိုင်းလုံးဇာတိဖြစ်
လွယ်မောငွေခွန်မှူး **မောင်ဖိုးစောအား** ထုတ် ပယ်ပြီး အစားထိုးခန့်အပ်ခံခဲ့ရသူဖြစ်သည်
၎င်းသည် သက္ကရာဇ် ၁၁၉၆(အေဒီ ၁၈၃၄)တွင်ဆက်ခံခဲ့သည်။ **မောင်လုပ်**မှာ သက္ကရာ
၁၂၀၉(အေဒီ ၁၈၄၇) တွင် ယောက်ဖဖြစ်သူ **မောင်ရွှေဒေါင်း**၏လုပ်ကြံခြင်းကို ခံရပြီ
ကွယ်လွန် သွားသည်။ မောင်ရွှေဒေါင်းသည် မောင်ဖိုးတုတ်၏သားဖြစ်သည်။မောင်ရွှေ
ဒေါင်းသည် နယ်ရှင်အဖြစ်ခံယူပြီး လမကြာမီ ထွက်ပြေးခဲ့ရပြန်သည်။ အင်းတိမ်
ဒေသ၌ရန်ပွဲတစ်ခုတွင် သေဆုံးသွားခဲ့သည်။

မောင်လုပ်၏ဇနီးဖြစ်သူ **မဆိုးမ မိဦး**သည် တောင်ကြားနယ်၏ မြေတိုင်း စာရေ
**မောင်တုတ်ကြီး**ဆိုသူနှင့် လျင်မြန်စွာလက်ထက်ပြီးမောင်ဥဒေါင်းထွက်ပြေ
သွားစဉ်သားဖြစ်သူမောင်ပြည့်နှင့် လွယ်မောသို့ပြန်လာခဲ့သည်။ **မောင်ပြည့်**
သည်ငွေခွန်မှူးဖြစ်လာသော်လည်း ငယ်ရွယ်သေးသဖြင့် မောင်တုတ်ကြီးက ရင်ခွင့်ပိုက်
တာဝန်ယူခဲ့သည်။ ခြောက်နှစ်ခန့်ကြာသောအခါ တုတ်ကြီးကွယ် လွန်သွားပြီး

မောင်ပြည့်ဦးလေးဖြစ်သူ **ထွက်မင်းက** ရင်ခွင်ပိုက်အဖြစ် ဆက် လက်အုပ်ချုပ်ခဲ့သည်။ သက္ကရာဇ် ၁၂၁၇(အေဒီ ၁၈၅၅)တွင် ထွက်မင်းသေဆုံး ပြီးမောင်ရွှေပြည့်လည်း ယိုးဒယားဂုက်က ၇၃ ရက်တွင် ငွေခွန်မှူးဖြစ်ပါသည်။ သူသည် သက္ကရာဇ် ၁၂၃၆(အေဒီ ၁၈၇၄)အထိ အာဏာကို ချုပ်ကိုင်ထားသည်။ ထိုအခါအကြံကြီးသူ **ဖိုးသူတော်ဦးမြစုက** သူ့အားရာထူးမှ ဖယ်ရှားပြီး မန္တလေးသို့ ပို့ဆောင်ခဲ့သည်။ ဦးမြစု၏လူယုံတော် မောင်သဲရွှာအုပ် ရာထူးဖြင့် လွယ်မောနှင့်လွယ်အဲ ၂ နေရာစလုံးကို အုပ်ချုပ်ခဲ့သည်။ သို့သော် နယ်၂ ခုလုံး၏ နယ်သူနယ်သားများက သူ့ကိုမကြိုက်နှစ်သက်ပဲ တစ်နှစ်အကြာ တွင်ဖယ်ရှားခံခဲ့ရသည်။ နောက်ထပ်ပြင်ပလူ တစ်ဦးဖြစ်သော **မောင်ကျားဆိုသူ** ကိုငွေခွန်မှူးရာထူးဖြင့် ခန့်အပ်ပြန်သည်။

မောင်ကျားသည် အာဏာကို တစ်နှစ်ကျော်ကျော်သာ ဆုတ်ကိုင်ထား နိုင်သည်။ မောင်ပြည့်၏သားဖြစ်သူ **မောင်မိတ်ကို** ထိုနှစ်ဖေဖော်ဝါရီလ ၁၂ ရက်တွင် ငွေခွန်မှူးခန့်ခဲ့သည်။ အေဒီ ၁၈၈၈ ခုတွင် မောင်မိတ်၏ညီအစ်ကို တစ်ဝမ်းကွဲတော်စပ်သူ မောင်ချစ်သည် **ညောင်ရွှေစော်ဘွား စောမောင်နှင့်** မြေလတ်ဝန်တို့အား စည်းရုံးပြီး မောင်မိတ်ကို ဖယ်ရှားခဲ့သည်။ နောက် ၆ နှစ်ကြာသောအခါ မောင်ချစ်ကွယ်လွန်သွားပြီး ညီဖြစ်သူ**မောင်အစ်က** ဆက်ခံ ခဲ့သည်။ နှစ်မကုန်မီ ရာထူးမှဖြုတ်ချခံရပြန်သည်။ ထိုအခါ ငွေခွန်မှူးဟောင်း မောင်ပြည့်က မန္တလေးမှပြန်လာပြီး ငွေခွန်မှူးရာထူးပြန်ရခဲ့သည်။

ဗြိတိသျှများ ရှမ်းပြည်နယ်ကို သိမ်းပိုက်စဉ်က ငွေခွန်မှူးအဖြစ် မောင်ပြည့်ရှိနေခဲ့သည်။ ဗြိတိသျှတို့ကလည်း ဆက်လက်သဘောတူ အသိအ မှတ်ပြုခဲ့သည်။ အသက်မှာ ၇၀ နီးပါးရှိလာပြီဖြစ်သည်။ တစ်ချိန်က ငွေခွန်မှူးရာထူးလုယူခဲ့သော မောင်မိတ်မှာ အေဒီ ၁၈၉၇ ခု၊ ဩဂုတ်လ ၂၂ ရက်တွင် ကိုယ်ကို မိမိအဆုံးစီရင်သွားခဲ့သည်။

နောက်ပိုင်းတွင် စကားနှင့်စကွယ်နယ်များ ပြဿနာဖြစ်ရာ နမ့်တုတ်ကျေးရွာများမှာ ထိုသည့်လက်အောက် တွင်ရောက်ရှိနေသည်ကို သဲကွဲစွာမသိရတော့ပဲ လွယ်လုံနယ်က ဝင်သိမ်းပိုက်ကျူးကျော်ခဲ့သည့် ပုံစံမျိုးဖြစ်နေခဲ့ သည်။

ရွှေးခေတ်ပေါင်းကျောက်ထပ်နယ်ချုပ်ရေး

တည်နေရာအကျယ်အဝန်း

ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေနယ်အတွင်းတည်ရှိသော်လည်း ဘော်
နယ်ထဲမှာပါဝင်သည်။ အကျယ် အဝန်းမှာစတုရန်းမိုင်ပေါင်း ၄၈.၉၅ ရှိသော နယ်ဖြစ်သည်။
မြောက်ဖက်တွင် မော်စုံ(ဘော်ဆိုင်း)နယ်၊ အနောက်ဖက် တွင် မော်စုံ(ဘော်ဆိုင်း)နှ
ပွေးလှနယ်များ၊ တောင်ဖက်နှင့်အရှေ့ဘက်တွင် ညောင်ရွှေနယ်တို့တည်ရှိသည်။

သဘာဝသွင်ပြင်လက္ခဏာများ

နီးစပ်နေသောပွေးလှ မော်စုံနယ်များနှင့်ကွဲပြားခြင်းမရှိပေ။ နယ်ပင်အတွင်း
တစ်နှစ်ပတ်လုံး ရေစီးဆင်း သောချောင်းများမရှိပေ။ ထူးထပ် သော
သစ်တောမြေများလဲမရှိပေ။ အမြင့်ဆုံးတောင်များမှာ မုဆိုးမတောင် (၅၂၈၇)ပေမြင့်၍
မော်စုံ(ဘော်ဆိုင်း)နှင့် နယ်စပ်တွင်တည်ရှိသည်။ ပွေးလှနှင့်နယ်စပ်တွင် ၄၉၁၄ ပေမြင့်သော
မိုးကောင်းတောင်တို့ဖြစ်ကြသည်။

သဘာဝသယံဇာတပစ္စည်းများ

ပြည်နယ်အတွင်းတွင် ဂလီနာခဲပါသော တွင်းထွက်ကျောက်များကို
အနှံ့အပြားတွေ့ရသည်။ သို့ သော်အကျိုးစီးပွားဖြစ်လောက်အောင် ပေါများခြင်းမရှိပေ။
ဘော်လုံရွာအနီး ထုံးကျောက်အတွင်းရှိ အဝါရောင်ရှံ့ စေးကျောက်အတွင်း တွေ့ရှိရသည်။
အုတ်ပိုရွာရှိ ချောင်းအနီးတွင် ကျောက်စရစ်ပြုန်းပုံသဏ္ဍာန်ဖြင့် တွေ့ရ သည်။
ရင်းသတ္တုသိုက်မှာခဲ ၇၄.၂၉ ရာခိုင်နှုန်း ပါဝင်သည်ဟုဆိုကြသည်။ ငွေနှင့်ရွှေ အရောအနှော
၃ အောင်စကျော်ပါဝင်သည်။

ကျောက်ထပ်ရွာနှင့်တစ်မိုင်မျှဝေးသော ရေအောက်ရွာ အနီးချောင်း တလျှောက်ရှိ
ကျောက်လွှာများတွင် သံရိုင်းအခဲများပါဝင်သော ခဲအရောင်ရင့်ရင့်ရှိ ယေ့လကျောက်
ပေါ်ထွက်ပိုင်း တည်ရှိသည်။ ကြေးနီကိုလဲ သလင်းကျောက်နှင့်တွဲ၍ အစိမ်းရောင်
ကာဗွန်နိတ်အသွင်ဖြင့် ကျောက်ထပ် အနီးတွင် တွေ့ရှိရသည်။

**ဘုရားစေတီပုထိုးများ**

ဒေသအတွင်းရှိ အရေးပါသောစေတီပုထိုးများမှာ နောင်လယ်ရွာအနီးရှိ နောင်လွယ်ဘုရား၊ ကျောက် ကဂ်အနီးရှိ ရွှောကုက်ကောက်ဘုရား တို့ ဖြစ် ကြသည်။ နရပတိစည်သူမင်းအမိန့်ဖြင့် တည်ထားသည်ဟုဆိုသည်။ ကျောက်ထပ်အနီးရှိ ဟောရွှေပိန်းနဲဘုရားနှစ်ဆူတို့လည်း ထင်ရှားသည်။ နှစ်စဉ်ဘုရားပွဲများကျင်းပပြီး ပရိသတ် ၁၀၀၀ မှ ၂၀၀၀ အထိ လာရောက် ဆင်နွှဲကြသည်။

**ည်းကြပ်ကောက်ခံရရှိသောအခွန်အခများ**

ဒေသအတွင်း၌ ရွာကြီးရွာငယ်ပေါင်း(၂၈)ရွာပါဝင်ပြီး အိမ်ခြေ ပေါင်း(၄၂၀)ခန့်နှင့် လူဦးရေ ၂,၀၇၂ ယောက်ရှိသည်။ နေထိုင်သော လူမျိုးများမှာ ခနေ့(၂၁၁)အိမ်၊ ဟောင်ရိုး(၁၃၆)အိမ်၊ တောင်သူ(ပအိုဝ့်)-(၆၈)အိမ်၊ ရှမ်း(၃)အိမ်၊ ဗမာ(၂)အိမ်၊ စုစုပေါင်း ၂၀ အိမ်ရှိသည်။ အိမ်ခြေ ၃၃၁ အိမ်မှကောက်ခံရရှိသော အခွန်မှာ ၁၇၆၂ သိုသဿမေဓအခွန်နှင့် မြေခွန်(၂၄၈)ရူပီ အသီးသီးတို့ဖြစ်ကြသည်။

စိုက်ပျိုးမြေအကျယ်အဝန်းမှာ ခန့်မှန်းခြေအားဖြင့် ၅၃၁ ဧကရှိပြီး များတွင်မွေးမြူထားသော တိရစ္ဆာန်များမှာ ကျွဲ(၆၄)ကောင်၊ နွားနှင့်ကြက်ငှက် တို့မှာ(၉၄)ကောင်၊ လှည်းဆွဲခိုင်းနွား(၅၄၂)ကောင်၊ လားကောင် ရေ(၂၀)ရှိပြီး ည်း(၈)စင်းရှိသည်။

**က်မှုလုပ်ငန်း**

ဆန်စပါးမှာအဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ပျှမ်းမျှ ၁၅ တင်းမှ တင်း ၃၀ ထိထွက်ရှိသည်။ အာလူးနှင့် မြေပဲအပြင် ဟင်းသီးဟင်းရွက် များလည်း က်ပျိုးကြသည်။ လှည်းလမ်းဖောက်လုပ်ပြီးသောအခါ ဆားဈေးမှာ ပိဿာ ၁၀၀ လျှင် ၅ ရူပီမှ ၂၆ ရူပီအထိ ကျဆင်းသွားသည်။ ကျောက်ထပ်တွင် ဆိုင်ခန်းပေါင်း ၆၀ သော ဈေးတစ်စုရှိ၍ ငါးရက်တစ်ဈေးဖြစ်သည်။

## နောက်ခံသမိုင်း

ကျောက်ထပ်နှင့်ဆက်စပ်ပတ်သက်နေသော စာပေအထောက်အထား အား လောက်ပင် ပျက်စီးဆုံးရှုံးပြီးဖြစ်သည်။ ငွေခွန်မှူးမခန့်ထားခင်ကပင် ညောင်ရွှေနယ် အစိတ်အပိုင်းဒေသတစ်ခု ဖြစ်နေခဲ့သည်။ သို့သော် ယခုအခါ တွင်မည်သည့်အချိန် မည်သည့်အကြောင်းကြောင့် သီးခြားနယ်တစ်ခုဖြစ်လာ ခဲ့သည်ကိုလည်း မပြောနိုင်တော့ ၁၄၂၆ ခုနှစ်ကပင် မော်စုံနှင့်ကျောက်ထပ် ရှိငွေနှင့်ခဲထွက်ရှိမှုသည် လူသိများ ထင်ရှားပြီးဖြစ်သည်။ မြန်မာဘုရင် မိုးညှင်း မင်းတရားက မိုးကောင်းမှငမူနွယ်နှင့် ညီအစ်ကိုနှစ်ယောက်ကို မိုင်းတူး ဖေါ်ရန်စေလွှတ်လိုက်သည်။ နောက်ပိုင်းတွင် ကျောက်ထ ဒေသကို ကြီးကြပ် အုပ်ချုပ်ခဲ့သည်။ ၎င်းတို့မှဆင်းသက်ပေါက်ဖွားလာသော ကျော့များက အုပ် ချုပ်ပြီးနောင်အခါ ငွေခွန်မှူးများဖြစ်လာခဲ့သည်။

ကျောက်ထပ်ရွာသည် အရေးပါသောနေရာဒေသတစ်ခုဖြစ်သည်။ ငွေခွန်မှူး ငမောင် လက်ထက်တွင် အိမ်ခြေတစ်ထောင်မျှရှိသည်။ မြေလတ်၏ ကူးသန်း ရောင်းဝယ် ရေး ဗဟိုချက်မလည်းဖြစ်သည်။ မြန်မာအစိုးရလက် အောက်ကာလကပင် ဤရွာတွင် ကြေးနန်းရုံးစိုက်ထားခဲ့သည်။

ဗြိတိသျှတို့မသိမ်းပိုက်မီ ကျောက်ထပ်၏နောက်ပိုင်းနှစ်ကာလများမှာ တိုက်ပွဲများသွေးပြင်များ စွန်းထင်းခဲ့ ရသောနှစ်များဖြစ်ခဲ့သည်။ ၁၈၆၃ ခုနှစ်လောက်တွင် ညောင်ရွှေအားပုန်ကန်မှုတွင် အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်ခဲ့ပြီး မြန်မာအစိုးရ၏တပ်များက နေရာအနှံ့ဖျက်ဆီးပစ်ခဲ့ကြသည်။

၁၈၇၅ ခုနှစ်လောက်တွင် မန္တလေးမှစော်ဘွားအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်မှုအရ ကျောက်ထပ်နယ် ကိုညောင်ရွှေနယ်အတွင်းသို့ စုပေါင်းသိမ်းသွင်းခဲ့သည်။ ၁၈၈၂ ခုနှစ်အထိ ညောင်ရွှေလက်အောက်ကျရောက်ခဲ့ပြီး များစွာသောအကြီးအကဲများက ပြန်လည်သိမ်းပိုက်ရန် မြေလတ်ဝန်မောင်ကျော်ခေါင် ကာလအထိပင်ကြိုးပမ်းခဲ့ကြ သည်။

ကျောက်ထပ်ကိုစိုးမိုးအုပ်ချုပ်ခဲ့သူများ–

| | |
|---|---|
| မြတ်ပွင့် | ငွေခွန်မှူး |
| ငဖောင်သား | ငွေခွန်မှူး |
| ရွှေကျော် | မြန်မာဘုရင်ခန့်အပ်သောရွာအုပ် |
| ငမောင် | ဒုတိယအကြိမ်ခန့်အပ်ခံရသော ငွေခွန်မှူး (၁၅) နှစ်ကြာအုပ်ချုပ်သွားခဲ့သည်။ |
| သားငဖိုးချို | ငွေခွန်မှူးအဖြစ်နှစ်ကြိမ်ထမ်းဆောင်ခဲ့သည်။ (၇)နှစ်ကြာအုပ်ချုပ်ခဲ့ပြီး တောင်ငူ၊ ကမိုင်းနဲ ပုန်ကန်မှုတွင် စစ်သား(၅၀)ဖြည့်ဆည်းပေးမှုအတွက်ဖယ်ရှားခံရသည်။ |
| ငဖိုးဦး | ငွေခွန်မှူးအဖြစ်တစ်နှစ်အုပ်ချုပ်ခဲ့သည်။ |
| စန်ပိုင်း | မြန်မာဘုရင်ခံအပ်သူဖြစ်၍ရွာအုပ်အဖြစ် (၃)နှစ်အုပ်ချုပ်ခဲ့သည်။ |
| ငပေါ် | ညောင်ရွှေစော်ဘွား ခန့်အပ်သူဖြစ်ပြီး ရွာအုပ်အဖြစ် (၂)နှစ် အုပ်ချုပ်ခဲ့သည်။ |
| ငတုတ်ကြီး | ညောင်ရွှေစော်ဘွားခံအပ်သူဖြစ်ပြီး (၇)နှစ်အုပ်ချုပ်သွားခဲ့သည်။ |
| ငဖိုးမသား | ၁၈၉၆တွင် ညောင်ရွှေစော်ဘွားက ခန့်အပ်ခဲ့သည်။ |

၁၈၆၅ ခုနှစ် အိန္ဒိယ ဘူမိဗေဒလေ့လာရေးအဖွဲ့မှ ပြောခဲ့သည်မှာ ကျောက်ထပ်သို့ ဒေသအတွင်း အရေးပါသော ဖွံ့ဖြိုးတိုးတက်သည့်ရွာကြီးဖြစ်သည်ဟူ၍ပင်။ ၁၈၈၇ ဗြိတိသျှတပ်များ ရှမ်းပြည်နယ်သို့ရောက်လာ သောအခါတွင်မူ အိမ်ခြေသုံးလေးအိမ်မျှသာ ကျန်တော့သည်။ ဤဒေသတွင်ခဲသတ္တုကို နေရာအနှံ့တွေ့ရှိရသော် လည်းမည်သည့်နေရာတွင် အမြောက်အများရရှိနိုင်မည်ကို အတိအကျမပြောနိုင်ဟူ၍ပင်။ ကျင်းတစ်တောင်း တွင်ခဲနှစ်ပုံ (သို့မဟုတ်) သုံးပုံပါပြီးငွေ သို့မဟုတ် ဘော်တစ်ဝက်ပါရှိသည်။ မသန့်စင်မှုများရှိသော်လည်း ငွေများစွာပါဝင်သည်မှာ သေချာသော်လည်း နည်းဖြင့်သန့်စင်ခြင်း မပြုလုပ်နိုင်သည်ဟုဆိုသည်။

**ကျောက်ထပ်ရွာ**

ကျောက်ထပ်နယ်အတွင်းရှိ ရွာတစ်စုဖြစ်သည်။ ရွာကိုရပ်ကွက်(၅)ပိုင်းခြားသားပြီးနံနောက်စု၊ တောင်စု၊ အရှေ့စု၊ မြောက်ကုန်းနှင့် တပ်ကုန်းဟူ၍ခေါ်ဆိုသည်။ ၁၈၉၇ ခုနှစ်တွင် အိမ်ခြေ ၁၄၀၁၊ လူဦးရေ ၆၃၀ မှီ တင်းနေထိုင်ကြသည်။ ၁၀ အိမ်မှအခွန်ဘဏ္ဍာအဖြစ် ၇၄၂ ရူပီးငွေကို နှစ်စဉ်ကောက်ခံရရှိသည်။

**ရှေးခေတ်ဟောင်းကျောက်ဂူနယ်အုပ်ချုပ်ရေး**

ရှမ်းပြည်တောင်ပိုင်းမြေလတ်ဒီစတြိတ်အတွင်းရှိ နယ်ပယ်တစ်ခုဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ဧရိယာ စတုရန်းမိုင်ပေါင်း ၉၀ မျှ ကျယ်ဝန်းသည်။ မြောက်ဖက်တွင်ရွာငံ၊ အရှေ့ဖက်တွင်ပင်းတယနယ် (အရှေ့မြောက် အစွန်းတွင် ကျောက်ဂူလဲ၊ ရွာငံ၊ ပင်းတယ တို့ဆုံရာဖြစ်ပြီး ပိရမစ်ပုံကျောက်တုံး(၃)တုံးဖြင့် အမှတ်အသားပြု ထားသည်။)

**သဘာဝသွင်ပြင်လက္ခဏာများ**

ကျောက်ဂူလေးနယ်သည် တောင်ကုန်းထူထပ်သောဒေသဖြစ်ပြီး အရှေ့ဖက်ပိုင်းတွင် မြင့်မားသောတောင် တန်းများတည်ရှိကြသည်။ ရေဆင်းကောင်းသောချောင်းပေါင်းများစွာရှိသည်။ အရှေ့ဖက်တောင်ကျောတွင် အရေး ပါသောနေရာ(၂)ခုရှိသည်။ ၎င်းတို့မှာ ပေ ၆၁၅၁ ပေမြင့်သော မြင်းအွန်တောင်(သို့မဟုတ်)တောင်မြင်းကြီးတောင် နှင့် လှိုင်ရာသာကြီး(သို့မဟုတ်)ရကြီးတောင် ပေ(၅၉၀၇)တို့ဖြစ်ကြသည်။ အခြားတောင်ထိပ်တစ်ခုမှာ အလယ် ချောင်ဒေသရှိ အလယ်ချောင်ရွာနှင့် ၂မိုင်အကွာရှိတောင်ထိပ်ဖြစ်သည်။ ပြည်နယ်အနောက်မြောက်ဖက်တွင် အင်တွက်နယ်ရှိ ကျောက်ဂူလေးရွာဒေသမှစတင်ပြီး မြောက်ဖက်သို့စီးဆင်းသွားကာ ကျောက်ဆည် ဒီစတြိတ် အထိဖြစ်သည်။ ရေကြောင်း သွားလာမှုအတွက်မူ အသုံးမပြုနိုင်ပေ။ ယခင်က ကြေးနီမိုင်းများသည် အလယ်ချောင် နှင့်မြင်းတွင်းအပိုင်းတွင် ရှိခဲ့ကြသော်လည်း နှစ်ပေါင်းများစွာကြာအောင် တူးဖော်ထုတ်လုပ်ခြင်း မရှိတော့ပေ။တောအုပ်ကလေးများရှိသော်လည်း သစ်တောနယ်မြေမရှိပေ။

ရာသီဥတု

မြေလတ်တစ်ခုလုံးအနေဖြင့် ရာသီဥတုမှာ တစ်ဒေသနှင့်တစ်ဒေသ များစွာ ကွာခြားမှုမရှိလှပေ။ ခြွင်းချက် အားဖြင့် မိုးရွာသွန်းမှုသာလျှင်ကွဲပြားသည်။ မိုးသည်း ထန်စွာရွာသွန်းပြီး ဆောင်းလများအထိပင် ကာလရှည်စွာ ရွာသွန်း နေတတ်သည်။ ထို့ကြောင့်မှီတင်းနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလှသည်။ ငှက်ဖျားနှင့် ဖျဉ်းရောဂါများမှာ နေရာအနှံ့အပြား ဖြစ်ပွားလေ့ရှိသည်။ သို့သော်လည်း ၁၈၉၂ မှ ၁၈၉၇ အတွင်း လူဦးရေ တိုးနှုန်းမှာ ၂၇.၂၉ ရာခိုင်နှုန်းရှိသည်။

ဘုရားစေတီပုထိုးများ

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်ကာလ သောကာမင်းသား(ဝေသာလီမင်းသား) တည်ထားကိုးကွယ်ခဲ့သော စေတီတစ်ဆူသည် ဆင်ကောင်းဒေသတွင်တည်ရှိသည်။ အကြိမ်များစွာ ပြင်ဆင်တည်ဆောက်ခဲ့ကြသဖြင့် မည်သည့်ခေတ်ကာလက တည်ဆောက် သောဘုရားစေတီဟူ၍ သက်သေပြရန်အထောက်အထားပင် မတွေ့ရ တော့ပေ။ ကျောက်ဂူကုန်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကပင် သီရိဓမ္မာသောက မင်းသား တည်းက ကိုးကွယ်ခဲ့သော ဘုရားတစ်ဆူလည်းရှိသည်။ အရွယ်အစား အားဖြင့် မကြီးလှဘဲ လေးထောင့်အခြေရှိ၍ သပိတ်မှောက်ပုံသဏ္ဍာန်ဖြင့် တည်ရှိသည်။ ဝိဟာယဘုရားစေတီတစ်ဆူမှာ မြင်းတွင်းနယ်ရှိ ယကြီးရွာတွင်တည်ရှိ သည်။ ၎င်းစေတီမှာ ပြာတော်အတန်အရွယ်ကြီးမားပြီး ၎င်းအနီးတွင်ရေကန်ကြီးတစ်ခုတည်ရှိသည်။ မဏိစည်သူ ၎င်းကသူ၏ဆင်များအတွက် တူးဖော်ခဲ့သောကန်ဟုဆိုကြသည်။

စီးပွားရေးလုပ်ငန်းများ

၁၈၉၇ စာရင်းအရ နယ်ပယ်ဒေသအတွင်းရှိ စုစုပေါင်းလူဦးရေမှာ ၃၇၁၂ ဦးသာက်ရှိသည်။ အိမ်ခြေ (၆၁၂)အိမ်ရှိပြီး ပျမ်းမျှအိမ်တစ်အိမ်တွင် ၆.၀၆ ဦးသာက်နေထိုင်သည်။ ဗြိတိသျှတို့သိမ်းပိုက်ကတည်းက ၂၇% ရာနှုန်းတိုးပွားလာခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် ရွာ (၃၄)၊ အိမ်ခြေ-၆၁၂၊ လူဦးရေ-၃၇၁၂ ရှိသည်။

**နေထိုင်သောလူမျိုးနွယ်များနှင့်ဦးရေ**

| | | |
|---|---|---|
| ဓနု | ၂၂၁၄ | ယောက် |
| တောင်ရိုး | ၇၄၄ | ယောက် |
| တောင်သူ(ပအိုဝ့်) | ၃၈၇ | ယောက် |
| ပလောင် | ၂၉၉ | ယောက် |
| ဒရဲ (သရဲ) | ၇၈ | ယောက် |
| မြန်မာ | ၃၁ | ယောက် |
| ရှမ်း | ၃၀ | ယောက် |
| **စုစုပေါင်း** | **၃၇၁၂** | **ယောက်** |

**တစ်အိမ်ထောင်တွင် လူဦးရေပျမ်းမျှ ၆.၀၆ ရှိ၍ (၆) ဦးမကနေထိုင်သည်။**

**အခွန်ကောက်ခံသောဒေသများ**

နယ်ပယ်ဒေသကို လေးပိုင်းခြားထားသည်။ ဆင်ဂေါင်း (သို့) လေးရွာ၊ အလယ်ချောင်၊ မြင်းတွင်း နှင့် ကျောက်ဂူလေးရွာ စသည်တို့ဖြစ်ကြသည်။ ကျေးရွာအားလုံးမှာ အရွယ်အစားအတော်အတန်ကြီးမားကြသည်။ သို့သော် မြင်းကျဒိုး၊ အလှယ်ချောင်း နှင့် မြင်းတွင်းတို့မှာ အရွယ်အစားအားဖြင့်ငယ်ကြသည်။ ကောက်ခံရသောငွေ ၂၇၁၄ ရူပီး မှ ၁၀၀၀ ရူပီးကို အခွန်ဘဏ္ဍာအဖြစ်ပေးဆောင်ကြသည်။

**မဲရ နှင့် ယကြီးတောင်များ၏ ဒဏ္ဍာရီပုံပြင်**

ကျောက်ဂူလေးရွာနှင့် ပင်းတယနယ်အကြားနယ်နိမိတ်တွင်ရှိသော ယကြီးတောင်သမိုင်းတွင် တောင်ကို စောင့်ရှောက်သော ရှင်မယ်ယနတ် ရှိသည်ဟူ၍ ဆိုကြသည်။ ပုဂံမင်းသား ရာမထီစည်သူ စကြာဖောင်ဖြင့် တိုင်းခန်း လှည့်လည်လာခဲ့သည်။ ယကြီးရပ်အနီးတွင် ခေတ္တရပ်နားစဉ် ၎င်း၏မိဖုရားငယ် မယ်ယသည် ကာလေးမီးဖွားရင်းဖြင့် သေဆုံးသွားခဲ့သည်။ ၎င်းအရပ်တွင်ပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည့်နေရာမှာ ယခုအခါ ယကြီးဘုရား တည်ရှိရာအရပ်ဖြစ်သည်။ အစဉ်အလာအတိုင်းပင် သူမသည် နတ်ဖြစ်လာခဲ့သည်။ ဘုရင်မင်းသားက ဖောင်ဖြင့်ပြန်လည်ထွက်ခွာ မည်ပြုသော အခါ ဖောင်ကိုရပ်တန့်စေရန် ဟန့်တားပြီး မိန်းမသဏ္ဍာန်ဖြင့် ကိုယ်ထင်ပြခဲ့သည်။

ဘုရင်ကကိုယ်ထင် ပြသူသည် မည်သူနည်း၊ ဖောင်ကိုအဘယ့်ကြောင့် ဟန့်တားရသနည်း ဟုမေးသည်။ ထိုအခါ သူမက ကဇလား မွေးဖွားစဉ်သေဆုံးခဲ့သော ဘုရင့်မိဖုရားဖြစ်ကြောင်း နတ်ဖြစ်လာပြီး သိုဒေသသားမဟုတ်သောကြောင့် အခြားနတ် များအပေါ်တွင် ဩဇာအာဏာမရှိကြောင်း စသည်ဖြင့်လျှောက်ထားသည်။ ၎င်းကြောင့် ရာမဏီစည်သူ ဘုရင်က ရှင်မယ်ယသည် ယကြီးတောင်တန်းကို စောင့်ရှောက်သူနတ်အဖြစ် ခန့်အပ် ကြောင်း ကြေညာပြီး ကျန်နတ်များ အားလုံးက ၎င်းကိုအရိုအသေပေးရမည်ဟု ကြေညာအမိန့်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်အတိုင်းကပင် နှစ်စဉ်(၂)ကြိမ် တိုင်ပူဇော်ပသသော အစဉ်အလာရှိသည်။ တစ်ကြိမ်မှာ ကဆုန် (သို့မဟုတ်) နယုန်လများနှင့် တစ်ကြိမ်မှာ နတ်တော် (သို့မဟုတ်) ပြာသိုလများတွင်ဖြစ်သည်။ ပူဇော်ပွဲတွင် စကတ်အင်္ကျီ၊ လည်ပတ် (သို့မဟုတ်) လည်စည်းပုဝါ၊ ဖိနပ်၊ မျက်မှန်၊ ဘီး၊ သနပ်ခါး၊ ကျောက်ပြင်စသည့် အမျိုးသမီးအသုံးအဆောင်များကို အသေး စားအရွယ်ပြုလုပ်၍ ဆက်သကြသည်။

ရွာတိုင်းရွာတိုင်းက ကြက်ဖို-ကြက်မတစ်စုံဖြင့်လည်း ပူဇော်ပသရသည်။ နောင်အခါ ငါးအစို (သို့မဟုတ်) အခြောက်ကို အစားထိုးဆက်သရသည်။ ရွာအများအပြား တွင်ရွာကို စောင့်ရှောက်ရန်အတွက် ရည်ရွယ်ပြီးနတ်စင် များတည်ထားကြသည်။ ...ကြတယနှင့် ရွာငံနယ်ရှိ ရွာအနည်းငယ်တွင်လည်း ရှင်မယ်ယနတ်ကို ကိုးကွယ်ကြသည်။

ရှင်မယ်ယနတ်အပြင် မြင်းဖြူရှင် (သို့မဟုတ်) ရှင်ဖြူရှင်နတ်ကိုလည်း ...န်မာနယ်နှင့် ရှမ်းပြည်နယ်တွင် အများအပြားကိုးကွယ်ကြသည်။ ...မ်ယယ်ဒေသကိုစောင့်ရှောက်သော နတ်အဖြစ်ကြည်ညိုလေးစားကြသည်။

**...သန်းရောင်းဝယ်ရေး**

သနပ်ဖက်အနည်းအကျဉ်းမှလွဲ၍ တင်ပို့ရောင်းချရသောထွက်ကုန်များ ...မည်ရရမရှိပေ။ ငါးပိ၊ ဆား၊ ဂျက်ဂါရီ၊ ကွမ်းသီး၊ ကွမ်းရွက် စသည်တို့ကို ...သွင်းသည်။ ပြည်နယ်တွင် ထူးထူးခြားခြား လက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းဟူ၍မရှိပေ။

## မြန်မာမင်းများလက်ထက်ကောက်ခံရသော အခွန်ဘဏ္ဍာစာရင်း

အင်းတိမ်ကုန်း မြေလတ်ဝန်သို့ လွှဲပို့သော မြန်မာဘုရင်ဥပဒေအရ ကောက်ခံခဲ့သည့်အခွန်တော်များမှာ–

| စဉ် | အုပ်ချုပ်သူအမည် | ပမာဏ | နှစ် | ရာထူးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ငစံဘုံ | ၆၀ | – | ငွေခွန်မှူး | |
| ၂ | ငစံမြ | ၆၀ | – | – | နံပါတ်(၁)သား |
| ၃ | ငစံမ | ၁၆၀ | – | – | နံပါတ်(၂)သား |
| ၄ | ငကောသာ | ၁၆၀ | ၁၇၈၃ | – | နံပါတ်(၃)သား |
| ၅ | ငသီရိ | ၃၉၀ | ၁၈၂၀ | – | နံပါတ်(၄)သား |
| ၆ | ငချစ်ဝင်း | ၉၀ | ၁၈၂၁ | ငွေခွန်မှူး | နံပါတ်(၅)သား |
| ၇ | ငရွှေမောင် | ၃၀၀ | ၁၈၄၄ | ငွေခွန်မှူး | နံပါတ်(၆)သား |
| ၈ | ငရွှေရင် | ၃၉၀ | ၁၈၅၂ | ရွာအုပ် | |
| ၉ | ငရွှေမောင် | ၃၉၀ | ၁၈၅၆ | ငွေခွန်မှူး | ပြန်လည်ခန့်အပ်ခံရသူ |
| ၁၀ | ငရန်ခုံ | ၃၉၀ | ၁၈၆၃ | ရွာအုပ် | |
| ၁၁ | ငစံ | ၁၀၀၀ | ၁၈၆၅ | ငွေခွန်မှူး | ညီငယ်၊ နံပါတ်(၆) |
| ၁၂ | ငရွှေမောင် | ၈၀၀ | ၁၈၇၃ | ရွာအုပ် | |
| ၁၃ | ငသာဦး | ၈၀၀ | ၁၈၇၄ | – | ပင်းတလယနှင့် သာမိုင်းခမ်း အုပ်ချုပ်ခဲ့သူ |
| ၁၄ | ငထွန်း | ၈၅၀ | ၁၈၇၆ | – | |
| ၁၅ | ငပေရွှး ခေါ် ငပြုန် | ၁၄၀၀ | ၁၈၇၇ | – | နန်းကွမ် |
| | | | | | ငွေခွန်မှူးလည်းဖြစ်သည်။ |
| ၁၆ | ငသိန်း | ၇၅၀ | ၁၈၈၇ | ငွေခွန်မှူး | နံပါတ်(၁၁)၏သား |
| | | ၁၀၀၀ | ၁၈၉၃ | | |

**ငစံဘုံ**သည် ကျောက်ဂူလေးရွာ၏ ပထမဆုံးမှတ်တမ်းဝင် ငွေခွန်မှူးဖြစ်သည်။ ၎င်းလက်ထက်မတိုင် မီ မည်သူ(သို့မဟုတ်)မည်မျှ အုပ်ချုပ်ခဲ့သည်ကိုမသိရပေ။ ခေါင်းဆောင်မည်သူလည်းဟူ၍ရှိဟန်မတူ။ ရွာတိုင်းရွာတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်သူရှိပြီး ၎င်းတို့လူ့အဖွဲ့အစည်း ကိုဦးဆောင်လာခဲ့ဟန်ရှိသည်။

ငစံဘုံက မည်သည့်အချိန်က မည်မျှကြာအောင် ဒေသကိုအုပ်ချုပ်ခဲ့သည်ဟူ၍ မသိရပေ။ ၎င်းအရိုက်အရာကို ၎င်း၏သား**ငစံမြ**က ဆက်ခံပြီး ၎င်းကသားဖြစ်သူ**ငစံမ**ကို လွှဲအပ်ပေးခဲ့သည်။ ၎င်း၏သားက ၁၇၇၈ ခုနှစ်တွင်ဆက်ခံခဲ့သည်ဟုဆိုကြသည်။ ၁၈၁၃ ခုနှစ်အထိ အစဉ်အဆက်စာရင်းဇယားကို ပြည့်စုံစွာ မရရှိခဲ့ပေ။

ထိုနှစ်တွင် ဓားပြခေါင်းဆောင်**ငစံရ** ပေါ်ထွက်လာခဲ့သည်။ ငစံရကလူ ၂၀၀ ခန့်စုစည်းသိမ်းသွင်းပြီး မိမိကိုယ်ကိုမိမိ ဝန်မင်းအဖြစ် ခံယူကာ မြေလတ်ဒေသ၏ ခေါင်းဆောင်အဖြစ် လူထုကရိုသေခန့်ညားလာအောင် လုပ်ဆောင်ခဲ့သည်။ မြန်မာဘုရင်က

တပ်သား ၂၅၀၀ ပါတပ် ကိုစေလွှတ်ပြီး ဖမ်းဆီးခိုင်းခဲ့သည်။ တောင်ဘိုနယ်၏ အမိန့်ပေးခြင်းအောက်မှ ပအင်းအနီးတွင် ငစံရနှင့် ရင်ဆိုင်ကြသည်။ ဘုရင့်တပ်တော်မှ တပ်သားများမှာ လုံးဝကြွမ်းတမ်းသောလမ်းခရီးကြောင့် အစုကွဲသွားခဲ့သည်။ ငစံရလည်း တောင်ဘိုရွာအနီးအထိလိုက်လံဖမ်းဆီးမှုကို ရှောင်တိမ်းခဲ့သည်။ မြန်မာခေါင်းဆောင် ဖမ်းဆီးမှုကို အလျင်အမြန်ရှောင်တိမ်းသော်လည်း နောက်ပိုင်း တွင်ငစံရသေဆုံးခဲ့ရသည်။ ၎င်းနောက်ပိုင်းတွင် သူ၏နောက်လိုက်များမှလည်း လက်နက်ချပြီး ပုန်ကန်မှု အဆုံး သတ်သွားခဲ့သည်။

၎င်းမှာကျောက်ဂူသမိုင်း အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်တမ်းတင်ရသော်လည်း ကျော်သာရာတူးရယူမှုမှာ မထင်မရှားဖြစ်ခဲ့ သည်။ နောက်နှစ်အနည်းငယ်အကြာ ၁၈၂၀ တွင် ၎င်းကွယ်လွန်ပြီး၎င်းရာတူး ကို သားဖြစ်သူ သေဒိုကဆက်ခံပြီး တစ်နှစ်ကြာ အုပ်ချုပ်ပြီး ကွယ်လွန်သည်။ ၎င်း၏သား **ချေစ်ဝင်းက** ဆက်ခံ အုပ်ချုပ်သည်။

**ချစ်ဝင်းလက်ထက်အုပ်ချုပ်ရေး**

ချေစ်ဝင်းသည် ပညာအတော်အတန်တတ်ပုံရသည်။ မှတ်တမ်းကောင်း တင်ခံရသည်။ ကျောက်ဂူ အကြီးအကဲအပြင် ပင်းတယ မော်စုန်၊ ပွေးလှ၊ ကျောက်ထပ်၊ ဖျူးနှင့် နမ့်ခုန်နယ်များတွင်လည်း ရာဇဝတ် တရားသူကြီးအဖြစ် တာဝန် ပေးနှင်းခြင်းခံရသည်။ မိုင်းနိုင်တွင် ဘုရင့်တပ်မတော်မှ ကိုယ်ရံတော်အစောင့် ၄၀ ယောက် ထောက်ပံ့ပေးထားသည်။ **သာမွေပေါင်** (ပေါင်တွင်မင်ကြောင် မထိုးထားသော ကြောင့် ၎င်းနာမည် တွင်ခြင်းဖြစ်သည်။) ခေါ် စံရ၏ အကြွပ်တစ်ယောက်က တပ်သား ၅၀၀ ခေါင်းပြီး ၎င်းတပ်ဖြင့် ချစ်ဝင်းကို တိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ သူလျှိုကျေတ်ကို ချစ်ဝင်းစခန်းအတွင်း ဝင်ရောက်စေပြီး တပ်အင်အားကို ထောက်လှမ်းစေခဲ့သည်။ ကျေတ်ကိုသူလျှိုမှန်းသိသွားသောအခါဖမ်းဆီးပြီး ကားစင်တင်ကွပ်မျက်ခဲ့သည်။ ထို့ကြောင့်သာမွေပေါင်၏နောက်လိုက်များသည် ပြိုကွဲသွားပြီးနောက်(၆)လအကြာတွင် သာမွေပေါင်အဖမ်းခံရပြီး ကျေတ်ကဲ့သို့ပင်ကွပ်မျက်ခံရသည်။

၁၈၇၇တွင် ဝေလည်ကြောင်ပတ်နိုင်သော မြန်မာ၏ပေါ်လစီကိုချမှတ်ပေးခဲ့သည်။ ၎င်းပေါ်လစီမှာ ချစ်ဝင်းကနယ်အားလုံးမှတပ်ဖွဲ့များ ကိုစုစည်း၍ ၎င်းအုပ်ချုပ်မှု အောက်အောက်တွင် သွတ်သွင်းပြီး ညောင်ရွှေ နှင့်ဟိုပုံးစော်ဘွားတို့ကို တိုက်ခိုက်ရန် ဖြစ်သည်။ ၎င်းစော်ဘွားများက ဗမာ အစိုးရအား ဆန့်ကျင်ပုန်ကန်ရန် မြှောက်ပင့်နေမှုကို ပိုဆိုင်း၍ အင်းဝဘုရင်ထံအည့်ခံစေရန်ဖြစ်သည်။ ချစ်ဝင်းအတွက် ညောင်ရွှေနှင့်ဟိုပုံး စော်ဘွားများမှာ အင်အားတောင့်တင်းလွန်းသဖြင့် သူတွင်ရှိတပ်အင်အားဖြင့် ဘာမှလုပ်၍ ရနိုင်ဖြစ်ခဲ့သည်။

**ရွှေမောင်လက်ထက်အုပ်ချုပ်ရေး**

၁၈၄၃ခုနှစ်တွင် ချစ်ဝင်းကွယ်လွန်သောအခါ ၎င်းကိုဆက်ခံသော သားဖြစ်သော **ရွှေမောင်** လက်ထက်တွင် မြေလတ် ဒေသကို ကရင်နီများက ဝင်ရောက်တိုက်ခိုက်ကြသည်။ ရွှေမောင်ကပြန်လည် တိုက်ထုတ်သော်လည်း ကာခံနိုင် ကြသည့်ဖို မတိုက်ထုတ်နိုင်ပဲရှိသည်။ ၁၈၅၂ ခုနှစ် ပုဂံမင်းကို မင်းတုန်း မင်းကနန်းချပြီး ဗမာပြည်ကိုစိုးမိုးအုပ်ချုပ်သောအခါ ရွှေမောင်သည်ရာထူးမှချခံရသည်။ နယ်တစ်ခုလုံးကို ဓနုလူမျိုးဖြစ်သော **ငရွှေရစ်က** မြို့အုပ်ရာထူးဖြင့်အုပ်ချုပ်ခဲ့သည်။ ငရွှေရစ်ကလည်း ကျောက်ဂူနယ် တစ်ခုလုံးကို အပြည့်အဝမထိန်းချုပ် နိုင်သဖြင့် ဗြိတိသျှပိုင် တောင်ငူသို့ သွားရောက်၍ အသိပေးအကြောင်းကြားခဲ့သည်။ ထို့ကြောင့် ငရွှေမောင်အား ပြန်လည်ခန့်အပ်ရပြန်သည်။ ၎င်းနောက် ကရင်နီနယ်စပ်အနီးတွင် ၁၈၆၀ ခုနှစ်၌ တပ်မကြီးတစ်ခုကို အုပ်ချုပ်စေခဲ့ သည်။ **ယန်ကုံခေါ်** ရွာအုပ်တစ်ဦးကိုခန့်အပ်ပြီး ကျောက်ဂူလေးရွာကို အုပ်ချုပ်စေခဲ့သည်။ ၎င်း၏ အထက် အရာရှိကပြောင်းရွှေ့သွားသောအခါ ၎င်းအရာရှိနှင့်အတူ ယန်ကုံလည်းရာထူးမှ လျှော့ချခံလိုက်ရတော့သည်။

**လတ်တလောသမိုင်း**

ချစ်ဝင်း၏ညီ ငစံက ၁၈၆၆တွင် ငွေခွန်မှူးဖြစ်လာသည်။ (၈)နှစ်ကြာအောင် အုပ်ချုပ်သွားခဲ့သည်။ ထို့နောက်ရာထူးမှ ရုတ်တရက်ရုတ်သိမ်းခံခဲ့ရသည်။ အကြောင်းရင်းမှာ မြေလတ်ဝန်ဦးတူက မကျေနပ်သော ကြောင့်ဖြစ်သည်။

မကွေးဝန်ထောက်၏စာရေး **ငရွှေမောင်ကို** ရွာအုပ်အဖြစ်ခံအပ်သည်။ ထိုနှစ်တွင်ပင် ၎င်းကွယ်လွန်သောအခါ **သောဦးသည်** ပင်းတယနှင့်သာမိုင်းခမ်းကို ကြီးကြပ်အုပ်ချုပ်ရသည်။ ၎င်းမှာလဲ ငွေခွန်များအလွဲသုံးစား လုပ်မှုဖြင့် ရာထူးမှဖြုတ်ချခြင်းခံခဲ့ရသည်။

မကွေးဝန်ထောက်၏တပည့် **ငထွန်းက** ၎င်း၏အရိုက်အရာကိုဆက်ခံခဲ့သော်လည်း နတ်ထိပ်တောင်ကြားကို ဖြတ်လာသော ငယုံ၏နောက်လိုက်များက များမကြာမှီပင် လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။

နမ့်ခုန်ငွေခွန်မှူးရာထူးကို ငပျံ နှင့် ငပဲစုတို့က ၁၈၇၈ ခုနှစ်တွင်သိမ်းပိုက်ခဲ့သည်။ သို့သော် ကျောက်ဂူ ၏ရွာအုပ်အဖြစ်သာအုပ်ချုပ်ခဲ့သည်။ ၎င်းမှာလည်း အခွန်များကိုလိမ်ညာမှုဖြင့် မန္တလေးနေပြည်တော်မှ ဖမ်းဆီး ချုပ်နှောင်ပြီး ၁၈၈၂ ခုနှစ်တွင် ငစံ၏သား **ငသိုင်းကို** ငွေခွန်မှူးအဖြစ်ခန့်အပ်ရပြန်သည်။ ရုတ်တရက်ချက်ချင်းပင် မြေလတ်ဒေသကို ဗြိတိသျှတို့ဝင်ရောက်သိမ်းပိုက်ပြီးနောက်တွင်လည်း ၎င်းကိုပင် အုပ်ချုပ်ရေးမှူးအဖြစ် ဆက် လက်ခန့်ထားခဲ့သည်။

**ကျောက်ဂူလေးရွာတိုက်နယ်**

ကျောက်ဂူလေးရွာနယ်အတွင်းရှိ ရဲလှတိုက်နယ်သည် မြေလတ်ဒီစခြိတ်၏ တိုက်နယ်တစ်ခုဖြစ်သည်။ ငွေခွန်မှူးသိုက ဂိုဏ်းကို ဦးခေါင်းဆောင်မှပါယင့် တိုက်ရိုက် အခွန်ပေးဆောင်သောရွာများအားလုံးပါဝင်သည်။ ၁၈၉၇ စာရင်းအရ ရွာပေါင်း(၆)ရွာ၊ အိမ်ခြေပေါင်း(၁၁၀)ရှိ၍ လူဦးရေစုစုပေါင်းမှာ(၆၈၁)ယောက်ဖြစ်သည်။ ပေးဆောင် သောအခွန်ဘဏ္ဍာငွေမှာ ၄၀၆ ရူပီဖြစ်သည်။

## ဧေးခေတ်ဟောင်းဘော်နင်းနယ်အုပ်ချုပ်ရေး

**ဧရိယာခွင်နယ်နိမိတ်**

ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်နယ်တွင်ပါဝင်သော နယ်တစ်နယ်ဖြစ်သည်။ ဧရိယာ ၄၀ စတုရန်းမိုင် သာကျယ်ဝန်းသည်။ မြောက်ဖက်၊ အရှေ့ဖက်နှင့် တောင်ဖက်တွင် ညောင်ရွှေနယ်၊ အရှေ့ဖက်တွင် သာမိုင်းခမ်း နယ်များတည်ရှိသည်။

**သဘာဝမြေမျက်နှာပြင်နှင့် ရာသီဥတု**

မြေလတ်ဒေသ၏ လှိုင်းထနေသော သဏ္ဌာန်ကုန်းမြေများ၏ ရှေ့ဖက်အစွန် ၌တည်ရှိသည်။ မပူပြင်း သော်လည်း ခြောက်သွေ့သောဒေသဟု ပြောနိုင်သည်။ နယ်၏မြောက်ဖက်ပိုင်းတွင် ရွှံ့နွံထူထပ်ပြီး ဆန်စပါးစိုက် ပျိုးသောဒေသဖြစ်သည်။ နယ်၏ဧရိယာအတွင်းတွင် ချောင်းကြီးများမရှိပဲ ဒေသခံများက တွင်းရေကိုသာသောက် သုံးကြရသည်။

နယ်၏အရှေ့ပိုင်းကုန်းမြင့်၏ အစွန်အနားက မိုးအုပ်ထားသလိုဖြစ်နေသည်။ ညောင်ရွှေအင်းလေးဖက်သို့ နိမ့်ဆင်းသွားသည်။ ထို့ကြောင့် အခြားမြေလတ် ဒေသများထက် ပိုမိုပူနွေးသည်။ မိုးရေချိန်နည်းပါးသော ၎င်းဘော် နင်းဒေသမှာ ကျန်းမာရေးအတွက် ကောင်းမွန်သင့်လျော်သော ဒေသတစ်ခုဖြစ်သည်။

**လူဦးရေနှင့်လူမျိုးများ**

အေဒီ၁၈၉၇ ခုနှစ်တွင် စုစုပေါင်းလူဦးရေ ၃၂၇၂ ယောက်ရှိပြီး ထိုအရေအတွက် သည် ရှမ်းပြည်ကို အင်္ဂလိပ်များသိမ်းပိုက်ပြီးချိန်ကထက် ၁၅% တိုးလာခြင်းဖြစ်သည်။ ကင်ရိုးအများဆုံးနေထိုင်သည်။ ၁၈၉၇ ခုနှစ်တွင် ရွာ-၃၀၊ အိမ်ခြေ-၇၉၇ ရှိပြီး အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ ၄.၁၀၅ ဖြစ်၍ ၄ ဦးခန့်နေထိုင် သည်။

နေထိုင်သောလူမျိုးများမှာ–

ဦးရေ

| | | | |
|---|---|---|---|
| တောင်ရိုး | – | ၁၃၃၆ | ယောက် |
| တောင်သူ(ပအိုဝ်း) | – | ၆၂၁ | ယောက် |
| အင်းသား | – | ၃၉၇ | ယောက် |
| ဓနု | – | ၄၁၈ | ယောက် |
| ဓရဲ | – | ၂၁၂ | ယောက် |
| ရှမ်း | – | ၁၅၉ | ယောက် |
| ထနော့ | – | ၁၂၇ | ယောက် |
| ဗမာ | – | ၁၂ | ယောက် |
| **စုစုပေါင်း** | – | **၃၂၇၂** | **ယောက်** |

နယ်မှာ မြို့စားအဆင့်ဆင့် အုပ်ချုပ်ခဲ့သည်ဆိုသော်လည်း ထင်ရှားခြင်းမရှိခဲ့ချေ။ ဘောင်နင်းမြို့တွင် အိမ်ခြေ ၃၀ ထက်မပို ဈေးထည်းထည်းဖြစ်နေသောဈေးမှာ တဖြည်းဖြည်းထင်ရှားလာပြီးနောက် ယခုအခါဈေးဆိုင် ၅၀ ခန့်ရှိလာပြီးဖြစ်သည်။

**အခွန်တော်**

ဘောင်နင်းနယ်တွင် အိမ်ခြေ ၇၉၂ အိမ်ရှိပြီး ကျေးရွာပေါင်း ၃၀ ပါဝင်သည်။ ၎င်းအနက် ၁၀ ရွာခန့်သာ အိမ်ခြေ ၃၀ ထက်ပိုသည်ကိုတွေ့ရသည်။ ကောက်ခံရရှိသော အခွန်တော်ငွေမှာ ၃၀၂၅ ရပြီး ရူပီ ၁၄၀၀ ကို အခွန်ဘဏ္ဍာအဖြစ် ပေးပို့ဆက်သရသည်။

**နောက်ခံသမိုင်း**

ဘောင်နင်းနယ်မှာ ယခုအချိန်အထိ မထင်ရှားသော နယ်တစ်နယ် ဖြစ်နေသေးသော်လည်း တစ်ချိန်ကဇင်း နယ်နိမိတ်မှာ မြေလတ်ဒေသတွင် များစွာကျယ်ပြန့်ခဲ့သည်။ ဘောင်နင်းနယ်၏ သမိုင်းကို မြန်မာသက္ကရာဇ် ၂၂၂ (အေဒီ ၈၆၀)တွင် စတင်ခဲ့သည်ဟု ပြောနိုင်သည်။ ထိုအချိန်က သီရိမ္ဗာသောကမင်းတရားကြီးသည် **နော်ရပျံကျော်** စည်သူ ဘွဲ့အမည်ရ အမတ်တစ်ဦးအား စေလွှတ်ပြီး သင့်လျော်သောတောင်ထိပ်တစ်နေရာတွင် မြတ်စွာဘုရား ဓါတ်တော်များဌာပနာပြီး စေတီတည်ထားစေခဲ့သည်။ ထိုအမတ်သည် ဘောင်နင်းအမည်တွင်မည့် ယခုဒေသကို ရောက်ရှိပြီး သာသနာပြုရာတွင် ၎င်း၏လုပ်ငန်းများကို **ပေါ့ခမ်းဟုံ**ဆိုသူအမတ်ကြီးက ကူညီလုပ်ဆောင်ပေးခဲ့သည်။ စေတီကြီးပြီးမြောက်သွားပြီးသောအခါ ရသေ့ ၂ ဦးဖြစ်သူ သောနထီးနှင့် ခုတ္တရထီးတို့သည် မြေကြီးအတွင်းမှ ထွက်ပေါ်လာပြီး ရှိခိုးပူဇော်ခဲ့ကြသည်။ ထိုဖြစ်ရပ်ကြောင့် ဤဒေသကို

ဘော်နင်းဟုခေါ်ဆိုခဲ့ကြသည်။

အခြားအယူအဆတစ်ခုမှာ ဘော်နင်းမြို့၏အနောက်ဖက်တွင် ဂူတစ်လုံးရှိပြီး ထိုဂူတွင် နဂါးတစ်ကောင်နေ ထိုင်ခဲ့သည်။ တစ်နေ့တွင် နဂါးသည် ဂူအပြင်သို့ ထွက်လာသောအခါ ဂဠုန်တစ်ကောင်၏ ထိုးသုတ်ခြင်းကိုခံရ သည်။ ထိုအချိန်၌ ဂူတွာရာခေါ် မင်းတစ်ပါးသည် တော်ကစားထွက်လာရာမှ ထိုနေရာသို့ရောက်ရှိလာပြီး ဂဠုန်နှင့်နဂါးတို့ တိုက်ခိုက်နေမှုကို မြင်တွေ့သွားခဲ့သည်။ မင်းသားက ဂဠုန်ကို လေးတော်ဖြင့် ပစ်ခွင်းခဲ့ရာ ဂဠုန်ကိုထိမှန်ခဲ့သည်။ ဂဠုန်သေဆုံးချိန်၌ ကိုယ်တွင်း ၌ကိုက်ဝင်နေသော မြွေးတံကို ခြေထောက်ဖြင့်ကန်၍ ဆွဲနှုတ်ခဲ့ရာ ဘော်နင်းအမည်တွင် သည်ဟုဆိုသည်။ ဒေသခံများက အထက်ပါဘာသာရေးအဖြစ်အပျက်နှင့် နဂါးဂဠုန်ဒဏ္ဍာရီ ၂ ခုလုံးကို လက်ခံယုံကြည်ခဲ့ကြသည်။

ပုဂံပြည့်ရှင် နရပတိစည်သူမင်းလက်ထက်က ဘော်နင်းနယ်၏သမိုင်းမှာ ထူးခြားခဲ့ချေ။ ဘုရင်မင်းမြတ်က သူ၏ဘုန်းတန်ခိုးအာဏာဖြင့် စေတီတစ်ဆူ တည်စေတော်မူခဲ့ရာ တစ်နေ့တွင်းပင် နေ့ချင်းပြီးစီးသွားခဲ့သည်။ ထိုဘုရားကို ထိုအချိန်မှစ၍ ရွှေလင်းစင်(ရွှေလင့်စင်)ဘုရားဟု အမည်တွင်ခဲ့သည်။

**နယ်နိမိတ်များ**

ဘော်နင်းနယ်၏နယ်နိမိတ်မှာ ရှေးကတည်းက မူလရှိခဲ့သောနယ်နိမိတ်အတိုင်း သာထင်ရှားစွာရှိနေခဲ့ သည်။ အရှေ့ဖက်သို့ ၁၀ မိုင် ညောင်ရွှေအင်းလေးအထိ၊ အရှေ့တောင်ဖက် ၁၆ မိုင် အင်းတိမ်ချိုင့်ဝှမ်းအထိ၊ တောင်ဖက် ၁၉ မိုင် ဘီလူးချောင်းအထိ၊ အနောက်ဖက် မိုင် ၅၀ ဝက်တိုးရေအထိ၊ အနောက်မြောက်ဘက် ၅၀ နတ်ထိပ်တောင်ကြား၊ မြောက်ဖက် ၂၈ မိုင် ဇော်ဂျီမြစ်အထိ၊ အရှေ့မြောက်ဘက် ၇၀ နမ့်အက်ချောင်း ဝှမ်းအထိ ကျယ်ပြန့်ခဲ့သည်ဟုဆိုသည်။

**စားများ**

ဘော်နင်းနယ်မှာ မြေလတ်ဒေသအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသ စ်ခုလုံးပါဝင်နေသည်။ ထိုဒေသ၏ အပြင်ဖက်အထိလည်း ပါဝင်နိုင်သေးသည်။ ယ်စားမှာ ပုဂံပြည့်ရှင်၏လက်အောက်ခံမဟုတ်ပဲ မဟာမိတ်သာဖြစ် သည်။ မနယ်စား၏အမည်မှာ ခမ်းဟုံဖြစ်ပြီး သူ့နောက်ဆက်ခံခဲ့သော မြို့စားများမှာ ာက်ပါအတိုင်း ဖြစ်သည်။ သို့သော် မှတ်တမ်းများ၌ ရက်စွဲများမပါဝင်ပေ။

၁။ ခမ်းဟုံ

၂။ နန်းခမ်းလင်း - သူ၏သားတော်

၃။ မောင်နေဒွန်း - သူ၏သားတော်

၄။ မောင်ကွပ် - ညီအစ်ကိုတော်

၅။ မောင်ကျဲ - သားတော်

၆။ မောင်လ - သားတော်

၇။ စောတ - သားတော်

၈။ မောင်ဆောင်း - သားတော်

၉။ ရဲထွင်မ္ဗ - မြေးတော် သက္ကရာဇ် ၁၀၉၈(အေဒီ ၁၇၃

၁၀။ သာဆုံ - သားတော် သက္ကရာဇ် ၁၁၁၄(အေဒီ ၁၇၅

၁၁။ မောင်မြွတ် - သားတော် သက္ကရာဇ် ၁၁၂၈(အေဒီ၁၇၆
ဖြုတ်ချခံရပြီး ၁၁၃၆(အေဒီ ၁၇၇၄)အာဏ
ပြန်ရ

၁၂။ နော်ခမ်းလင်း

၁၃။ မောင်ကောင်း - တူတော်

၁၄။ မောင်ပုတ် - သားတော်

၁၅။ မောင်မောင် - သားတော်

၁၆။ ခွန်ခမ်း - ညီအစ်ကိုတော်

မှတ်တမ်းများ အထူးဖော်ပြထားသည်မှာ အေဒီ ၁၇၃၆ တွင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားက **ရဲထွင်မ္ဗကို** မြို့စားခန့်ခဲ့သည်။ မြို့စားခန့်ထားရာတွင် ရာထူးအဆောင်အယောင်အဖြစ် ရွှေထီး၊ ကွမ်းအစ်၊ ထွေးခံများ အပြည့်အစုံချီးမြှင့်ခဲ့သည်။

**ခွဲထွက်မှုများ**

၁၀ ဆက်မြောက်သော မြို့စားမောင်မြွတ်မှာ လူမုန်းများသော မြို့စားတစ်ဦးဖြစ်သည်။ ထို့ကြောင့်ဘုရင်မင်း မြွတ်က ပြည်သူများ၏ဆန္ဒကို ဖြေရှင်းသည့်သဘောဖြင့်သူ့ကို အင်းဝနေပြည်တော်သို့ ခေါ်ယူထားသည်။ ဘော်နင်းနယ်ကို မြန်မာအရာရှိများဖြင့် အုပ်ချုပ်ထားသည်။ မောင်မြွတ်သည် ယိုးဒယားနှင့်ဖြစ်ပွားသောစစ်ပွဲတွင် စစ်ဗိုလ်ချုပ်စန္ဒဝေသန္တ၏တပ်တွင် ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့သဖြင့် စစ်ပွဲပြီးသောအခါ မူလမြို့စားရာထူးကိုပြန်လည်ခန့် အပ်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အခြေအနေများပိုဆိုးလာပြီးမောင်မြွတ်ကို မကြိုက်နှစ်သက်သော အောက်ဖော်ပြပါဒေသများမှ ခေါင်းဆောင်များကခွဲထွက်သွားပြီး နီးစပ်ရာစော်ဘွားနယ်များသို့ ခိုဝင်သွားခဲ့ကြသည်။

| | | |
|---|---|---|
| ငုံသုံ | နောင်ရဲ | တောင်အိုးကွဲ |
| လမိုင်း | မြင်းမထိ | မြေင်းနီနွယ် |
| နန်းသွန်း | မပေါင်ဆိုင်း | သာ[illegible]ရဲ |
| နန်းနိုင်း | နန်းတင်း | အင်းဝန် |
| ဘန်းလုံ | | |

နောင်နှစ်ပေါင်းများစွာကြာသည့်အထိ ခွဲထွက်မှုများ ဆက်လက်ရှိနေပြီး ခွဲထွက်သူအများစုမှာ သာမိုင်း ခမ်းနယ်ရှင်ထံခိုဝင်ကြခြင်းဖြစ်သည်။ မောင်မြတ်အနေနှင့် ခွဲထွက်မှုများအားလုံးကို မစစ်ဆေးရန်ဘုရင် က တားမြစ်ထားသည်။ ထိုအချိန်တွင် ညောင်ရွှေစော်ဘွားကလည်း လက်နက်အားကိုးဖြင့် နန်းအက်ချောင်း အထိ မြောက်ပိုင်း နယ်ကို သိမ်းယူသွားသည်။ ထို့ကြောင့် ဘော်နင်းဒေသမှာလည်း ဧရိယာအကျယ်အဝန်း လျော့ ကျသွားသည်။

**မြန်မာဘုရင်သို့ ဆက်သသော ပဏ္ဏာများ**

သက္ကရာဇ် ၁၂၂၆(အေဒီ ၁၈၆၄)တွင် ဘော်နင်းနယ်ရှင်အနေနှင့် ပဏ္ဏာအဖြစ် ရွှေပန်းခိုင်၊ ငွေပန်း ခိုင်များကိုသာ ဆက်သစေခဲ့သည်။ ထိုအချိန်တွင် မြေလတ်ဝန် မောင်မောင်ကြီးက အခွန်အဖြစ် တစ်အိမ် လျှင် ၃ ရူပီ ပေးဆောင်ရန် အမိန့်ထုတ် ပြန်ခဲ့သည်။ နောက်မကြာမီ ထိုအခွန်တော် ၂ဆပိုမိသော အခွန်များပေးဆောင် ခဲ့ရသည်။

# ဒဏ္ဍာရီဆန်သောဓနုလူမျိုးတို့၏မြို့တော်ပင်းတယ

ဒဏ္ဍာရီပုံပြင်ဆန်ဆန်သမိုင်းတစ်ခုမှလွဲ၍ ပင်းတယနယ်တွင်အခြားထင်ရှား သော သမိုင်းများမကျန်ရစ်ပေ။ရှေးသရောအခါက နတ်သမီးညီအစ်မ(၇)ဖော်သည် လက်ရှိပင်းတယမြို့၏တောင်ဖက်ရှိ ရေကန်သို့(၇)ရက်တစ်ကြိမ် ရေချိုးဆင်းကြလေ့ ရှိသည်။တစ်နေ့တွင် ကြောက်စရာကောင်းသောမိုးသက်မုန်တိုင်းကြီး ဖြစ်ပေါ်လာ သဖြင့် နတ်သမီး(၇)ဖော်သည် ရေကန်ဘေးရှိဉမင်ဟုခေါ်သော ဂူကြီးအတွင်းသို့ သွားရောက်ခိုလှုံကြသည်။ ထိုဂူကိုပိုင်စိုးသူမှာ ကြောက်စရာကောင်းသော ဘီလူးကြီး တစ်ကောင်ဖြစ်ပြီး၊ သူသည် တန်ခိုးဖြင့် တိရစ္ဆာန်ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် အသွင်ပြောင်းနိုင်သည်။ ငှက်၊မြွေ၊နဂါးစသည်ဖြင့် ပြောင်းလဲဖန်ဆင်းနိုင်သည်။ နတ်သမီးများ ဂူအတွင်းခိုအောင်းနေစဉ် ဂူအတွင်းတွင်ဘီလူးကြီးမရှိပဲ အစာရှာ ထွက်ရာမှ နတ်သမီးများ၏အော်သံကို ကြားရသည့်အခါ ဂူ၏အပေါက်ကို ပိတ်လိုက်သည်။ ရည်ရွယ်ချက်မှာ နတ်သမီးများဂူအတွင်း အစာရေစာ ပြတ်လပ် သေဆုံးစေရန်ဖြစ်သည်။

ထိုအချိန်တွင် ဗာရာဏသီပြည်(ယခုခေတ်ညောင်ရွှေနယ်)မှ မင်းသားသုဓနု ကုမ္မာသည် ကျောက်ထပ်ဒေသလှည်းထောင်းကန်အရပ်တွင် တောကစားနေသည်။ သူသည် ကယ်ပါကူပါဟူသောအော်သံများကိုကြားရသဖြင့် သွားရောက်ရှာဖွေရာ နဂါးတစ်ကောင်သည် ဂဠုန်ကြီးနှင့်တိုက်ခိုက်နေသည်ကို တွေ့ရသည်။နဂါးမှာ ချည်မန်းကြိုးဖြင့် ဖမ်းဆီးထားခြင်းခံရသည်။ နဂါးကရင်းအားကယ်ဆယ်ပါရန် မင်းသားအား အကူအညီတောင်းခံခဲ့သည်။ထိုအခါမင်းသားက ဂဠုန်ကြီးကို လေးမြား ဖြင့် ပစ်ခွင်းသတ်ဖြတ်ပေးလိုက်သည်။ဂဠုန်မှာ ချက်ချင်းအသက်ပြန်ရှင်လာပြီး ကြီးမား သော ပင့်ကူကြီးတစ်ကောင်အဖြစ်ပြောင်းလဲသွားခဲ့သည်။ဂူအတွင်းမှ နတ်သမီးများ၏ ငိုကြွေးသံကိုကြားရသဖြင့် တောင်ပေါ်သို့တက်လာခဲ့ရာ မကြာမီသတ်ဖြတ်ခဲ့သော ဂဠုန်ကြီးပုံစံပြောင်းထားသည့် ပင့်ကူကြီးကိုတွေ့ရသည်။မင်းသားနှင့်ပင့်ကူကြီးတို့

တိုက်ခိုက်ကြပြီး မင်းသားကပင့်ကူကြီးကိုသတ်ဖြတ်နိုင်ခဲ့ကာ နတ်သမီးများကို ကယ်တင်နိုင်ခဲ့သည်။နတ်သမီးများကအလွန်ကျေးဇူးတင်ပြီး နတ်သမီးအငယ်ဆုံးနှင့် အချောဆုံးနတ်သမီးကစ်ဂါးနှင့် မင်းသားကို လက်ထပ်ခဲ့ကြသည်။နတ်သမီး၏အမည် မှာရှင်မိယာ ဖြစ်သည်။မင်းသားသည် နတ်သမီးနှင့်အတူပင့်ကူကြီးကို သတ်ဖြတ် ခဲ့သည့်နေရာတွင် မြို့တည်ထောင်ကာနေထိုင်ခဲ့သည်။၎င်းမြို့ကို "ပင့်ကူရ"ဟူ၍ အမည်ပေးခဲ့သည်။

သုဓနုမင်းသားအမည်နာမကို အစွဲပြုပြီးပင်းတယဒေသတွင် နေထိုင် သည့်လူမျိုးကိုလည်း သုဓနုမှသုကိုဖြုတ်ပြီးဓနုလူမျိုးဟု ခေါ်တွင်လာကြောင်း အဆို အမိန့်ရှိခဲ့သည်။ သုဓနု(ဓနု)လေးမြှားကို ကိုယ်နှင့်မကွာကိုင်စွဲသူ မူလဘီလူးကြီးသည် ပြုန်ဘဝ၊ပင့်ကူဘဝဖြင့်မင်းသား၏ သတ်ဖြတ်ခြင်းကိုခံခဲ့ရသော်လည်း အသက်မသေပဲဘီလူးကြီးဘဝဖြင့်ပင် မင်းသားကိုလက်စားချေရန် စောင့်စား နေခဲ့သည်။တစ်နေ့သ၌ မင်းသားကုမ္မာသည်ဉယျာဉ်အတွင်း အိပ်ပျော်နေသည်ကို ဘီလူးကတွေ့ရှိသွားရာ ကြီးမားသောသံလှောင်ချိုင့်ကြီးဖြင့် ဖုံးအုပ်ဖမ်းဆီးခဲ့သည်။ ထို့နောက်မင်းသား၏လေးနှင့်မြှားစကြာကို ခိုးယူသွားခဲ့ပြီး မော်ဆုံနယ်ထဲတွင်ရှိသော ဘီလူးကန်တွင်ဝှက်ထားခဲ့သည်။ မင်းသားအိပ်ရာမှနိုးလာသောအခါ အကျဉ်း ထားဖြစ်နေကြောင်းသိရသည်။ မင်းသားကမြေကြီးကိုခြေဖနောင့်ပေါက်ကာ လှည်း ထောင့်ကန်အရပ်တွင် သူကယ်တင်ခဲ့သောနဂါးကိုတမ်းတခေါ်ယူခဲ့သည်။ နဂါးရောက်ရှိလာပြီး မင်းသားကိုလှောင်အိမ်အတွင်းမှလွှတ်ပေးကာ ဘီလူးခိုးယူ သွားခဲ့သောလေးနှင့်မြှားစကြာကို ဘီလူးကန်မှပြန်လည်ရယူခဲ့သည်။ ဘီလူးပြန်ရောက်လာသောအခါဘီလူးကိုလေးမြှားဖြင့် ပစ်သတ်ပြန်သည်။ သော်ဘီလူးသည် ဇော်ဂျီဘဝဖြင့် ပြန်လည်ရှင်သန်လာပြီး ကုမ္မာမင်းသား ခေါ်သတ်ရန် ရန်ငြိုးကြီးစွာထားခဲ့သည်။တစ်နေ့တွင်မင်းသားမှ ဖျားနာဖြစ်သော ၌ သမားတော်ဆေးဆရာကိုခေါ်ယူကြရာဇော်ဂျီသည်ဆေးဆရာအဖြစ် သား၏အခန်းတွင်းသို့ဝင်ရောက်လာကာ သံကွင်းတပ်ထားသော ကြိမ်တုတ်ဖြင့်

[illegible]ခဲ့သည်။ မင်းသားမှာဒဏ်ရာရရှိပြီးတောင်ဖက် သို့ ထွက်ပြေးခဲ့သည် *ဇော်ဂျီသည် မင်းသားနောက်သို့မလိုက်ပဲ* မင်းသမီးကိုဖမ်းယူ ကာထွက်ပြေးခဲ့သည် လမ်းခရီးတွင် မြစ်တစ်ခုသို့ရောက်သောအခါ ရှင်မိယာမင်းသမီး ကရေသော ခွင့်ပြုရန် ခွင့်တောင်းခဲ့သည်။ ဇော်ဂျီကမြစ်ကမ်းထိပ်ပိုင်တွင် ဒူးထော ထိုင်ကာရှင်မိယာအား ရေတိုက်ရာမင်းသမီးက မြစ်အတွင်းတွန်းချသဖြင့်ဇော်ဂျီ မြစ်အတွင်းသို့ ကျသွားခဲ့သည်။ထိုအချိန်တွင် မြစ်ရေများချက်ချင်းခမ်းခြောက်သွ ရာ မင်းသမီးသည်လျှင်မြန်စွာ ထမိန်ကိုချွတ်၍ဇော်ဂျီ၏ဦးခေါင်းပေါ်သို့ လွှမ်းခြုံလိုက် သည်တွင် ဇော်ဂျီ၏ဘုန်းတန်ခိုးများ ပျက်ပျယ်မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ထို အခါ မြစ်ရေများနဂိုမူလအဖြစ်သို့ ပြန်တက်လာရာဇော်ဂျီမှာ ရေနစ်သေဆုံးသွာ သည်။ဇော်ဂျီအလောင်းမှာ ပင်လယ်ထဲအထိမျောပါသွားသည်။ ထိုအချိန်မှစ၍ ထို မြစ်ကို "ဇော်ဂျီမြစ်"ဟု ခေါ်ခဲ့ကြသည်။ ဇော်ဂျီမြစ်ဝ၏အနောက်မြောက်ဘက်တော ကုန်းကို ယခုထက်တိုင်ရှင်မိယာတောင်ကုန်းဟု အမည်တွင်ဆဲဖြစ်သည်။

မင်းသမီးရှင်မိယာသည် ပင့်ကူရမြို့သို့ချက်ချင်းပြန်လာခဲ့သည်။ဆက်လက်၍ မင်းသားကို ရှာဖွေခဲ့ရာဒဏ်ရာမှကျသောသွေးစက်များကို ခြေရာခံ၍လိုက်ခဲ့သည်။ မင်းသားခေတ္တနားခဲ့သောနေရာတွင် သွေးအိုင်ခွက်တစ်ခုတွေ့ရပြီး ၎င်းဒေသကို "သွေးမဲ"ဟုခေါ်ခဲ့သည်။ထိုအမည်မှာ ကာလကြာသောအခါ "တမဲ"ဖြစ်လာခဲ့သည်။ မင်းသမီးလိုက်လံရှာဖွေခဲ့ရာ ပင်ပန်းပြီးခရီးဝေးလှသဖြင့် "ဝေးလှ"ဟုမြည်တမ်းခဲ့သည်။ နောက်ပိုင်းတဖြည်းဖြည်း ရွေ့လျားလာပြီး"ပွေးလှ"ဖြစ်လာသည်။မင်းသမီးက မင်းသား ကိုဆက်လက်ရှာဖွေလာရာ သွေးအိုင်များတွေ့ရ၍ဒူးထောက်ကာ သွေးနံ့ကိုခံခဲ့သည်။ မင်းသား၏ သွေးအစစ်ဖြစ်ကြောင်းသိရသဖြင့် ထိုဒေသကိုကုန်းနမ်းမှ"နမ်းကုန်း"ဟု ခေါ်တွင်ခဲ့သည်။ နောက်ဆုံးသေဆုံးတောင့်တင်းနေပြီဖြစ်သော မင်းသား၏ အလောင်းကိုတွေ့ရှိရာ ထိုဒေသမှာယခုညောင်ရွှေမြို့နယ်ထဲမှာတော့ သီကောင်း အုံရပ်ဟုခေါ်သည်။၎င်းနောက်မူလအမည် "သေကောင်"ခေါ်တွင်ရာမှ"သီခေါင်"ဟု တဖြည်းဖြည်းအမည်ပြောင်းလဲသွား ခြင်းဖြစ်သည်။မင်းသမီးမှာငိုယို၍မပြီးဆုံးခင် ဆွေ

မျိုးတော်စပ်သောနတ်များကို မင်းသား၏အသက်ပြန်ရှင်လာစေရန် ဆောင်ရွက်စေလိုကြောင်း တိုင်တည်ဆုတောင်းခဲ့သည်။နတ်များကူညီ၍ မင်းသားအသက်ပြန်လာ၍(၂)ဦးစလုံး ပင့်ကူရျမြို့သို့ မပြန်တော့ပဲစွန့်လွှတ်ခဲ့ပြီး ညောင်ရွှေနယ်ရှိ ပြည်ဟာရာဏသီတွင် ငြိမ်းချမ်းစွာနေထိုင်သွားခဲ့ကြသည်။

ပင်းတယမြို့နယ်သည် ဧရိယာ စတုရန်းမိုင်ပေါင်း ၂၅၃.၂၈ မိုင်ကျယ်ဝန်း၍ ပင်လယ်ရေပြင်ထက် အမြင့်ပေ ၃၈၀၀အတွင်း တည်ရှိသည်။ ပင်းတယမြို့နယ်သည် အရှေ့၊ အရှေ့တောင်နှင့် အနောက်တောင်ဘက်တွင် ကလောမြို့နယ်၊ အနောက်၊ အနောက်မြောက်ဘက်တွင် ရွာငံမြို့နယ်နှင့် မြောက်ဘက်တွင် ရပ်စောက်မြို့နယ်တို့ ဝိုင်းရံလျက်ရှိသော မြေလတ်ဒေသတစ်ခု ဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၀ ကျော် ကျယ်၏။

ပင်းတယမြို့ အနောက်ဘက်တောင် ရ တောင်တန်းကြီးနှင့် အနောက်မြောက်ဘက်တွင် အရှေ့မြင် အနောက်မြင်တောင်တန်းကြီးတို့ တံတိုင်းကြီးသဖွယ် ကာရံလျက်ရှိသည်။ ပင်းတယမြို့နယ်၏ အရှေ့ဘက်နှင့် တောင်ဘက်မြောက်ဘက်တို့တွင်ကား တောင်တန်းတောင်ကြောများနှင့် လွင်ပြင်ချိုင့်ဝှမ်းများ ရှိနေကြလေသည်။

ရပ်ကွက်ပေါင်း (၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၂၇)အုပ်စုရှိသော ပင်းတယမြို့နယ်အတွင်း၌ စုစုပေါင်းလူဦးရေ (၄၆၀၅၂)ဦး ရှိ၍တိုင်းရင်းသားများ ဖြစ်ကြသည့် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်နှင့် ရှမ်းလူမျိုးများ နေထိုင်ကြလျက်ရှိသည်။

နယ်မြေအလိုက် လူဦးရေအများဆုံးရှိသော တိုင်းရင်းသားလူမျိုးမှာ ဓနုဖြစ်၍ တောင်ရိုးလူမျိုးများမှာ ဒုတိယအများဆုံးဖြစ်သည်။ တတိယအများဆုံးမှာ ပအိုဝ်းလူမျိုးဖြစ်၍ ပလောင်နှင့် ရှမ်းလူမျိုးများလည်း အနည်းငယ်ရှိကြလေသည်။

ဤမြို့နယ်အတွင်း၌ ငှက်ပျောတော၊ တောင်ပေါ်ကြီး၊ ရေချမ်းစင်၊ ရေဖြူ၊ ဝန်း၊ ဆားပြား၊ သစ်အယ်ပင်၊ သရက်ပြား၊ အင်းပက်လက်၊ ညောင်ဝန်း၊ ကုန်းစောင်း၊ ကုန်း၊ လယ်ပြင်၊ ဝေးပင်၊ တမဲ၊ ချွတ်ချက်၊ ဝါးပြား၊ ကူးကော်၊ တွင်းကုန်းသို့ နေရာများသည် တိုင်းရင်းသားဓနု၊ တောင်ရိုးလူမျိုးတို့ နေထိုင်လျက်ရှိကြသော ရွာများ ဖြစ်ကြသည်။

ယင်းအနက် ၇ ကောင်းတန်း တစ်ကြောဖြစ်သည့် ဝါးပြား၊ ကူးကော်၊ ချူတ်ချက် တွင်းကုန်းစသည့်ရွာများနှင့် ပင်းတယမြို့ အရှေ့ဘက်တစ်ကြောဖြစ်သည့် သစ်အယ်ပင် သရက်ပြား၊ အင်းပက်လက်၊ ပွင့်လန်း၊ တမဲ စသည့်ရွာများတွင် တောင်ရိုးလူမျိုး နှင့် ဓနုလူမျိုးတို့ အများဆုံး နေထိုင်လျက်ရှိကြလေသည်။

ပင်းတယညောင်တောကြီးကို ကြည့်ပြီး ပင်းတယ၏ သက်တမ်းကို ခန့်စစ်၍ ရပါသည်။ ညောင်ရမ်းမင်းတရား လက်ထက်(၁၅၉၇–၁၆၀၇) ၁၆၀၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်မှာ အင်းဝတွင် တည်ထားသည့် မဟာမြတ်မုနိ စေတီက နေပြီး ငွေစင်ချောင်းအရပ်အထိ လမ်းဘေးနှစ်ဘက်တလျှောက် ညောင်ပင် တွေ တန်းစီ စိုက်ထားပါသည်။ ရှေးနှစ်ပေါင်း ၄၁၁ နှစ်အကြာ စိုက်သည့် ညောင်စဉ်တန်း ဖြစ်၏။ အင်းဝ နန်းတက်ခါစ ၁၅၉၈၊ ဩဂုတ်လ ၈ ရက်မှာလည်း အင်းဝရုံးတော်များ ၏ ရုံးတိုင်းရှေ့မှာ ညောင်တစ်ပင်စီ စိုက်ခိုင်းပါသည်။

ညောင်စဉ်ညောင်တန်းစိုက်သည့် ဓလေ့မှာ ညောင်ရမ်းမင်းတရား၏ဓလေ့၊ ညောင်ရမ်းခေတ်ဓလေ့ဟု ပြောနိုင်ပါသည်။ ပူပြင်းသည့်ဒေသဖြစ်၍ ညောင်ညို ပင်ရိပ်မှာ အရိပ်ခိုခိုင်းသည့် သဘောဖြစ်သည်

ညောင်ရမ်းမင်းတရား၏ မြေးဖြစ်သည့် ပင်းတလဲမင်းလက်ထက် (၁၆၄၈–၁၆၆၁)၊ စစ်ကိုင်းဘက်ကမ်းတွင် ဘုံသာတုလွတ်ရွှေကျောင်းတော် ဆောက်လှူ ဒါန်းထားသည်။။ ဆိပ်ကမ်းကနေ၍ ရွှေကျောင်းအထိ ထန်းပင် ၇၀၀၀၊ ညောင်ပင် ၇၀၀၀ စိုက်လှူသည်။ ကြီးကြပ်သူ ဆောင်ရွက်သူများ ခန့်ပြီး ရေမပြတ် လောင်းခိုင်းသည်။ (ROB II 125) စိုက်ချိန်သည် ၁၀၁၅ တပို့တွဲလဆန်း (၅)ရက်(12 January 1654)နေ့ပူပြင်းချိန်ဖြစ်သည်။

ဇင်းကျောင်းတော်တင်လှူပွဲတွင် အတီးအကများမှာ <u>ဓနုအတီးအကလည်း ပါဝင်သည်</u>။(ROB II 124)သွားကရသည့် ဓနုလူမျိုးတွေဆီကနေပြီး ညောင်ပင်စိုက်

ဒလေ့ပါ လာပုံရသည်။အင်းဝမင်းဆက်ကို တည်ထောင်သည့် သတိုးမင်းဖျား လက်ထက် (၁၃၆၄–၁၃၆၇)ညောင်ကို အပင်ပေါက်နှင့်မစိုက်ဘဲ၊ အကိုင်းလိုက်(၂၁) းပဒီခြားပြီး ခိုက်သည်။ (ROB I 204) ညောင်ရမ်း မင်းဆက်(၇)ကြိမ်မြောက် မင်းဖြစ်သည့် မင်းရဲကျော်ထင်လက်ထက်(၁၆၇၃–၁၆၉၈)မှာလည်း ထန်း–၇၀၀၀၊ ညောင်–၇၀၀၀ စိုက်ပါသေးသည်။

ရှေးခေတ်နေပြည်တော်များနှင့် ပင်းတယသက်နွယ်ပုံကိုညောင်ပင်တန်းစိုက် သည့်ဓလေ့သာမကဘဲ၊ တခြားသောသမိုင်းအချက်အလက် တွေလည်းရှိပါသည်။ င်းယမင်းဆက်ကို ၁၄ရာစုဦးမှာ စပြီးတူထောင်သည့် ၊တစ်စီးရှင် သီဟသူမင်း လက်ထက်(၁၃၀၉–၁၃၂၅) ပင်းတယမှာရွှေလေးတပ်ဖွဲ့ထားပါသည်။ ရွှေလေးတပ် ဆိုသည်မှာ ဘုရင့်လက်သုံးလေးသည်တော် တပ်ဖြစ်ဖြစ်သည်။(ပင်းတယရွှေလေး) ဲ့ ရေးပါသည်။ ၁၃၂၂ခုနှစ် နိုဝင်ဘာ(၁၇)ရက်မှာ ဖွဲ့စည်းသည်။ ။နှစ်ပေါင်း ၆၉၁)နှစ်ကြာပြီးဖြစ်သည်။

ပင်းတယရွာသက်၊မြို့သက်(၆၉၁)နှစ် ကြာပါသည်။ပင်းတယသည် င်းယတစ်စီးရှင်မင်း သီဟသူလက်သုံးဖြစ်သည့် လေးသည်တော်တပ်ထားရာ မြို့ရွာဖြစ်ပါသည်။

ညောင်ရမ်းခေတ်၊ သာလွန်မင်းလက်ထက် ၁၆၃၀ခုနှစ်မှာ ပင်းတယစား ဉ်သွေးသောက်(စစ်တပ်)ဖွဲ့ထားပါသည်။နှစ်ပေါင်း(၃၀၃)နှစ်ကြာခဲ့ပါသည်။ ညောင်ရမ်းမင်းဆက် ပဉ္စမမင်းဖြစ်သည့် ပြည်မင်းလက်ထက် ၁၆၆၄–ခုနှစ် းသားဖြစ်သူ အိမ်ရှေ့မင်း နရာဝရ ကိုပေးသည့်မြို့ရွာတွေထဲမှာ ပင်းတယ ပါဝင်ပါသည်။(မှန်နန်း၊တ/၂၇၈)၃၄၉နှစ်ကြာသည်။)

ရှင်းပင်းယခေတ်၊ညောင်ရမ်းခေတ်ဘုရင်များနှင့် ပင်းတယသက်နွယ် နေသည်မှာ ထင်ရှားပါသည်။ပင်းတယနှင့်ပတ်သက်၍ အရေးပါ မှတ်စရာမှာ–

(၁) ဂူကျောက်သားသည် နှစ်ပေါင်းသန်း(၂၀၀)ကြာပြီး။

(၂) ပင်းယတစ်စီးရှင်သီဟသူလက်ထက် ပင်းတယမှာ ရွှေလေးတပ်ဖွဲ့စည်းထားတာ နှစ်ပေါင်း (၆၉၁)နှစ်ကြာပြီး။

(၃) ညောင်ရမ်းခေတ်သာလွန်မင်းလက်ထက် ပင်းတယကို အပိုင်စားအုပ်ချုပ်ရသည့် ပင်းတယစားသွေး၊ သွေးသောက်တပ် ထားသည့်မှာ (၁၈၃)နှစ် ကြာပြီးဖြစ်သည်။

(၄) ပြည်မင်းသည် သူ၏သား နရာဝရမင်းသားအားပင်းတယကို အပိုင်ပေးသည့်မှာ နှစ်(၃၄၉)နှစ်ကြာပြီးဖြစ်သည်။ ပင်းတယသည် (၆၉၁)နှစ်ကြာသည်ဟု မှတ်တမ်းရှိသည့် မြို့ဖြစ်၍ နှစ်ပေါင်း(၇၀၀)က မြို့ဟုလည်း မှတ်သားနိုင်ပါသည်။

ရှေးခေတ်ဟောင်း ပင်းတယမြို့ပြအုပ်ချုပ်ရေး

ပင်းတယကို ပန်ခရ = ပန် – လွင်ပြင် (စခန်း)၊ ခရ – စွယ်တော်၊ အမျိုးအနွယ်၊ ခရ – အပွင့်ဖြူ။ စွယ်တော်လွင်ပြင်မြို့ဟု ခေါ်ဆိုနိုင်သည်။

ပင်းတယနယ်မြေကို ရှေးခေတ်က ငွေခွန်မှူးနှင့်ရွာအကြီးအကဲများ ဖြစ်ကြသည့် ရွာအုပ်(၃၂)ဦးတို့က အုပ်ချုပ် လာခဲ့သည်ဟု အင်္ဂလိပ်အုပ်ချုပ်ရေး ရှမ်းပြည်နယ်ရောက်ပြီးနောက် အင်္ဂလိပ်တို့ကောက်ယူထားသော စာရင်းအရသိရသည်။

၁။ မောင်နေထွန်း၊ ၂။ မောင်အောင်ကြူ ၊ ၃။ မောင်မြစ်၊ ၄။ မောင်ပြည့်စမ်း၊ ၅။ မောင်ရွှေဘွင့် (ခရစ် ၁၇၈၃)၊ ၆။ မောင်သန်း (၁၇၉၆)၊ ၇။ မောင်ဖေ (၁၈၀၂)၊ ၈။ မောင်ခန်းဦး (၁၈၀၉)၊ ၉။ မောင်ရွှေမင်း၊ (၁၈၁၉)၊ ၁၀။ မောင်သိန်း (၁၈၄၃)၊ ၁၁။ မိသစ်၊ ၁၂။မိစစ်၊ ၁၃။ မောင်ဘိုးအိမ်။ ၊ ၁၄။ မောင်ရွှေသီး–ခေတ္တရွာအုပ်။ ၁၅။ မောင်မြေဖြူ (၁၈၅၀)၊ ၁၆။ မောင်ဖေ (၁၈၅၇)၊ ၁၇။ မောင်လွန်းရ (၁၈၅၉)၊ ၁၈။ မောင်ဘိုး (၁၈၆၀)၊ ၁၉။ မောင်ဘိုး–ခေတ္တရွာအုပ် (၁၈၆၁) ၂၀။ မောင်သန်း–ခေတ္တရွာအုပ် (၁၈၆၂)၊ ၂၁။ မောင်လွန်းရ –ငွေခွန်မှူး (၁၈၆၈)၊ ၂၂။ မောင်သန်း – ပြန်ခန့် (၁၈၆၉)၊ ၂၃။ မောင်ကျော်လှ – ရွာအုပ် (၁၈၇၁)၊ ၂၄။ မောင်ညို–

ရွာအုပ်(၁၈၇၂)၊ ၂၅။ မောင်သာဦး - ရွာအုပ် (၁၈၇၃)၊ ၂၆။ မောင်ထူး - ရွာအုပ် (၁၈၇၅)၊ ၂၇။ ဦးလှိုင် -မြေလပ်စစ်ကဲ (၁၈၇၆)၊ ၂၈။ မောင်လွန်းရ - ငွေခွန်မှူး ပွဲနံခန့် (၁၈၇၇)၊ ၂၉။ မောင်စံပိုင်း - ရွာအုပ် (၁၈၇၈)၊ ၃၀။ မောင်လွန်းရ-ငွေခွန်မှူး ပွဲနံခန့် (၁၈၈၀)၊ ၃၁။ မောင်ဘိုးခင် (၁၈၈၂)၊ ၃၂။ မောင်စွန်ညို (၁၈၉၇)။

ထိုအထဲတွင် သက္ကရာဇ် ခုနှစ်အထောက်အထားနှင့်တကွ အစောဆုံးဖော်ပြသော ပင်းတယမင်းဆက်တစ်ဦးမှာ (သက္ကရာဇ်-၁၁၄၅)(ခရစ်နှစ်-၁၇၈၃)တွင် အုပ်ချုပ်သော မောင်ရွှေဘွင့် အမည်စတင်တွေ့ရသည်။ မောင်ရွှေဘွင့် ကွယ်လွန် သောအခါ အစဉ်အဆက်ရှိသူရွာအုပ်များနှင့် မြေလတ်စစ်ကဲဦးလှိုင်စသည့် ပုဂ္ဂိုလ်များက ရံဖန်ရံခါ ဝင်ရောက် အုပ်ချုပ်ခဲ့ပုံမျိုးတွေ့ရလေသည်။

ယင်းအစဉ်အဆက်ရှိသူများထဲတွင် ငွေခွန်မှူးရာထူးလေးကြိမ်ဖြင့် ပင်းတယကို အုပ်ချုပ်ခဲ့သူတစ်ဦးကာ မင်းလွန်းရ ခေါ်ဘိုးလွန်းရဖြစ်သည်။ဘိုးလွန်းရသည် ငွေခွန်မှူး ရွှေပွင့်၏ မြေးတော်သူဖြစ်သည်။ သက္ကရာဇ် ၁၂၂၁ ၊ခရစ်နှစ် (၁၈၉၅) ပုံတွန်းမင်းလက်ထက်တွင် ပထမဦးဆုံး ငွေခွန်မှူးရာထူးရခဲ့၍ ဒုတိယ သက္ကရာဇ်(၁၂၃၀) နှစ်တွင် တစ်ကြိမ်၊ တတိယ သက္ကရာဇ် (၁၂၃၉) ခုနှစ်တွင် တစ်ကြိမ်၊ စတုတ္ထ သက္ကရာဇ်(၁၂၄၂)ခုနှစ်တွင် တစ်ကြိမ် ဆက်ခံခွင့်ရခဲ့သူဖြစ်သည်။

သက္ကရာဇ်-၁၂၄၄ တွင်ဘိုးလွန်းရကွယ်လွန်သောအခါ သားဖြစ်သူမောင်ဘိုးခင် (နောင်မင်းမောင်ခင်ဟု အမည် တွင်သည်) အရွယ်မရောက်သေး၍ ရင်ခွင်ပိုက်အဖြစ် ဦးရီးတော်မင်းမောင်အုန်းက အုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်တို့ ရောက်ရှိ လာချိန်မှစ၍ မင်းမောင်ခင်ကိုပင် ငွေခွန်မှူးခန့်၍ ပင်းတယနယ်မြေကို အုပ်ချုပ်စေခဲ့သည်။

မင်းမောင်ခင်မရှိသည့်နောက် သားဖြစ်သူခွန်စွန်ညိုခေါ် မင်းစွန်ညိုမှာ အရွယ်မရောက်သေး၍ ဦးရီးတော် မင်းမောင်အုန်းကပင် ဒုတိယအကြိမ် ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့ရသည်။ ယင်းလက်ထက် သီပေါဘုရင်ကို အင်္ဂလိပ်တို့ ဖမ်းဆီးသွားပြီး ကြသဖြင့် ကျောက်ထပ်မင်းစံပိုင်း (တောင်ရိုးမင်း)သည် ပင်းတယကို ဝင်ရောက် တိုက်ခိုက်သည်။ သို့သော် မင်းစံပိုင်းမှာ သစ်အယ်ပင်ရွာသား ဖိုးချိန်၏လက်ချက်ဖြင့် ဆုံးသွားသည်။

ထိုအချိန်ခန့်တွင် ပင်းတယကို ရင်ခွင်ပိုက်အုပ်ချုပ်နေသူ မင်းမောင်အုန်းသည် မင်းဘဏ္ဍာငွေ အကျပ်အတည်းကြုံ၍ သက္ကရာဇ် ၁၂၆၀-၆၁ အတွင်း ပင်းတယ ငှက်ပျောတောရွာ ကျောင်းအကာမုန်းထံတွင် ပင်းတယနယ်မြေပေါင်နှံ၍ ငွေချေး ယူခဲ့ရသည်။ ပင်းတယကို ကျောင်းတကာမုန်း အုပ်ချုပ်သောနှစ်တွင် ပင်းတယပုတ်တလုပ်ရေကန် (ယခုရှိသောကန်) ခန်းခြောက်ခဲ့ဖူးသည်ဟု ပြောစမှတ်ရှိခဲ့သည်။

သက္ကရာဇ် (၁၂၇၀) အတွင်းမင်းစွန်ညို အရွယ်ရောက်လာသဖြင့် ငွေခွန်မှူး ဘာဝန်ဖြင့် ပင်းတယကို ဆက်ခံအုပ်ချုပ်ခဲ့ သည်။ သက္ကရာဇ် (၁၃၀၀) ပြည့်နှစ်တွင် မင်းစွန်ညို ကွယ်လွန်သောအခါ သားဖြစ်သူ စောဝင်းကြည် ဆက်ခံအုပ်ချုပ်ရန် အရွယ်မရောက်သေးသဖြင့် မင်းကတော်စောခင်နုက ရင်ခွင်ပိုက်အဖြစ် အုပ်ချုပ်ခဲ့သည်။ ထို့နောက် သက္ကရာဇ် (၁၃၀၂) တွင် ကလောနယ်ပိုင်ဝန်ထောက် မစ္စတာဘားဇပ် ယာယီ အုပ်ချုပ်ပြီး သက္ကရာဇ် (၁၃၀၄) တွင် တီကျစ်မြို့စား စောမြထွန်းက ရင်ခွင်ပိုက်အဖြစ် အုပ်ချုပ်ခဲ့ပြန်သည်။ သက္ကရာဇ် (၁၃၀၈)ခုနှစ်တွင် စဝ်ဝင်းကြည် အရွယ်ရောက်၍ ပင်းတယနယ်မြေကို ငွေခွန်မှူးအဖြစ်ဖြင့် ဆက်လက်အုပ်ချုပ်ခဲ့လေရာ စော်ဘွားများ အာဏာစွန့်လွှတ်သည့် (၁၉၅၉) အချိန်ထိဖြစ်လေသည်။

ပင်းတယနယ်မြေသည် မင်းတုန်းမင်းလက်ထက်တွင် ငွေခွန်မှူးရုံးစိုက် အုပ်စိုးရာဒေသဖြစ်နေပြီး သက္ကရာဇ်(၁၂၃၄) မှ(၁၂၃၆)ခုနှစ်ကာလ၊ မင်းတုန်းမင်း တရားကြီးနှင့်တကွသုဓမ္မာဆရာတော်များထံသို့ ပင်းတယမြို့ ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်များက ရေးသားဆက်သွင်းသော မေတ္တာစာများအရ ထိုအချိန်က ပင်းတယနယ် မြေတွင်း၌ ရဟန်းသံဃာ(၆၇)ပါး နှင့် လူနေအိမ်ခြေ (၁၁၅၀) ကျော်ရှိကြောင်း၊ ယခု ပင်းတယမြို့မ(၁)ရပ်ကွက်တွင် ပါဝင်နေသောအော်ရော၊ ငှက်ပျောတော၊ ပေါက်တောစသည့် ရပ်ကွက်များသည် ထိုစဉ်က သီးခြားကျေးရွာဖြစ်ကြောင်း၊ ငှက်ပျောတောရွာကို ပင်းတယစီရင်စု တောင်လက် ဆရာတော်များက ဝိသေသပြု၍ ရေးခဲ့ဖူးကြောင်းဖြင့် “ပင်းတယနယ်မြေနှင့် ရွှေဥမင်ဘုရားသမိုင်း” စာအုပ် (၁၉၈၅) တွင် ဖော်ပြထားသည်။

ထိုနောက် အင်္ဂလိပ်အုပ်ချုပ်ရေး ရှမ်းပြည်နယ်ရောက်ရှိလာသည့် (၁၈၉၇) ခုနှစ်တွင် ကောက်ယူထားသောစာရင်းအရ ထိုအချိန်က ပင်းတယမြို့တွင် လူဦးရေ (၁၅၃၈) ယောက်ရှိပြီး အိမ်ခြေ (၂၅၇)အိမ်ရှိသည်။ ယင်းအထဲမှ ကြေးထမ်း (အခွန်ထမ်း) အိမ်ပေါင်း(၁၁၇)အိမ် ရှိ၍ ကောက်ခံရသော အခွန်ငွေမှာ (၁၂၆၈) ကျပ် ဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် ပင်းတယနယ်မြေတစ်ခုလုံးကိုလည်း ထိုစဉ် ၁။ဦးတိုက်၊ ၂။ ကန်အရှေ့။ ၃။ ကန်အနောက်။ ၄။ တဲလုံး၊ ၅။ ကျောက်စု၊ ၆။ ရေဖြူ ၇။ တောင်ရှေ့။ ၈။ ဖယ်ပျော်နှင့် ၉။ အနောက်တတန်းဟူ၍ ခွဲခြားထားလျက် ယင်းတိုက်နယ်(၉)ခုတွင် ရွာပေါင်း (၉၁)ရွာနှင့် အိမ်ခြေပေါင်း (၂၂၆၉)အိမ်ရှိသည်။ အခွန်တော်ငွေအဖြစ် သသမေခွန်၊ ယယ်ခွန်၊ ယာခွန်၊ မြေခွန်တော် စုစုပေါင်း ၁၄၄၇၆/- ကျပ်ပေးဆောင်ကြသည်ဟု အထက်မြန်မာပြည်နှင့်ရှမ်းပြည်နယ်များ ဂေဇက်တီးယား၊ အပိုင်း ၁။ အတွဲ ၅ တို့းကားဖော်ပြထားသည်။

ပဒေသရာဇ်အနွယ်ဝင် ငွေခွန်မှူးတို့ အုပ်ချုပ်ခဲ့သည့်နယ်မြေ ဖြစ်ခဲ့သည့် အလျောက် ဒသင်ကထမုန် (တိုက်နယ်သူကြီး)၊ကျော့၊ မြေတိုင်၊ ကျေးရွာသူကြီး အစရှိသူတို့ နှင့်အုပ်ချုပ်ခဲ့သည်။ နယ်မြေအေးချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ကျေးရွာ အုပ်ချုပ်ရေးနှင့် အခွန်တောင်းခံရေးမှစ၍ ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေးများ အထိ ငွေခွန်မှူး၏ ယင်းသူကြီးများက အဆင့်ဆင့်ဦးဆောင်ပြုကာ အုပ်ချုပ် ဆောင်ရွက် ခဲ့ကြသည်။

သက္ကရာဇ်(၁၂၄၈)ခု ကိုလိုနီအင်္ဂလိပ်အုပ်ချုပ်ရေးစနစ် ရှမ်းပြည်နယ်သို့ရောက် လာခဲ့သည့်အချိန်တွင်လည်း ပဒေသရာဇ်အုပ်ချုပ်ရေးငွေခွန်မှူး၊စော်ဘွား အုပ်ချုပ်ရေး ခေတ်က ပ်ငြိမ်းမသွားဘဲ ရှမ်းပြည် ပုဒ်မ(၁၀)ဥပဒေတစ်ရပ်တိုးလာ ခဲ့သည်။

စော်ဘွားအုပ်ချုပ်ရေးဆိုသည်မှာ ပဒေသရာဇ်အုပ်ချုပ်ရေးဖြစ်သည်။ ပုဒ်မ(၁၀)ဆိုသည်မှာ ပုဒ်မ(၁)မှ(၉)အထိ ပြစ်မှုများတွင် အကျုံးမဝင်သည့် ကျန် အားလုံးသော ပြစ်မှုမျိုးစုံအတွက် ပုဒ်မ(၁၀) ဖြင့် (အပြစ်ဒဏ်ခွဲခြား သတ်မှတ် ထားခြင်းမရှိဘဲ) အပြစ်ပေးနိုင်၊ တရားစွဲနိုင်သော အာဏာပိုင်တို့၏ လိုတစ်မျိုး လိုတစ်မျိုးလိုရာဆွဲသုံးနိုင်သော ဥပဒေ ဖြစ်သည်။

အင်္ဂလိပ်များအုပ်စိုးစဉ်က ပဒေသရာဇ်စော်ဘွားများ၏ လက်အောက်တွင် ရပ်ရွာအကြီးအကဲအဖြစ် "ကျော့" (ကျေးရွာသူကြီး) ၊ မြေတိုင်၊ ထမုံ(တိုက်နယ်သူကြီး) စရှိသည်တို့ကို အစိုးရကပင်ခန့်အပ်သည်။ အဖေသေဆုံးပါက သားကိုပင် ဆက်လက်ခန့်အပ်လေ့ရှိသည်။ မင်းပိုင်မှာ ပေါ်ပေါက်သည့်ပြဿနာများ၊ အခွန်တော်ကောက်ခံရေးမှစ၍ ရပ်ရွာ၏ သာမှု နာမှုတို့တွင် ရှေ့ဆောင်လမ်းပြပြုလုပ်ဆောင်ရွက်ရသည်။

ရပ်ရွာအတွင်း ခိုက်ရန်ဖြစ်ပွားမှု၊ တစ်ဦးနှင့်တစ်ဦး အငြင်းပွားမှု၊ လင်မယားကွာရှင်းမှုစသည့် အမှုအသေးအဖွဲ့ များကိုလည်း ၎င်းတို့ကပင် ဖြေရှင်းဆုံးဖြတ်ပေးလေ့ရှိသည်။ ၎င်းတို့ဆုံးဖြတ်ချက်ကို မကျေနပ်မှသာလျှင် သက်ဆိုင်ရာ တရားရုံးသို့ တက်ရောက်တရားစွဲ ဆိုလေ့ရှိကြသည်။

ယခုအခါ ဓနုတိုင်ရင်းသားတို့နေထိုင်သည့်ဒေသများတွင် နိုင်ငံတော် ဦးဆောင်မှုဖြင့် မိမိတို့ဒေသ၊မိမိတို့ကျေးရွာများ ကို မိမိတို့ကိုယ်တိုင်ပင် အုပ်ချုပ်နေကြလေပြီဖြစ်သည်။ နိုင်ငံတော်၏အလံအောက်တွင် ဓနုတိုင်းရင်းသားလူထု တစ်ရပ်လုံးသည် ကိုယ့်အရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်ကျေးရွာကို ကိုယ်တိုင်အုပ်ချုပ် နေကြပြီဖြစ်သည်။ မိမိတို့ဒေသ၏ လူမှုရေး၊ တရားစီရင်ရေး တို့ကို မိမိတို့ကိုယ်တိုင် ဖြေရှင်းနေကြပြီဖြစ်သည်။

## ရှေးခေတ်ဟောင်း ကျုံးနယ်အုပ်ချုပ်ရေး

ကျုံးဆိုသည်မှာ စတုရန်းမိုင် (၂၄) မိုင်ကျယ်ဝန်းသော နယ်မြေဖြစ်သည်။ မြေလတ်ပိုင်း အရှေ့ပိုင်းနှင့် မြေလတ်ပိုင်း အနောက်ပိုင်း တို့ဆုံရာဒေသဖြစ်ပြီး ကျုံးမွေတော်စေတီဘုရားကြီးနှင့်အတူ ထင်ရှားစွာရှိနေသည့် ရွာကြီးတစ်ရွာဖြစ်သည်။

ရှေးက ကျုံးသည်မြို့ဖြစ်သည်။ ကျုံးမြို့ကို ပုဂံခေတ်အလောင်းစည်သူ မင်းလက်ထက်(သက္ကရာဇ် ၄၇၅- ၅၁၄) အတွင်း တည်ထောင်ခဲ့သည်ဟုခန့်မှန်း ရသည်။ မင်းကြီးတိုင်းခန်းလှည့်လာရာ ကျုံးမြို့နေရာအရောက် ဦးအောင်ဆိုသူက ခရီးဦးကြိုပြုပြီး ကျုံးမြို့တည်နေရာ ခေါ်ဆောင်ပြသဖြင့် မင်းကြီးကဦးအောင်အား ကျုံးမြို့ကို အပိုင်စားပေးခဲ့သည်။ ထိုအချိန်မှ စ၍ ကျုံးမင်းဆက်များ စတင်ပေါ်ပေါက်ပြီး (၂၆) ဆက်ထိရှိခဲ့သည်။ သို့သော် ဦးအောင်နောက် ကျုံးမင်းဆက် (၂၂)ဆက် အထိ

ထောက်အထားများ မတွေ့ရသေးပေ။

ကျိုးမင်းဆက် (၂၃) ဆက်မြောက်ဖြစ်သော မင်းဦးပိုင် ခေါ် မင်းစပ်သီး ကတက်တွင် မင်းဦးပိုင်၌ သာလိုင်းနှင့် သာဘုံးအမည်ရှိ ဆိုးသွမ်းသောသားနှစ်ပါး ၌ နယ်နှင်ဒဏ်ပေးခဲ့ဖူးသည်။ မင်းဦးပိုင် ကွယ်လွန်ပြီးနောက် ကျိုးမင်းဆက်အဖြစ် တော်မောင် မင်းမောင်ဖိုး၊ ၎င်းနောက်မင်းဖိုးတင်နှင့် ၎င်း၏သားဖြစ်သူစောခွန်ဆောင်တို့ ပ်ချုပ်ခဲ့သည်။ စောခွန်ဆောင် ဆိုသူမှာ စော်ဘွားများအာဏာစွန့်လွှတ်သည့် (၁၉၅၉) ထိ ကျိုးကိုအုပ်ချုပ်သော နောက်ဆုံးစော်ဘွားဖြစ်သည်။

တော်လှန်ရေးအစိုးရ တက်လာပြီးသည့်နောက်ပိုင်း (၁၉၆၆) ခုနှစ်မှစ၍ မြေလတ်ပိုင်းဒေသကို ကလောမြို့နယ်၊ ပင်းတယ မြို့နယ် ၊ ရွာငံမြို့နယ်ဟူ၍ နယ်ကြီးများ ပြင်ဆင်ဖွဲ့စည်းလိုက်သောအခါ ကျိုးနယ်သည် ပင်းတယမြို့နယ် တွင်းသို့ ပါဝင်သွားလေသည်။ယခုကျိုးနယ်လက်ရှိအခြေအနေသည် ပင်းတယမြို့နယ်၏ နယ်ခွဲဖြစ်လေသည်။

## ရှးခေတ်ပောင်း ပွေးလှနယ်အုပ်ချုပ်ရေး

"ဥဩ ဇေ၊ ပွေးလှတည်" အဆိုအရ ပွေးလှမြို့ကို ကောဇာ သက္ကရာဇ် (၁၁၁၃) နှစ်တွင်း မင်းရွှေတောင်ဆိုသူက တည်ထောင်ခဲ့သည်ဟု သိခဲ့ရသည်။ င်းမင်းရွှေတောင်မှာ ညောင်ရမ်းမင်းတရားကြီးလက်ထက်၌ အခွန်တော်ဆက် ရသူ ခွန်မှူးကောလိယ၏ အဆက်အနွယ်သားတစ်ဦးဖြစ်သည်ဟု ပင်းတယမြို့နယ် မဲရွာကျောင်းဘုန်းတော်ကြီး ဦးဓမ္မောသထံ၏ မှတ်တမ်းစာအုပ်တွင်တွေ့ခဲ့ရသည်။

ပင်းတယမြို့နယ်မှတ်တမ်း (၁၉၈၂)တွင်မူ ပွေးလှမြို့ကို စတင်တည်ထောင်သူမှာ မဲကျေးရွာမှ ငရွှေအဆိုသူ ဖြစ်သည်။ မင်းရွှေအောင်အမည်ဖြင့် ပွေးလှမြို့ကို တင်တည်ထောင်အုပ်ချုပ်ခဲ့သည်။ အင်းဝခေတ် မဟာဓမ္မရာဇာဓိပတိမင်း ထံသို့ စည်အခွန်တော်ငွေများ သွားရောက်ဆက်နေရာမှ (သက္ကရာဇ်-၁၁၁၀) တွင် ခွန်မှူးရာထူးဖြင့် နယ်စားအဖြစ် ပေးကာ အုပ်ချုပ်စေခဲ့သည်ဟု ဖော်ပြထားသည်။

မင်းရွှေအောင်လက်ထက်မှစ၍ မင်း(၁၃)ဆက် ပွေးလှနယ်ကို အုပ်ချုပ်ခဲ့ကြ သည်။ ယင်းမင်းတို့ကား –

| | |
|---|---|
| ၁။ မင်းရွှေအောင် | ၂။ မင်းသူတော် |
| ၃။ ဗိုလ်နှစ်ရာဗိုလ်မင်း | ၄။ မင်းရွှေကြုတ် |
| ၅။ မင်းလောမား | ၆။ မင်းမောင်သိန်း |
| ၇။ မင်းမောင်ဆွဲ | ၈။ မင်းကတော် ဒေါ်ဆုံ |
| ၉။ မင်းစောညဲ့ | ၁၀။ စောစံမြ |
| ၁၁။ ရင်ခွင်ပိုက် မစ္စတာပေါထွန်း | ၁၂။ တီကျစ်မြို့စား စောမြထွန်း |
| ၁၃။ စောထွန်းစိန် တို့ဖြစ်ကြောင်းတွေ့ရသည်။ | |

## ...ုးခေတ်ဟောင်း ကလော(သို့) ထင်းရှူးမြို့တော်အုပ်ချုပ်ရေး

အင်္ဂလိပ်ခေတ်က မြောက်ပိုင်းရှမ်းပြည်တွင် မေမြို့(သို့)ပြင်ဦးလွင်၊ တောင်ပိုင်း ...မ်းပြည်တွင် ကလောသည် တောင်ပေါ်စခန်းမြို့များဖြစ်သည်ဟု ပြောစမှတ်ရှိခဲ့သည်။ မှန်ပါသည်။ ကလောသည် ယခုတိုင်အောင်လည်း တောင်ပေါ်စခန်းမြို့ဟု ...ပြာရမည်ဖြစ်ပါသည်။ မြေပြန့် ရန်ကုန်မှ ရထားလမ်းဖြင့် ၃၆၈ မိုင်၊ ကားလမ်းဖြင့် ...၁၃ မိုင် ကွာဝေးသော တောင်ပေါ်သို့ တက်လာလျှင် ပထမဆုံး ကလောမြို့တွေ့ ...မည်ဖြစ်သည်။ ဒုတိယကား ကလောအလွန်တစ်ဘူတာ အောင်ပန်းမြို့ဖြစ်ပါသည်။

မြို့နယ်မှတ်တမ်းတစ်ခုတွင် ကလောမြို့ကို ရှမ်းအမျိုးသားများက တည်ထောင် ...သည်ဟု ဆိုလေသည်။ ကား၊ ရထားစသည့်ယာဉ်များ မပေါ်သေးမီ ရှေးခေတ်က ...မ်းတိုင်းရင်းသားကုန်သည်များသည် မြေပြန့်မြန်မာတို့နှင့် ကုန်စည်ကူးသန်း ...ရောင်းဝယ်ကြရာတွင် နွားလှည်း၊ နွားဝန်တင်များ အသုံးပြုခဲ့ကြသည်။ ကလောအရပ် ...သည် ထိုရှမ်းကုန်သည် လှည်းနွားများ စခန်းချရာအဖြစ် "ကယ်လော့"အမည်တွင်ခဲ့ရာမှ ...ကာလရွေ့လျားလာသောအခါ "ကလော" ခေါ်တွင်လာကြောင်း ဖော်ပြထားလေသည်။ ...နည်းအားဖြင့် ကလော- ကတ်လော့။ ကတ်=စျေး၊ လော= လှည်း။ လှည်းများ ...ယ်၍ရသောမြို့ဟု ခေါ်ဆိုနိုင်သည်။

ကလောမြို့ အခေါ်အဝေါ်မှာ ပလောင်စကားမှ ဆင်းသက်လာသည်ဟုလည်း ...ဆိုပြန်သည်။ ကလောမြို့တည်နေပုံသည် တောင်များ ပတ်ပတ်လည် ဝိုင်းရံနေ သည့် ...အတွက် ဇလုံကြီးတစ်ခုနှင့်တူသောကြောင့် ဇလုံကို ပလောင်လူမျိုးတို့ဘာသာစကားဖြင့် "ကလောက်"ဟုခေါ်ရာမှ ကာလရွေ့လျောသောအခါ"ကလော"ဟု ခေါ်ဆိုလာခြင်း ...ဖြစ်ကြောင်း သိရှိရသည်။

ကလောသည် ယခင်အင်္ဂလိပ်တို့အုပ်ချုပ်စဉ်က တောင်ပေါ်စခန်းမြို့အဖြစ် ...သတ်မှတ်ဖန်တီးထားခဲ့၍လားမသိ၊ ယခုတိုင်လည်း မြို့ပတ်ပတ်လည် တောင်ကမ်းပါးယံ ...တောင်စောင်းများနှင့် တောင်ထိပ်များပေါ်၌ ထင်းရှူးပင်များအစီအရီပေါက်နေကြ သည့် ...ထင်ရှူးပင်များနှင့်အတူ သေသပ်လှပစွာဆောက်လုပ်ထားသော တိုက်အိမ်၊ သစ်သား ...အိမ်များ၊ အမိုးချွန်ချွန် မီးခိုးခေါင်းတိုင်နှင့် အနောက်တိုင်းပုံစံအိမ်များ၊ ခြံဝင်းကျယ်ကြီးများ၊ ...န်းချီကားဆန်ဆန် လှေကားထစ်လမ်းများ၊ ပန်းခင်းများနှင့် တောင်ဆင်ခြေ ...လျှောတစ်လျှောက်တွင် ဆင့်ကဲ ဆင့်ကဲဆောက်လုပ်ထားကြသော အဆောက်အအုံများကို ...တွေ့ရပေသည်။ တောင်ပေါ်စခန်းမြို့ဖြစ်၍ လူနေ ရပ်ကွက်၊ မြို့တွင်းလမ်း၊

တောင်တက်တောင်ဆင်းလမ်း အသွယ်သွယ်နှင့် ခြံဝင်းများမှာ သန့်ရှင်းသန့်ပြန့်နေသည်။ မျက်စိအေး စိတ်အေးစရာ စိန်ပန်းပြာရင့်ရင့် ချယ်ရီပန်းရောင်နုနုတို့နှင့် ဖြူနီ ညိုဝါ ရောင်မျိုးစုံပွင့်နေကြသည့် ပန်းပင်ပန်းခင်းလေးများသည် ခြံဝင်းအိမ်တိုင်းမှာလို ရောင်စုံယှက်သန်း အလှပန်းဆင်နေကြလေသည်။

ကလောဈေးနေ့တွင် တောင်ပေါ်မှနေကြည့်လျှင် ကလောရထားဘူတာရုံသည် စာရေးသူတို့မကြာခဏကြည့် ဖူးသော အနောက်နိုင်ငံရုပ်ရှင်ကားအချို့မှ နယ်ခြား ကင်းစခန်းအဆောက်အုံနှင့်အလွန်တူသည်။

ကလောမြို့နယ်ဟူသည် ကလော၊ အောင်ပန်းနှင့် ဟဲဟိုးမြို့၊ ဘော်ဆိုင်းနယ်ခွဲ သုံးခုဖြင့် ဖွဲ့စည်းထားသော ပင်လယ်ရေပြင် အထက်ပေ ၄၃၁၅ အမြင့်တွင် တည်ရှိနေသည့် နယ်မြေဖြစ်သည်။

မြို့နယ်၏ အကျယ်အဝန်းမှာ ဧရိယာ စတုရန်းမိုင်ပေါင်း ၅၈၂.၁၃ မိုင်ရှိ၍ အရှေ့ဘက်တွင် ညောင်ရွှေမြို့နယ် နှင့်တောင်ကြီးမြို့နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်း သာစည်မြို့နယ်၊ တောင်ဘက်တွင် ပင်လောင်းမြို့နယ်နှင့် မြောက်ဘက်တွင် ပင်းတယမြို့နယ်တို့ ဝိုင်းရံနေကြပေသည်။

မြို့နယ်၏ အရှေ့ဘက်တွင် မိဖုရားတောင်၊ လက်မောင်းကွေးတောင်တန်းကြီးနှင့် အနောက်ဘက်တွင် မြင်းမထိ တောင်၊ ပိန္နဲပင်တောင်များရှိသည်။

မြို့နယ်တစ်ခုလုံး၏ မြေမျက်နှာပြင် အနေအထားကား အရှေ့နှင့်အနောက်ဘက် တွင် တံတိုင်းကြီးများသဖွယ် ကာရံလျက်ရှိသည့် တောင်တန်းကြီးများအလယ်တွင် တောင်ကုန်း၊ တောင်ကတုံးများနှင့် တောင်ပူစာလွင်ပြင်ဒေသမျိုး ဖြစ်သည်။ မြို့နယ် အတွင်း၌ ဟဲဟိုးချိုင့်ဝှမ်းတစ်ခုသာ မြေပြန့်လွင်ပြင်ရှိသည်။

ဤမြို့နယ်သည် ရှေးယခင် အင်္ဂလိပ်အစိုးရ အုပ်ချုပ်ခဲ့စဉ်က ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်ဝန်၏ နယ်ခြား ခရိုင်လက်အောက်တွင် ပါဝင်လျက် မျက်နှာဖြူအင်္ဂလိပ်နယ်ခြား ဝန်ထောက်တစ်ဦး (နယ်ပိုင်ဝန်ထောက်)ရုံးစိုက်ရာ မြို့ဖြစ်ခဲ့သည်။

နယ်ပိုင်ဝန်ထောက်သည် ရှမ်းစော်ဘွားများက နယ်ရှစ်နယ်သတ်မှတ် အုပ်ချုပ်ခဲ့သော (၁)သာမိုင်းခမ်း (အောင်ပန်း)၊ (၂) ကျုံး (၃)ပွေးလှ၊ (၄) ပင်းတယ (၅)ရွာငံ (၆)ရေညီး (၇)ပင်မှီ(၈) လွယ်လုံ (ပင်လောင်း)နယ်များကိုပါ ကြီးကြပ် အုပ်ချုပ်ခဲ့သည်။

လွတ်လပ်ရေးခေတ် ရှမ်းပြည်နယ်အစိုးရလက်ထက် ရောက်လာသောအခါ ခင်စော်ဘွားများအုပ်ချုပ်ခဲ့သော အထက်နယ် ရှစ်နယ်ကို တောင်ပိုင်းတွင် သာမိုင်းခမ်း အောင်ပန်း)၊ ပင်မှီ၊ ကျုံး နှင့် ပင်လောင်းဟူ၍ လေးမြို့ခွဲ၍ မြောက်ပိုင်း ပွေးလှ၊ င်းတယ၊ ရှာငံ နှင့် မပြိုးဟူ၍ လေးမြို့သတ်မှတ်ပြီးလျှင် မြို့ပိုင်တစ်ဦးစီး ခန့်လျက် မ်းပြည် နယ်အစိုးရက အုပ်ချုပ်ခဲ့သည်။

တော်လှန်ရေးအစိုးရ တက်လာပြီးနောက်ပိုင်းတွင်မူ ရှမ်းပြည်နယ်ဦးစီးအဖွဲ့က ြို့နယ်လေးခုခွဲလျက် (၁)အောင်ပန်း မြို့နယ်၊ (၂) ပင်းတယမြို့နယ် (၃) ရှာငံမြို့နယ် ) ပင်လောင်းမြို့နယ်ဟူ၍ ပြင်ဆင်ဖွဲ့စည်းသတ်မှတ် ခဲ့လေသည်။

ယင်းနောက်ရှမ်းပြည်နယ်ဦးစီးအဖွဲ့သည် အုပ်ချုပ်ရေးနယ်နိမိတ်အရ ကျေးရွာ ုပ်စုများနှင့် မြို့နယ်များကို နီးစပ်ရာ သို့သွင်းလျက် ပြန်လည်ဖွဲ့စည်းခဲ့ရာ၌ အာင်ပန်းမြို့နယ်ကို ကလောမြို့နယ်ဟု ပြင်ဆင်လိုက်လေသည်။ ထိုသို့ပြင်ဆင် က်သော ကလောမြို့နယ်အတွင်းသို့ အောင်ပန်းနှင့် ဟဲဟိုးမြို့တို့ ပါဝင်သွားလေသည်။

ကလောမြို့နယ်အတွင်း၌ ကလော၊ အောင်ပန်းမြို့မ နှစ်ခု၊ ရပ်ကွက် ၂၃ ာ်ကွက်၊ ဟဲဟိုး –ဘော်ဆိုင်း ကျေးရွာအုပ်စုများ အပါအဝင် ကျေးရွာ ၂၅ အုပ်စုနှင့် ျေးရွာပေါင်း ၂၇၃ရွာ ရှိလေသည်။

လူဦးရေကား တစ်မြို့နယ်လုံး ၈၆၁၉၀ ဦးရှိသည်ဟု (၁၉၈၂) ခုနှစ် တ်တမ်းအရသိခဲ့ရသည်။

## ရှေးခေတ်ဟောင်း(ယောက်စောက်) ရပ်စောက်နယ်မြို့ပြအုပ်ချုပ်ရေး

### ၁။ နယ်နိမိတ်များ

ရပ်စောက်မြို့နယ်မှာ ရှမ်းပြည်နယ်တောင်ပိုင်း၏ အလယ်ပိုင်းတွင်ရှိသော နယ်တစ်နယ်ဖြစ်သည်။မြောက်ဖက်တွင် သီပေါနယ်နှင့်လက်အောက်ခံ ဆမ်ဆယ်နယ် အရှေ့ ဖက်တွင် မိုင်းကိုင်နယ်၊ လဲချားနယ်နှင့်မိုးနဲနယ်၊ တောင်ဖက်တွင် ညောင်ရွှေ နယ်နှင့်မြေလတ်နယ်များဖြစ်သော (ဘော်ဆိုင်း)နယ်နှင့် ပင်းတယနယ်၊ အနောက်ဖက်တွင် မြေလတ်နယ်ဖြစ်သော ရေငံ(ရွာငံ)နှင့် (ဘော်)နယ်များ တည်ရှိ သည်။

မြောက်လတ္တီတွဒ်၂၁° - ၁၅' နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° -၅၅' တွင် တည်ရှိသည်။တစ်ချိန်ကရပ်စောက်အမည်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့ တော်ဖြစ်ခဲ့ဖူးသည်။မြို့မှာ သစ်ပင်ရှားပါးသောမညီညာသည့် မြေပြင်၌တည် ထားခြင်းဖြစ်သည်။ မြို့၏တောင်ဖက်တွင် မြက်ပင်၊ပေါင်းပင်များဖြင့်ပြည့်နေသော အလျား၄မိုင်၊ အနံ၃မိုင် ကျယ်ဝန်းသည့်ရေကန်တစ်ကန်ရှိပါသည်။ကန်၏အပေါ် မြောက်ဖက်တွင်မတ်စောက်သော တောင်ကုန်းရှိပြီး၊ ၎င်းတောင်ကုန်းထိပ်တွင် စော်ဘွားဟော်နှင့်စေတီအချို့တည်ရှိသည်။အဆိုပါ တောင် ကုန်းကို ပတ်ပိုင်း၍မြို့ တည်ထားခြင်းဖြစ်သည်။ သို့သော်အိမ်အများစုမှာ မြောက်ဖက်တွင်ရှိပြီး ဈေးနှင့်ဇရပ်အချို့လည်း တွေ့ရသည်။ ဇရပ်များမှာ လူ(၁၅၀)ခန့်တည်းခိုနိုင်သည်။ စော်ဘွားဟော်မှာ သစ်သားဖြင့်ဆောက်လုပ်ထားပြီး ၈ ပေခန့်မြင့် သောဖျာထရံ ဖြင့်ကာရံထားသည်။ ဟော်ဝင်းမှာတစ်ဖက်လျှင် ကိုက် ၁၀၀ စီရှိသည်။ စခန်းချရန် အကောင်းဆုံးနေရာမှာ အရှေ့ဖက်မြို့တံခါး၏လက်ဝဲဖက်တွင်ဖြစ်ပြီး ဇော်ဂျီမြစ် အတွင်းစီးဝင်သွားသောချောင်းတစ်ချောင်း ဖြတ်သန်းစီးဆင်းနေသည်။ စခန်းနေရာ မှာကျယ်ဝန်းပြီး သစ်ပင်များကြားတွင် မြက်ခင်းများရှိသည်။

## ၂။ အခြေအနေ

ရပ်စောက်မြို့မှာ ကုန်းမြင့်ပေါ်သို့ရှုတ်တရက်မြင့်တက်သွားသောနေရာတွင်
ဖွံ့ဖြိုးခဲ့သော်လည်း ဆင်ခြေဖုံး၏အနောက်ဖက်တွင်ဖြစ်သည်။ ရှေးယခင်
သဘာဝ အကာအကွယ်ကောင်းကောင်းဖြင့် တည်ဆောက်ခဲ့သော်လည်း ယခုအခါ
ပျင်မြန်စွာ ဆွေးမြေ့ပျက်သုဉ်းလာပြီဖြစ်သည်။ မြို့ရိုးကိုခိုင်ခန့်ကြီးမားသော အုတ်ရိုး
များ၊ကျုံးများဖြင့်ထည့်သွင်း တည်ဆောက်ထားခြင်းဖြစ်သည်။ မြို့ရိုးနံရံ
ရှိုင့်သူရဲခိုများမှာ အထူးမြင့်မားတောင့်တင်းကောင်းမွန်ခိုင်ခံ့သည်။ အထူးသဖြင့်
မြောက်ဖက်နှင့် အနောက်ဖက်မြို့ရိုးများမှာ ကောင်းမွန်ခိုင်ခံ့သည်။ သို့သော်ထို
ပိုင်းတွင် ကျုံးမရှိချေ။အခြားဖက်များတွင် ကျယ်ပြန့်နက်ရှိုင်းသောကျုံးရှိပြီး၊ယခု
ချိန် တွင်အမြဲတန်းစီးဆင်းနေသောရေများရှိပြီး မြို့၏အနောက်ဖက်တွင် ရေလှောင်
ကန်ကြီးတစ်ခုတူးဖော်ထားသည်။ အဆိုပါရေများမှာ ထုံးကျောက်တောင် များမှ
တစ်နှစ်ပတ်လုံးစီးထွက်နေသော ရေများဖြစ်သည်။မြို့အရှေ့ပိုင်းနှင့်အနိမ့်ပိုင်းတွင်
ကြီးမားသောရေတွင်းကြီးမှ ဆန်စပါးစိုက်ခင်းများအတွင်း ရေသွင်းပေးနိုင်ပြီး မြို့၏
မြောက်ဖက်နှင့်အနောက်မြောက်ဖက်သို့မှ မြေမျက်နှာသွင်ပြင်မှာလှိုင်းထသဏ္ဍာန်
ဖြစ်နေသည်။မြို့၏အနီး တွင်ရေပေါများသဖြင့် စိုက်ပျိုးထားသောသီးနှံများနှင့်
သစ်ပင်များအတွက်အကျိုး ဖြစ်ထွန်းသည်။အထူးသဖြင့် ကြက်ပေါင်စေး၊
ဘာပင်များ နှင့် ဝါးတောများဖြစ်သည်။ စော်ဘွားပိုင် လိမ္မော်ခြံများရှိပြီး စီးပွားရေး
ရဖြစ်ထွန်း အောင်မြင်သည်။ရပ်စောက်မြို့မှာ သန့်ရှင်းပြီးစော်ဘွားကိုယ်တိုင်
ရှုတစ်စိုက်ကြပ်မတ်ထိန်းသိမ်းသည်။

ယခင်ကတောင့်တင်းခိုင်မာသော ဟော်နန်းနှင့်မြို့နေရာမှာ ယခုအခါ ပျက်
ပြုင်းနေပြီဖြစ်သည်။ မြန်မာဘုရင်၏စစ်တပ်များ ရှမ်းပြည်နယ် ကိုဝင်ရောက်
သိမ်းပိုက်စဉ်က ဗိုလ်ချုပ်မောင်တွန်ကို ပေးခဲ့သောနယ်လည်းဖြစ်သည်။

**၃။ အဆောက်အဦးများ**

ရပ်စောက်မြို့တွင် ဘုန်းတော်ကြီးကျောင်း(၇)ကျောင်းရှိသော်လည်း အနုပညာလက်ရာမြောက်သောကျောင်းများ ပရှိပေ။ သို့သော်ကျောင်းများ ၏တည်နေရာမှာရှုခင်းကောင်းသော ကုန်းများပေါ်တွင်တည်ရှိနေသည်။ စော်ဘွားဟော်မှာလည်း မြင်ကွင်းကောင်းသောအပေါ်စီးနေရာတွင်တည်ရှိပြီး ရှေး အခါ ကာလုံခြုံရေးကောင်းမွန်သော ခိုင်ခန့်သည့်အဆောက်အဦဖြစ်သည်။ ယခုအခါတွင်အဆောက်အဦမှာ ကျွန်းသစ်နှင့်သက်ကယ်များ ဖြင့်သာ ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ဈေးမှာအဓိကကျသော လမ်းမကြီးပေါ်တွင် ရှိပြီး မြို့၏ဗဟိုဒေသလည်းဖြစ်သည်။ ဈေးဧရိယာမှာ(၆၀)စတုရန်းကိုက်ရှိပြီး ဈေး နေ့ တွင်စည်ကားသည်ကို တွေ့ရသည်။ ဈေးရောင်းသူများမှာ ပစ္စည်းမျိုးစုံခင်းကျင်း ရောင်းချကြသည်။ အစားအစာ၊ စဥ္စအိုးများ၊ ဝါဂွမ်းဖတ်များနှင့် ချည်လုံးများ၊ ထင်းရှူးဆီတိုင်၊မီးတိုင်များ၊ အင်္ဂလန်နိုင်ငံမန်ချက်စတာမြို့ထွက် လူသုံးပစ္စည်းများ၊ ဂွမ်းအပေါ်အင်္ကျီများကို ရောင်းချကြသည်။ဒေသတွင်းမှယက်လုပ်သော စောင်များကိုလည်းအဆင်အသွေးရောင်စုံယက်၍ ရောင်းချသည်။ ဒေသထွက် ရှမ်း စက္ကူများရောင်းချနေသည် ကိုလည်းတွေ့ရသည်။

**၄။ ဘာသာရေးအဆောက်အဦများ**

ရပ်စောက်နယ်တွင် ဘာသာရေးအထွတ်အမြတ် အဆောက် အဦ နှင့် ပတ်သက်၍ကြီးကျယ်သောအနုပညာလက်ရာ မရှိသကဲ့သို့ကျယ်ပြန့်သော ဂုဏ် သတင်းလည်းမရှိချေ။ရပ်စောက်မြို့၌ ဘုန်းကြီးကျောင်း(၇)ကျောင်းရှိရာ အဓိက ဂိုဏ်းချုပ်ဆရာတော်မှာဖီလာကျောင်းတွင် သီတင်းသုံးတော်မူသည့် စန္ဒကူးကျောင်းမှာ ခေတ်သစ်ပုံသဏ္ဌာန်အဆောက် အဦဖြစ်သော်လည်း ကျောင်းထိုင် ဆရာတော် မှာကြည်ညိုလေးစားဖွယ်ရှိပါသည်။ ကျောင်းတော်ကျောင်းမှာ စဝ်ဝိန်း၏ ခမည်းတော် မိုင်းပျင်းမြို့စားတည်ထားခဲ့သော ကျောင်းကြီးဖြစ်သည်။ ရပ်စောက်မြို့ရှိ ဘုန်းကြီး ကျောင်းများ၏ အားသာချက်မှာ အမြင့်ပိုင်းတည်နေရာနှင့် ပတ်ဝန်းကျင်မြင်ကွင်းများ

…ကောင်းမွန်မှုပင်ဖြစ်သည်။

## …။ လူဦးရေနှင့်လူမျိုးများ

ရပ်စောက်မှာ နယ်ကြီးတစ်ခုဖြစ်သော်လည်း လူဦးရေ စုစုပေါင်း (၁၅၀၀၀) …ယောက်သာရှိသည်။အင်္ဂလိပ်စစ်တပ်များ ရပ်စောက်ကိုသိမ်းပိုက်ချိန်တွင် နယ်တစ်ခု …လုံးမှာ ဖျက်ဆီးခံထားရသဖြင့်ပျက်စီးနေပြီးဖြစ်သည်။လူဦးရေမှာလည်း အလွန်နည်းပါး …သွားပြီဖြစ်သည်။ အေဒီ–၁၈၉၀ခုတွင်လူဦးရေ ၁၀% ခန့်တိုးတက်လာခဲ့သည်။ …နောက်(၃)နှစ်အကြာတွင် တိုးနှုန်းမှာ(၂၀၀%)ရှိလာသည်။ အေဒီ ၁၈၉၈ ခုတွင် …လွန်ခဲ့သော(၅)နှစ်ခန့်ကထက် (၂ဆ)တိုးနေပြီးဖြစ်သည်။သို့သော် မူလလူဦးရေကို …မှီသေးပေ။ ထိုနှစ်တွင် အခွန်ငွေရူပီး(၁၂၀၀၀)ရခဲ့သော်လည်း မြန်မာဘုရင်၏လက် …အောက်ခံအချိန်က ရူပီး၂၄၀၀၀ခန့် ပေးဆောင်ခဲ့သည်။

ရပ်စောက်နယ်တွင်နေထိုင်သော လူမျိုးများမှာ ရှမ်း၊တောင်သူ၊တောင်ရိုး၊ …နှင့်ပလောင်လူမျိုးများ ဖြစ်ကြသည်။ ရှမ်းလူမျိုးများစုစုပေါင်းလူဦးရေ၏ တစ်ဝက် …ခန့်ရှိပြီး ကျန်လူဦးရေ၏ ⅔မှာ ဓနုလူမျိုးများဖြစ်သည်။တောင်ရိုးလူဦးရေမှာ ၂၀ …ယောက်ခန့်သာရှိပြီး၊ ပလောင်လူမျိုးများမှာ ၂၀၀ယောက်ခန့်ရှိသည်။ပလောင်လူမျိုး …တို့သည် အတည်တကျမနေပဲ အချိန်အခါအခြေအနေကိုလိုက်၍ရွှေ့ပြောင်းနေထိုင် …ကြသည်။ တောင်ဖက်၊ မြောက်ဖက်နှင့်နယ်နိမိတ်တစ်လျှောက် ရွှေ့ပြောင်းနေထိုင် …နှင့်…တ်ကြသည့်အပြင် ဘိန်းပင်များစိုက်ပျိုးကြသည်။ ရပ်စောက်မြို့ဆင်ခြေဖုံးအပါအဝင် …ကျေးရွာအုပ်စု(၃၂)အုပ်စုရှိပြီး မိုင်းပျင်းနယ်တွင်အုပ်စု(၁၂)အုပ်စု ရှိသည်။

…။ စိုက်ပျိုးရေး

နယ်၏အဓိကစိုက်ပျိုးသီးနှံများမှာ ဆန်စပါး၊ နှမ်း၊ ဝါ၊ မြေပဲ၊ သနပ်ဖက်နှင့် …ခြံမြှော်သီးများ ဖြစ်သည်။ တောင်ကုန်းတောင်စောင်းများတွင် တောင်သူလူမျိုးများက …စိုက်ပျိုးရေးလုပ်ကိုင်ပြီး ချိုင့်ဝှမ်းလွင်ပြင်တွင်ရှမ်းလူမျိုးများနှင့် ဓနုလူမျိုးများကရေသွင်း …ဒီးစိုက်ပျိုးကြသည်။ ထွက်ရှိသောဆန်အားလုံးကို ဒေသတွင်းတွင်သာစားသုံးကြပြီး …ဒေသဈေးမှာ တစ်တင်းလျှင် ၃ရူပီးခဲ ပေးရသည်။ ဝါကိုဇွန်လတွင် စိုက်ပျိုးပြီးနှစ်ကုန်

ရန့်(၃)လအလိုတွင် နှုးထွက်ရသည်။ဂါဒေသဈေးမှာပိဿာ ၁၀၀ တွင်ကျပ် ၁၀ရှိသည်။ ဂါကိုဗမာပြည်မသို့ တင်ပို့ရောင်းချကြသည်။ မြေပဲမှာများစွာ အရေးမပါသကဲ့သို့ ဈေးနှုန်းမှာလည်း အပြောင်းအလဲများသည်။ ဒေသဈေးနှုန်းမှာ ပိဿာ၁၀၀လျှင်၅၀ ဖြစ်သည်။ သနပ်ဖက်မှာတန်ဖိုးရှိသော သီးနှံဖြစ်ပြီး ဒေသပေါက်ဈေးမှာပိဿာ၁၀၀ လျှင် ရူပီး၅၀ဖြစ်သည်။ သနပ်ဖက်အများစုကို ဗမာပြည်မသို့တင်ပို့ရောင်းချကြသည်။ ရပ်စောက်နယ်၌စိုက်ပျိုးသော လိမ္မော်သီးမှာ မောက်မယ်နယ်ထွက်လိမ္မော်သီးကဲ့သို့ အမျိုးအစားမကောင်းသော်လည်း ချိုမြသောအရသာရှိသည်။ လိမ္မော်သီးကိုနယ်၏ အနောက်တောင်ဖက် အလယ်ချောင်၊ ကောင်းဘို့၊အင်းခဲ ဒေသများတွင်အဓိကစိုက် သည်။ ဒေသတွင်းရောင်းဈေးမှာပိဿာ ၁၀၀ လျှင် ၅ ရူပီ မှ ၁၀ ရူပီ အတွင်းဖြစ် ၁သည်။ လိမ္မော်သီးကို ဒေသတွင်းနှင့် ဗမာပြည်မသို့တင်ပို့ရောင်းချသည်။

## ၇။ လက်မှုလုပ်ငန်းများ

ချည်စောင်ယက်လုပ်ခြင်းအပြင် မြေအိုးအကြမ်းထည်များပြုလုပ်ခြင်း၊ ရှမ်း စက္ကူပြုလုပ်ခြင်း လုပ်ငန်းများတွေ့ရသည်။ တောင်ကုန်းများပေါ်တွင် ချိတ်ရရှိပြီး ယွန်းထည်ကြမ်းများ ထုတ်လုပ်ခြင်းရှိသည်။ နယ်၏တောင်ပိုင်းရှိ အချို့ကျေးရွာများ တွင် သကြားကြမ်း၊ သကြားညိုချက်လုပ်ခြင်းလုပ်ငန်းများလည်း တွေ့နိုင်သည်။

## ၈။ ဧရိယာ- အုပ်ချုပ်ရေးနှင့်ရွာကြီးများ

ရှမ်းပြည်နယ်အလယ်ပိုင်းရှိရွာကြီးများအနက် မြောက်ဖက်အကျဆုံးနယ်ဖြစ် သည်။ဧရိယာ(၂၁၉၆)စတုရန်းမိုင် ကျယ်ဝန်းသည်။ ရပ်စောက်နယ်ထဲတွင် မှီခိုဒေသ များဖြစ်သော မိုင်းပျင်းဒေသအပါအဝင် ကျေးရွာပေါင်း(၂၈၅)ရွာရှိပြီး အုပ်စု(၆၃)စု ပါဝင်သည်။ နယ်တစ်ခုလုံးကို စော်ဘွားကပင်အုပ်ချုပ်ခဲ့သည်။ စော်ဘွားကို ဟိန်(၁၈) ဦး၊ ထမုံ(၁၂)ဦး၊ ကျေး(၂၅၇)ဦးက ကူညီအုပ်ချုပ်ပေးသည်။ရှမ်းပြည်နယ်ကို ဗြိတိသျှ များမသိမ်းယူမီက ရပ်စောက်နယ်မှာအာဏာရှင်အုပ်စိုးမှုဒဏ်နှင့် နယ်တွင်းစစ်ပွဲများ ဒဏ်ကြောင့် ဒုက္ခခံစားခဲ့ကြရသည်။ ထို့ကြောင့် ၁၈၉၈ ခုနှစ်တွင်နယ်တစ်ခုလုံး၌ ကျေးရွာကြီးစစ်စစ်ဆို၍ (၉)ရွာခန့်သာကျန်တော့သည်။ ၎င်းကျန်ခဲ့သော ကျေးရွာ

ပြီးများမှာ ရပ်စောက်–နောင်လုံ–ကျောက်ကူ–နောင်အင်–အင်တော–မဲနယ်–
ကာင်းဘို့–အလယ်ချောင်နှင့် အင်းငယ်ရွာကြီးများ ဖြစ်သည်။
တောင်ခြေမြေမျက်နှာသွင်ပြင်
ရပ်စောက်တစ်နယ်လုံးမှာ ရှမ်းပြည်နယ်ရှိအခြားဒေသများကဲ့သို့ တောင်ကုန်း
ထပ်သည်။ တောင်တန်းများမှာ တောင်မြောက်တန်းနေပြီး ကျယ်ဝန်းသောချိုင့်ဝှမ်း
များနှင့် လှိုင်းထသဏ္ဍာန်တောင်ကုန်းလေးများက ပိုင်းခြားထားကြသည်။
မြစ်ချောင်းများ
ဇော်ဂျီမြစ်
နယ်တစ်ခုလုံးတွင် မြစ်ချောင်းများစွာဖြတ်သန်း စီးဆင်းနေကြသည်။ အောက်
ထုံးကျောက်နှင့်ထုံးကျောက်တောင်တန်း များဖြစ်သဖြင့်မြစ်ချောင်းများ ပေါများစွာ
ဖြတ်သန်းစီးဆင်းနေကြခြင်းဖြစ်သည်။ စီးဆင်းပုံသဏ္ဍာန်မှာ အင်ဒိုချိုင်းနားဒေသကြီး
တစ်ခုလုံးရှိ မြစ်ချောင်းများစီးဆင်းသည့် ပုံသဏ္ဍာန်အတိုင်းဖြစ်သည်။ အချို့ချောင်း
များမှာ မြေအောက်သို့ငုတ်လျှိုးသွားပြီး တစ်နေရာတွင်ရေလုံးအားကောင်းကောင်း
နှင့် ပြန်ထွက်လာတတ်သည်။ ရပ်စောက်နယ်၏ ၁၀ပုံ ၉ပုံခန့်မှာ ဇော်ဂျီမြစ်နှင့်
နမ့်လန်မြစ်စဉ်စုကြီး ထဲတွင်ကျရောက်နေသည်။ ဇော်ဂျီမြစ်မှာရပ်စောက်နယ်၏
အပြင်ဖက် အနောက်တောင်ဖက်ရှိ ပင်းတယနယ်တွင်းစမ်းပေါက်ကြီးတစ်ခုမှ စတင်စီး
ဆင်းခဲ့သည်။ မြစ်များမှာ ပင်းတယမြို့၏အနောက်မြောက်ဖက်၊ မဲနယ်တောင်ခြေမှ
စတင်ခြင်းဖြစ်သည်။ အစပိုင်းချောင်းအနေနှင့် မြောက်ဖက်သို့မိုင်(၅၀)ခန့် စီးသွားပြီး
တန်ရွာကို ဖြတ်ကာအနောက်သို့ကွေ့စီးသွားသည်။ မဲနယ်တောင်ကြားချောက်နက်
ချိုင့်ဝှမ်းများကို ဖြတ်ကာစီးဆင်းခြင်းဖြစ်သည်။(ဘော်)နယ်သို့ရောက်သောအခါ
အနောက်တောင်ဖက်သို့ မိုင်အနည်းငယ်စီးဆင်းပြန်သည်။ ပြီးနောက်အနောက်
မြောက်ဖက်သို့ တစ်ဖန်ကွေ့ကာစီးဆင်းသွားပြီးနောက် ကျောက်ဆည်ခရိုင်မခြားရွာ
အနီးတွင် နမ့်လွန်မြစ်ထဲစီးဝင်သွားသည်။

## နမ့်လန်မြစ်

နမ့်လန်မြစ်မှာ ရပ်စောက်နယ်နှင့်မိုင်းကိုင်နယ်ခြား မြင့်မားသောတောင်တန်း များမှ မြစ်ဖျားခံစီးဆင်းလာသည်။ ၎င်းတောင်တန်းတွင် အမြင့်ဆုံးဖြစ်သည့် (၇၇၄၆)ပေမြင့်သော လွိုင်စန်ပ,တောင်မှစတင်စီးဆင်းလာခြင်းဖြစ်သည်။နမ့်လန်မြစ် ၏အဓိကမြစ်လက်တက်မှာ နမ့်အက်ချောင်းကြီးဖြစ်ပြီး ညောင်ရွှေနယ် လက်သက်ဒေသ မှအရှေ့တောင်ဖက်(၁၅)မိုင်ခန့် ဝေးသောတောင်တန်းများပေါ်မှ အဖျားခံစီးဆင်း လာသော ချောင်းကြီးဖြစ်သည်။ နမ့်အက်ချောင်း၏အဖျားပိုင်းသည် နမ့်လန်မြစ်ဖျား ထက် တောင်ဖက်သို့ ပိုမိုဝေးကွာသောနေရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ နမ့်လန်မြစ် မှာ အနောက်မြောက်ဖက်သို့စီးဆင်းပြီး နမ့်အက်ချောင်းမှာ တောင်မြောက်စီးဆင်း သည်။ ၎င်းတို့သည် နန်းမကော်ရွာအနီးတွင်ပေါင်းဆုံကြပြီး မိုင်းပျင်းကာကွယ်ခံနယ် ထဲတွင် အတူတူစီးဆင်းပြီး နယ်၏အရှေ့မြောက်ဖျား နမ့်တွမ်မြစ်ထဲစီးဝင်သွားသည်။

ရပ်စောက်ကို အရှေ့နှင့်အနောက်ကာရံထားသော တောင်တန်းကြီးများအ ပြင် နယ်၏အလယ်ပိုင်းတွင် တောင်မြောက်တန်းနေသော တောင်ကုန်းတောင်တန်း ငယ်များလည်း များစွာရှိသေးသည်။ ၎င်းတောင်ကုန်းတောင်တန်းငယ်များသည် ဇော်ဂျီမြစ်နှင့် နမ့်လန်မြစ်တို့၏ ရေဝေကြောဒေသပင်ဖြစ်ပြီး အမြင့်ဆုံးအပိုင်းသည် ပေ ၅၀၀၀ ခန့်ရှိသည်။

## အလယ်ပိုင်းကုန်းမြင့်

ရပ်စောက်နယ်၏အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသသည် လှိုင်းထသဏ္ဌာန် တောင်ကုန်းများရှိသော အပိုင်းဖြစ်သည်။ ၎င်းတောင်တန်းများမှာ ပျမ်းမျှပေ ၃၅၀၀ခန့် ရှိသော ကုန်းမြင့်သဏ္ဌာန်တည်ရှိနေကြသည်။ ကုန်းမြင့်ပေါ်တွင် သဘာဝပေါက်ပင် များပါးပြီး အချို့နေရာတွင်သာ သစ်တောအုပ်ကလေးများတွေ့ရသည်။ ထို့ကြောင့် ဒေသတော်တော်များများမှာ အပန်းဖြေစခန်းများသဖွယ် ဖြစ်နေသည်။ အထူးသဖြင့် ၎င်းအခြေအနေကို အမြင့်ပေ ၃၀၀၀/၄၀၀၀ ကြားဒေသများတွင် ပို၍တွေ့နိုင်သည်။ ဤအပိုင်းတွင် ဝက်သစ်ချပင်-ထင်းရှူးပင်များကို မြက်ခင်းများကြားတွင် အစုအဝေး

ကိုက် ပျံ့နှံ့စွာတွေ့ရသည်။ ပို၍ကျယ်ပြန့်ပွင့်လင်းသော မြက်ခင်းများတွင် သမန်း
တ်၊ ဒရင်ကောက်တောများ၊ ငါးညသီးပင်များနှင့် အခြားဆူးခြုံပင်များတွေ့ရသည်။
တောင်ကုန်းမြင့်များပေါ်တွင် တွေ့ရသော လက္ခဏာသွင်ပြင်အရ တစ်ချိန်က စိုက်ပျိုး
ကောင်းခဲ့သော ဒေသများဖြစ်နိုင်သည်။ တောင်ယာများအဆမတန် စိုက်ပျိုး
ကိုင်ခဲ့သဖြင့် ယခုကဲ့သို့တောင်ကတုံးများ ဖြစ်ကျန်ခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်
ဖြစ် မြေဆီလွှာတိုက်စားမှုများပြားခဲ့ပြီး ချောင်းအများစုမှာမတ်စောက် နက်ရှိုင်းသော
ကမ်းများ၊ လျှိုများအတွင်းစီးဆင်းနေကြသည်။ ရေကြီးခြင်း၊ ရေလျှံခြင်း၊ ရေစီးသန်
များ ဖြစ်ပေါ်တတ်ပြီး မကြာမီခမ်းခြောက်သွားလေ့ရှိသည်။

**သစ်တောများ–ကျွန်း**

ရပ်စောက်နယ်တွင်သစ်တောများကို တောင်တန်းကြီးများ၏အောက်ခြေ၊ ယပိုင်းတောင်ကုန်းတောင်တန်းများ ပတ်လည်နှင့်တောင်ထိပ်တွင် တွေ့ရသည်။ မြင့်ပေ ၃၀၀၀ ထက်မြင့်သောအပိုင်းများတွင် **ကျွန်း** အပါအဝင်အခြားသစ်တော သိပ်မတွေ့ရတော့ပေ။ အနိမ့်ပိုင်းနှင့် နယ်၏မြောက်ပိုင်းဒေသများတွင် အတော် သင့်ထူထပ်သော သစ်တောများတွေ့ရသေးသည်။ တောင်ဖက်ပိုင်းတွင်ကျွန်းတော ကို နမ့်မဲလုံချောင်းနှင့် ဆာတော်ချောင်းများတွင် တွေ့ရသည်။ ၎င်းချောင်းနှစ်ခုစလုံး က်ကျိုမြစ်တွင်း စီးဝင်သွားသည်။ ၁၈၉၈–ခုနှစ်တွင် လက်ထောက်သစ်တောဝန်က န်းပင်ပေါင်း (၂၆၇၃) ပင်ကိုသင်းသတ်ခဲ့သည်။ သင်းသတ်ချိန်တွင် ကျွန်းပင်(၅၅၇) မှာ သဘာဝအတိုင်းခြောက်သွေ့ပြီး သေသွားသောအပင်များ ဖြစ်ကြောင်းတွေ့ရ သည်။

အခြားကျွန်းတောရှိသောဒေသများမှာ နမ့်လန်မြစ်နှင့် နမ့်အက်ချောင်းများ သဖြစ်ပြီး ဒေသအခေါ် မိုင်းပျင်း–ကျိုင်းခမ်း–နောင်လော နှင့် မော်ကလူ သစ်တော ပိုင်းများ ဖြစ်သည်။ ၎င်းကြိုးဝိုင်းများတွင် ကျွန်းသစ်အကောင်းဆုံးများ သော်လည်းနမ့်လန်ချောင်းလက်တက် အချို့မှာ မြေအောက်သို့ငုတ်ချောင်းအဖြစ် လျှိုသွားသဖြင့် သစ်မျှောရန်မဖြစ်နိုင်တော့ဘဲ ဗမာပြည်မသို့သစ်တင်ပို့ရန်

အခက်အခဲရှိခဲ့သည်။

**ပြောင်းရွှေ့သစ်တော**

ရပ်စောက်နယ်မြောက်ပိုင်းမှ နမ့်ပန်မြစ်ရေဆင်းနယ်မြေအောက်ပိုင်းဒေသမှ သစ်တောများ တွေ့ရပြီးနမ့်တူ(မြစ်ငယ်)မြစ်ကမ်းဘေးအထိ ရောက်အောင်တည်ရှိနေသည်။ ဤအပိုင်းသည် ရပ်စောက်နယ်၏ကျွန်းသစ်အများဆုံး ရပ်ဝန်းဖြစ်သည်။ ၎င်းသစ်တောများသည် နောင်လုံခရိုင်တွင်ပါဝင်ပြီး ပြောင်းရွှေ့သစ်တောဟုထင်ရှားသည်။ ဤသစ်တောများကို ဘုံဘေဘားမားကုမ္ပဏီက ငှားရမ်းလုပ်ကိုင်သည်။

၁၈၉၃ခုနှစ်တွင် သစ်တောအရေးပိုင်တစ်ဦးက တွေ့ရှိရပုံကိုမှတ်တမ်းပြုထားရာ–

"တောင်မြောက်သစ်တောများသည် မြစ်ငယ်မြစ်ကွေ့ငုတ်ကလေးနှင့် ရပ်စောက်လမ်းတွင် တည်ရှိသည်။ မြေအနေအထားမှာ ဆင်ခြေလျှောမတ်စောက်ပြီး အချို့နေရာတွင် ကျောက်ဆောင်များရှိသည်။ ထို့ကြောင့်ဖြတ်သန်းသွားလာရန် မလွယ်ကူချေ။ အထူးသဖြင့် အနောက်ပိုင်းဒေသတွင်ဖြစ်သည်။ သစ်တော၏အောက်ခြေတွင်ထူထပ်သော ချုံများ၊ မြက်ကြမ်းရှည်များကြောင့် တောမီးမကြာခဏ လောင်ကျွမ်းသည်။ ကြီးမားသည့်တောမီးများကြောင့် ကျွန်းသစ်တောများ ပျက်စီးခဲ့သည်။ သစ်များကိုလည်း ခုတ်ယူထုတ်လုပ်သင့်သည်ထက် များစွာထုတ်ယူခဲ့ကြသည်။ ကျန်နေသော သစ်ပင်ဟောင်းများမှာလည်း မကောင်းမွန်ဘဲ သဘာဝအတိုင်းထုတ်လုပ်ရန် ခဲယဉ်းသည့် သစ်တောဧရိယာမှာ စုစုပေါင်း ၄၁၀၀ ဧကခန့်ရန်းကေရှိပြီး ကျွန်းပင်ရေ ၂၀၅၀ ခန့်ရှိသည်။"

" ပုံးမင်းသစ်တောသည် မြစ်ငယ်မြစ်လက်ဝဲဖက် မတ်စောက်သောကမ်းပါး ဆင်ခြေလျှောဒေသတွင် တွေ့ရသည်။ တောင်မြောက်သစ်တောဒေသ၏ အပေါ်ဖက် (၂)မိုင်ခန့်တွင် တည်ရှိသည်။ အခြေအနေမှာ သစ်တောနှင့်ဆင်တူသော်လည်း မြောက်ဖက်တွင် ကျရောက်နေသဖြင့် ခြောက်သွေ့မှုနည်းပါးသည်။ ထို့ကြောင့် သဘာဝမွေးတာနည်းဖြင့် ပြန်လည်ပျိုးထောင်မှု ကောင်းသည်။ သို့သော်သစ်ပင်

ဒြောက်အခြားမှာ သင်းသတ်ထားပြီးဖြစ်သည်။ ဧရိယာ ၁၄၂၀ စတုရန်းကေရှိပြီး
က ၉၄၀ မှာ ကျွန်းသစ်ထုတ်လုပ်သည်။”

“ ကမန်းတောသစ်တောများ၊ မုံမင်းသစ်တော၏အပေါ်ဖက် (၆)မိုင်ခန့်တွင်
ရှိသည်။ မြစ်ငယ်မြစ်ကူး တမန်းကူးတောကူးတို့အနီးတွင်ရှိပြီး ဧရိယာ ၁၀၀၀စတုရန်း
က ကျယ်ဝန်းသည်။ ၎င်းအနက်ကေ ၇၅၀တွင် ကျွန်းသစ်ထုတ်လုပ်သည်။ ဓမ္မတာ
မျိုးဆက်ခြင်း အလွန်ကောင်းသော်လည်း သက်ရင့်ကျွန်းတောခပ်များများမှာ ထုတ်
လုပ်ပြီးဖြစ်နေသဖြင့် နောက်ထပ်သင်းသတ်ရန် အချိန်မတိုင်မီ ကောင်းစွာထိန်းသိမ်း
စောင့်ရှောက်ထားရန် လိုသည်။”

“နမ့်မဲလုံသစ်တောမှာ နမ့်မဲလင်းချောင်းနှင့် မြစ်ငယ်မြစ်ဆုံဒေသ၏ လက်ယာ
က် မိုင်အနည်းငယ်အကွာတွင် တွေ့ရသည်။ မြေညီညာသောဒေသဖြစ်ပြီး ကျွန်း
မျိုးကောင်းများ တွေ့ရသည်။ လွန်ခဲ့သောနှစ်များက သင်းသတ်မှုများပြား လွန်းကဲ
သော်လည်း ဓမ္မတာမျိုးဆက်မှုကောင်းမွန်သဖြင့် တောမီးအန္တရာယ်သာ ကာကွယ်
နိုင်ပါက အလားအလာကောင်းသည်။ ဧရိယာ ၈၅၃၆ စတုရန်းကေရှိပြီး ကေ
၁၁၀မှာ ကျွန်းတောများ ဖြစ်သည်။”

“ နမ့်လန်သစ်တောဒေသမှာ နမ့်လန်မြစ်၏လက်ဝဲဖက် သဘာဝတံတား၏
အပေါ်ဖက်ကမ်းတွင် တွေ့ရသည်။ ၎င်းသဘာဝတံတားရှိနေသဖြင့် သစ်ထုတ်လုပ်မှု
ည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် သစ်မျှောရာတွင်အတားအဆီးဖြစ်နေပြီး
သဘာဝတံတားကို ထိခိုက်မည်စိုးသဖြင့် ဖြစ်သည်။ သို့သော်၎င်းသဘာဝတံတား
အောက်မှဆွဲယူလျှင် ဖြစ်နိုင်ခြေရှိသည်ကို တွေ့ရသည်။”

**ခြားပင်မျိုးစိတ်များ**

အထက်ဖော်ပြပါ ကျွန်းသစ်တောကြီးများအပြင် ရွက်ခွန်တောများ၊ ဝက်သစ်
တောများ ပေါများသည်။ အမြင့်ပိုင်းတောင်ထိပ်များကို အဆိုပါသစ်တောများက
အုပ်ထားသည်။ ယေဘူယျအားဖြင့် ထင်းရှူးသစ်တောများကိုအလယ်ပိုင်းနှင့် အနိမ့်
င်းတောင်စွယ်များပေါ်တွင်လည်း တွေ့ရသည်။ ပိုမိုမြင့်သောတောင်ထိပ်များ ပေါ်

တွင် မိုးပိုမိုရရှိသောကြောင့် ပိုမိုထူထပ်သော အမြဲစိမ်းသစ်တော၊ ဝက်သစ်ချပင်၊ သစ်အယ်ပင်နှင့် တတိုင်းမွှေးပင် စသောပင်အုပ်ကြီးသည့် သစ်တောများတွေ့နိုင်သည်။ အမြင့်ဆုံးမဲနယ်တောင်၏ မိုးပါနီးနှင့်မိုးမချုပ်ဘီ(မိုးမချုပ်သည့်) တောင်ထိပ်များတွင်လည်း အခြားမျိုးစိတ်များ ပေါက်ရောက်နေသေးသည်။ ၎င်းသစ်တောများတွင် ထူထပ်သောအောက်ခြေချုံများနှင့် ဖြတ်သန်းရန်မလွယ်ကူသော တောအုပ်ကြီးများရှိသည်။ ၎င်းသစ်တောများသည် တနင်္သာရီကမ်းရိုးတန်းရှိ တောင်တန်းများပေါ်၌ ပေါက်ရောက်သောမျိုးစိတ်များနှင့် ဆင်တူသည်။ ကျေးရွာများ၏ပတ်ဝန်းကျင် အနီးအနားတွင် တောင်ယာစိုက်ပျိုးရေးအတွက် သစ်ပင်ခုတ်လှဲရှင်းလင်းမီးရှို့မှုများ တဖြည်းဖြည်းချဲ့ထွင်လာကြရာ သစ်တောအုပ်များရှိရာသို့ တဖြည်းဖြည်းချဉ်းကပ်လာနေပြီဖြစ်သည်။ နှင်းဆီရိုင်းတော၊ ငါးညသီးတော၊ စတော်ဘယ်ရီနှင့် ပန်းသီးရိုင်းတောများ ရောနှောပေါက်ရောက်နေသည်ကိုလည်း တွေ့ရသည်။ ပွင့်လင်းသစ်တောဟင်းလင်းပြင်များတွင် ခရမ်းရောင်မြင်းခွာပန်း၊ တိုက်ကပ်နွယ်ပန်း၊ ပန်းဝါတောများ ဖူးပွင့်နေကြသည်ကိုလည်း တွေ့နိုင်သည်။ ဆောင်းရာသီ၌ အမြင့်ပေ ၆၀၀၀–၈၀၀၀မြင့်သောဒေသတွင် ရာသီဥတုကြမ်းတမ်းသည့် နှစ်၏အစောပိုင်းလများတွင် နှင်းခဲများကျရောက်တတ်သော်လည်း သစ်တောများမှာအမြဲစိမ်းရွက်မကြွေတော့ အရွက်ထူပင်များဖြင့် ကာကွယ်ထားခြင်းခံရသည်။ သစ်တော်မျိုးစိတ်များသည် အဆိုပါအမြင့်ပိုင်းဒေသများတွင် မိုးရေချိန်နှင့်စိုထိုင်းမှုများကို မျှတစွာတွန်းလှန်ပေါက်ဖွားနေကြသည်။ ဝက်သစ်ချ၊ သစ်အယ် အပါအဝင်စီးပွားရေးအရအရေးပါသော အမြဲစိမ်းသစ်တောများကို ဤဒေသတွင်များစွာတွေ့ရှိရပြီး အနိမ့်ပိုင်းတွင်များစွာ ပေါက်ရောက်နေသော ရွက်ချွန်သစ်တောများထက် ပို၍တန်ဖိုးရှိသည်။

**းရှူးတောများ**

ရှမ်းပြည်နယ်သို့ မီးရထားလမ်းများ ယှက်သွယ်ဖေါက်လုပ်လာသောအခါ ဖျိုသစ်တောမျိုးစိတ်ဝင် ထင်းရှူးသစ်နှင့် ထင်းရှူးဆီထုတ်လုပ်သောလုပ်ငန်းများ ပို၍အရေးပါလာသည်။ ရန်ကုန်မြို့သို့ဈေးနှုန်း သက်သာစွာတင်ပို့နိုင်လာပြီဖြစ် ည်။ အလွန်မြင့်ပြီး မိုးပိုများသောတောင်တန်းများမှလွဲ၍ ကျန်အပိုင်းများတွင် းရှူးပင်များ ပေါက်ရောက်ရန်သင့်လျော်သော မြေဆီလွှာအပါအဝင် အခြေအနေ သည်းရှိနေသည်။ တောင်ယာများမည်မျှတိုးချဲ့ လုပ်ကိုင်သည်ဖြစ်စေထင်းရှူး ာအုပ်ကလေးများကို နေရာအနှံ့အပြားတွင်တွေ့နိုင်သည်။ ထင်းရှူးအမျိုးအစား င်းများကို နယ်၏အနောက်မြောက်ဖက်မဲနယ်တောင်ခြေတွင်လည်း တွေ့ရ ည်။ ထို့အပြင်ပေ ၄၀၀၀/၅၀၀၀ခန့်မြင့်သော တောင်စွယ်များပေါ်တွင်လည်း က်ရောက်ကြသေးသည်။ ထင်းရှူးတောစုစုပေါင်းအကျယ်အဝန်းမှာ ၃၀၀စတုရန်း န့်ရှိပြီး ပေါက်ရောက်နှုန်း၊ ဓမ္မတာမျိုးဆက်နှုန်း၊ အပင်ဦးရေများပြား ထူထပ်နှုန်း ှာ ကျေနပ်စရာအခြေအနေရှိသည်။ ထင်းရှူးတောများကို ဇော်ဂျီမြစ်နှင့်ဇလူး င်း ရေဝေကြောတပိုက်တွင်လည်း တွေ့နိုင်သေးသည်။ ၎င်းအပြင်နန့်ပန့်ကျေး တ်ဝန်းကျင်၊ ရပ်စောက်မြို့အရှေ့ဖက်နှင့် အရှေ့မြောက်နယ်စွန်ဖျားအထိ ပေါက် က်နေကြသည်။ ထင်းရှူးပင်ကို ကျွန်းပင်ကဲ့သို့ပင်အလွယ်တကူထုတ်ယူနိုင် ဉ်။ သို့သော်ယခုအချိန်ထိစီးပွားဖြစ် ထုတ်လုပ်မှုမရှိသေးချေ။

**ဒ်ဗေဒ**

ရပ်စောက်နယ်တစ်ခုလုံး၏ အောက်ခံကျောက်မှာထုံးကျောက်များပင် ဖြစ် ည်။ မြေလတ်ဒေသ ဘော်ဆိုင်နယ်၊ ညောင်ရွှေနယ်များနှင့်ထိစပ်နေသော နယ်စပ် ရှိ နာကျောင်ဒေသတွင် ငွေ၊ ခဲ၊ သတ္တုတွင်းများကို ရှေးအခါကတည်းကလုပ်ကိုင် ကြောင်းတွေ့ရသည်။ လာမည့်အနာဂါတ်တွင် မော်ဆိုင်(ဘော်တွင်း)သတ္တုတွင်း ကို အမြတ်အစွန်းဖြင့်ပြန်လည် တူးဖော်လုပ်ကိုင်လာနိုင်မည်ဟု မျှော်လင့်ကြပါ ည်။

**...င်းရှူးတောများ**

ရှမ်းပြည်နယ်သို့ မီးရထားလမ်းများ ယှက်သွယ်ဖေါက်လုပ်လာသောအခါ ...ကိုချိန်သင့်သောမျိုးစိတ်ဝင် ထင်းရှူးသစ်နှင့် ထင်းရှူးဆီထုတ်လုပ်သောလုပ်ငန်းများ ...ပို၍အရေးပါလာသည်။ ရန်ကုန်မြို့သို့ဈေးနှုန်း သက်သာစွာတင်ပို့နိုင်လာပြီဖြစ် ...ည်။ အလွန်မြင့်ပြီး မိုးပိုများသောတောင်တန်းများမှလွဲ၍ ကျန်အပိုင်းများတွင် ...င်းရှူးပင်များ ပေါက်ရောက်ရန်သင့်လျော်သော မြေဆီလွှာအပါအဝင် အခြေအနေ ...းလည်းရှိနေသည်။ တောင်ယာများမည်မျှတိုးချဲ့ လုပ်ကိုင်သည်ဖြစ်စေထင်းရှူး ...တာအုပ်ကလေးများကို နေရာအနှံ့အပြားတွင်တွေ့နိုင်သည်။ ထင်းရှူးအမျိုးအစား ...ကောင်းများကို နယ်၏အနောက်မြောက်ဖက်မဲနယ်တောင်ခြေတွင်လည်း တွေ့ရ ...ည်။ ထို့အပြင်ပေ ၄၀၀၀/၅၀၀၀ခန့်မြင့်သော တောင်စွယ်များပေါ်တွင်လည်း ...ါက်ရောက်ကြသေးသည်။ ထင်းရှူးတောစုစုပေါင်းအကျယ်အဝန်းမှာ ၃၀၀စတုရန်း ...ခန့်ရှိပြီး ပေါက်ရောက်နှုန်း၊ မွေတာမျိုးဆက်နှုန်း၊ အပင်ဦးရေများပြား ထူထပ်နှုန်း ...းမှာ ကျေနပ်စရာအခြေအနေရှိသည်။ ထင်းရှူးတောများကို ဇော်ဂျီမြစ်နှင့်ဇလူး ...ချောင်း ရေဝေကြောတဝိုက်တွင်လည်း တွေ့နိုင်သေးသည်။ ၎င်းအပြင်နန့်ပန့်ပွန်ကျေး ...ပတ်ဝန်းကျင်၊ ရပ်စောက်မြို့အရှေ့ဖက်နှင့် အရှေ့မြောက်နယ်စွန်ဖျားအထိ ပေါက် ...ရောက်နေကြသည်။ ထင်းရှူးပင်ကို ကျွန်းပင်ကဲ့သို့ပင်အလွယ်တကူထုတ်ယူနိုင် ...ည်။ သို့သော်ယခုအချိန်ထိစီးပွားဖြစ် ထုတ်လုပ်မှုမရှိသေးချေ။

**...ုမိဗေဒ**

ရပ်စောက်နယ်တစ်ခုလုံး၏ အောက်ခံကျောက်မှာထုံးကျောက်များပင် ဖြစ် ...ည်။ မြေလတ်ဒေသ ဘော်ဆိုးနယ်၊ ညောင်ရွှေနယ်များနှင့်ထိစပ်နေသော နယ်စပ် ...နီးရှိ နာကျောင်ဒေသတွင် ငွေ၊ ခဲ၊ သတ္တုတွင်းများကို ရှေးအခါကတည်းကလုပ်ကိုင် ...ကြောင်းတွေ့ရသည်။ လာမည့်အနာဂါတ်တွင် မော်ဆုံ(ဘော်တွင်း)သတ္တုတွင်း ...းကို အမြတ်အစွန်းဖြင့်ပြန်လည် တူးဖော်လုပ်ကိုင်လာနိုင်မည်ဟု မျှော်လင့်ကြပါ ...ည်။

**မိုးရေချိန်**

ရပ်စောက်နယ်၏မိုးရေချိန်မှာ ၅၀လက်မအောက်ဖြစ်သည်။အမြင့်ပိုင်းတောင်ကုန်းတောင်တန်းများတွင်မူ ၎င်းဒေသထက်မိုးပိုမိုရရှိသည်ကို တွေ့ရသည်။

**နောက်ခံသမိုင်း**

ရှမ်းပြည်နယ်သည် မြန်မာဘုရင် လက်အောက်ခံအဖြစ်ရှိနေစဉ် ကာလက ရပ်စောက်နယ်မှာ ညောင်ရွှေနယ်၏တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သည်။ သက္ကရာဇ်-၁၁၅၀(အေဒီ-၁၇၈၈)နှင့် ထိုထက်စောနိုင်သောအချိန်က မြို့စားအုပ်ချုပ်သော သီးခြားနယ်ဖြစ်ခဲ့ သည်။ သက္ကရာဇ် ၁၂၀၉(အေဒီ-၁၈၄၇)တွင် မြို့စားကွယ်လွန်သွားသဖြင့် ညောင်ရွှေစော်ဘွား၏သမီးတော် မြန်မာဘုရင်၏မိဖုရားအကူအညီ၊ လွှတ်တော်၏အကြံအစည်ဖြင့် ညောင်ရွှေကရပ်စောက်နယ်ကို အုပ်ချုပ်ခွင့်ရခဲ့သည်။ ညောင်ရွှေစော်ဘွားက ညီတော် **ကျမိုင်းခွန်ရွှေ**ကို စေလွှတ်ပြီးအုပ်ချုပ်စေခဲ့သည်။ နောက်(၃)နှစ်အကြာခွန်ရွှေကွယ်လွန်ခဲ့ရာ မြောင်းအိမ်နယ်သား**မောင်ရွှေကြာ**က မူလရပ်စောက်မြို့စား၏ဆွေတော်မျိုးတော်ဟုကြေငြာကာ ညောင်ရွှေသြဇာကို တွန်းလှန်၍ ရပ်စောက်နယ်အုပ်ချုပ်ရေးအာဏာကို ရယူခဲ့သည်။ မြန်မာဘုရင်က ၎င်းကို မိုးနဲစစ်ကဲကြီးအဖြစ်ခန့်အပ်ပြီး မိုးနဲသို့စေလွှတ်ခဲ့သည်။ ထိုအချိန်တွင် အမရပူရနေပြည်တော်တွင်ရှိနေသည့် တီကျစ်မြို့အုပ်**မောင်ဘိတ်**သည် စကားနယ်မှ ခွန်ညဏ်နှင့် ပြဿနာတစ်ခုရှိ နေရာ ခွန်ညဏ်က မောင်ဘိတ်အား တီကျစ်နယ်မှမောင်းထုတ်ရန် ကြံစည်နေချိန်ဖြစ် သည်။ သို့သော်မောင်ဘိတ်က ရပ်စောက်နယ်ကို အုပ်ချုပ်ခွင့်ရခဲ့သည်။ ထို့နောက်တီကျစ်နယ်ကို ခွန်ညဏ်ကအုပ်ချုပ်ခွင့် ရရှိသွားသည်။ သက္ကရာဇ် ၁၂၁၆(အေဒီ-၁၈၅၄)တွင် ရပ်စောက်နယ်၌အရှုပ်အထွေး အပြောင်းအလဲဖြစ်လာရာ မောင်ဘိတ် သည် အင်းလေးရွာသို့သွားရောက် ခိုလှုံခဲ့ရသည်။ ထို့ကြောင့်မြန်မာဘုရင်က ရပ်စောက်နယ်အုပ်ချုပ်ခွင့်ကို လဲချားနယ်ရှင်သို့ပေးအပ်လိုက်ရသည်။ လဲချားအမတ်များကရပ်စောက်ကို သက္ကရာဇ် ၁၂၂၅(အေဒီ-၁၈၆၃)စော်ဘွား ကွယ်လွန်သည်

ထိ အုပ်ချုပ်ခဲ့ကြသည်။ မန္တလေးနေပြည်တော်မှ ခန့်အပ်သောမြို့အုပ်တစ်ဦးက နောက်ထပ်(၃)နှစ် အုပ်ချုပ်ခဲ့ပြီး၊ သက္ကရာဇ် ၁၂၂၈ တွင် ညောင်ရွှေစော်ဘွား၏ မြေးတော်သူ စဉ့်ကိုင်းကမြန်မာဘုရင်၏ အပိုင်တော်အရ စော်ဘွားအဖြစ်ဆက်ခံရ သည်။

## င်းတုန်းမင်းနတ်ရွာစံချိန် ရပ်စောက်နယ်အခြေအနေ

မန္တလေးနေပြည်တော်တွင် မင်းတုန်းမင်းကြီးနတ်ရွာစံသွားသဖြင့် ရှမ်းစော်ဘွား များအားလုံးသည် ထုံးတမ်းအစဉ်အလာအရ နေပြည်တော်သို့သွားရောက်၍ ဘုရင် အဖြစ်ဆက်ခံသူ **သီပေါမင်း**အားဂါရဝပြုရသည်။ သက္ကရာဇ် ၁၂၄၁(အေဒီ–၁၈၇၉) တွင် စော်ဘွားစဝ်ဝိန်းသည် မန္တလေးသို့သွားရောက်ခဲ့သော်လည်း နောင်တစ်နှစ်တွင် နဲပုန်ကန်မှုကို ဘုရင့်စစ်တပ်မှလာရောက်နှိမ်နင်းသဖြင့် အခြားစော်ဘွားများလည်း ပြန်လည်ပြေးလာပြီးလျှင် ကျိုင်းတုံနယ်သို့တိမ်းရှောင်သွားခဲ့သည်။

ညောင်ရွှေစော်ဘွား**စဝ်မောင်**အား ရပ်စောက်နယ်အားအုပ်ချုပ်ခွင့်ပြုခဲ့ရာ ၎င်းကိုယ်စားဦးလေးဖြစ်သူ **လဲဘွင့်**အားမြို့စားရာထူးဖြင့် စေလွှတ်ခဲ့သည်။ မြို့စား လဲဘွင့်မှာ တစ်နှစ်သာအုပ်ချုပ်ခဲ့ပြီးညောင်ရွှေမှအမတ်(၂)ဦးဖြစ်သူ **မောင်ပိုနှင့် မောင်နှစ်**တို့ကဆက်လက် အုပ်ချုပ်ခဲ့ကြသည်။ သက္ကရာဇ် ၁၂၄၆ (အေဒီ–၁၈၈၄) တွင် **နောင်လုံဟိန်**ဖြစ်သူ လေင်းဆိုသူကအမတ်(၂)ဦးအား တိုက်ခိုက် ဆင်းထုတ်ခဲ့ပြီးမိမိကိုယ်တိုင် မြို့အုပ်ရာထူးခံယူပြီး အုပ်ချုပ်ခဲ့သည်။ သူကအာဏာကို ရှစ်ခုနှစ်ထိထိန်းထားနိုင်ခဲ့သော်လည်း မိုးနဲစော်ဘွားလင်းပင်အုပ်စုနှင့်အတူ ပြန်လည်ရောက်ရှိလာသဖြင့် **စဝ်ဝိန်း**ကအာဏာကိုပြန်လည်ရယူခဲ့သည်။

စဝ်ဝိန်းပြန်ရောက်ပြီး(၆)လခန့်တွင် လင်းပင်မင်းသားအုပ်စုဝင်အဖြစ်နှင့် ညောင်ရွှေသို့ဆက်လက်ချီတက်ရာ ပေါဓိသတ်ဘုရား၏အရှေ့မြောက်ဖက် မိုင် နည်းငယ်တွင်ရှိသော ကူကြိုးအရပ်တွင်စစ်တပ်စုဆောင်း စခန်းချနေခဲ့သည်။ ညောင်ရွှေမြို့ကို ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ စဝ်ဝိန်းသည်ဗြိတိသျှတို့၏

လက်အောက်သို့ ဝင်ရောက်ရန်လည်းငြင်းဆန်ခဲ့သည်။ ၁၈၈၇–ခုဖေဖော်ဝါရီလတွင် ဗြိတိသျှတို့က စဝ်ဝိန်း၏စစ်တပ်ကိုတိုက်ထုတ်ခဲ့သဖြင့် လအနည်းငယ်အကြာတွင် ရပ်စောက်သို့မပြန်နိုင်ပေဘဲ မင်းပုန်းမင်း၏မိဖုရားပေါင်း(လဲချားမိဖုရား)နှင့် သားတော်ငယ်တို့နှင့်အတူ ကျိုင်းတုံသို့ထွက်ပြေးခိုလှုံခဲ့သည်။ မင်းသားငယ်မှာအဖျားရောဂါဖြင့် ကွယ်လွန်သွားရာလဲချားမိဖုရားမှာ လဲချားနယ်သို့ပြန်လာခဲ့သည်။ နောက် သီပေါနယ်သို့ သွားရောက်နေထိုင်ခဲ့သည်။ စဝ်ဝိန်းမှာဗြိတိသျှအစိုးရ၏ ရန်သူအနေဖြင့် မိုင်းဆယ်ဒေသတွင်ခိုလှုံနေရာမှ ၁၈၉၆ခုတွင် ကွယ်လွန်သွားခဲ့သည်။

**လက်ရှိစော်ဘွားခွန်နု**

အိန္ဒိယအစိုးရ၏အမိန့်ကြေငြာချက်အရ **ခွန်နု**ကိုရပ်စောက်စော်ဘွားအဖြစ်ခန့်အပ်ခဲ့သည်။ ခွန်နုသည်သထုံနယ်၊ ထန်ဖက်မြို့စား**ခွန်ခမ်းအောင်**၏ သားတော်ဖြစ်သည်။ ရပ်စောက်မိဖုရား၏အကာအကွယ်ခံ မိုင်းပျင်းနယ်မှာယခင်ကညောင်ရွှေနယ်အတွင်းပါဝင်နေပြီး သက္ကရာဇ် ၁၂၀၀(အေဒီ–၁၈၃၈)တွင် သီးခြားပြန်၍ခွဲထုတ်ပြီး မြို့စား**ခွန်ချာ**အား အုပ်ချုပ်စေခဲ့သည်။

ခွန်ချာသည် ၁၈၅၂ခုနှစ်တွင်ကွယ်လွန်သွားပြီး မန္တလေးမြို့တော်မှတိုက်ရိုက်ခန့်အပ်သော မြို့အုပ်တစ်ဦးကာ၁၈၅၄ခုနှစ်အထိ (၂)နှစ်ခန့်အုပ်ချုပ်ခဲ့သည်။ မိုင်းပျင်းနယ်နှင့်ရပ်စောက်နယ်(၂)နယ်စလုံးကို လဲချားစော်ဘွားကထိန်းသိမ်းထားပြီး ၎င်း၏ညီတော်သူ **ကျမိုင်းအေ**ကိုစေလွှတ်အုပ်ချုပ်စေခဲ့သည်။ နောက်ပိုင်းအမတ်များက အုပ်ချုပ်ရေးကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၁၈၆၆ခုနှစ်တွင် စဝ်ဝိန်းအားဘဝန် ပေးခဲ့ပြီး မိုင်းပျင်းနယ်ကိုမူ၎င်း၏ခမည်းတော် **စဝ်ရွှေဘိတ်ကို**မြို့စားအဖြစ် ပေးအပ်ခဲ့သည်။ ၁၈၈၀ခုနှစ်တွင် မြန်မာဘုရင်တပ်များရောက်လာသဖြင့် သားအဖ(၂)ဦးစလုံး ထွက်ပြေးခိုလှုံခဲ့ရပြီး ၁၈၈၆ ခုနှစ်တွင်လင်းပင်မင်းသားအုပ်စုနှင့်အတူ ပြန်ရောက်လာခဲ့သည်။ နောက်ပိုင်းနှစ်များတွင် ဗြိတိသျှစစ်သားများ၏ရန်ကြောင့် ထွက်ပြေးခဲ့ရပြန်သည်။ ဖခမည်းတော်စဝ်ရွှေဘိတ်မှာ ကျိုင်းတုံသို့အသွားလမ်းတွင် ကွယ်လွန်ခဲ့သည်။ မိုင်းပျင်းနယ်ကို ရပ်စောက်နှင့်ပေါင်းထားပြီး ထန်ဖတ်နယ်ရှင်ခွန်နု မိသားစု

တာဝန်ပေးထားသည်။ နာမည်ခံသာဖြစ်ပြီးအခွင့်အာဏာများ လုံးဝမရှိတော့ပေ။ ကြာမီကွယ်လွန်သွားသည်။

**ယ်၏မှတ်တမ်းများမှ နောက်ခံသမိုင်း**

နယ်၏မှတ်တမ်းများမှ ဘာသာပြန်ဆိုမှုများသည်ခေတ်သစ်ပုံစံ ဖြစ်နေသော် ည်း နယ်၏အစောပိုင်းကာလများ၏ဆက်နွယ်မှု၊ တောင်ပိုင်းနယ်၊ မြောက်ပိုင်းနယ် ားနှင့် ဆက်နွယ်မှုများကိုသေချာစွာဖေါ်ပြထားသည်။ ရှမ်းလူမျိုးများအတွက် က်ရိုက်အကျိုးမပြုသော်လည်း ရှမ်းများတောင်ဖက်သို့ ဝင်ရောက်လာမှုနှင့် ပတ် က်၍ မူလယူဆထားသည်ထက် ပိုမိုနောက်ကျနေကြောင်းသိရသည်။

**ကောလီမင်းသီဟိုဠ်ကျွန်းမှအပြန်တွင်** မြို့တော်တစ်ခုတည်ထောင်ရန် ဆုံး တ်ခဲ့သည်။ နယ်မြေအချို့ကိုလေ့လာပြီးနောက် အမြင့်ပိုင်းတစ်နေရာကိုမြို့တော် ည်ရန် ရွေးချယ်ခဲ့သည်။ ၎င်းနေရာမှာ နဂါးကျစ်ကုန်းဟုအမည်တွင်သည်။ မှန်ကန် ကိုလည်း ပညာရှိအများကအတည်ပြုပေးကြသည်။ ထိုနေရာတွင်မြို့တော်တည် ထောင်ပြီး **ရဿဝတီ(လောက်စောက်)**ဟု အမည်ခေါ်တွင်ခဲ့သည်။ ထိုမြို့တော် တွင်းတွင် မြို့သူမြို့သားများနှင့်အတူ စံနေတော်မူခဲ့သည်။

အဇာတသတ်မင်းသည် စစ်သည်ဗိုလ်ပါများစွာဖြင့်တိုင်းခန်းလှည့်လည်လာရာ ်း၏ညောင်ရွှေရေကန်ကြီးကို ရောက်ရှိလာသည်။ ၎င်းကန်ကြီးထဲတွင် ဖေါင်နန်းတော်ကြီး းကာ ကာလအတန်ကြာစံနေခဲ့သည်။ သက္ကရာဇ် ၄၂ တပေါင်းလဆန်း(၃)ရက်(အေဒီ ၀န် ၆၈၀ မတ်လ)တွင် ညောင်ရွှေနယ်၏နယ်နိမိတ်ကို သတ်မှတ်ပေးခဲ့သည်။ အရှေ့ အပ်ဂ်တွင် လန်းမဲမြစ်တွင်၊ တောင်ဖက်တွင်ဘီလူးမြစ်၊ အနောက်ဖက်တွင် ငွေခွန်မှူး လုံးအုံး၏နယ်၊ မြောက်ဖက်တွင်မြစ်ငယ်မြစ်အထိ ဖြစ်သည်။ ၎င်းနယ်များသတ်မှတ်ပြီး လာနက် ညောင်ရွှေနယ်ကို ရဿဝတီမြို့စားအား အပ်နှင်းခဲ့သည်။

သက္ကရာဇ် ၁၀၁၃၊ ကဆုန်လဆန်း(၁၅)ရက် (အေဒီ-၇၃၉ မေလ)တွင် ှန်ခဲ့သည်ဘုရင်ဒွတ္တပေါင်မင်းသည် ညောင်ရွှေကန်ကြီးသို့ တိုင်းခန်းလှည့်လည်လာပြီး ားစုါင်တော်ပေါ်တွင် စံနေခဲ့သည်။ ရဿဝတီမြို့စားအား ညောင်ရွှေနယ်ရှင်အဖြစ်

ဆက်လက် အသိအမှတ်ပြုခဲ့သည်။

သက္ကရာဇ် ၂၂၈(အေဒီ-၈၆၆)ခုတွင် သီရိဓမ္မာသောကမင်းကြီးသည် စေတီ ပေါင်း ၈၄၀၀၀၊ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀ ကျော်ကောက် သာသနာပြုရာတွင် ဗုဒ္ဓမြတ်စွာဘုရား၏ဓါတ်တော်များကိုလည်း ဖြန့်ဝေပေးတော် မူခဲ့သည်။ သရေခေတ္တရာမြို့တော်၏ ညွှန်ကြားမှုအရညောင်ရွှေမြို့စားသည် ဘုရား တစ်ဆူတည်တော်မူရာ ရသဝတီအတွင်းတွင် ရေကန်တစ်ကန်တူးဖော်ခဲ့သည်။

သက္ကရာဇ် ၃၁၄(အေဒီ-၁၀၅၂)ခုတွင် အရိမဒ္ဒနာ ပုဂံပြည့်ရှင်အနော်ရထာ မင်းစောသည် ညောင်ရွှေရေကန်ကြီးရှိဖေါင်နန်းတော်သို့ လာရောက်စံနေတော်မူ ခဲ့သည်။ ထိုအချိန်တွင်ညောင်ရွှေနယ်ရှင်နှင့် ရသဝတီမြို့စားတို့ အချင်းချင်းအငြင်း အခုံဖြစ်နေကြရာ အနော်ရထာမင်းစောက ရသဝတီမြို့ကိုညောင်ရွှေနယ်မှ ကင်း လွတ်ခွင့်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ရသဝတီနယ်သည်လွတ်လပ်သော သီးခြားနယ် ဖြစ်လာသည်။ လွတ်လပ်ရေးရသောအထိမ်းအမှတ်အဖြစ် ရသဝတီနယ်ရှင်က မြတ် ဗုဒ္ဓဓါတ်တော်မွေတော်အစစ်များဖြင့် စေတီတစ်ဆူတည်ထားတော်မူခဲ့သည်။

ပုဂံမင်းတစ်ပါးဖြစ်သူ နရပတိစည်သူမင်းကြီးသည် ရွှေဖောင်တော်ကြီးဖြင့် ညောင်ရွှေနယ်သို့လှည့်လည်ရောက်ရှိလာရာ (အင်းသားလူမျိုးတို့ကမူ ယာဉ်ပုံကြီး ဟုဆိုကြသည်) ကန်အတွင်းစံနေတော်မူခဲ့သည်။ ပတ်ဝန်းကျင်ရှိ စေတီပုထိုးများကို လည်း ပြုပြင်တည်ထားတော်မူခဲ့သည်။ မိုးနဲနယ်အထိ တိုင်းခန်းလှည့်လည်တော် မူရာ ၎င်းဒေသတွင်နတ်များနှင့်တွေ့ပြီး ဓေဝသူဇာနုပိဋ္ဌဆိုသူက ပိန္နဲသီးကြီး(၅)လုံး ဆက်သခဲ့သည်။ တစ်လုံးလျှင်လုံးဝန်းအရှည် ၃၅ကုဗပေရှိသည်။ နရပတိစည်သူ မင်းကြီးသည် မိုးနဲနယ်မှလဲချားနယ်သို့ဆက်လက်ထွက်ခွာခဲ့ရာ မိုင်းကိုင်၊ မိုင်းလင်း မိုး နယ်များအထိ ရောက်ရှိသည်။ စေတီပုထိုးမြောက်များစွာကိုလည်း ပြုပြင်တည်ထားမြို့ ခဲ့သည်။ စေတီပုထိုးမြောက်များစွာကိုလည်း ပြုပြင်တည်ထားခဲ့သည်။ နောက်ဆုံးရေ တွင် ရသဝတီမြို့ကိုဆိုက်ရောက်လာပြီး အမြင့် ၃ ပေရှိသော စေတီတစ်ဆူတည်မိုး ထားတော်မူသည်။ စေတီတော်မြတ်တွင်မြတ်ဗုဒ္ဓ၏ ဓါတ်တော်များဌာပနာပြီး မှဌေ

ဆေတီဟု အမည်တွင်စေခဲ့သည်။ ဂုဏ်ပြုသည့်အနေဖြင့် မိုးနဲမြို့မှဆက်သလိုက်သော ပန္နံသီးတစ်လုံးကို ပွဲတော်တည်ခဲ့သည်။ ကျန်ရှိသောအစေ့များကို စေတီအနီးတွင် ဆိုသို့ချကာ [illegible] ထိုအချိန်မှစ၍ ဒေသသေတီ မြို့ကို မြန်မာများကရပ်စောက်(အမိပွါယ်မှာ–ဘုရင်မတ်တပ်ရပ်၍စိုက်ခဲ့ခြင်း)ဟုခေါ် ဆိုခဲ့ကြသည်။

ရတနာပူရအင်းဝနေပြည်တော်တွင် မင်းကြီးစွာစော်ကဲအုပ်ချုပ်စဉ်က ရပ်စောက်နယ်ရှင်အဖြစ် ဆက်လက်အသိအမှတ်ပြုခဲ့သည်။

သက္ကရာဇ် ၇၇၈(အေဒီ–၁၄၂၆)ခု မိုးညှင်းမင်းတရားကြီး လက်ထက် ရပ်စောက်မြို့စားကို စစ်ကိုင်းတွင်နေပြည်တော်သစ်အတွက် နေရာမှတ်သားရန်အမိန့် ပေးခဲ့သည်။ သက္ကရာဇ် ၇၉၀(အေဒီ–၁၄၂၈)တွင် ဆင်များရှင်မင်းတရားကြီး လက်ထက်တွင် ပြီးစီးခဲ့သည်။ လုပ်ဆောင်ချက်ကိုအလွန်သဘောကျသဖြင့် ရပ်စောက်နယ်ရှင်ကိုဆုလာဒ်အဖြစ် ပဗ္ဗည်းငါးမျိုးဖြစ်သော ထီးဖြူတော်၊ မကိုဋ်၊ ဘံလျက်၊ ခြေနင်း၊ သားမြီးယပ်စသော မင်းမြှောက်တန်ဆာငါးပါးနှင့်တူသော ဆုတော်များကိုချီးမြှင့်ခဲ့သည့်အပြင် ဘုရင်ကအောင်ပွဲကျင်းပသည့်ပွဲလမ်းကိုလည်း ကြီးကြပ်ကြီးနှုန်တာဝန်ပေးခြင်း ခံရသည်။

သက္ကရာဇ် ၈၂၉(အေဒီ(–၁၂၆၇)တွင် သီပေါစော်ဘွားသည်အင်းဝဘုရင် စစ်တပ်များနှင့်ပူးပေါင်းပြီး ရပ်စောက်ကိုတိုက်ခိုက်ဖျက်ဆီးခဲ့သည်။ နောက်(၃)နှစ်ပုံအထိ နယ်ပျက်ကြီးဖြစ်သွားခဲ့သည်။ သက္ကရာဇ် ၈၃၂ ခုတွင်မိုးနဲစော်ဘွား၏ သားသူ့ညက် မောင်ထွန်းမင်းကိုရပ်စောက်မြို့စားခန့်အပ်ခဲ့သည်။ ထိုကာလမှာမြန်မာဘုရင် မင်းညှင်းမင်းတရားဆင်ဖြူရှင်မင်း အုပ်စိုးနေသောကာလဖြစ်သည်။ မြို့စားသစ်သည် မြို့အသစ်ကိုတည်ထောင်ပြီး သက္ကရာဇ် ၈၃၂(အေဒီ–၁၄၇၀)ခု တပေါင်းလဆန်း(၅)ရက် ကြာသပတေးနေ့ နံနက်ပိုင်းတွင်မြို့သိမ်းမင်္ဂလာပြုလုပ်ခဲ့သည်။ ခမည်းတော် မိုးနဲစော်ဘွားသည် မက်မွန်နယ်၊ ပါအဲနယ်များကိုလည်း ၎င်းအားပေးအပ်ခဲ့သည်။

သက္ကရာဇ်၈၃၈(အေဒီ–၁၄၇၆)တွင်နရပတိဘုရင်သည်ရပ်စောက်သို့ရောက်

လာပြီး တန်ဆောင်မုန်း(နိုဝင်ဘာလ)တစ်လလုံး ပျော်ရွှင်စွာစံနေတော်မူခဲ့သည်။

သက္ကရာဇ် ၈၈၅(အေဒီ–၁၅၂၃)တွင် ရပ်စောက်နယ်ရှင်လူကဲ့သို့ ခြေသည်း ၂၀)ခုပါရှိသော ယူးမြူးယည့်ဆင်တစ်ကောင်ကို မြန်မာဘုရင်ရွှေနန်းကြော့ရှင်အား ဆက်သခဲ့သည်။ ဘုရင်ကအလွန်အားရတော်မူသဖြင့် မူလအဆောင်အယောင်များ အပြင် ဖော်တွင်ရွှေပြဿဒ်အထွဋ်တပ်ဆင်ခွင့်ပြုခဲ့သည်။

သက္ကရာဇ် ၉၁၂(အေဒီ–၁၅၅၀)ဟံသာဝတီ ဆင်ဖြူရှင်မင်းအုပ်စိုးစဉ်ကာလ က ရပ်စောက်စော်ဘွားသည်ကလေးသောင်သွပ်နယ်မှ ကျူးကျော်မှုကိုခုခံ၍ လက်စား ခြေပေးခဲ့သဖြင့် ဘုရင်ကဆင်ကောင်ရေ(၃၀)နှင့် စော်ဘွားကတော်စီးနင်းရန် ရွှေရထား(ဝေါ)ကို ချီးမြှင့်ခဲ့သည်။ သို့သော်ညောင်ရမ်းအုပ်စိုးစဉ်ကာလတွင် ရပ်စောက်စော်ဘွားပုန်ကန်မှုဖြစ်ခဲ့သည်။ စော်ဘွားသည်ရပ်စောက်တွင် အသတ်ခံခဲ့ ရပြီး မိသားစုအားလုံးကိုသုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည်။

ထိုအခါရပ်စောက်နယ်ကို မြို့အုပ်၊ မြို့တိုင်များကိုသာ အုပ်စိုးစေပြီး အင်းဝ ဘုရင့်အနောက်ဖက်လွန်မင်းက သက္ကရာဇ် ၉၉၂ (အေဒီ–၁၆၃၀)တွင် မိုင်းမော စော်ဘွား **ဆုံခမ်း**ကိုရပ်စောက်အား အုပ်ချုပ်ရန်တာဝန်ပေးခဲ့သည်။ ကဆုန်လတွင် (မေလ)တွင် ဆုံခမ်းသည်သားတော်(၄)ဦးဖြစ်သော **ထွတ်ခမ်း၊ ဆွယ်ခမ်း၊ တက်ခမ်း နှင့် မိုင်ခမ်း**အပါအဝင် မိသားစု(၃၀၀)ခန့်နှင့်အတူ ရပ်စောက်သို့ပြောင်းရွှေ့လာခဲ့ သည်။ ထွတ်ခမ်းကို စလစ်မိုင်းတုံမြို့စားခန့်ထားပြီး မကြာမီ ပိုင်ခမ်းကို ဆမ်ဆယ် မြို့စားအဖြစ် ခန့်အပ်ခဲ့သည်။

ထိုနှစ်တွင် အနောက်ဖက်လွန်မင်းတရားကြီးသည် ညောင်ရွှေကန်ကြီးသို့ ရောက်ရှိလာရာ **ဆုံခမ်း**ကဖွေ(၁၀)လုံးပါသော မြင်းတစ်ကောင်ကိုဆက်သခဲ့သည်။ ဘုရင်ကအားရတော်မူသဖြင့် မင်းမြောက်တန်ဆာနှင့်တူသောအဆောင်အယောင်(၅) မျိုးချီးမြှင့်ခဲ့ပြီး ခမ်းနားသောဖောင်တော်ကိုလည်း အသုံးပြုခွင့်ပေးခဲ့သည်။

သက္ကရာဇ်၁၀၂၂(အေဒီ–၁၆၆၀)တွင် ဆုံခမ်းကွယ်လွန်သွားရာ သီပေါစားက ဆက်ခံရသည်။ သီပေါစားသည်အနော်ရထာမင်းကြီးတည်ခဲ့သော စေတီ၏မြောက်

တွင် ဆုတောင်းပြည့်စေတီတစ်ဆူတည်ခဲ့သည်။(၅)နှစ်ခန့် အုပ်ချုပ်ပြီးနောက် ရှားခံရသည်။ ထွတ်ခမ်းသည်ဂုင်းအုပ်ချုပ်ရသော စလစ်မိုင်းတုံနယ်မှ ရပ်စောက် ပြန်လာခဲ့သည်။

သက္ကရာဇ်၁၀၄၂(အေဒီ–၁၆၈၀)တွင် ထွတ်ခမ်းသည်မြန်မာဘုရင်နှင့်အတူ ပိုင်ပြည် သံတွဲနယ်သို့စစ်ချီရာတွင်ပါသွားပြီး စစ်အတွင်းတွင်ပင်ကွယ်လွန်သွားခဲ့ သည်။

သူ၏အရိုက်အရာကို ညီငယ်ဆမ်ဆယ်နယ်စား ပိုင်ခမ်းက ထိုနှစ် တပေါင်းလ ဆုတ်လ)တွင် ဆက်ခံခဲ့သည်။ပြီးနောက် သူ၏သားတော်ရွှေကျော်ကို နေပြည်တော် ၌ စေလွှတ်ပြီးမြို့သစ်အုပ်ချုပ်ရေးတာဝန်ယူခဲ့ရသည်။

ပိုင်ခမ်းသည် သက္ကရာဇ် ၁၀၆၉(အေဒီ–၁၇၀၇)တွင် ကွယ်လွန်သွားရာ ရွှေကျော်က စော်ဘွားအဖြစ်ဆက်ခံခဲ့သည်။စော်ဘွားရွှေကျော်သည် သက္ကရာဇ်၁၀၈ အေဒီ–၁၇၁၉)တွင် မြို့ဒေါင့်စေတီကိုတည်ထားခဲ့သည်။

နောက်(၁၀)နှစ်အကြာတွင် စော်ဘွားပိုင်ခမ်းကွယ်လွန်ခဲ့ရာ သက္ကရာဇ်၁၀၉၂ နယုန်(ဇွန်လ)တွင် သားတော်ခွန်ရွှေသားကစော်ဘွားရာထူးဆက်ခံခဲ့သည်။ခွန်ရွှေ သားက မြန်မာဘုရင်အား မြင်း–၂ ကောင်၊ တစ်ဆယ်ကျပ်သားရွှေခွက်(၁)လုံး၊ ခွာထည်အုပ်များ ဆက်သခဲ့သည်။ သက္ကရာဇ် ၁၁၀၂(အေဒီ–၁၇၄၀)တွင် မိုလ်ချုပ် င်းရဲကျော်သတိုးနှင့်အတူ မဏိပူရစစ်ကြောင်းကိုလိုက်ပါခဲ့သည်။အပြန်တွင် သူ့ ည်းတော် ခံစားခွင့်ရခဲ့သည့်အဆောင်အယောင်ဘွဲ့များကို ဆက်လက်ခံစားခွင့်ရခဲ့ သည်။ သက္ကရာဇ် ၁၁၁၀(အေဒီ–၁၇၄၈)တွင် ရွှေပိန္နဲပင်အရပ်၌စေတီတစ်ဆူ တည်ခဲ့ သည်။ သူနှင့်သူ့အမတ်တောင်မင်းကြီးတို့(၂)ဦးသည် ပိဋကတ်တိုက်တစ်ခုတည် ဆောက်ပြီး ကျမ်းစာများကိုသိမ်းထားခဲ့ကြသည်။ ထိုနှစ်တွင်ပင်ခွန်ရွှေသား၊ဇနီးနှင့် အမတ်တောင်မင်းကြီးတို့သည် မြို့၏မြောက်ဖက်တောင်ကုန်းပေါ်တွင် စေတီတစ်ဆူ တည်ထားခဲ့ကြသည်။ အမတ်ကြီးသည် စေတီကုန်းတော်နှင့်နောင်မွန်ကန်ကို ဆက် သွယ်ထားသည့် တူးမြောင်း၊ ရေသွယ်မြောင်းတူးဖေါ်ခဲ့ကြသည်။ ထို့ကြောင့်မြို့အနီး

တွင် ကျုံးသဏ္ဍာန်ဖြစ်နေသည်။သက္ကရာဇ် ၁၁၁၂(အေဒီ–၁၇၅၀)တွင် တလိုင်းစစ်တပ်များ ရပ်စောက်နယ်ကိုထိပါးလာခဲ့သည်။ ခေ့စပ်ညှိနှိုင်းမှုဖြင့် တလိုင်းများပြန်၍ ဆုတ်ခွာသွားကြသည်။ သက္ကရာဇ် ၁၁၁၄(အေဒီ–၁၇၅၂)သီတင်းကျွတ်လဆုတ် ၁၂ ရက်(အောက်တိုဘာလ)တွင် **ခွဲနုံလအင်** နှင့်မောင်ရွှေကျော်တို့ ပူးပေါင်းပြီး ရပ်စောက်ကိုတိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

နောက်နှစ်တွင် ခွန်ရွှေသားကွယ်လွန်သွားပြီး သားတော်**သာပုံမင်းစော်ဘွား**အဖြစ် ဆက်ခံခဲ့သည်။ထိုအချိန်မှာ အင်းဝမြို့ပျက်သုဉ်းသောကာလဖြစ်သည်။ သို့သော် ပဲခူးမင်းမှာမင်းအဖြစ် ဆက်လက်တည်ရှိနေရာ သာပုံမင်းကပဲခူးကိုပဏ္ဏာဆက်ရသည်။ ထိုနှစ်တွင် အလောင်းဘုရားကုန်းဘောင်မင်းသည် အင်းဝမင်းဖြစ်လာခဲ့သည်။

သက္ကရာဇ် ၁၁၁၆(အေဒီ–၁၇၅၄ မတ်လ)တပေါင်းလဆုတ်(၃)ရက်တွင် သေနတ်ဝန်မင်းလှကျော်ခေါင်သည် စစ်တပ်နှင့်အတူရပ်စောက်သို့ရောက်လာသည်။ စော်ဘွားသာပုံနှင့်သားကျမိုင်းတို့ ချက်ချင်းအလောင်းဘုရားကို သစ္စာခံရာသည်။ ကျမိုင်းသည် သေနတ်ဝန်နှင့်အတူလိုက်ပါသွားပြီး လဲချားနယ်နှင့်ကျိုင်းတောင်းနယ်တို့၏ အာဏာလျော့ချခြင်းကို ကူညီခဲ့သည်။ပြီးနောက်၎င်းနယ်များမှ ရပ်စောက်သို့ပြန်လာခဲ့သည်။

သက္ကရာဇ် ၁၁၁၇(အေဒီ–၁၇၅၅)ဝါဆိုလဆန်း(၅)ရက်တွင် သေနတ်ဝန်သည် ကျောင်းတိုက်မြောက်ဖက်ရှိ မိုးကြိုးစေတီကိုပြုပြင်ခဲ့သည်။ ပြီးနောက်အင်းဝသို့ ပြန်သွားသည်။

သူပြန်သွားပြီးနောက် တစ်လခန့်အကြာတွင် သိန္ဒီဟာမိုင်းဗိုလ်ခေါင်းဆောင်သော စစ်သား(၂)သောင်းပါတပ်နှင့် ရှမ်းစော်ဘွား(၉)ဦးပါသောတပ်များပူးပေါင်း၍ ရပ်စောက်ကို တိုက်ခိုက်ခဲ့သည်။ကျမိုင်းက ကြံ့ကြံ့ခံတွန်းလှန်မောင်းထုတ်ခဲ့သည်။ တိုက်ပွဲတွင် ဟာမိုင်းဗိုလ်ကျဆုံးသွားခဲ့သည်။

စော်ဘွားဘာပုံသည် သက္ကရာဇ် ၁၁၂၂(အေဒီ-၁၇၆၀ ဇူလိုင်လ)ခါဆိုလတွင်
ကွယ်လွန်သွားရာ သားတော်ကျမိုင်းက ဆက်ခံခဲ့သည်။ ၎င်း၏ညီတော်ရွှေရီကို
မြန်မာဘုရင့်ကာခံစားရန် စေလွှတ်ခဲ့သည်။ကာလပါင်းလာဘုတ် ၁၂ရက်(ပတ်သေ)
တောင်ငူမင်း ဘထွေးတော်ပုန်ကန်သဖြင့် ရပ်စောက်စော်ဘွားကသွားရောက် တိုက်
ခိုက်ပြီး မြို့ကိုသိမ်းယူခဲ့သည်။
သက္ကရာဇ် ၁၁၂၅(အေဒီ-၁၇၆၃ မတ်လ)တွင် ရပ်စောက်စော်ဘွားကို
မိုင်းပိုင်နယ်စော်ဘွားအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့ရာ ညီတော်ရွှေရီကို ရပ်စောက်မြို့စား
အဖြစ်ဆက်ခံခဲ့သည်။ နောက်(၂)နှစ်တွင် မြို့ကိုကျုံးတူးကာရံပြီး သက္ကရာဇ်၁၁၃၃
(အေဒီ-၁၇၇၀)တွင် ရှစ်သောင်းဘုရားကို ပြုပြင်ခဲ့သည်။
နောက်နှစ် တော်သလင်းလ(စက်တင်ဘာလ)ဦးဖောင်(ဥမင်)ဂူတွင် ဘုရား
တည်ခဲ့သည်။နောက်(၇)နှစ်အကြာမှ ထီးတော်တင်နိုင်သည်။အေဒီ ၁၇၇၉တွင်
...ယ်သူနယ်သားများ တတ်နိုင်သလောက်ဘုရားစေတီများ တည်ထားကိုးကွယ်ကြရန်
...အမိန့်ထုတ်ပြန်ခဲ့သည်။အမိန့်အတိုင်း ဖတ်ကိုင်-အုန်းကြောနှင့် နောင်လုံဒေသများ
...တွင်ဘုရားစေတီများ တည်ခဲ့ကြသည်။တစ်ချိန်တည်းတွင် ရွှေပင်တောင်ဘုရား ပြန်
...သည်ပြုပြင်မှုကို ပုဏ္ဏားဆရာတော်ကြီးကြပ်လုပ်ဆောင်ရသည်။
အေဒီ-၁၇၇၉ တွင် မိုင်းပျဉ်း-ပန်ခဲ-ကျောက်ဥ(ကျောက်ကူ)နယ်များကို
ရပ်စောက်နယ်အတွင်းသို့ ပြန်လည်သွတ်သွင်းလိုက်သည်။
၄ သက္ကရာဇ် ၁၁၄၃(အေဒီ-၁၇၈၁)တွင် မူလရပ်စောက်နယ်များအပြင် အခြား
နယ်များက သိမ်းယူသွားသောဒေသများကို ရပ်စောက်နယ်အတွင်းပြန်လည် သွတ်
သွင်းနိုင်ခဲ့သည်။ နောက်(၂)နှစ်အကြာတွင် လွိုင်မယ်နှင့်အောင်ပန်းဒေသများက
ခွဲထွက်သွားပြီး ငွေခွန်မှုးအုပ်ချုပ်သည့်ဒေသများအဖြစ် ရပ်တည်သွားကြသည်။
...ပ်စောက်နယ်၏ လက်အောက်ခံဒေသများ မဟုတ်တော့ပေ။
သက္ကရာဇ် ၁၁၄၇(အေဒီ-၁၇၈၅)တွင် မြန်မာဘုရင်၏စစ်တပ်များနှင့်အတူ
...တယ၊ဒွါရဝတီမြို့သို့ စစ်ချီခဲ့သည်။ရပ်စောက်နယ်ရှင်က စုဆောင်းရသမျှစစ်သား

ားနှင့် စစ်ကူသွားခဲ့သည်။၎င်းတို့သည် အေထားမြစ်အထိချီတက်ခဲ့ကြပြီးမှ ပြန်ဆုတ်
ာခဲ့ကြသည်။မြို့စားရွှေရီတွင် မိဖုရားရှင်လို့ိုင်ပဲ၏ ညီမတော်ခင်မကြိုင်နှင့်ရသော
ားတော်(၂)ဦးဖြစ်သည့် မောင်ကြီးနှင့်မောင်ကြွက်တို့ ပွန်းကားခဲ့သည်။မောင်ကြီး
ာ ကျိုင်းဖြစ်ပြီးလဲချားစော်ဘွား၏ သမီးတော်နှင့်လက်ထပ်ခဲ့သည်။ ဦးလေးတော်သူ
င်းပိုင်စော်ဘွား ကွယ်လွန်သောအခါ ၎င်း၏အရိုက်အရာကို ခံယူရသည်။သို့သော်
ညာင်ရွှေသို့ ခရီးထွက်ခွာနေစဉ် ကွယ်လွန်သွားခဲ့သည်။

သက္ကရာဇ် ၁၁၅၂(အေဒီ–၁၇၉၀)တွင် ရှမ်းစော်ဘွားများမိုးနဲတွင်စုရုံးကြရာ
ရွှေရီမှာ ဇူလိုင်လတွင် မိုးနဲ၌ကွယ်လွန်သွားခဲ့သည်။

သက္ကရာဇ် ၁၁၅၃(အေဒီ–၁၇၉၁ မေလ)တွင် ရွှေရီ၏သားမောင်ကြွက်က
စော်ဘွားအရိုက်အရာ ဆက်ခံခဲ့ပြီး ဇူလိုင်လတွင်မြို့မြောက်ဖက်ရှိ ဟိုပန်ဒေသတွင်
ဘုရားစေတီတစ်ဆူ တည်ခဲ့သည်။ နောက်နှစ်တွင်လည်း မိုးနဲ၌ရှမ်းစော်ဘွားများ
စုဝေးကြရာ ဇူလိုင်လတွင်ပင်ဖခင်ရွှေရီနည်းတူ မောင်ကြွက်လည်းမိုးနဲ၌ပင် ကွယ်လွန်
သွားပြန်သည်။

လက်တလောဆက်ခံသူ မရှိသေးသဖြင့်မောင်ကြီး၏သား **ခွန်ခမ်းလိတ်**က
ဆက်ခံခဲ့သည်။ မကြာမီညီအစ်ကိုဝမ်းကွဲတော်စပ်သူ ခွန်တို့င်က ပုန်ကန်ခဲ့ရာနယ်၏
အချို့အစိတ်အပိုင်းများ ဖျက်ဆီးခံခဲ့ရသည်။ အေဒီ–၁၈၀၁ ခုတွင် ရပ်စောက်မြို့
တွင် အိမ်(၇)အိမ်ခန့်သာ ကျန်ခဲ့သော မီးကြီးလောင်ကျွမ်းခဲ့ရာ ဆင်ခြေဖုံးရွာများ
ဖြစ်သော လွိုင်မယ်၊ဖက်ကိုင်ရွာများ ပါဝင်သွားသည်။ နောက်(၂)နှစ်ကြာသည်
အထိ ပြန်လည်မတည်ထောင်နိုင်သေးပေ။မျိုးရိုးစဉ်ဆက် ရာထူးဆက်ခံခဲ့သူ အမတ်
ခမ်းဝပ် မုန်းဆန်းတောင်ပိုင်း၊မြောက်ပိုင်း မြေတိုင်းစာရေးများနှင့်ပေါ့မိုင်းအောင်တို့
ကြီးကြပ်၍ပြန်လည် တည်ထောင်ခဲ့သည်။

သက္ကရာဇ် ၁၁၇၃(အေဒီ–၁၈၁၁)တွင် မိုးနဲမြို့၌ရှမ်းစော်ဘွားများ ပြန်လည်
တွေ့ဆုံကြသေးသည်။ရပ်စောက်နယ်ရှင် **ခွန်စံခမ်းလိတ်**မှာ မိုးနဲ၌ပင်ကွယ်လွန်သွား
ခဲ့ပြန်သည်။

သူနှင့်ရှမ်းဇနီး နန်းတို့ုင်နှင့်ရသောခွန်ရွှေအိပ်နှင့် မြန်မာအမျိုးသမီး မရွှေအင်
...ရသောသား အုန်းခိုင်တို့က အရိုက်အရာဆက်ခံရန်ကြိုးစားကြရာ အုန်းခိုင်က
...ဒီ-၁၈၁၂၃ မေလတွင် စော်ဘွားရာထူးရရှိခဲ့ပြီး နောက်နှစ်တွင်ပင်ခွန်ရွှေအိပ်က
...က်ချခဲ့ပြန်သည်။

သက္ကရာဇ် ၁၁၈၇(အေဒီ-၁၈၂၅)အိမ်ရှေ့စစ်ကိုင်းမင်း အုပ်စိုးစဉ်ကာလက
...ကွမနှင့်ရန်ကုန်ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်များကသိမ်းပိုက်ခဲ့ကြသည်။ထိုအခါ
...မာဘုရင်က ရှမ်းစော်ဘွားဗိုလ်ချုပ်များ အားလုံးကိုမဟာနေမျိုးဘွဲ့များပေးကာ
...ပ်ပေါင်းစုဖွဲ့ပြီး ကျူးကျော်သူအင်္ဂလိပ်များအားတိုက်ခိုက်ရန် စီစဉ်ခဲ့သည်။ဘုရင့်
...တော်မင်းမြဘူးက တပ်ပေါင်းစုကိုဦးဆောင်ကာ ရေကြောင်းမှသွားရောက်တိုက်
...က်ခဲ့သည်။ရှမ်းစော်ဘွားများက အင်္ဂလိပ်စစ်တပ်များ၏လက်နက်သာလွန်ကောင်း
...မှုကို သိရှိသွားပြီးဆက်မတိုက်ကြပဲ ရှမ်းပြည်ကိုပြန်လှည့်ခဲ့ကြသည်။ကျန်ရစ်ခဲ့သော
...န်မာစစ်တပ်မှာ ရှုံးနိမ့်သွားပြီးဗိုလ်ချုပ်လည်း ကျဆုံးခဲ့သည်။

သက္ကရာဇ် ၁၁၈၉(အေဒီ-၁၈၂၇)တွင် ရပ်စောက်စော်ဘွားသည် အခွန်ပဏ္ဏာ
...ဖြစ် ငွေသားစစ်စစ်(၉၁)ကျပ်သား ပေးဆောင်ရန်အမိန့်ပေးခြင်းခံရသည်။ နောက်
...နှစ်တွင် ငွေသားစစ်စစ်(၁၄၁)ကျပ်သားအထိ တိုးမြှင့်ပေးဆက်ခဲ့ရသည်။နောက်တနှစ်
...တွင် လျော့သွားပြီး(၉၁)ကျပ်သားသာ ပေးဆက်ရတော့သည်။ ထို့ကြောင့်(၃)နှစ်
...အတွင်း ရပ်စောက်နယ်၏အခွန်အဖြစ် ငွေသားစစ်စစ်(၃၂၂)ကျပ်သား ပေးဆက်ခဲ့ရ
...သည်။

ထိုအချိန်တွင် မြို့မြောက်ဖက်ရှိဟိုပန်ကျောင်းဆရာတော်က အရှေ့ဖက်ရှိ
...စေတီ(၆)ဆူ ရှေ့တွင်ရှိသောခြတောင်ပို့ပေါ်တွင် ထီးဖြူတစ်လက်စိုက်ထူထားသည်ကို
...တွေ့ရသည်။ ဓါတ်တော်များရောင်ခြည်တော်လွှတ်သဖြင့် ရဟန်းသံဃာ၊ ကိုရင်များ
...ကို ထိုနေရာသို့စုရုံးသွားရောက် စေခဲ့သည်။ရဟန်းနှင့်ကိုရင်များ ထိုနေရာသို့ရောက်
...သောအခါ ထီးဖြူမှာမရှိတော့ပဲ ပျောက်ဆုံးနေသည်။ထီးဖြူ၏နေရာတွင် အလံတစ်ခု
...စိုက်ထူထားခဲ့သည်။ ထိုနေရာတွင် စေတီတစ်ဆူတည်ပြီးနောက် သက္ကရာဇ်၁၁၉၂

တပို့တွဲလဆုတ်(၁၅)ရက် (အေဒီ–၁၈၃၀ ဇန်နဝါရီ ၁၇ရက်)တွင် စော်ဘွား၏ဦးရီး တော်က ထီးတင်လှူခဲ့သည်။

အေဒီ–၁၈၃၄ ခုတွင် စော်ဘွားခွန်ရွှေအိမ်နှင့်သူ့ကတော်သည် မြို့တောင်ဖက်ရှိ တောင်ကုန်းပေါ်တွင်စေတီတစ်ဆူတည်ထားပြီး မြသိန်းတန်ဟုသမုတ်ခဲ့သည်။ သူ၏ဦးလေးတော်သူ ခွန်အုံကလည်း ဥမင်ဂူ၏တောင်ဖက်တွင်စေတီတစ်ဆူတည် ထားခဲ့သည်။ သူ့ယောက်ဖတော်ကလည်း ဇင်းစေတီ၏ဘေးတွင်စေတီတစ်ဆူတည် ထားခဲ့ပြန်သည်။အခြား ဦးလေးတော်သူများဖြစ်သော **ခွန်ကြည်နှင့်ခွန်တန်** တို့ကလည်းရွှေပိန္နဲပင်ဘုရားကို ပြန်လည်ပြုပြင်ခဲ့သည်။

ထိုအချိန်တွင် ဖယ်ရှားခြင်းခံရသောစော်ဘွားဟောင်းအုန်းဆိုင်သည် သူ့စစ်တပ်နှင့်အတူ သံလွင်မြစ်ကိုဖြတ်၍ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ထွက်ခွာ လာရာလမ်းတွင်ကွယ်လွန်သွားခဲ့သည်။

သက္ကရာဇ်–၁၂၁၂(အေဒီ–၁၈၅၀)တွင် ရွှေအိပ်ကွယ်လွန်သွားရာ ရပ်စောက် နယ်မှာ မြို့အုပ်မြို့ကိုင်များလက်အောက်တွင် ရောက်ရှိသွားသည်။ထို့ကြောင့် ပုန်ကန် မှုဖြစ်ပေါ်လာပြီး သူပုန်(၂၀၀၀)ကျော်သည် ရပ်စောက်မြို့ပြင်ရှိ ရွာများကိုဖျက်ဆီး ခဲ့ကြသည်။ သက္ကရာဇ်–၁၂၁၃(အေဒီ–၁၈၅၁)တွင် ညောင်ကိုင်စကားပြန်ကို မြို့စား ခန့်ခဲ့သည်။သို့သော် တစ်နှစ်သာကြာပြီး အေဒီ–၁၈၅၂ခုတွင် ပုဂံမင်းကတိကျစ်နယ် မှ ခွန်ပိတ်ကိုမြို့စားခန့်ထားခဲ့သည်။ သူလည်းအေဒီ–၁၈၅၄ ဒီဇင်ဘာလ(၉)ရက်နေ့ တွင် ရာထူးမှဖယ်ရှားခံရပြန်သည်။

မင်းတုန်းမင်းတရားကြီးက လဲချားကျမိုင်းကိုရပ်စောက်စော်ဘွားအဖြစ် ခန့် အပ်ခဲ့သော်လည်း အေဒီ–၁၈၅၆–ခု၊ စက်တင်ဘာလ(၄)ရက်တွင် အင်းဝမြို့၌ကွယ် လွန်သွားခဲ့သည်။ထို့ကြောင့် ရပ်စောက်နယ်မှ နောက်(၁၀)နှစ်ခန့်အထိ မြို့ဝန်၊စစ်ကဲ နှင့် မြို့အုပ်တို့ကသာ အုပ်ချုပ်ခဲ့ရသည်။

သက္ကရာဇ်–၁၂၂၈ ပြာသိုလဆုတ်(၁၁)ရက်(အေဒီ–၁၈၆၆ ခု၊ ဇန်နဝါရီလ ၁၉ရက်)တွင် ညောင်ရွှေစော်ဘွားစဝ်ဝိန်းကို ရပ်စောက်စော်ဘွားအဖြစ်ခန့်အပ်ခဲ့

သည်။စဝ်ဝိန်းကို "ကမ္ဘောဇရဋ္ဌမဟာသီရိဂံသသုဓမ္မရာဇာ"ဘွဲ့နှင့် အဆောင်အ
ယောင် များပါ ချီးမြှင့်ခဲ့သည်။ အေဒီ-၁၈၂၇တွင် စဝ်ဝိန်းနှင့် ခမည်းတော်တို့က
ရေသွယ် မြောင်းများ တူးဖော်ခဲ့သည်။ ရှုတ်ကောင်းဘုရားကိုလည်း တည်ထားဘော်
ခဲ့သည်။ဘုရားအနေကဇာတင်ပွဲတော်ကို ကြီးကျယ်စွာကျင်းပခဲ့သည်။ရုဋ္ဌာဘုံစေတီ
ကိုလည်း တည်တော်မူခဲ့သည်။စေတီအနီးတွင် တံခွန်တိုင်တစ်တိုင်တည်ထားခဲ့ပြီး
ဥပေမြင့်သော ကျောက်ဖြူရုပ်တော်မူဘုရားတစ်ဆူကို မန္တလေးမှပင့်ဆောင်ခဲ့ရာ
မြို့လုံးကျွတ်စည်ကားစွာ ကြိုဆိုပူဇော်ကြသည်။အေဒီ-၁၈၇၆ ခုတွင် ဟော်အသစ်
ဆောက်လုပ်ပြီး နောက်တစ်နှစ်တွင် ၁၈၇၇ခု၊ ဇန်နဝါရီ(၁၄)ရက်တွင် ဟော်တက်ပွဲ
ပြုလုပ်ခဲ့သည်။ ဟော်တက်ပွဲကို စော်ဘွားမိသားစုနှင့်အတူ အနီးအနားရှိနယ်များမှ
နယ်ရှင်များ ကြွရောက်ချီးမြှင့်ခဲ့ရာ (၇)ရက်တိုင်တိုင် ပွဲတော်ကျင်းပခဲ့သည်။နောက်
တစ်နှစ်ရောက်မှသာ ပြဿဒ်အထွတ်ထီးတင်ပွဲ ပြုလုပ်ခဲ့သည်။

သီပေါမင်းနန်းတက်သောအခါ စဝ်ဝိန်းသည်မန္တလေးနေပြည်တော်သို့ သွား
ရောက်ပြီး ဂါရဝပြုခဲ့ရာ တောင်ခြေ၊ နောင်စခေါ၊ ပန်ဆစ်၊ ပန်ပျော်၊ ပါဝါ၊ မန်ဖုတ်
ဒေသများကို ရပ်စောက်နယ်သို့ သွတ်သွင်းပေးခဲ့သည်။အမိန့်တော်ကို မြေလတ်
အာဏာပိုင် မိုင်းပိုင်စစ်ကဲကထုတ်ပြန်ပေးခဲ့သည်။

အေဒီ-၁၈၈၀ ခုတွင် မိုးနဲစော်ဘွားနှင့်ပူးပေါင်းပြီး သီပေါမင်းကိုပုန်ကန်ခဲ့
သည်။မအောင်မြင်သဖြင့် သံလွင်မြစ်ကိုဖြတ်ပြီး ကျိုင်းတုံနယ်ဖက်သို့ထွက်ပြေးခဲ့
သည်။

ထို့ကြောင့် သီပေါမင်းက ညောင်ရွှေစော်ဘွားစောမောင်ကိုမူလပိုင်ဆိုင်သော
ညောင်ရွှေနယ်အပြင် ရပ်စောက်နယ်ကိုအုပ်ချုပ်စေခဲ့သည်။ အေဒီ-၁၈၈၂ခု၊ ဇူလိုင်
လတွင် စောမောင်သည် ရပ်စောက်နယ်သို့ရောက်ရှိလာပြီး ဦးလေးတော်စပ်သူ
ခိုင်းပွင့်ကို ရပ်စောက်တွင်အုပ်ချုပ်ရေးမှူးအဖြစ်ထားခဲ့ကာ ညောင်ရွှေသို့
ပြန်သွားခဲ့သည်။မကြာမီ ဗိုလ်ရွှေကိုရပ်စောက်မြို့ဝန်အဖြစ် ခန့်အပ်ခဲ့သည်။
နောက်(၂)နှစ်အကြာတွင် ပင်းတယငွေခွန်မှူးက တောင်ခြေ၊ နောင်စခေါ၊ ပန်ဆစ်၊

တပ်ကြီး၊ အုံးအစ်၊အောင်ဝန်းနှင့် ပန်းပျောရွာများကို စစ်တပ်ဖြင့်လာရောက်သိမ်းယူခဲ့သည်။မြန်မာဘုရင်များ ပြန်လည်မသိမ်းယူနိုင်မီတွင် သီပေါဘုရင်ပါတော်မူသွားသဖြင့် အထက်ပါရွာများမှာ ပင်းတယာဒေဝခွန်မှူးအောက်တွင်ဆက်လက်ရောက်ရှိသွားသည်။

အေဒီ–၁၈၈၆တွင် စော်ဘွားဟောင်းစဝ်ဝိန်းသည် လူ(၅၀၀၀)ပါသောစစ်တပ်ဖြင့် ကျိုင်းတုံနှင့်မိုးနဲမှ ပြန်လာပြီးရပ်စောက်ကိုပြန်လည်ထူထောင်ခဲ့သည်။

စဝ်ဝိန်းသည် ရပ်စောက်နယ်အာဏာကိုပြန်ရရုံနှင့် မကျေနပ်နိုင်သေးပဲ သက္ကရာဇ်–၁၂၄၈ ခု သီတင်းကျွတ်လဆန်း(၇)ရက်(အေဒီ–၁၈၈၆ ခု၊ အောက်တိုဘာလ(၁၉)ရက်)တွင် ညောင်ရွှေနယ်ကိုတိုက်ခိုက်ခဲ့သည်။အေဒီ–၁၈၈၇ ခု၊ အင်္ဂလိပ်စစ်တပ်များ ရှမ်းပြည်နယ်ကိုသိမ်းပိုက်ချိန် စဝ်ဝိန်းကလက်အောက်ခံဖြစ်ရန် လက်မခံပဲ ငြင်းပယ်ခဲ့သည်။ သူနှင့်သူ၏စစ်တပ်များကို ညောင်ရွှေနယ်မှတိုက်ထုတ်ခံရပြီး ထိုနှစ်တွင်ပင်ရပ်စောက်နယ်ကို အင်္ဂလိပ်စစ်တပ်များဝင်ရောက်လာခဲ့သည်။စဝ်ဝိန်းသည် ကျိုင်းတုံနယ်သို့ ထွက်ပြေးခဲ့ပြီးနောက် မိုင်းဆီနယ်ကိုဆက်လက်ထွက်ပြေးခဲ့ရာ ၎င်းနေရာတွင် ကွယ်လွန်သွားခဲ့သည်။ဗြိတိသျှအစိုးရလက်အောက်တွင် ဗိုလ်ဆိုင်က(၉)လခန့် မြို့အုပ်အဖြစ်အုပ်ချုပ်ခဲ့ပြီး ထန်ဖတ်မြို့စားခွန်နုကိုရပ်စောက်စော်ဘွားအဖြစ် ခန့်အပ်ခဲ့သည်။ ခွန်နုက အေဒီ–၁၈၈၇ အောက်တိုဘာလ(၆)ရက်နေ့တွင် ရာထူးလက်ခံခဲ့သည်။

## ူးခေတ်ဟောင်း နောင်ချိုမြို့နယ်အုပ်ချုပ်ရေး

နောင်ချိုမြို့နယ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အနောက်ဘက် န်းဇမြင့်ပေါ်တွင် တည်ရှိပြီး၊ မြောက်လတ္တီတွဒ်(၂၂)ဒီဂရီ၊(၉)မိနစ်(၅၅)စက္ကန့်၊ ရှေ့လောင်ဂျီတွဒ်(၉/၀)ဒီဂရီ၊(၄၈)မိနစ်(၃၆)စက္ကန့်ပေါ်တွင်တည်ရှိသည်။ န်ကုန်မြို့ ဗယ်သာရင်းအညွှန်း မြောက်(၂၀)ဒီဂရီနှင့်အရှေ့မိုင်ပေါင်း(၃၀၀) ိုက်ရိုက်ဝေးသည်။ရန်ကုန်နှင့်(၅၀၀)မိုင်ဝေးသည်။ ပင်လယ်ရေမျက်နှာပြင် က်(၂၇၅၀)ပေ မြင့်ပါသည်။

ဆက်စပ်နယ်နမိတ်အနေဖြင့် အရှေ့မြောက်ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊အနောက်ဘက် ပြင်ဦးလွင်မြို့နယ်၊ နောက်မြောက်ဘက်တွင် မတ္တရာမြို့နယ်တို့နှင့်ဆက်စပ်နေပြီး ဆက်စပ်နယ်နမိတ် ှစ်(၁၇၅)မိုင်ခန့်ရှိပါသည်။

အတိတ်ကာလက နောင်ချိုသည်ဟော်နန်းစိုက်ရာသုံးဆယ်နယ်ခေတ်၏ င်းခုပ်ချုပ်မှုလက်အောက်ရှိကျေးရွာကြီးတစ်ရွာဖြစ်ခဲ့သည်။မြို့၏တောင်ဘက်ရှိ ားဟော်တော်ကျောင်း၏အနောက်ဘက်တွင် ရေအင်းကြီးတစ်အင်းရှိခဲ့သည်။ ားဆိုအင်းရေသည် စိမ်းမြလျက်ရှိသည်။စမ်းရေပေါက်ဂနိုင်များဖြင့် ထာဝရ ငိုပြည့်နေခဲ့သည်။အင်းကြီးအားအစွဲပြု၍ ရှမ်းဘာသာဖြင့်(နောင်) န်မာအခေါ်အဝေါ်(အင်း)ဟုလည်းကောင်း၊ ရှမ်းဘာသာဖြင့်(ချို) မြန်မာဘာသာဖြင့် ိမ်း)ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်ရရှိကာ ရှမ်းဘာသာဖြင့်နောင်ချိုသည်၊ န်မာဘာသာဖြင့်(အင်းစိမ်း)ဟူ၍လည်းကောင်းခေါ်ဆိုခဲ့ကြောင်း မှတ်တမ်းများအရ ိရှိရပါသည်။

အင်းကြီးအနီးတွင် အိမ်ငယ်လေးသုံးလုံးရှိသည်။ သုံးဆယ်နှင့် ိပေါနယ်သို့ဆက်သွယ်သွားလာရာ ခရီး တစ်ထောက်နားရန် စခန်းကောင်း စ်ခုဖြစ်သည်။တစ်နေ့သော်မိုးကုတ်မြို့စားစစ်ကဲတော်မင်းဦးခွန်မုံသည် နယ်မြေ တွင်းဆကြွသောင်းကျန်းနေကြသော ခိုးသားဓါးပြများအား ခြေရာခံ

လိုက်လံခြေမှုန်းရာမှ အင်းစိမ်းစခန်းသို့ရောက်ရှိခဲ့သည်။

အင်းစိမ်းစခန်း၊ အင်းစိမ်းရွာရှိ ပူလမ်းဆွမ်းနှင့် နိုင်းခမ်းဆွမ်း၊ (ဦးခမ်းဆွမ်းနှင့် ဒေါ်ခမ်းဆွမ်း)အဖိုးအဖွားတို့၏နေအိမ်တွင် တစ်လတာတည်းခိုအပန်းဖြေရင်း အင်းစိမ်းကန်၏သာယာလှပမှုများကိုခံစားခဲ့သည်။နောင်တွင်မြို့တစ်မြို့ တည်ထောင်ကြလျှင် ကောင်းလေစွဟုကြံရင်းမိုးကုတ်မြို့သို့ပြန်ခဲ့သည်။ နယ်ချဲ့တို့မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက်ပြန်လည်ခုခံတိုက်ခိုက်ကြရာ သုံးဆယ်၊ မိုင်းလုံ၊နမ့်လန်နယ်များကိုသီပေါနယ်နှင့်ပေါင်းစပ်ကာ သီပေါစော်ဘွားအုပ်ချုပ် စဉ်သုံးဆယ်နယ်ကို စီမံခန့်ခွဲနိုင်ရန်အတွက်ဦးခွန်မုံကို အုပ်ချုပ်စေလွှတ်ခဲ့သည်။

ထို့နောက်(၁၉၉၀)ပြည့်နှစ်တွင် ဂုတ်ထိပ်တံတားကြီးအား လုပ်သားပေါင်း (၂၀၀၀)ဖြင့်တည်ဆောက်လုပ်ကိုင်ရာမီးရထားသံလမ်းစတင်ဖေါက်လုပ်သည့်နေရာသည် အင်းစိမ်းစခန်း နှင့်ကိုက်တစ်ထောင်အကွာတွင်တည်ရှိသော ကြောင့် သုံးဆယ်နှင့် အလှမ်းကွာဝေးခဲ့သည်။ ထို့ကြောင့်စစ်ကဲတော်ဦးခွန်မုံသည် အင်းစိမ်းသို့ ပြောင်းရွှေ့ပြီးမြို့စားရုံး၊ရဲဌာန၊ ဆေးရုံ၊ စာတိုက်တို့ကိုဖွင့်လှစ်ခဲ့သည်။ ရုံးတံဆိပ်ကို(သုံးဆယ်ရုံးတော်)ဟု သုံးစွဲခဲ့သည်။ယနေ့တိုင်မြို့စားရုံး၊ရဲဌာန၊ ဆေးရုံတို့မှာ ရှေးလက်ရာမပျက်ရှိနေဆဲနှင့် ဆေးရုံမှာ မူကြိုကျောင်း၊ ရဲဌာနမှာမြို့နယ်ရုံး၊ မြို့စားရုံးမှာယနေ့တရားရုံးတို့ ဖြစ်ပါသည်။စာတိုက်မှာ ယနေ့အစွလာမ်ဘုရားရှိခိုးကျောင်းဗလီ၏အရှေ့ဘက်လျက်ဝင်းနေရာတွင် ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် သုံးဆယ်နယ်တော်၊နောင်ချိုမြို့ဟုခေါ်ဆိုပြီး၊ မြို့မဟုတ်သော ကျေးရွာကြီးတစ်ရွာအဆင့်သာရှိခဲ့ပါသည်။သုံးဆယ်စော်ဘွား၏ လက်ထက် နောင်ချိုမြို့ကို(ဒိုင်)(၁၀)ဒိုင်ခွဲ၍ အုပ်ချုပ်ခဲ့သည်။တောင်ပေါ်(၃)ဒိုင်တွင် (က)နမ့်မော်၊ (ခ)ဖာသွန်း၊ (ဂ)တောင်းခမ်းနှင့်အောက်ချိုင်း၊ (ကက)ဖောင်းအော်၊ (ခခ)သုံးဆယ်၊ (ဂဂ)ဆီဆုံ၊(ဃဃ)ဘန်ဘွေး၊ (ငင)ကုလားကွဲ၊ (စစ)ဆိပ်ဖူး၊ (ဆဆ)ပင်တီးဒိုင်နယ်ဟူ၍ (၁၀)ဒိုင်ဖြစ်ပါသည်။

လေးမြို့သီပေါတွင် ဖာသွမ်းနှင့်နမ့်မော်ဒိုင်များအား မြို့မဒိုင်အဖြစ် သည်းကောင်း၊ ပင်တီးဒိုင်ကိုသုံးဆယ်ဒိုင်သို့လည်းကောင်း၊ စုစုပေါင်းဒိုင်ကြီး(၇)ဒိုင်ကို ပြန်လည်ဖွဲ့စည်းအုပ်ချုပ်ခဲ့ပြန်သည်။ယင်းတို့မှာ-(၁)မြို့မ၊ (၂)ဘောင်းဒင်း၊ (၃)ဘန့်ဘွေး၊(၄)သုံးဆယ်၊ (၅)ဆီဆုံ၊(၆)ကုလားကွဲ၊ (၇)ဆိပ်ဖူးတို့ ဖြစ်ကြသည်။

နောင်ချိုမြို့ကို ၁၉၆၂ခုနှစ်နောက်ပိုင်း ဒိုင်နယ်(၇)နယ်တွင် ကျေးရွာအုပ်စု (၁၀၂)စု၊ မြို့ပေါ်(၃)ရပ်ကွက်ဖြင့်၁၉၆၃ခု၊ဩဂုတ်လ(၁၀)ရက်နေ့တွင် အသစ်တဖန် ပြင်ဆင်ဖွဲ့စည်းခဲ့ပြန်သည်။ဤတွင် ကျောက်မဲမြို့သည်ခရိုင်မြို့ဖြစ်လာခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့၏၁၉၇၂ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့တွင် နောင်ချိုကျေးရွာအုပ်စု(၃၂)အုပ်စု၊ကျေးရွာပေါင်း(၂၅၄)ရွာ၊ရပ်ကွက်ပေါင်း(၆)ရပ်ကွက်ဖြင့် မြို့နယ်အဆင့်သို့လည်းကောင်း၊ ၁၉၇၂ခုနှစ်၊ဇူလိုင်လ(၇)ရက်နေ့တွင် ရပ်ကွက်ကြီး (၆)ရပ်ကွက်ပါနောင်ချိုမြို့အား မြို့အဖြစ်သို့တိုးမြှင့်ဖွဲ့စည်းပေးခဲ့သည်။

**မြို့နယ်အကျယ်အဝန်း-**

မြို့နယ်အကျယ်အဝန်းအရှည်ဆုံးမှာအရှေ့နှင့်အနောက်မြောက်(၇၂) မိုင်ရှိသည်။ အကျယ်ဆုံးနေရာမှာ(၃၀)မိုင် ရှိသည်။မြို့နယ်အကျယ်အဝန်းမှာ (၁၂၆၅.၆၁)မိုင် ဖြစ်သည်။

**မြို့နယ်၏မြေမျက်နှာသွင်ပြင်**

မြို့နယ်၏မြေမျက်နှာသွင်ပြင်မှာ တောင်ပေါ်ကုန်းမြေမြင့်ပိုင်းနှင့် မြောက်ဘက် ချိုင့်ဝှမ်းမြေနိမ့်ပိုင်းဟူ၍ (၂)ပိုင်း ကွဲပြားစွာရှိပါသည်။

**လွင်ပြင်ချိုင့်ဝှမ်းများ-**

မြို့နယ်မြောက်ဘက်တွင် ဆိပ်ဖူးချိုင့်ဝှမ်းနှင့် အနောက်ဘက်တွင် ဆည်တော်ကြီးချိုင့်ဝှမ်းတည်ရှိသည်။ မြို့၏ တောင်ဘက်တွင် (၅)စတုရန်းမိုင် ခန့်ကျယ်ဝန်းသော မက်မန်းတောလွင်ပြင်ရှိပါသည်။ယခုအခါ(နောင်ချို-ရပ်စောက်) မော်တော်ကားလမ်းဖြတ်သန်း ဖောက်လုပ်ထားပါသည်။

**တောင်တန်းနှင့်တောင်ကုန်းများ-**

တောင်တန်းများမှာအများအားဖြင့် တောင်နှင့်မြောက် သွယ်တန်း ခနေသည်ကိုတွေ့မြင်ရပါသည်။မြို့၏မြောက်ဘက်ရှိ ဒေရှည်တောင်တန်းသည် အမြင့်ပေ(၄၀၀၀)ရှိသည်။သဘာဝအလိုက် နယ်နမိတ်များပိုင်းခြားထားပါသည်။ မြို့နယ်အတွင်းမြင့်သောတောင်တန်းကြီးများ မရှိဘဲတောင်တန်း ငယ်လေးများ သာရှိပါသည်။တောင်ကြောများမှာ မြို့၏ မြောက်ဘက် နမ့်ပန်ဆည်ချောင်းခေါ် ဆိပ်ဖူးချောင်းနှင့်အနောက်ဘက်တွင် ဂယ်လောင်းချောင်းဘက်သို့ဆင်ချေလျော နိမ့်ဆင်းသွားပါသည်။ထို့ကြောင့်အနိမ့်ပိုင်းမြေပြန့်ဒေသကို တောင်ပေါ်ကုန်းမြင့်ပိုင်းက မြင်းခွာသဏ္ဌာန်ဝိုင်းရံနေပါသည်။

**လျှိုမြောင်ချောင်းကမ်းပါးများ-**

မြို့နယ်အတွင်းတွင် ရေပြန်တောင်ချောင်းကမ်းပါး၊ ဒုဋ္ဌဝတီချောင်းကမ်းပါး၊ ဂုတ်တွင်း ချောင်းကမ်းပါးတို့ရှိပါသည်။

**ရေစီးဆင်းမှု-**

ဤမြို့နယ်နှင့်ရပ်စောက်မြို့နယ်တို့အား သဘာဝနယ်နိမိတ်အဖြစ်ဖြတ်သန်း စီးဆင်းလျက်ရှိသောဒုဋ္ဌဝတီဖြစ်သည်။မြို့နယ်အရှေ့ဘက်နှင့်တောင်ဘက်သို့ ကွေ့ပတ်စီးဆင်းလျက်ရှိသည်။ထင်ရှားသောမြစ်ချောင်းများ(၁)နမ့်ပန်ဆည်ချောင်း (ခေါ်)ဆိပ်ဖူးချောင်း(ခေါ်) နမ့်မိန်းတန့်(ခေါ်) မိုင်းတင်းချောင်း၊ (၂)ဂယ်လောင်းချောင်း၊ (၃)ဖေါင်းအော်ချောင်းတို့ဖြစ်သည်။နမ့်ပန်ဆည်ချောင်း နှင့်ပေါင်းကာ ဂုတ်ထိပ်တံတားကြီးအောက်သို့ ဝင်သွားပြီး လွယ်ခေါ်ကျေးရွာ အနီးတွင် နမ့်မိန်းတန့်(ခေါ်)မိုင်းတင်းချောင်းသည် ဂုတ်တွင်းတံတားအထက်နားတွင် ဒုဋ္ဌဝတီမြစ်ရှိ အတွင်းသို့စီးဝင်သွားပါသည်။

**အင်းအိုင်များ**

နောင်ချိုမြို့နယ်အတွင်းရှိ အင်းအိုင်များမှာ(၁)တောင်းခမ်းကျေးရွာအနီးရှိ ဘစ်မိုင်ခန့်ကျယ်ဝန်းသောခဲအင်းကြီး၊(၂)နောင်ချိုကြီးကျေးရွာအနီးရှိ နောင်လုံအင်း၊

...)မဲပုတ်နှင့် နောင်ချိုကြီးကုန်းရွာအရှေ့ဘက်ရှိ နောင်စစ်လှူ(ခေါ်)အင်း(၇)ဆင့် ...ပါသည်။

...ရေတံခွန်များ

... နောင်ချိုမြို့နယ်အတွင်းရှိရေတံခွန်များမှာ(၁)အင်းပိုင်းကျေးရွာအနီးရှိ ...အင်းပိုင်းရေတံခွန်၊(၂)ဘန့်ဘွေးကျင်း ကျေးရွာအနောက်ဘက် ရှိလေသာတောင် ...ရေတံခွန်၊ (၃)ချောင်းကြီးရွာအနီးရှိ လွယ်ခွင်တောင်ရေတံခွန်၊(၄)အင်းဖိုအုပ်စု ...းပင်ရွာအနီးရှိ(ငါး)ပင်ရေတံခွန် တို့ဖြစ်ကြသည်။

...စေတီပုထိုးများ

နောင်ချိုမြို့နယ်အတွင်းရှိ စေတီပုထိုးများမှာ အောက်ချိုင်း(၃)ဆူ၊ ...နှ်(၄)ဆူဟူ၍သတ်မှတ်ထားသော(၁)သုံးဆယ်ကျေးရွာအနီးရှိ ရွှေစံဦးစေတီတော်၊ ...(၂)ချောင်းသာကျေးရွာရှိ ချောင်းသာစေတီတော်၊ (၃)မယ်ဟုံမန် ဘုံကျေးရွာရှိ ...ရွှလင်းပင်စေတီတော်၊(၄)ရွှေမုဋ္ဌောရွာရှိ ရွှေမုဋ္ဌောစေတီတော်၊ (၅)နောင်တော ...ကျေးရွာရှိ ရွှေမြင်တင်စေတီတော်၊(၆)မြင်းဖြူရွာရှိ မြင်းဖြူ စေတီတော်နှင့်(၇) ...းတောင်ရှည်ရွာရှိ တောင်တွင်းကြီးစေတီတော်သို့ ဖြစ်ပါသည်။ထို့ပြင် ...က်ပံကုန်းကျေးရွာရှိ ရွှေဂူစေတီ၊တောင်ရှည်ရွာရှိ လုံကာတည်ကျစ်(ခေါ်) ...ဈေးကုန်းရွာရှိ ဘုရားနီဘုရားနှင့်ရေတွင်းကြီးရွာရှိ ရေတွင်းကြီးဘုရားမှာလည်း ...ဒေသအလိုက် ထင်ရှားစည်ကားလှပါသည်။

... နောင်ချိုမြို့သည် ရပ်ကွက်ကြီး(၆)ခု၊ ကျေးရွာအုပ်စု(၃၅)စု၊ ကျေးရွာပေါင်း ...၂၅၀)ရွာ၊ လူဦးရေ(၁၀၁၂၉၄)ဦးရှိပြီး၊ ခေတ်နှင့်အညီ တိုးတက် စည်ကားလျက် ...နေပါကြောင်း တင်ပြလိုက်ရပါသည်။

# နိဂုံး

ဓနုလူမျိုးတို့၏ "နှောင်းခေတ်ဓနုမြို့ပြသမိုင်း"စာအုပ်သည် (၁.၁.၂၀၁၃) ရက်နေ့တွင် ထုတ်ဝေခဲ့သည့် ဘော်-၄၄ ရွာစာအုပ်မှ အခြေပြုပြီး ထွက်ရှိလာသည့် စာအုပ် ဖြစ်သည်။ "နှောင်းခေတ်ဓနုမြို့ပြသမိုင်း" စာအုပ်သည် မပြည့်စုံသေးသည့် အချက်အလက်များကို (၃)နှစ်ကျော် ရှာဖွေစုဆောင်းပြီး ဘော်-၄၄ ရွာကို အကျယ်ချဲ့ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် လက်လှမ်းမှီသ၍ ရှာဖွေပြီးရေးသားထားခြင်းဖြစ်သည်။ သို့သော် ပြီးပြည့်စုံသည့်သမိုင်းစာအုပ်တော့ မဖြစ်သေးပါ။ လိုအပ်နေဦးမှာ ဖြစ်ပါသည်။ ဓနုသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ သုတေသီများတို့သည် ဆက်လက်ကြိုးပမ်းကြပြီး မျိုးဆက်သစ်ဓနုမောင်မယ်များအတွက် "အမွေ"အဖြစ် ကျန်ရစ်ထားပေးခဲ့ပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်

နေစိုးအောင် (တောင်ကြီး)

၀၉-၄၂၈၃၂၈၁၀၂

**ကျမ်းကိုး**

(၁) စာရေးဆရာကြီး ဦးသိန်းသန်းထွန်း (သမိုင်းသုတေသီ)၏ ဓနုမှတ်စု ၁+၂

(၂) ခွန်မောင်လေး(တောင်ကြီး)၏ ၂၀၁၂ခု၊ အောက်တိုဘာလထုတ် ရှမ်းပြည် တောင်ပိုင်းရှိ တိုင်းရင်းသားများ၏ မွေးရပ်ဌာနေ မှတ်တမ်းစာအုပ်။

(၃) ၁၆.၁၂.၂၀၁၂ ခုထုတ် ညောင်ရွှေမြို့နယ် ကန်ကြီးကျောင်းတိုက်၊ ရွှေကျင် သာသနာပိုင် ကန်ကြီးဆရာတော်ဘုရားကြီး၏ သာသနာပိုင်မှတ်တမ်း။

(၄) ခင်(တောင်ကြီး)၏ ဘော် (၄၄)ရွာ လက်ာ။

(၅) ကိုထိုက် (ကျောက်မဲ)၏ ဓနုသမိုင်း (မူကွဲ)

(၆) ပုလဲတင်ဝင်း (တောင်ကြီး)ဦး

(၇) ကိုယ်တိုင်လေ့လာခဲ့သည့် မှတ်တမ်းများ။



